
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




# ပုံနှိပ်မှတ်တမ်း


**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊
သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး** အောင်မြင့်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေး၊ ကျောက်မြောင်း။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ဦးအောင်မြင့်၊
အောင်မြင့်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် --- ၅၀၀၅၇၇ ၂၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် --- ၅၀၀၀၆၅၁၀၀၀
ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၀၀ ခုနှစ်။
အုပ်ရေ (၅၀၀)၊ တန်ဖိုး ၁၅၀ ကျပ်။

၈၉၅.၈၃
မြမုလဲခင်
ချစ်ကြိုးဝါ / မြမုလဲခင်။ - ရန်ကုန်။
အောင်မြင့်စာပေ၊ ၂၀၀၀။
၂၁၆ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြမုလဲခင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူအချစ်မျိုးနှင့် တည်ဆောက်သော အချစ်၏ ချိုမြိန်ခြင်းကိုသာ အလိုရှိပါသည်။ အချစ်၏ခါးသီးခြင်းကို လုံးဝ မတွေ့ကြုံလိုပါ။

(ထက်တ္တုနွေခြစ်)

ကျွန်မ...ယောကျ်ားတွေ တော်တော်များများ ကိုတွေ့ဖူးပါတယ်။ ဦးနေလိုယောကျ်ားမျိုး တစ်ယောက်မှ မရှိဘူး။ အခွင့် အရေး ရရင်ရသလို အခွင့် အရေးယူတတ်တဲ့ ယောကျ်ားမျိုးတွေသာ များတယ်။

(ပန်းနုရွှေစင်)

အိမ်ထောင်ရေးကို အချစ်နဲ့ပဲ တည်ဆောက်ချင်တာပါ။ ခုအချိန်မှာ အလုပ်ကိုပဲ ဦးစားပေးနေရလို့ နှလုံးသားကိုစွကို ဥပေက္ခာပြုထားသလို ဖြစ်နေတာပါ။

(ဦးနေကျော်)



BURMESE CLASSIC .com

# အခန်း(၁)

မှန်ထဲမှ ပေါ်လာသော ပုံရိပ်ကို ထက်တ္တုနွေခြစံ ငြိုငြင်စွာ သုံးသပ်လိုက်သည်။

မှန်ထဲမှာ မြန်မာအမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။

- ရှပ်အဆင်းအင်္ကျီ - အပြစ်ဆိုဖွယ်မရှိ လှပတင့်တယ်သည်။

- ကိုယ်နေဟန်ထား - အချိုးကျ လှပပြေပြစ်သည်၊ လှယဉ်ကျေးမယ် အနေအထားမျိုး ရှိသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



- ဝတ်စားဆင်ယင်ထုံးဖွဲ့မှု - ဟီရိုဩတ္တပွဲတရားနှင့် ညီညွတ်ပြီး ခေတ်လည်း မှီသော မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထားသည်။

ထက်ကြွေစံ ပြုံးလိုက်သည်။

မှန်ထဲမှ ပုံရိပ်ကလည်း လိုက်ပြုံးသည်။

ထက်ကြွေစံ ကျေနပ်စွာဖြင့် မှန်ရှေ့မှ ထွက်ခွာခဲ့လေသည်။

မှန်ထဲမှ ပုံရိပ်လည်း ပျောက်ကွယ်သွားသည်။

ထက်ကြွေစံ ဧည့်ခန်းရောက်တော့ ဂျာနယ်ဖတ်နေသော ဖခင်အား နှုတ်ဆက်လိုက်သည်။

"ဖေဖေ. . . သမီး သွားတော့မယ်၊ ဖေဖေနဲ့မောင်လေး အတွက် ထမင်းဟင်းတွေ ပြင်ဆင်ပြီး အုပ်ဆောင်းနဲ့ အုပ်ထားခဲ့တယ်နော် ဖေဖေ"

"အေးအေး. . ဘာမှနောက်ဆံမတင်းနဲ့၊ အေးအေးဆေးဆေးသာ သွား၊ ရတယ် သမီး"

"ဟုတ်ကဲ့ ဖေဖေ၊ ဒါဖြင့် သွားပြီနော် ဖေဖေ"

ထက်ကြွေစံ အိမ်ထဲမှ ထွက်ခဲ့သည်။ လမ်းထိပ်သို့ လျှောက်ခဲ့ပြီး တက္ကစီငှားကာ ပိုလ်အောင်ကျော်လမ်းသို့ ဦးတည်လိုက်လေသည်။

သူ့ကို မြင်သူတိုင်း သမင်လည်ပြန် လှည့်ကြည့်ကြသည်ကို ထက်ကြွေစံ တွေ့မြင်ခံစားနေရသည်။ ဒါတွေက ရိုးနေပြီဖြစ်သည်။

ခန့်ငြားထည်ဝါသော လှိုင်ထိပ်ထားကုမ္ပဏီ၏ရှေ့နားတွင် ကားကို ထိုးရပ်လိုက်သည်။ ကုမ္ပဏီကားများသာဟု ရေးထားသော





ကားပါကင်တွင် ကားများ ရှိနေသလို ကုမ္ပဏီ၏လုံခြုံရေးဝတ်စုံနှင့် ဝန်ထမ်းက သူ့အနီးသို့ ရောက်လာသည်။

"အစ်မ. . . ကုမ္ပဏီကို လာတာလား"

"ဒါဖြင့် ကြွပါ. . . တည့်တည့်ဝင်သွားပါ"

"ကောင်းပါပြီ"

တက္ကစီက ထွက်သွားလေပြီ။ ထက်ကြွေစံ လှိုင်ထိပ်ထားကုမ္ပဏီ၏အောက်ဆုံးထပ် ဝင်ပေါက်သို့အရောက်တွင် လုံခြုံရေးဝန်ထမ်းတစ်ဦးက. . .

"အစ်မ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲခင်ဗျာ"

"အတွင်းရေးမှူး လာလျှောက်တဲ့သူပါ"

"ဪ. . . ဒါဖြင့် ကြွပါခင်ဗျာ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

လုံခြုံရေးဝန်ထမ်းက ပျူငှာစွာဖြင့် ရှေ့မှ ဦးဆောင်ကာ ပထမထပ်ရှိ အုပ်ချုပ်ရေးမန်နေဂျာ ရုံးခန်းသို့ ခေါ် သွားလေသည်။

ထက်ကြွေစံ စိတ်ထဲ ကြိတ်၍ကျေနပ်နေသည်။ ခန့်ငြားထည်ဝါသလို စည်းစံနစ်ကျနပုံရသည်။ ဖုန်အမှိုက်သရိုက် မရှိ။ ဆူဆူညံညံ စကားကျယ်လောင်စွာ ပြောဆိုဝိုင်းဖွဲ့နေခြင်းမျိုးလည်း မတွေ့ရချေ။

ဝန်ထမ်းတိုင်း ကိုယ့်တာဝန်ကျရာနေရာ ကိုယ့်အလုပ်ကို လုပ်နေကြပုံရသည်။

အုပ်ချုပ်မှုမန်နေဂျာ ရုံးခန်းအဝမှ ဝန်ထမ်းကို လုံခြုံရေးဝန်ထမ်းက. . .

"အတွင်းရေးမှူး လာလျှောက်တဲ့သူပါ"

"ကိုယ်ရေးရာဇဝင် အပြည့်အစုံ ပါ,ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ပါပါတယ်"

"လေဘာထောက်ခံစာနဲ့ ဘွဲ့လက်မှတ်တွေကော ပါရဲ့လား၊ ကျွန်မကို ပေးပါ"

"သတင်းစာထဲမှာ ပါတဲ့ လိုအပ်ချက်မှန်သမျှ အကုန်ပါ့ပါတယ်"

ထက်ကြွေ့ခြွေစံက ပြောရင်း ဖိုင်တွဲကို ပေးလိုက်သည်။

လုံခြုံရေးဝန်ထမ်းက သူ့တာဝန်ပြီးဆုံးသွားပုံရသည်။ ပြန်လှည့်သွားလေပြီ။

အုပ်ချုပ်မှုမန်နေဂျာ ဟူသောဆိုင်းဘုတ် တပ်ထားသည့် ရုံးခန်းရှေ့ ဝန်ထမ်းက သူ့ဖိုင်တွဲကို လှန်လှောစစ်ဆေးပြီးနောက် ရုံးခန်းတံခါးကို ခေါက်လိုက်သည်။

အထဲမှ "ဝင်ခဲ့ပါ" ဟူသောအသံကို ကြားလိုက်ရသည်။

"လိုက်ဝင်ခဲ့နော်"

ရုံးဝန်ထမ်းနောက်မှ ထက်ကြွေ့ခြွေစံ လိုက်ပါ ဝင်ခဲ့လေသည်။

အသက်(၅၀)အရွယ်ရှိ အမျိုးသားမန်နေဂျာက သူ့စားပွဲရှေ့မှ ကုလားထိုင်ကို ညွှန်ပြပြီး . . .

"ထိုင်ပါ" ဟု လိုရင်းကိုသာ ပြောလေသည်။

"ဟုတ်ကဲ့"

ထက်ကြွေ့ခြွေစံက ဝင်ထိုင်လိုက်သော်လည်း စာရေး ဝန်ထမ်းအမျိုးသမီးက မထိုင်ဘဲ လက်ရှေ့ယှက်ကာ ခပ်ရို့ရို့ပင် ရပ်နေသည်။

မန်နေဂျာက လျှောက်လွှာနှင့် ထောက်ခံစာများ၊ ပညာအရည်အချင်း စသော စာရွက်စာတမ်းများကို ဖတ်ပြီးနောက်





လျှောက်လွှာ၌ မှတ်ချက်ပြု လက်မှတ်ရေးထိုးပေးလိုက်ပြီး သူ့ဝန်ထမ်းအား . . .

"အမ်ဒီဆီ ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ထက်ကြွေ့ခြွေစံလည်း ထရပ်လိုက်ကာ ဦးညွှတ်ကာ . . .

"ခွင့်ပြုပါ ဆရာ"

"ကောင်းပါပြီ"

ထက်ကြွေ့ခြွေစံ စာရေးဝန်ထမ်းနောက်မှ လိုက်ခဲ့လေသည်။ ဒုတိယထပ်သို့ ဓါတ်လှေကားမှ လိုက်တက်ခဲ့ရလေသည်။ အုပ်ချုပ်မှုဒါရိုက်တာရုံးခန်းသို့ သူ့အား ခေါ်ဆောင်သွားသည်။

အုပ်ချုပ်မှုဒါရိုက်တာမှာအသက်(၃၀) ခန့်သာ ရှိသူဖြစ်သည်။ သန့်ပြန့်ကာ စမတ်ကျပြီး ကြည့်ကောင်းသောရုပ်ရည်ကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်။

အမ်ဒီက သူ့လျှောက်လွှာကို ဖတ်ပြီးနောက် . . .

"ထက်ကြွေ့ခြွေစံနော်"

"ဟုတ်ကဲ့"

"ထိုင်ပါ"

"ဟုတ်ကဲ့"

လိုက်ပို့ဆောင်ပေးသော စာရေးမလေးကိုတော့ . . .

"မင်းသွားနိုင်ပါပြီ"

"ဟုတ်ကဲ့ . . . ခွင့်ပြုပါ"

စာရေးမလေး ပြန်ထွက်သွားသည်။ လည်ပင်း၌ ချိတ်ဆွဲသွားသော နာမည်ကဒ်ပြားအရ လှလှဝေ စာရေးဝန်ထမ်းဟု ထက်ကြွေ့ခြွေစံ မှတ်သားထားလိုက်လေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အမ်ဒီက ထက်က္ကန္ဒြေစံ၏ ကိုယ်တိုင်ရေးလျှောက်လွှာကို ဖတ်ရှုပြီးနောက် သူ့အား လှမ်းကြည့်လိုက်သည်။

ထူထဲသောမျက်ခုံးနှစ်ဖက်အောက်မှ စူးရှသောမျက်ဝန်း အစုံက တည်ကြည်မှု အပြည့်ရှိသည်။ မထူမပါး နှုတ်ခမ်းနှစ်လွှာ ကြားမှ အောင်မြင်၍ သြဇာသံ ပြည့်ဝသော ယောကျ်ားသံဖြင့်. . .

"မင်း ဘာဖြစ်လို့ ဒီအလုပ်ကို လိုချင်ရတာလဲ"

ထက်က္ကန္ဒြေစံက အေးဆေးစွာပင်. . .

"ကျွန်မ ဆယ်တန်းအောင်ပြီးကတည်းက အင်္ဂလိပ်စာ ဂိုက်လုပ်ခဲ့ပါတယ်၊ အင်္ဂလိပ်စာ အဓိကနဲ့ ကျောင်းပြီးတော့လည်း အင်္ဂလိပ်စာကျူရှင်တွေကို လိုက်သင်ရတာ အလွန်ပင်ပန်းပါတယ်၊ မနက်ခြောက်နာရီခွဲလောက် အိမ်က ထွက်ပြီး ညကိုးနာရီမှ အိမ်ပြန် ရောက်ပါတယ်၊ ဒီအလုပ် လုပ်ခဲ့တာ ရှစ်နှစ်ရှိပါပြီ၊ ငွေရပေမယ့် ပင်ပန်းပါတယ်၊ ဒ့ါအပြင် ဖခင်က ကျန်းမာရေး မကောင်းတော့ ဆေးပင်စင် ယူလိုက်ရပါတယ်၊ အမေကလည်း ကျောင်းဆရာမပါပဲ၊ အလုပ်တာဝန်တစ်ဖက်နဲ့ဆိုတော့ ဖေဖေ့ကို ပြုစုဖို့ အချိန်သိပ်မပေး နိုင်ဘူး၊ ဒါကြောင့် ကျွန်မဖေဖေကို ပြုစုဖို့ အချိန်ပို ရနိုင်တဲ့ ဒီအလုပ် ကို ပြောင်းလုပ်ချင်တဲ့အတွက် လာလျှောက်တာပါ"

"ဟုတ်ပြီ. . . မင်းလျှောက်လွှာထဲမှာ ဂျပန်စကားပြောနဲ့ အရေးလည်း ကျွမ်းကျင်တယ် ပါတယ်၊ တရုတ်စကားလည်း ပြော တတ်တယ်လို့ ပါတယ်၊ ဒီဘာသာတွေကို ဘာဖြစ်လို့ မင်းသင်ထား တာလဲ"

"ဂျပန်ဟာ ကမ္ဘာရဲ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာတော့ ဂျပန်စာနဲ့စကားကို တတ်ထားသင့်တယ်လို့ ယူဆလို့ ပါ၊ ဒါအပြင် တရုတ်လူမျိုးတွေက ကမ္ဘာနဲ့အဝှမ်း ကျယ်ပြန့်စွာ ရှိ





လာသလို စီးပွားရေးအင်အားလည်း ဂျပန်နောက်မှာ ကပ်ပြီးလိုက် နေတဲ့အတွက် တရုတ်စကားကိုလည်း သင်ထားလိုက်တာပါ"

အမ်ဒီက ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်ပြီး လျှောက်လွှာ ကို ဆက်ကြည့်ကာ. . .

"မင်း ကွန်ပျူတာလည်း ကျွမ်းကျင်တယ်နော်"

"ဟုတ်ကဲ့"

ထို့နောက် အမ်ဒီက သူ့အား အင်္ဂလိပ်လို မေးခွန်းထုတ် သည်။

"မင်းမှာ သားချင်းဘယ်နှစ်ယောက် ရှိသလဲ"

"မောင်တစ်ယောက် ရှိပါတယ်"

"သူကော ဘာလုပ်သလဲ"

"ဆေးတက္ကသိုလ် တတိယနှစ်ကျောင်းသားပါ၊ ဆယ်တန်း ဂိုက်ဒ်လည်း လုပ်ပြီး သူ့ကျောင်းစရိတ်နဲ့သူ ကျောင်းတက်ပါတယ်"

ထို့နောက် ဂျပန်ဘာသာစကားဖြင့် အလှကုန်ပစ္စည်းများ အကြောင်း အနည်းအကျဉ်း မေးလေသည်။

"မင်းမျက်နှာကို အလှခြယ်ဖို့ ဝါသနာပါသလား"

"ပါပါတယ်. . . ကုတ္တိရှုပ်ခန့်ဆိုတဲ့အတိုင်း မိန်းမသားတွေ ရဲ့အလှအပဟာ ဥစ္စာဓနမည်တဲ့ အောင်မြင်မှု လျှို့ဝှက်ချက်တစ်ခု ပါပဲ"

"သနပ်ခါးကော ကြိုက်သလား သုံးစွဲသလား"

"ကြိုက်ပါတယ်. . . သုံးလည်း သုံးပါတယ်၊ အောက်ခံ နေ ရောင်ခံ ယူဇီပါတဲ့ခရင် လိမ်းပြီးရင် သနပ်ခါးကို အမြဲထပ်လိမ်း သလို အိမ်နေရင်းဆို သနပ်ခါးပဲ လူးပါတယ်"

"လှိုင်ထိပ်ထားက ထွက်တဲ့ အလှကုန်ပစ္စည်းတွေကို မင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲဖူးသလား"

"အခု ကျွန်မမျက်နှာနဲ့ခန္ဓာမှာ လှိုင်ထိပ်ထားထွက် အလှကုန်ပစ္စည်းတွေနဲ့ ခြယ်မှုန်းထားတာပါ"

အမ်ဒီထံမှ နှုတ်ခမ်းများ အနည်းငယ် ကွေးညွတ်သွားသည်။ ပြုံးယောင်သန်းသွားသည်။

ထက်က္ကဒြွေစံ ရင်ထဲ လှုပ်ခတ်သွားသည်။ အခြေအနေတွေ အရမ်းကောင်းနေသည်။ သူ အမ်ဒီ၏ ဂျပန်ဘာသာစကားနှင့် မေးသမျှကို အထစ်အငေါ့မရှိ ကျွမ်းကျွမ်းကျင်ကျင် ဖြေနိုင်ခဲ့သည်။

"ရော့. . . ဒီစာရွက်ကို ကွန်ပျူတာ ရိုက်ပေးပါဦး"

ထက်က္ကဒြွေစံ သွက်လက်စွာ ထပြီး အမ်ဒီ ကမ်းပေးသော လျှောက်လွှာစာရွက်ကို လက်နှစ်ဖက်နှင့် ရိုသေစွာ ကမ်းယူပြီး ကွန်ပျူတာစားပွဲ၌ ထိုင်ကာ ခိုင်းသမျှကို သွက်လက်မြန်ဆန် မှန်ကန်စွာ လုပ်ပေးလိုက်လေသည်။

အမ်ဒီက သူ့အနီးမှ ရပ်ကြည့်ကာ တစ်မျိုးပြီးတစ်မျိုး ခိုင်းသည်။

သူ၏ကွန်ပျူတာကျွမ်းကျင်မှုကိုပါ စစ်ဆေးခြင်းဟု ထက်က္ကဒြွေစံ ကောင်းစွာသဘောပေါက်လေသည်။

"ကောင်းပြီ. . . ထက်က္ကဒြွေစံ မင်းကို အတွင်းရေးမှူးရာထူး ဒီနေ့ကစပြီး ခန့်အပ်လိုက်ပြီ၊ ဒီတော့ မင်း ခုန ဝင်ခဲ့တဲ့ အုပ်ချုပ်မှု မန်နေဂျာဆီ ပြန်သွားလိုက်ပါ၊ မင်းကို သူက လုပ်ထုံးလုပ်နည်းတွေ ညွှန်ကြားသင်ပြပေးလိုက်မယ်"

"ဟုတ်ကဲ့. . . ကျေးဇူးအထူးတင်ပါတယ်၊ ခွင့်ပြုပါ ဆရာ"

ထက်က္ကဒြွေစံ ဦးညွှတ်ကာ အရိုအသေပြုပြီး အမ်ဒီ၏ ရုံးခန်းတွင်းမှ သွက်လက်ပေ့ါပါးသောခြေလှမ်းများဖြင့် ထွက်ခွာခဲ့





လေသည်။

အခန်းပြင် ရောက်မှ ပင့်သက်မောကို ရှိုက်လိုက်ပြီး အသက်ဝဝလင်လင် ရှူထုတ်လိုက်လေသည်။

လူ့ဘဝပျမ်းမျှအားဖြင့် အသက်(၇၅)နှစ်အထိ သက်တမ်းသတ်မှတ်လျှင်. . .

သူ့အသက်(၂၅)နှစ်ပြည့်ခဲ့ပြီး ပထမ သက်တမ်းဘဝကို ပညာလည်းရှာ ငွေလည်း ရှာခြင်းဖြင့် ပင်ပန်းကြီးစွာ ဖြတ်ကျော်ခဲ့ပြီးပြီ။

ယခု ဒုတိယ သက်တမ်းဘဝကို အပြောင်းအလဲနှင့် အောင်မြင်စွာ သက်တောင့်သက်သာ ဖြတ်ကျော်နိုင်လျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

ကံဇာတ်ဆရာ အလိုကျအတိုင်းပေါ့လေဟုတော့ ဖော့ကာတွေးထားလိုက်လေသည်။

ထက်က္ကဒြွေစံ ပထမထပ်သို့ လှေကားမှ ပြန်ဆင်းခဲ့ကာ စောစောက ဝင်ခဲ့သော အုပ်ချုပ်မှု မန်နေဂျာရုံးခန်းဆီသို့ သွက်သွက်ကလေး လှမ်းလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

ဦးနေရောင်သည် ကားကို ပေါ်တီကိုအောက်၌ ထိုးရပ်လိုက်သည်နှင့် ဒရိုင်ဘာဦးလေးမောင်၏ တံခါးဖွင့်အပေးကို မစောင့်ဘဲ ကားပေါ်က ဆင်းခဲ့လေသည်။

သူသည် စိတ်မြန်လက်မြန်ရှိသော လူတစ်ယောက်ဖြစ်သည်။

သို့သော် အလုပ်နှင့် ပတ်သက်လာလျှင်တော့ စည်းကမ်းအလွန်ရှိသလို တိတိကျကျလည်း ရှိသည်။ လူမှုရေးပိုင်းနှင့် အလုပ်ပိုင်းကို ဘယ်သောအခါမှ ရောထွေးမထားတတ်။





ထို့ကြောင့် လှိုင်ထိပ်ထားကုမ္ပဏီသည် အောင်မြင်ကျော်ကြားသော စာရင်းဝင် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

မြန်မာသနပ်ခါးကို ခေတ်မီနည်းပညာများဖြင့် အလှကုန်ပစ္စည်းမျိုးစုံကို ထုတ်လုပ်နေသောကုမ္ပဏီကြီးဖြစ်သည်။

ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့နေသောကုမ္ပဏီကြီးဖြစ်သည်။ ဝန်ထမ်းအင်အား(၃၀၀)ကျော် ရှိသည်။

လှိုင်ထိပ်ထားကုမ္ပဏီသည် ဗိုလ်အောင်ကျော်လမ်းတွင် အောက်ထပ်၌ ကုန်ပစ္စည်းအရောင်းပြခန်း ပထမထပ်တွင် အုပ်ချုပ်ရေးရုံးနှင့် ဖြန့်ချီရေးနှင့်ကြော်ငြာဌာန၊ ဒုတိယထပ်တွင် အမ်ဒီ၏ရုံးခန်းနှင့်ဓါတ်ခွဲခန်း၊ သုတေသနခန်း၊ တတိယထပ်တွင် ငွေစာရင်းဌာန ရှိသည်။

ထို့အပြင် ဗိုလ်ချုပ်ဈေးဟောင်း မျက်နှာစာတန်း အောက်ထပ်တွင်လည်း လှိုင်ထိပ်ထားဆိုင်ခွဲ ရှိသည်။

တောင်ဒဂုံ စက်မှုဇုံတွင် ကုန်ပစ္စည်းများ ထုတ်လုပ်ရာနှင့် သိုလှောင်ရုံ ရှိသည်။

အမ်ဒီဦးနေရောင်သည ဓါတုဗေဒ အဓိကဖြင့် ဘွဲ့ရပြီးနောက် ဂျပန်တွင် အလှကုန်များ ထုတ်လုပ်ရေးပညာ သင်ရန် သူ့ဖခင် ဦးကျော်ဇောက စေလွှတ်ခဲ့သည်။

လွန်ခဲ့သော(၃)နှစ်က သူပြန်ရောက်လာသည်။ သူ မြန်မာပြည် ပြန်ရောက်ပြီး (၁)နှစ်ကျော်ခန့်အကြာတွင် ဖခင်ဦးကျော်ဇော ကွယ်လွန်သွား၍ ဦးနေရောင်က အမ်ဒီတာဝန်ကို ယူခဲ့ရသည်။

သူ့မိခင် ဒေါ်ခင်ခင်ထားမှာ 'လှိုင်ထိပ်ထားကုမ္ပဏီ၏ အမွေကို ဆက်ခံထားသူ ပိုင်ရှင်ဖြစ်သည်။ ခေတ်ပညာတတ် တစ်ယောက်လည်းဖြစ်သည်။ သို့သော် အိမ်တွင်သာ နေပြီး ဘုရား



www.burmeseclassic.com

www.burmeseclassic.com



တရားအလုပ်များဖြင့် ငြိမ်းအေးစွာ နေသူတစ်ယောက်ဖြစ်သည်။ တစ်လတစ်ခါ ကျင်းပသော လှိုင်ထိပ်ထား၏ လစဉ် အစည်းအဝေးသို့တော့ တက်ရောက်ပြီး လိုအပ်သောအကြံဉာဏ်များကို ဖြည့်စွက်ပေးလေ့ရှိတတ်သည်။

မအေတစ်ခု သားတစ်ခု ဖြစ်နေခြင်းကြောင့်လည်း တစ်ဦးကိုတစ်ဦး အပြန်အလှန် ဂရုတစိုက် အရိပ်တကြည့်ကြည့် ရှိတတ်သည်။

"မေမေ. . . မေမေ. . သားပြန်လာပြီ"

ဦးနေရောင် အိမ်ထဲ ဝင်သည်နှင့် မိခင်ကို မတွေ့ရသဖြင့် လှမ်းကာ အသံပြုလေသည်။

"လာပြီ. . . သား ကားသံကြားလို့ မေမေ ဆင်းလာပါပြီ သားရဲ့၊ ဘုရားသောက်တော်ရေ လဲနေလို့ပါ"

မိခင်ဒေါ်ခင်ခင်ထားက လှေကားပေါ်မှ ဆင်းလာရင်း ပြောလိုက်လေသည်။

"မေမေကို ပြောစရာရှိလို့"

"ထမင်းစား နောက်ကျနေမယ်၊ ပြောစရာက အရှည်ကြီးကို ထမင်းစားရင်းနဲ့မှပြော၊ မေမေ ထမင်းပွဲ ပြင်ခိုင်းလိုက်တော့မယ်၊ သား ရေအရင်သွားချိုးပါလား"

ဦးနေရောင် ဆန္ဒမစောတော့၊ သူလည်း စက်ရုံဘက်ပါ သွားရောက်လှည့်ပတ်ကြည့်ရှုခဲ့သဖြင့် ငြီးစီစီကြီး ဖြစ်နေသဖြင့် ရေချိုးလိုက်ချင်သေးသည်။ ထို့ကြောင့် စောဒက မတက်တော့ဘဲ

"ဟုတ်ကဲ့ မေမေ" ဟု ဆိုကာ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

သူသည် ကုမ္ပဏီမှာ ရာထူးအကြီးဆုံးလူကြီး ဖြစ်ပေမယ့် အိမ်ရောက်၍ အမေနှင့် တွေ့လျှင် ပီဘိကလေးတစ်ဦးသဖွယ် ဖြစ်သွားတတ်သည်။ စိတ်ကိုလည်း ပေါ့ပါးစွာပင် ထားလိုက်လေသည်။





ဒေါ်ခင်ခင်ထားကလည်း သားဖြစ်သူ ကြိုက်တတ်သော ဟင်းလျာများကို ကျန်းမာရေးနှင့် ညီညွတ်စေရန် ထမင်းချက်အား ကိုယ်တိုင်ကြီးကြပ် ချက်စေတတ်သည်။

ညနေစာဟင်းလျာကို ပေါ့ပေါ့ပါးပါးအစာမျိုးသာ စီမံပေးသည်။ အသီးအရွက်ကြော်ကို ဆီအနည်းငယ်နှင့် ပူပူနွေးနွေး စားခါနီးမှ ကြော်နှစခြင်း၊ အသားဖြစ်စေ၊ ငါးဖြစ်စေ အသားလွှာဖြင့် အသီးအရွက်ပြုတ်ဟင်းချို စီမံပေးရာ၌ တစ်နေ့တစ်မျိုး မရိုးရအောင် စီမံပေးသည်။ ဒါကလည်း ခင်ပွန်းသည် ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် သေဆုံးသွားကတည်းက ဒေါ်ခင်ခင်ထားမှာ အစားအသောက် အနေအထိုင်ကအစ ပုံစံပြောင်းပြီး သူ့အာရုံကို သားအပေါ် နှစ်၍ပုံထားလိုက်ခြင်းဖြစ်သည်။

အစာလည်း ဆေး၊ ဆေးလည်းအစာအဖြစ် သားဖြစ်သူကို အစားအစာကအစ ဂရုစိုက်ပေးသည်။

"အား. . . မွှေးနေတာပဲ၊ ဒီည မီနူးက ဘာလဲ မေမေ"

"ငါးပြုတ်ဟင်းချိုနဲ့ ကညွတ်ကျော်၊ ကျောက်ပွင့်သုတ်. . . သားရဲ့"

"ကောင်းတယ် မေမေ"

ထမင်းကို တစ်ဆုပ်စာကလွဲ၍ ပိုမစား၊ ဟင်းသီးဟင်းရွက်ကိုသာ များများစားလေ့ရှိသည်။

ဦးနေရောင်က မိခင်လုပ်ပေးသမျှ ချိုသည်ခါးသည် ဆင်ခြေဆန်းမပြောဘဲ မြိန်ယှက်စွာ စားသောက်ရင်းမှ. . .

"သားပြောမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သားပြောမယ်ဆိုတဲ့. . ."

သားအမိနှစ်ယောက် စကားသံ ပြိုင်တူထွက်သွားသဖြင့် ရယ်မောလိုက်ပြီးမှ. . .

"ကိုင်း. . . သား ပြောတော့"

ပြောချင်နေသော ဦးနေရောင်က မဆိုင်းမတွပင်. . .

"သားအတွက် ပီအေရပြီ မေမေ၊ ဒီနေ့ပဲ တစ်ခါတည်း တန်းခန့်လိုက်တယ်"

"ဟင်. . . မြန်လှချည်လား သားရယ်၊ သတင်းစာထဲ တစ် နေ့ကမှ ထည့်တာလေ"

"အလုပ်ရှားပါးနေတဲ့ အခုခေတ်ကြီးမှ အလုပ်လိုချင်တဲ့လူ တွေက အနံ့ခံကောင်းတယ် မေမေ၊ ချက်ချင်းရောက်လာကြတာပဲ"

"သား ဘုတ်အဖွဲ့နဲ့ လုပ်တာလား"

"ဘုတ်အဖွဲ့ လုပ်ရင် ရှုပ်တယ်၊ သားအတွက် ပီအေပဲ သား သဘောကျဖို့ အရေးကြီးတယ်မဟုတ်လား၊ သားကိုယ်တိုင် စစ်ဆေးပြီး ခန့်လိုက်တာ"

"ကြည့်လည်း လုပ်ဦးနော်၊ နေ. . နေ. . ခုဟာက စတုတ္ထ မြောက် ပီအေနော်၊ ပီအေ မမြဲတာ မကောင်းဘူး"

မိခင်ဒေါ်ခင်ခင်ထားက အတင်းအကျပ်တော့ မကန့် ကွက်ချေ။ သားဖြစ်သူ၏စည်းစနစ်ကြီးမှုကို သိနေသည်လည်း ပါ သည်။

"အရင်ပီအေတွေကလည်း ဘုတ်အဖွဲ့နဲ့ ပတ်သက်ရ ပတ်သက်ကြောင်းတွေက ပါနေတော့ အရည်အချင်း အစစ်အမှန် မပါဘူး၊ သားစိတ်တိုင်းကျမှ မလုပ်ပေးနိုင်ကြတဲ့ဟာ၊ လုပ်ငန်းလည်း ထိခိုက်တယ်၊ သားလည်း စိတ်ဖိစီးမှု ဖြစ်တယ်၊ ဒီအတွက်တော့ သား သည်းမခံနိုင်တာ သား မှားလို့လား မေမေ"



"သား မမှားပါဘူးလေ၊ သား စိတ်ဖိစီးမှု ဖြစ်ရမယ်ဆိုတာ တော့ မေမေလည်း လက်မခံနိုင်ပါဘူး၊ ကိုင်း. . . အခု ခန့်လိုက်တဲ့ ပီအေကို သား ဘာလို့ သဘောကျတာလဲ ပြောပြစမ်းပါဦး"

ထမင်းဟင်းကိုလည်း ဖြည်းဖြည်းဆေးဆေး စားရင်း စကားလည်း တပြောပြောနှင့် သားအမိနှစ်ယောက် အချိန်ကို နွေး နွေးထွေးထွေး ကုန်ဆုံးစေလေသည်။

"သူက ဂျပန်စကားပြောနဲ့ အရေးအသားလည်း ကျွမ်းကျင် တယ်"

"အင်္ဂလိပ်စကားပြောနဲ့အရေး ကျွမ်းကျင်ရုံနဲ့ လုံလောက် ပါတယ်"

"ဘာသာစကား များများတတ်တော့ ပိုကောင်းတာပေါ့ မေမေ၊ အင်္ဂလိပ်စာလည်း အရမ်းကျွမ်းတယ်၊ အီးမေလ်ပို့ဂျာနဲ့ ဘွဲ့ရပြီး အင်္ဂလိပ်စာ ကျူရှင်ပြနေတဲ့ဆရာမကို မေမေရဲ့"

"ဟုတ်လား"

"နောက်ပြီး တရုတ်စကား ပြောပါတတ်သေးတယ်"

"ဩော်. . . သူက တရုတ်လား"

"မဟုတ်ပါဘူး မေမေ. . . ဗမာစစ်စစ်ပါ"

"ကွန်ပျူတာလည်း ကျွမ်းကျင်တယ် မေမေ"

"အရင်ပီအေတွေလည်း ကွန်ပျူတာတော့ ကျွမ်းကြတာပဲ မဟုတ်လား"

"ဒါတော့ဒါပေါ့ မေမေ၊ ဒါပေမယ့် သားဉာဏ်နဲ့ အကဲခတ် ကြည့်ရတာ သူ့ဟာ ထက်ထက်မြက်မြက် ရှိတယ်၊ သား စိတ် တိုင်းကျလိမ့်မယ်လို့ ထင်တာပဲ"





www.burmeseclassic.com

"အင်းလေ. . . သား စိတ်တိုင်းကျရင် ပြီးတာပဲ၊ မေမေက တော့ သားအတွက် ပီအေမြပ့်မလားလို့ အမြဲကြောင့်ကြခဲ့တာ၊ ဒီတစ်ယောက်ကော မြပ့်မလားကွယ်"

"မြဲမယ် ထင်တာပါပဲ မေမေ"

"အင်း. . . သားရဲ့စိတ်ကိုလည်း လျှော့ဖို့တော့ လိုတယ် နော်၊ မင်းရဲ့ပညာ မင်းရဲ့ဉာဏ်ကို လက်အောက်က လူတွေ လိုက် မမှီတိုင်း ဒေါသမကြီးနဲ့၊ စိတ်ကို လျှော့ထားဖို့ လိုတယ်၊ သူဟာ ငါ မဟုတ်ဘူး၊ ဒီလိုပဲ ငါဟာလည်း သူ မဟုတ်ဘူးဆိုတဲ့ သဘောတရား လေးတော့ သားခေါင်းထဲ မြဲမြဲသွင်းထားပါ"

မိခင်ကဆုံးမစကား ဆိုတော့လည်း ဦးနေရောင် စောဒက မတက် လေးစားစွာဖြင့်ပင်. . .

"ဟုတ်ကဲ့ မေမေ၊ သားမှတ်ထားပါ့မယ်၊ လိုက်လည်း လိုက်နာပါ့မယ်"

ဟု ကတိစကားပြုလိုက်လေသည်။

မိခင်က အတွင်းရေးမှူးကိစ္စကို ဒီလောက်နှင့် စကားစ ဖြတ်ပြီး ငြိမ်သက်နေတော့လည်း သူ့အနေနှင့် ထပ်မပြောတော့ အမှန်တော့ သူက ပြောပြချင်သေးသည်။ သူ့ရဲ့အတွင်းရေးမှူးသည် သမင်လည်ပြန် ငေးလောက်အောင် လှရုံမက အသံကအစ ဆွဲ ဆောင်မှု ရှိသည့်အကြောင်း။ သို့သော် ဒါတွေကို ရင်တွင်း၌သာ ထားလိုက်ပြီး စားသောက်လက်စကို အပြီးသတ်လိုက်လေတော့ သည်။







# အခန်း(၃)

ရုံးသို့ နံနက်(၉)နာရီ အရောက်လာရပြီး ညနေ(၅)နာရီ တွင် ရုံးဆင်းရသည်။ အသွားအပြန် ဖယ်ရီဖြင့် သွားလာရသော ကြောင့် ထက်ဣန္ဒြေစံအတွက် အချိန်တွေ ပိုထွက်လာသည်။

ဒါ့အပြင် စနေနေ့ဝက်နှင့် တနင်္ဂနွေနေ့တစ်နေ့လုံးလည်း နားရသဖြင့် ထက်ဣန္ဒြေစံ အိမ်မှုကိစ္စတွေကို ပိုမိုကူညီပေးနိုင်ပြီး သူ့အတွက်လည်း စာဖတ်ချိန်တွေ ပိုရလာခဲ့သည်။

ကုမ္ပဏီအလုပ်သည် အိမ်သို့လည်း ပါမလာချေ။ သူ့အို့



www.burmeseclassic.com

www.burmeseclassic.com



လိုင်ထိပ်ထားကုမ္ပဏီ၏အမ်ဒီက ပြတ်သားသည်။

"အလုပ်တွေကို အလုပ်ချိန်အတွင်းမှာပဲ မခိုမကပ်ဘဲ ပြီးစီးအောင် လုပ်ကြဖို့ လိုတယ်၊ ကိုယ်ရေးကိုယ်တာတွေကို ရုံးချိန်ကို သယ်ဆောင်လာစရာ မလိုသလို ရုံးက အလုပ်တွေကိုလည်း အိမ်ကို သယ်ဆောင်သွားစရာ မလိုဘူး၊ ပြည့်ပြည့်ဝဝ နားကြ၊ မိသားစုအတွက် အချိန်ပေးကြပါ၊ နေ့လည်ထမင်းစားချိန် တစ်နာရီကတော့ စိတ်ကြိုက်ကိုယ်ပိုင်ချိန်ပဲ၊ ခင်ဗျားတို့ လုပ်ချင်တာတွေ လုပ်ကြပေါ့ဗျာ၊ အဲ. . . လုပ်ချင်ရာလုပ်ဆိုလို့လည်း ဥပဒေမဲ့တော့ မလုပ်ကြနဲ့ပေါ့ဗျာ၊ ကျွန်တော်က အဲဒီကိစ္စမျိုးတော့ အာမခံ လိုက်ပေးမှာ မဟုတ်ဘူးဗျ"

အစည်းအဝေးပွဲ၌ ထိုသို့သတိပေးထားကြောင်းကို လှလှဝေက အရွှန်းဖောက်က အမ်ဒီလေသံနှင့် ပြောပြထားသဖြင့် ထက်က္ကန္ဒြေစံ ပြုံးရယ်ကာ မှတ်သားခဲ့လေသည်။

ဒါတင်မက သူ့အားလည်း အမ်ဒီကိုယ်တိုင်က အလုပ်စဝင်သည့်နေ့မှာပင်. . .

"မင်းကို ရုံးကိစ္စအတွက်ပဲ တာဝန်ပေးမယ် ထက်က္ကန္ဒြေစံ၊ ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို လုံးဝတာဝန်ပေးမှာ မဟုတ်ဘူးဆိုတာလည်း မင်းယုံကြည်ထားလိုက်ပါ"

ဟု ပြောခဲ့ဖူးသည်ကို သူ ကောင်းစွာမှတ်မိခဲ့လေသည်။

ဝန်ထမ်းတွေ ရင်းရင်းနှီးနှီး တွေ့ဆုံချိန်ကတော့ စတုတ္ထထပ်ရှိ သက်သာချောင်ချိရေး စားသောက်ဆိုင်တွင် နေ့လည်စာစားချိန်၌ ဖြစ်သည်။ ထိုဆိုင်သည်လည်း လိုင်ထိပ်ထားကုမ္ပဏီပိုင် ဖြစ်သည်။

လပေး လခပေးစား၍ရသလို လက်ငင်းလည်း ရသည်။





ထမင်းချိုင့် ပါလာသူများကလည်း ထိုအပေါ်ထပ်မှာပင် ဝိုင်းဖွဲ့စားသုံးနိုင်ရန် စားပွဲကုလားထိုင်၊ ပေဇင်၊ လျှပ်စစ်ရေနွေးအိုးများ အလုံအလောက် စီစဉ်ထားသည်။

ထက်က္ကန္ဒြေစံက နိုင်ငံတကာ အဆင့်မှီ ခေတ်မီသော လိုင်ထိပ်ထားကုမ္ပဏီကို သဘောကျလျက်ရှိသည်။ စည်းကမ်းရှိပြီး အမှိုက်နှင့် ဖုန်မရှိခြင်းကိုပင် ကျေနပ်လှလေပြီ။

အလုပ်ဝင်ပြီး (၅)ရက်ခန့်အကြာတွင် ဦးနေရောင်က သူ့အား ခေါ်ကာ. . .

"မင်းကို စက်ရုံကို ဒီနေ့ လိုက်ပို့ပေးမယ်၊ စက်ရုံက မန်နေဂျာနဲ့ ဝန်ထမ်းတွေကို မင်းနဲ့ မိတ်ဆက်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ၊ ဘယ်အချိန် သွားမှာပါလဲ"

"မင်း နေ့လည်စာ စားပြီးချိန်ပေါ့"

"ဟုတ်ကဲ့. . . ကျွန်မ အသင့်ရှိနေမှာပါ၊ ဒါဖြင့် ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပြီ"

ထက်က္ကန္ဒြေစံ အမ်ဒီ၏အခန်းမှ ပြန်ထွက်ခဲ့သည်။ အပြင်ဘက်အခန်း၌ သူနှင့် စာရေးဝန်ထမ်းတစ်ဦးအတွက် အခန်းရှိနေသည်။

ထိုအခန်းကို ဖြတ်ကျော်ပြီးမှ အမ်ဒီ၏အခန်းကို ဝင်ခွင့်ရှိလေသည်။

ထက်က္ကန္ဒြေစံနှင့် တွဲနေရသည့် ကွန်ပျူတာလည်း ကျွမ်းကျင်သည့် စာရေးမလေးမှာ သက်မာဖြစ်သည်။

"ဘာတဲ့လဲ မမ"

"စက်ရုံသွားမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"သက်မာ ရောက်ဖူးသလား"

"ရောက်ဖူးတာပေါ့. . . သက်မာအစ်ကိုနဲ့ ယောင်းမက အဲဒီမှာ လုပ်တယ်၊ သက်မာတို့ နေတာလည်း တောင်ဒဂုံမှာပဲလေ၊ စက်ရုံနဲ့ နီးတယ်"

"သြော်. . ."

ထက်ဏ္ဏခြေစံ တွေးလိုက်မိသည်။ လှိုင်ထိပ်ထားကုမ္ပဏီက မိသားစုတော်တော်များများ၏ ဘဝရပ်တည်နိုင်ဖို့အတွက် မှီခို အားထားရာလုပ်ငန်းကြီးပါလားဟု. . .။

"ဒါတင် မကသေးဘူး သက်မာ ဖေဖေကလည်း ဂိုဒေါင်မှူး လေ မမ၊ ဒါကြောင့် သက်မာတို့မိသားစုက ဘော့စ်နဲ့ ဘွားတော်ကို သီတင်းကျွတ်တိုင်း သွားကန်တော့တယ်"

"ကျေးဇူးတရား သိတတ်နေတာ မင်္ဂလာပဲပေါ့ သက်မာ"

ဟု စကားကို အဆုံးသတ်လိုက်ပြီး လုပ်စရာရှိသည်တို့ကို ဆက်လုပ်လိုက်လေသည်။

ထက်ဏ္ဏခြေစံ အလုပ်လုပ်ရင်းမှ အမ်ဒီဦးနေရောင် အကြောင်း တွေးမိသည်။ အနေအထိုင် တည်ကြည်သည်။

လူပျိုလူလွတ်တစ်ယောက် ဖြစ်သော်လည်း သူ့အကြည့် များက မရိုင်းစိုင်း။ မျက်လုံးအကြည့်ဓါတ်ကအစ ဖြူစင်ရှင်းသန့်နေ သည်။ ချစ်သူမရှိ စေ့စပ်ထားသူလည်း မရှိဟု သိထားသဖြင့် အံ့သြ ရသည်။

ဒီလူ၏နှလုံးသားက သံမဏိနဲ့များ တည်ဆောက်ထား သလားဟု ထင်မှတ်မှားရလောက်အောင် တည်ငြိမ်လွန်းသည်။

မိမိလို ပုရိသတို့ နှစ်ခါပြန် သုံးခါပြန် ကြည့်ရအောင်





လှပဂေးကိုတောင် အမ်ဒီက အေးစက်စွာပင် ကြည့်တတ်သည်။ မျက်ဝန်းကို စူးစိုက်ကြည့်ပြီးသာ စကားပြောတတ်သည်။

အပိုစကားလည်း မပြော၊ အလွှာပ သလ္လာပလည်း တစ်လုံး မျှ မပြောချေ။

ထက်ဏ္ဏခြေစံကလည်း အလှမာန်တော့ ရှိသည်။ တက္က သိုလ် တက်စဉ်က မေဂျာကွင်း၊ အင်္ဂလိပ်စာမေဂျာ အလှဘုရင်မဘွဲ့ ရထားသူပေပဲ။ သားရှင်အတော်များများ၏ မျက်စိကျ ကမ်းလှမ်းမှု ကို ခံနေခဲ့ရသလို ယခုလည်း စပ်ဟပ်ခြင်း ခံနေရဆဲပင်။

ဒါ့အပြင် ပုရိသတို့ကိုယ်တိုင်ကလည်း ချစ်ခွင့်ပန်ခြင်းကို ခံနေရသူဖြစ်သည်။

ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေးပညာရှင် ကုန်သည်၊ ပွဲစား ဘက်စုံက လူမျိုးတစ်ရာ့တစ်ပါး ပုရိသတို့၏ကမ်းလှမ်းမှုကို ငြင်း ယ်ခဲ့သူဖြစ်သည်။

ဒါကလည်း ထက်ဏ္ဏခြေစံ၏ခံယူချက်က ပြတ်သား၍ဖြစ် သည်။

အိမ်ထောင်ရေးကို အချစ်နှင့်သာ တည်ဆောက်ချင်သည်။

နှလုံးသားနှင့် ပတ်သက်၍ အနာတရဖြစ်မှုကို သူ လုံးဝ လက်မခံနိုင်ပါ။

သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူအချစ်မျိုးနှင့် တည်ဆောက် သော အချစ်၏ချိုမြိန်ခြင်းကိုသာ အလိုရှိသည်။

အချစ်၏ခါးသီးခြင်းကို လုံးဝမတွေ့ကြုံလိုပါ။ ထို့ကြောင့် မိမိနှလုံးသား၌ အချစ်စစ် အချစ်မှန် မရသရွေ့တော့ အိမ်ထောင် မပြု တစ်သက်လုံးအတွက် အပျိုကြီးဘဝနှင့် နိဂုံးချုပ်သွားလိုက်ချင် သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ထက်က္ကန္ဒြေစံ၏ဆုံးဖြတ်ချက်ပင်။

အမ်ဒီ ဦးနေရောင်နှင့် နီးနီးကပ်ကပ် နေရတော့ သူရင်ခုန်သံနှုန်းထား မမြင့်တက်စဖူး မြင့်တက်လာသည်။

သို့သော် အမည်နှင့် လိုက်ဖက်စွာပင် ထိုရင်ခုန်သံနှုန်းထား မြင့်တက်မှုကို ထိန်းချုပ်ထားလိုက်သည်။

မြင်းက မလှုပ်၊ ခုံက လှုပ်မည့်မိန်းမထဲ သူ မပါ။

သူ့ပညာ သူ့အရည်အချင်းအရ သူ့ဘဝကိုသူ ကောင်းစွာရပ်တည်သွားနိုင်သည်။ အောင်မြင်မှု စင်မြင့်တစ်နေရာ၌ အမြဲနေထိုင်သွားနိုင်မည်ဟုသူယုံကြည်သည်။

"မမ. . ထမင်းသွားစားရအောင်"

"အင်း. . . သွားမယ်လေ"

လုပ်လက်စအလုပ်တို့ကို ရပ်နားလိုက်သည်။ စတုတ္ထထပ်သို့ လှေကားကပင် တက်ခဲ့ကြသည်။ သူတို့က ထမင်းချိုင့် ပါသည်။ လိုအပ်လျှင်တော့ ဟင်းတစ်မျိုးမျိုး ဝယ်ယူစားသောက်တတ်ပြီး ပုံမှန်အားဖြင့်တော့ ထမင်းပြီး ကော်ဖီတစ်ခွက်တော့ သောက်ဖြစ်ကြသည်။

လှလှဝေနှင့် ငွေစာရင်းကိုင် ဒေါ်ကေသီက ရောက်နေနှင့်သည်။ သူတို့ကို မြင်တော့ လက်လှမ်းပြလိုက်သည်။

ထက်က္ကန္ဒြေစံနှင့် သက်မာ သူတို့စားပွဲသို့ လျှောက်သွားပြီး နေရာယူလိုက်သည်။

ဝန်ထမ်းအင်အား တစ်ရာနီးပါးရှိသော ဤအဆောက်အဦး၌ လူတိုင်းကို ထက်က္ကန္ဒြေစံ မမှတ်မိသော်လည်း အားလုံးနှင့်တော့ မျက်မှန်းတန်းမိနေလေသည်။ သို့သော် တွဲမိသည်ကတော့ ဒီလေးယောက်ပဲ ဖြစ်သည်။ အားလုံးက အပျိုကြီးတွေ ဖြစ်ကြသည်





ကို။ ငွေစာရင်းကိုင် ဒေါ်ကေသီသည် ဘီကွမ်းဘွဲ့ ရထားသူဖြစ်သည်။ အသက်(၄၀)နား ကပ်နေလေပြီ။ မိဘလုပ်ကျွေးနေသူဖြစ်သည်။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖော်မိခြင်းသည် သဘာဝတရားတစ်ခုဖြစ်သည်။

"ကျွန်မ ထမင်းစားပြီးရင် အမ်ဒီနဲ့ စက်ရုံသွားရမယ် မမကေသီ"

"အင်း. . . သွားရမှာပေါ့၊ နောက်ဆိုရင် အမ်ဒီ မပါဘဲလည်း မင်း လုပ်ဆောင်ရမှာပဲ၊ ဗိုလ်ချုပ်ဈေးဆိုင်ကော မင်းကို မပို့သေးဘူးမှတ်လား"

"မပို့ပေးသေးဘူး"

"အဆူဘယ်နှစ်ခါ ခံရပြီးပြီလဲ"

"တစ်ခါမှ မခံရသေးဘူး၊ အမ်ဒီက ဆူတတ်လို့လား"

"အမလေး. . . ဒေါသကုမ္မာ၊ သူ့စိတ်နဲ့ မတွေ့ရင် လုံးဝသည်းမခံတတ်တဲ့လူစား"

ဒေါ်ကေသီက ဒိုင်ခံစကားပြောနေကြဖြစ်သည်။ သူနှင့်ကျန်နှစ်ယောက်က နားထောင်သမားသက်သက်ဖြစ်သည်။

"ညည်းကံကောင်းတယ် မရွှေထက်၊ အရင်ဆက်ခတေရီတွေတုန်းကဆို အလုပ်စဝင်တာနဲ့ မျက်ရည်နဲ့မျက်ခွက်၊ နောက်တော့လည်း အရေထူသွားပုံရပေမယ့် အစမ်းခန့်ကာလ ပြီးတာနဲ့ ပြုတ်ကုန်တာပဲ၊ သူ့စိတ်နဲ့ တွေ့တဲ့လူကို မရှိပါဘူး၊ ဒါကြောင့် လူပျိုကြီးဖြစ်တာထင်တယ်၊ ဒါမှမဟုတ် ခြောက်နေတာပဲ ဖြစ်မယ်"

ဒေါ်ကေသီက နောက်ဆုံးကားကို သူတို့ကြားရုံလေသံနှင့်ဘိုးတိုးကလေး ပြောလိုက်သဖြင့် ထက်က္ကန္ဒြေစံတို့(၃)ဦးမှာပြုံးစိစိ



www.burmeseclassic.com

www.burmeseclassic.com



လေး ဖြစ်သွားရလေသည်။

"မမကေကလည်း. . ခစ်. . . ခစ်"

လှလှဝေက ခပ်တိုးတိုးလေး ပြန်တုန့်ပြန်လိုက်သည်။ ဒေါ်ကေသီက အသောမသတ်သေး။

"ဟုတ်တယ်. . . မရွှေထက်လို ဆက်ခ်တေရီကိုမှ သူဖြုတ်ရင်တော့ သေချာသွားပြီ ဂေးပဲ၊ နောက် ဆက်ခ်တေရီကို ယောက်ျားပဲ ခန့်ဖို့ အဆိုပြုလိုက်ရုံပဲ ရှိတော့တယ်"

ထက်ကြွေစံပင်လျှင် မျက်လုံးပြူးသွားကာ. . .

"မမကေကလည်း ကြံကြံဖန်ဖန်. . . မဖြစ်နိုင်တာ"

ဟု ပြောလိုက်တော့. . .

"စောင့်ကြည့်ရသေးတာပေါ့အေ. . . မိရွှေထက်လို လှပဂေးနဲ့မှ အမ်ဒီမကြွေရင် တကယ်ပဲ ဂေးပဲ"

ထက်ကြွေစံ မျက်နှာချက်ချင်းတည်လိုက်ပြီး. . .

"ဒါတော့ ကြွေမှာမဟုတ်ဘူး မမကေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက အလုပ်လုပ်ဖို့ပဲ ရည်မှန်းပြီး လာတာ အမ်ဒီကိုခြွေဖို့ မဟုတ်ဘူး"

"ဒါတော့ ကျုပ်လည်း ယုံပါတယ်၊ ညည်းက အမည်နဲ့လိုက်အောင် ကြွေရှိပါတယ်၊ ဒါပေမယ့် အမ်ဒီဘက်က လာရင်တော့ ညည်း ခံနိုင်ပါ့မလား"

"ကျွန်မရည်မှန်းချက်ထဲမှာ သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူ အချစ်နဲ့မှ အိမ်ထောင်တစ်ခု တည်ဆောက်ချင်တယ် မကေ၊ လောလောဆယ်တော့ ပီအေ,အလုပ်မြဲအောင် လုပ်ဖို့ပဲ စိတ်ထဲမှာ ရှိတယ်၊ ကိုင်း. . . စားလို့လည်း ပြီးပြီ၊ အပြင်ထွက်ရမှာမို့ ကျွန်မတို့ အရင်သွားနှင့်တော့မယ်နော်"





"အေး. . . အေး"

"ဟုတ်. . "

သက်မာကပါ ထက်ကြွေစံနှင့်အတူ လိုက်ပါလာခဲ့လေသည်။

"နေချင်နေပါဦးလား၊ အချိန်တွေအများကြီး ကျန်သေးတာပဲ"

"မမတို့ သွားရင် ကျွန်မပဲ ကျန်ခဲ့မှာ၊ အရေးကြီးတဲ့ဖုန်းတွေလာရင် လက်ခံဖို့ အရေးကြီးတယ်"

"ဩော်. . . ဟုတ်သားပဲ"

သက်မာက မဆိုးပါဘူး၊ ဖင်လည်း မြဲတယ်။ ဒါကြောင့် ဒီကုမ္ပဏီမှာ သက်တမ်းရှည်နေတာပဲ ဖြစ်မည်ဟု ထက်ကြွေစံ သတိထားလိုက်သည်။

ထက်ကြွေစံ ရုံးခန်းသို့ ပြန်ရောက်လျှင်ရောက်ချင်း အမ်ဒီ ရုံးခန်းကို တံခါးခေါက် အသံပြုပြီး ဝင်ခဲ့လိုက်သည်။

အမ်ဒီက အခန်းကို ကျောခိုင်းကာ ပြတင်းပေါက်မှနေ၍ ပြင်ပရှုခင်းကို ငေးကြည့်နေဟန်တူသည်။ သူ တံခါးခေါက်သံကိုတော့ သတိပြုမိမှာပါဟု ထက်ကြွေစံ တွေးလိုက်ပြီး. . .

"ကျွန်မ ထမင်းစားပြီးပါပြီ၊ စက်ရုံသွားမယ်ဆိုရင် အသင့်ဖြစ်ပါပြီ ဆရာ"

ဟု သတင်းပို့လိုက်သည်။

ထိုအခါမှ အမ်ဒီဦးနေရောင်က နောက်လှည့်လာပြီး. . .

"ကောင်းပြီ. . . ဒါဆိုရင် သွားကြမယ်၊ မင်း ဘာကို ယူခဲ့ရမလဲဆိုတာကော သိသလား"

ဦးနေရောင်က သူ့အား စေ့စေ့ကြည့်ကာ မေးခွန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ထက်က္ကဒြေစံက မဆိုင်းမတွပင်. . .

"စက်ရုံရဲ့ပစ္စည်းအဝင်အထွက်စာရင်း ကုန်ကြမ်းအဝင်စာရင်း နောက်ဆုံးစာရင်းဇယားတွေရဲ့ဖိုင်ကို ကျွန်မ အသင့်ပြင်ထားပြီးပါပြီ ဆရာ"

"အိုကေ. . . ဒါဖြင့် သွားကြစို့"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးနေရောင်၏နောက်သို့ ဖိုင်တွဲပိုက်ပြီး ထက်က္ကဒြေစံ လိုက်ခဲ့လိုက်လေသည်။

ဓါတ်လှေကားတွင် နှစ်ယောက်တည်းဖြစ်နေခြင်းကြောင့် ထက်က္ကဒြေစံ၏ရင်ထဲ လှိုင်းဂယက် အနည်းငယ်တော့ ထသွားသည်။

သို့သော် ချက်ချင်းပင် အောက်ရောက်သွားသည်။

ဦးနေရောင်၏အနက်ရောင် လင့်ခရူဆာကားက ကုမ္ပဏီရှေ့တွင် ထိုးရပ်ထားသည်။

ဒရိုင်ဘာ ဦးလေးမောင်က ရှေ့ခန်းတံခါး ဖွင့်ပေးလိုက်သည်။

ဦးနေရောင်က ရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။ သူ့ဘေးပေမယ့် ဟိတ်ဟန်ကြီးနှင့် နောက်ခန်းမစီးပါလားဟု ထက်က္ကဒြေစံတွေးကာ ကျေနပ်စွာဖြင့် နောက်ခန်း၌ ဝင်ထိုင်လိုက်သည်။

"ဦးလေးမောင်. . . စက်ရုံကို သွားမယ်"

"ဟုတ်ကဲ့ အမ်ဒီ၊ ကျွန်တော့်ကို မထက် ဖုန်းဆက်အကြောင်းကြားထားပြီးပါပြီ"

"သြော်. . ." ဟုသာ ဦးနေရောင် မှတ်ချက်ပြုလိုက်လေ





သည်။ ဒီအမျိုးသမီး မဆိုးပါဘူး၊ ရုပ်ချောသလို လုပ်ရည်ကိုင်ရည်ကလည်း ချောမောပြေပြစ်ပေသားပဲဟုလည်း စိတ်ထဲ ကောက်ချက်ချလိုက်သည်။

ထက်က္ကဒြေစံ အလုပ်ဝင်တာ (၅)ရက်တော့ ရှိပြီ။ သူစိတ်တိုင်းမကျတာ ဘာတစ်ခုမှ မတွေ့ရသေးချေ။ သူဖြစ်ချင်တာထက်ကို ပို၍လာဘ်မြင်ကာ ထက်ထက်မြက်မြက် ရှိနေသည်ကိုတွေ့ရသဖြင့် ဦးနေရောင် အကျေနပ်ကြီး ကျေနပ်လျက်ရှိသည်။

သို့သော် သူ ရင်တွင်းခံစားချက်က မျက်နှာပြင်သို့လည်း ရောက်မလာ၊ နှုတ်သို့လည်း ပေါ်ထွက်မလာချေ။ တည်ကြည်သောမျက်နှာထားနှင့် ငြိမ်သက်လျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ဒီကနေ့တော့ ဦးနေရောင်က ထက်ကျွန်ြစံကို ပိုလ်ချုပ်ဈေးဟောင်း မျက်နှာစာတန်းအောက်ထပ်ရှိ လှိုင်ထိပ်ထား ကုမ္ပဏီ အရောင်းဆိုင်သို့ ခေါ်ဆောင်လာသည်။

"ဒီဆိုင်မှာ ငါတို့စက်ရုံထွက် ပစ္စည်းတွေတင် မကဘူး၊ ကမ္ဘာ့နိုင်ငံအနှံ့က နာမည်ကြီး အလှကုန်ပစ္စည်းတွေပါ တင်ရောင်းတယ်"

ဟု ဦးနေရောင်က ပြောပြီး ဆိုင်အရောင်းတာဝန်ခံ မန်နေ





ဂျာနှင့် မိတ်ဆက်ပေးလိုက်သည်။ ပြီးနောက်. . .

ထက်ကျွန်ြစံက အရောင်းဆိုင်တွင်း အရောင်းပစ္စည်းများ ခင်းကျင်းမှုအနေအထားကို လှည့်ကြည့်ရင်း အရောင်းစာရေးများနှင့် ဆိုင်အခြေအနေကို မေးမြန်းတီးခေါက်နေစဉ် ဂျပန်လူမျိုးကမ္ဘာလှည့် ခရီးသွားဧည့်သည်တစ်စု ဆိုင်ထဲသို့ ရောက်လာသည်။

အသက်(၅၀)ခန့် ဂျပန်အမျိုးသမီးကြီးတစ်ဦးက ဘေးနား၌ ဂျပန်အမျိုးသမီးငယ်အား ထက်ကျွန်ြစံကို ကြည့်ကာ. . .

"လှလိုက်တဲ့မိန်းကလေးနော်" ဟု ဂျပန်လို ပြောလိုက်ရာ ထက်ကျွန်ြစံကလည်း ပြုံးကာ ဂျပန်စကားဖြင့်. . .

"ဂျပန်အမျိုးသမီးတွေက ပိုလှကြပါတယ်" ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ဂျပန်အမျိုးသမီးကြီးက အံ့အားသင့်သွားပြီး. . .

"မင်း ဂျပန်လို တတ်တာကိုး" ဟုပြောကာ ထက်ကျွန်ြစံကို ပွေ့ဖက်ကာ. . .

"မင်းက ပိုလှတယ်. . မင်းဝတ်စားထားတဲ့ အရောင်လေးက အသွေးကြတယ်၊ မင်းကိုယ်လုံးလေးနဲ့ သိပ်ကြည့်လို့ လှတာပဲ"

ဟု အားပါးတရ နှုတ်ဆက်ရင်း ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်လေသည်။

"ဒါ ကျွန်မတို့မြန်မာဝတ်စုံလေ၊ မြန်မာပိုးထည်ချည်ထည်နဲ့ ချုပ်ထားတဲ့ မြန်မာဒီဇိုင်းပါ၊ သုံးစွဲထားတဲ့အလှကုန်ကလည်း မြန်မာ့သနပ်ခါးစစ်စစ်နဲ့ ဖော်စပ်ထားတဲ့ ဒီဆိုင်က ပစ္စည်းတွေပါ"

"အို. . . ဟုတ်လား၊ မင်းမျက်နှာလေး သိပ်လှတယ်၊ ပစ္စည်းတွေ သိပ်ကောင်းပုံပဲ"

"ဟုတ်ကဲ့. . . ဒါ ဒီလှိုင်ထိပ်ထား အလှကုန်ပစ္စည်း ထုတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပိုင်ရှင်သူဌေးလည်းဖြစ်၊ အုပ်ချုပ်မှု ဒါရိုက်တာလည်း ဖြစ်တဲ့ ဦးနေရောင်ပါ"

ထက်ကျွန်ခြွေစံက အနားသို့ ရောက်လာသော ဦးနေရောင်နှင့် ဂျပန်အမျိုးသမီးကြီးကို မိတ်ဆက်ပေးလိုက်သည်။

ဦးနေရောင်ကလည်း ဂျပန်စကားဖြင့်. . .

"တွေ့ရတာ ဝမ်းသာပါတယ်" ဟု နှုတ်ဆက်လိုက်ရာ ဂျပန်အမျိုးသမီးကြီးကလည်း ဝမ်းမြောက်ဝမ်းသာဖြင့်. . .

"ရှင်လည်း ဂျပန်စကား တတ်တာကိုး၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်က ဂျပန်မှာ ခြောက်နှစ်နေခဲ့တာကိုး၊ ဒါထက် မြန်မာပြည်ကို အလည်သက်သက် လာတာပါလား"

ထိုအခါမှ ဂျပန်အမျိုးသမီးကြီးက သူသည် ဂျပန်အမျိုးသမီး တက္ကသိုလ်တစ်ခုမှ သမိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း၊ တပည့်များနှင့် မြန်မာပြည်၏ရှေးဟောင်းသမိုင်းကို လာရောက်လေ့လာခြင်းဖြစ်သည်ဟု ပြောပြသည်။

တဆက်တည်းမှာပင် ထက်ကျွန်ခြွေစံက သဘာဝ သစ်သီးသစ်ဥသစ်ဖုတို့နှင့် သနပ်ခါးကို ဖော်စပ်ထားသော အလှကုန်ပစ္စည်းများကို ဂျပန်အမျိုးသမီးငယ်လေးများကို ထုတ်ပြပြီး နမူနာပြပေးသည်။

ဂျပန်ဆရာမကြီးနှင့် တပည့်များက စိတ်ဝင်စားစွာ ကြည့်ရှုသည်။ ဂျပန်အမျိုးသမီးငယ်လေးတစ်ဦးကို စမ်းသပ်လိမ်းခြယ်ပြသည်။

"သိပ်ကောင်းတာပဲ. . . အေးပြီး ရင်ထဲ ကြည်နူးသွားတယ်" ဟု မိတ်ကပ်အလိမ်းခံရသော ဂျပန်အမျိုးသမီးငယ်လေးက





ပြောလေသည်။

ကျန်ဂျပန်ကျောင်းသူလေးများကလည်း. . .

"သိပ်လှသွားပြီ"

ဂျပန်ဆရာမကြီးကလည်း ကြည့်ရှုကာ သဘောကျပြီး ပါဝင်သော ပစ္စည်းအညွှန်းများကို ဖတ်ကာ. . .

"သိပ်ကောင်းတယ်. . . ကမ္ဘာ့အဆင့်မီတယ်၊ ဘေးထွက်ဆိုးကျိုး မရှိနိုင်ဘူး၊ တို့ အာရှတိုက်သားတွေအတွက် သိပ်သင့်လျော်တဲ့ပစ္စည်းတွေပဲ၊ ဝယ်ကြ. . . ငါလည်း ဝယ်မယ်" ဟု တပည့်များကိုလည်း တိုက်တွန်းပြီး သူကိုယ်တိုင်လည်း ဝယ်လေသည်။

ဂျပန်ဆရာမကြီးနှင့် အတူပါလာသောတပည့်က (၄၀) ရှိလေသည်မို့ ကိုယ်နှစ်သက်ရာ အလှကုန်ပစ္စည်း တစ်မျိုးစ နှစ်မျိုးစ ထက်သည့်တိုင်အောင် အရောင်းစာရေးတို့ လက်မလည်အောင် ရောင်းရလေသည်။ အင်္ဂလိပ်လိုနှင့်ဂျပန်လို ပြောဆိုရာ အမ်ဒီ ဦးနေရောင်ပင်လျှင် အရောင်းဝန်ထမ်း ဝင်လုပ်လိုက်ရလေသည်။

ထက်ကျွန်ခြွေစံကတော့ ရှင်းလည်း ရှင်းပြ၊ ဝိုင်းဝန်းလည်း ရောင်းပေးရင်း စကားပြန်လည်း လုပ်ပေးရင်းမို့ ချွေးလေးတွေပင် ဆို့နေသည်။ သို့တိုင်အောင် မျက်နှာလေးက ဝင်းစိုကာ အသားအရည်မှာ တောက်ပြောင်လျက်မို့ ဂျပန်ဆရာမကြီးမှာ ထက်ကျွန်ခြွေစံကို ခွင့်တောင်းပြီး သူ့ဒစ်ဂျစ်တယ်ကင်မရာနှင့် ဓါတ်ပုံရိုက်ကူးနေလေသည်။

ဝယ်ခြင်းကိစ္စ ပြီးစီးသွားချိန်တွင် ဂျပန်ဆရာမကြီးမှာ ထက်ကျွန်ခြွေစံကို အလွန်သဘောကျသွားပြီး သူ၏အမည်ကဒ်ပြားကို ပေးကာ. . .

"မင်းကိစ္စရှိရင် ဒါမှမဟုတ် အကူအညီလိုရင် တို့ကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



ခွေး ဆက်သွယ်ပါ၊ တို့လည်း မင်းကို ဆက်သွယ်ချင်တယ်” ဟု ဆိုလာသဖြင့် ထက်ဏ္ဍခြွေစံက သူ ကျူရှင်ပြစဉ်က ပြုလုပ်ထားသည့် သူ့အမည်ကဒ်ကို ပေးလိုက်လေသည်။ သူ၏ဆဲလ်ဖုန်းနံပါတ်လည်း ပါလေသည်။

“တို့ ပုဂံမှာ တစ်ပတ်လောက် ကြာမယ်၊ ပြီးရင် မန္တလေးဘက် သွားပြီး မန္တလေးကနေ တန်းပြန်မှာမို့ မင်းကို တွေ့ဖို့ အချိန်မရတော့တာကိုတော့ ဝမ်းနည်းပါတယ်”

ဒါပေမယ့် တို့တွေ ပြန်ဆုံကြဖို့ကို တို့ မျှော်လင့်နေမယ်”

ဟု တသသ နှုတ်ဆက်ပြီး ထွက်ခွာသွားကြလေသည်။

အရောင်းဆိုင်တာဝန်ခံ မန်နေဂျာအမျိုးသမီးကြီးက. . .

“တို့ဆိုင် အရောင်းရစ်ချိန်ဟာ ဒီနေ့မှာ ကျိုးသွားတယ်၊ သမီးသိပ်တော်တာပဲ၊ အန်တီ့လုပ်သက်မှာ ဒီနေ့လို တစ်နာရီအတွင်း ပစ္စည်းပြတ်မတတ် ဖြစ်အောင် ရောင်းရစ်ချိန်ကျိုးတာ ဒီတစ်ခါပဲ ကြုံဖူးတယ်၊ မှတ်တမ်းတင်ထားရမှာပဲ ဆရာ”

ဟု ထက်ဏ္ဍခြွေစံကို ချီးကျူးရာမှ အမ်ဒီဦးနေရောင်ကိုပါ ပြောလိုက်လေသည်။

ထက်ဏ္ဍခြွေစံက ပြုံးကာ. . .

“တိုက်ဆိုင်သွားလို့ပါ အန်တီ” ဟု ပြုံးကာ ဖြေလိုက်လေသည်။

ဦးနေရောင်မျက်နှာပြင်တွင် တွေ့ရခဲ့သောအပြုံးကိုလည်း ထက်ဏ္ဍခြွေစံ အမှတ်မထင် သတိထားလိုက်မိလေသည်။

တည်လွန်းသောမျက်နှာပြင်နှင့် အပြုံးရိပ်များ ယှက်သန်းနေမှုကြောင့် ဦးနေရောင်၏ခန့်ညားချောမောမှုမှာ ပိုမိုတောက်ပြောင်လာသည်။





တော်တော်ကြည့်ကောင်းတဲ့ ယောကျ်ားတစ်ဦးပဲဟု ထက်ဏ္ဍခြွေစံ ရင်ခုန်မှုကြားက ကြိတ်၍မှတ်ချက်ချလိုက်သည်။

အပြန်လမ်း၌. . .

ဦးနေရောင်က ကော်ဖီဆိုင်တစ်ခုသို့ ထက်ဏ္ဍခြွေစံအား ခေါ်ဆောင်သွားပြီး. . .

“မင်းသိပ်မောသွားပြီ၊ ငါတောင် မောသွားတယ်၊ မင်း ကြိုက်ရာ မှာပါ”

ဟု ပြောပြီး သူကတော့ ကော်ဖီအေးနှင့်ဆန်းဝစ်ချ်ကို မှာလိုက်လေသည်။

ထက်ဏ္ဍခြွေစံ ကော်ဖီပူနှင့် ချိစ်ပေါင်မုန့် မှာလိုက်သည်။

ထက်ဏ္ဍခြွေစံ ပေါင်မုန့်ကို ဓါးဖြင့် လှီးဖြတ်ပြီး ခက်ရင်းနှင့် ကိုင်တွယ်စားပုံကို မသိမသာ ခိုးကြည့်ကာ ကျေနပ်သွားသည်။

သွားလာလှုပ်ရှားပုံ ပြောဆိုပုံကအစ သွက်လက်တည်ငြိမ်ပြီး ဆွဲဆောင်မှု ရှိရုံမက စားသောက်ပုံမှာ ပိရိပြီး ကြန့်ရှိသည်။

သူလိုချင်သောပုံစံတွေ ထက်ဏ္ဍခြွေစံမှာ အပြည့်ရှိနေသည်ဟု သူ့စိတ်ထဲ ကျေနပ်စွာ တွေးလိုက်မိလေသည်။

အပိုစကား တစ်ခွန်းမှ မပြော၊ သူမေးလျှင် ဖြေသည်။ သုပ်ငန်းနှင့် ပတ်သက်သောစကားကိုပဲ ပြောတတ်သည်။

စားသောက်ပြီးသည်နှင့် ကုမ္ပဏီသို့ ပြန်လာလိုက်သည်။ ရုံးဆင်းခါနီးအမီ ပြန်ရောက်လာသဖြင့် ထက်ဏ္ဍခြွေစံ ဖယ်ရီနှင့် ပြန်နိုင်လေသည်။

စက်ရုံသွားတုန်းကလည်း ရုံးခန်း အချိန်မီ ပြန်ရောက်ခဲ့သည်။

ဦးနေရောင်သည် အလုပ်ချိန်ကအစ တိကျမှုကို သူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင် လိုက်နာတတ်သော လူတစ်ယောက်ဖြစ်သည်။ စည်းစံနစ်ကျနသူအပြင် အထင်ကြီးစရာလည်း ကောင်းနေပြန်သည်ဟု ထက်က္ကန္ဒြေစံ တွေးလိုက်မိသည်။

ဦးနေရောင်နှင့် ပတ်သက်လျှင် တွေးစရာတွေ များသော်လည်း ထက်က္ကန္ဒြေစံ ထိုမျှလောက်နှင့် အဆုံးသတ်လိုက်သည်။

ဒီထက်ပို၍ တွေးတောစိတ်ကူးယဉ်စရာ မလိုဟု ကိုယ့်ကိုယ်ကိုလည်း ဆုံးမလိုက်လေတော့သည်။





# အခန်း(၅)

တစ်နေ့ . . .

အမ်ဒီက ကြော်ငြာဌာနမှူး အမျိုးသမီးကို ခေါ်ခိုင်းသဖြင့် ထက်က္ကန္ဒြေစံက ဖုန်းဖြင့် လှမ်းခေါ်ပေးလိုက်သည်။

ရောက်လာသောအခါ အမျိုးသမီးကြီးက မျက်စိမျက်နှာပျက်ကာ . . .

"မထက်ရေ . . . အစ်မကိုတော့ ကျွိုင်တော့မှာပဲ၊ ဝိုင်းပြောပေးဦးနော်"

အမျိုးသမီးကြီးကို အားပေးပြုံး ပြုံးပြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အကျႌအကြောင်း ပြောပြလိုက်ပေါ့ အစ်မရယ်၊ ကွိုင်မှာ မဟုတ်ပါဘူး"

"မထက်က မသိသေးလို့နော်၊ အမ်ဒီက ဒေါသကူမှာရ" ဟု ခပ်တိုးတိုး ကပ်ပြောသွားပြီး အမ်ဒီအခန်းတံခါးကို ခေါက်ပြီး ဝင်သွားလေသည်။

မှန်လုံကာ ဖွဲ့စည်းထားသောအခန်းဖြစ်သော်ငြားလည်း တစ်ချက်တစ်ချက် အမ်ဒီအတိုင်း ဟိန်းထွက်လာသည်။

နောက် အင်တာကွန်းမှတဆင့် ထက်က္ကန္ဒြေစံကို လှမ်းခေါ်သဖြင့် ထက်က္ကန္ဒြေစံ ကပျာကသီနှင့် ဝင်ခဲ့လိုက်တော့ အမ်ဒီ၏ ဒေါသကို ထက်က္ကန္ဒြေစံ တွေ့မြင်လိုက်ရလေသည်။

မျက်နှာကြီး နီရဲကာ ကြော်ငြာဌာနမှူး ဒေါ်ကြင်ဆွေကို ဆူပူကြိမ်းမောင်းနေလေသည်။

"နှစ်သစ်မှာ ကျွန်တော်တို့ရဲ့ကုန်ပစ္စည်းတွေကို အသစ် ကြော်ငြာနေကျ၊ ခင်ဗျားက ကြော်ငြာဌာနမှူးပဲ သိရမှာပေါ့ဗျ၊ ကုန် အရောင်းတွင်ကျယ်ရေးမှာ ကြော်ငြာဟာလည်း အဓိက ဖြစ်တယ် ဆိုတာ ခင်ဗျားမေ့ထားသလား"

"မမေ့ပါဘူး ဆရာ၊ ဒါရိုက်တာကိုကျော်နဲ့ ဆက်သွယ်ပါ တယ်၊ သူက နယ်ထွက်နေတယ်၊ လကုန်မှ ပြန်ရောက်မယ် ပြောလို့ သူ့ကို စောင့်နေတာပါ"

"ဖုန်းဆက်ပေါ့ဗျ. . . ဒီလောက်ဆက်သွယ်ရေး အား ကောင်းနေတဲ့ခေတ်ကြီးမှာ ဆက်သွယ်လို့ မရဘူးဆိုတာ ဖြစ်နိုင် မလား၊ ထိုင်စောင့်နေလို့ ဘာမှဖြစ်မလာဘူး"

"ဟုတ်ကဲ့. . . ဆက်ပါတယ်၊ ဖုန်းပိတ်ထားတာနဲ့ပဲ တိုးနေ လို့ပါ"





"ကြိုတင်လုပ်ထားရင် ဒီလိုဖြစ်စရာအကြောင်းကို မရှိဘူး၊ ခင်ဗျားမှ ကြိုတင်လုပ်မထားဘဲကိုးဗျ၊ ကိုင်း. . . ထက်က္ကန္ဒြေစံ"

အမ်ဒီက ဒေါ်ကြင်ဆွေကို ပြောနေရာမှ သူ့ကို လှမ်းခေါ် လိုက်သဖြင့်. . .

"ရှင်. . . ဆရာ အမိန့်ရှိပါ"

သတိနှင့် နေသော ထက်က္ကန္ဒြေစံက ချက်ချင်းပင် ထူး လိုက်သည်။

"မင်း ကြော်ငြာကိစ္စကို ဒေါ်ကြင်ဆွေနဲ့ ဝိုင်းကူပေးလိုက်၊ ငါ ဆယ်ရက်အတွင်း အပြီးစာချုပ်ချုပ်တာ လိုချင်တယ်. . . ဖြစ် မလား"

ထက်က္ကန္ဒြေစံ. . . ဒေါ်ကြင်ဆွေနှင့် မျက်ဝန်းချင်း စကား ပြောလိုက်သည်။ ဒေါ်ကြင်ဆွေကတော့ စိတ်ပျက်အားငယ်ရိပ် သန်းနေသည်။ မငံ့မရဲ ဖြစ်နေပုံရသည်။ မတတ်နိုင်၊ သူပဲ တာဝန်ယူ ကာ ကြိုးစားရမည်ပေါ့။ ထို့ကြောင့်. . .

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ ဖြစ်အောင် ကြိုးစားပေးပါ့မယ်"

"ကောင်းပြီ. . . ဒါဖြင့် သွားနိုင်ကြပြီ"

"ခွင့်ပြုပါ ဆရာ"

ဒေါ်ကြင်ဆွေနှင့်အတူ ထက်က္ကန္ဒြေစံပါ အခန်းပြင်သို့ ထွက်ခဲ့ပြီး ဒေါ်ကြင်ဆွေ၏ရုံးခန်းသို့ပါ လိုက်ပါသွားခဲ့လေသည်။

"အစ်မ ကျွန်မကို ကြော်ငြာရိုက်ကူးရေးမှတ်တမ်းတွေ ပြပါ ဦး"

ဟု ဆိုကာ စာချုပ်စာတမ်းများကို တောင်းယူကြည့်ရှု သည်။ (၃)ကြိမ်လုံးလုံး ကြော်ငြာနှင့် ထိပ်ဆုံးရောက်နေသော ရင်ရှင်ဗွီဒီယို အကယ်ဒမီ မင်းသမီးချော "မြိုင်" နှင့် ရိုက်ကူးထား



www.burmeseclassic.com

www.burmeseclassic.com



သည့်ကို တွေ့ရသည်။ ဒါရိုက်တာကတော့ လူငယ်ဒါရိုက်တာ ကိုကျော်ဇံ ဖြစ်သည်။

"ဒီကြော်ငြာတွေက ပေါက်တာပဲနော်၊ စာချုပ်,ချုပ်ပြီး ထပ်သုံးနိုင်တယ်မှတ်လား"

"အဲဒီညှိနှိုင်းဈေးကလည်း အသစ်ပြန်ရိုက်တဲ့ဈေးနဲ့ ထူးမခြားနားပဲ မထက်ရဲ့၊ ဒါကြောင့် အမ်ဒီက အသစ်ပဲ ပြန်ရိုက်တာ"

"ဪ. . . ဒီလိုလား"

ထက်ကြန္ဒြေစံသည် ဒါရိုက်တာကိုကျော်ဇံ၏ဖုန်းနံပါတ် အိမ်လိပ်စာ "မြိုင်" ၏ ဖုန်းနံပါတ် လိပ်စာတို့ကိုပါ မှတ်သားယူပြီး ချက်ချင်းပင် ဆက်သွယ်ဖို့ ကြိုးစားလိုက်လေသည်။

ထက်ကြန္ဒြေစံ ဒါရိုက်တာကိုကျော်ဇံ၏ဇနီး ဝင့်ဝါနှင့် ဖုန်းဆက်သွယ်မိလေသည်။

"အစ်မရေ. . . ကိုကျော်ဇံကို အစ်မ ပြောပေးမှ ဖြစ်မှာ၊ ကျွန်မတို့ လှိုင်ထိပ်ထားရဲ့အမ်ဒီကလည်း ကိုကျော်နဲ့မှ ကံစပ်တယ်ဆိုပြီး ကြော်ငြာကို ကိုကျော်လက်ရာပဲ အသစ်ထပ်လိုချင်နေတာ"

ဟု ပိုပိုသာသာ ဝေဝေဆာဆာနှင့် မြှောက်ပင့်ပြီး ကိုကျော်ဇံ၏ဇနီးကို ချဉ်းကပ်ရသည်။

"ကိုကျော် မနက်ဖြန်မနက် ပြန်ရောက်မှာ၊ နေ့လည်လောက် လာခဲ့လိုက်လေ၊ အစ်မ ပြောထားလိုက်ပါ့မယ်"

ဟု စိတ်သက်သာစရာအဖြေကို ရလိုက်သည်။

ထက်ကြန္ဒြေစံ ဒေါ်ကြင်ဆွေကို ပြောပြရာ ဒေါ်ကြင်ဆွေမှာ ဝမ်းသာသွားရှာလေသည်။

ဒေါ်ကြင်ဆွေသည် အမ်ဒီဦးနေရောင်၏ဖခင်လက်ထက်ကတည်းက ဒီရာထူးနှင့် လုပ်သက်ကြာရှည်စွာ လုပ်လာသူဖြစ်





သည်။

နောက် ထက်ကြန္ဒြေစံ ရုပ်ရှင်မင်းသမီး "မြိုင်" ကို ဆက်သွယ်ရသည်။ မြိုင်က ဖုန်းမကိုင်။ မြိုင်၏အတွင်းရေးမှူးက. . .

ဒီနှစ်ကြော်ငြာအတွက် အနုပညာကြေးကို ယခင်နှစ်ထက် (၂)ဆပေးမှ လက်ခံရိုက်ကူးမည်ဟု တောင်းဆိုလေသည်။

ထက်ကြန္ဒြေစံ လွယ်လွယ်နှင့် လက်မခံဘဲ. . .

"မြိုင်ကို ပြောပေးပါလားရှင်၊ လှိုင်ထိပ်ထားနဲ့ ရိုက်ကူးလာတာ (၃)ကြိမ်တောင် ရှိပြီပဲ. . . လူရင်းတွေပဲဟာ၊ အရင်နှုန်းထားအတိုင်း ရိုက်ပေးပါလို့ တောင်းပန်ပါတယ်ရှင်"

"ကျွန်မတို့မင်းသမီးကြောင့် လှိုင်ထိပ်ထားက ကုန်ပစ္စည်းတွေ ရောင်းရတယ် မဟုတ်လား၊ ဒါကြောင့် နှစ်ဆတိုးတောင်းတာမလွန်ပါဘူး၊ ဝမ်းနည်းပါတယ်. . . ကျွန်မတို့ တောင်းဆိုတာကိုလိုက်လျောနိုင်မှ ဆက်သွယ်ပါတော့. . . ဒါပါပဲရှင်"

ထက်ကြန္ဒြေစံက တစ်ဖက်မှ ဖုန်းချလိုက်သဖြင့် သက်ပြင်းချကာ လက်လျှော့လိုက်ရသည်။

"အန်တီရေ. . . မြိုင်က ရိုက်ကူးခကို နှစ်ဆတိုးတောင်းတယ်. . . ဘယ်လိုလုပ်မလဲ"

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ အမ်ဒီကို တင်ပြကြည့်လိုက်လေ၊ လက်ခံမယ်တော့ မထင်ဘူး၊ မထက်ပဲ သွားပြောလိုက်

ဒေါ်ကြင်ဆွေက အမ်ဒီကို ရှောင်နေလေသည်။

ထက်ကြန္ဒြေစံက ဒေါ်ကြင်ဆွေကို နားလည်သဖြင့် သူပင်လျှင် အမ်ဒီကို မင်းသမီး "မြိုင်" အကြောင်း တင်ပြလိုက်ရာ. . .

"နေပါစေ. . . မင်းသမီးသစ်နဲ့ပဲ ရိုက်မယ်၊ သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ညစ်တွေ ဒီသောက်မှုပေါက်သလို ပေါများနေတဲ့ခေတ်ကြီးမှာ ဒါရိုက်တာကိုကျော်နဲ့ တိုင်ပင်ပြီး အသစ်ရှာလိုက်”

“တုတ်ကဲ့ ဆရာ”

“ကိုကျော်နဲ့ တွေ့ဖို့ကကော”

“မနက်ဖြန်နေ့လည် ကိုကျော်ကို အိမ်သွားတွေ့ဖို့ သူ့ဇနီးနဲ့ ပြောပြီးပါပြီ”

“အိုကေ. . . ဒါဆို ဆက်လုပ်ပါ”

“ဒါဖြင့် ခွင့်ပြုပါဦး ဆရာ”

ထက်ဏ္ဍနွေ့စံ အမ်ဒီအခန်းထဲမှ ပြန်ထွက်ခဲ့လိုက်သည်။

အမ်ဒီသည် ထက်ဏ္ဍနွေ့စံ နောက်ကျောပြင်ကို ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ရင်း. . .

“ဒီကောင်မလေး မဆိုးဘူး၊ အချင်းရော အဆင်းပါ ပြည့်စုံတယ်၊ ဒီတစ်ခါတော့ မြလိမ့်မယ်ထင်ပါတယ်” ဟု တွေးရင်းက ထက်ဏ္ဍနွေ့စံ၏မျက်နှာလှလှလေးနှင့် လှုပ်ရှားမှုပုံရိပ်များက သူ့မျက်ဝန်းရိပ်တွင် ထင်ဟပ်နေဆဲဖြစ်ရာ ဦးနေရောင် ခေါင်းခါယမ်းကာ ဖယ်ရှားပစ်လိုက်လေသည်။

အလုပ်နှင့် ကိုယ်ရေးကိုယ်တာ ရောယှက်ခြင်း မရှိတာ အကောင်းဆုံးဟု တွေးကာ ဖျောက်ဖျက်ပစ်လိုက်ပြန်လေသည်။







# အခန်း(၆)

နောက်တစ်နေ့ နေ့လည် ထက်ဏ္ဍနွေ့စံနှင့် ဒေါ်ကြင်ဆွေ ...ရေမိရှိ ဒါရိုက်တာကိုကျော်ဇံတို့အိမ်သို့ ရောက်သွားသည်။

ဒေါ်ကြင်ဆွေက ကိုကျော်နှင့်ထက်ဏ္ဍနွေ့စံကို မိတ်ဆက် ...သည်။ အလုပ်ကိစ္စ စကားပြောဆိုကြရင်း မင်းသမီးကိစ္စ ...က်သောအခါ. . .

“အမ်ဒီက မြိုင်ကိုတော့ ကြော်ငြာရိုက်ကူးခ အနုပညာ ...ကြေး ပိုမပေးနိုင်ဘူး၊ မင်းသမီးသစ်နဲ့ပဲ ရိုက်မယ်တဲ့၊ အဲဒါ ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



ရွေးပေးပါဦး"

"ဒါဖြင့် ခင်ဗျားတို့လည်း ဝိုင်းရွေးပေးလေ" ဟု ဆိုကာ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ရုပ်သံပေါ်မှ ကြော်ငြာခွေများကို ရှာဖွေကြည့်ကြရာ. . .

"ဟော. . . သူကလေးက မဆိုးဘူး၊ ဘယ်သူပါလိမ့် ကိုကျော်"

ထက်ကြွေစံက ရုပ်သံများနှင့် အနည်းငယ် ကင်းကွာနေသူ ဖြစ်သဖြင့် ကိုကျော်ကို မေးရလေသည်။

"သြော်. . . ပန်းနုရွှေစင်လေးလား၊ ဒီကောင်မလေးက မနှစ်ကမှ ဆယ်တန်းအောင်ပြီး မော်ဒယ်သင်တန်း တက်ပြီး သရုပ်ဆောင်သင်တန်းပါ ဆက်တက်နေတာ၊ ကြော်ငြာနှစ်ခုလားပဲ ရိုက်ရသေးတယ်၊ အင်း. . . ဟုတ်တယ် မဆိုးဘူး၊ ဆွဲဆောင်မှု ရှိသားပဲ၊ ခင်ဗျားက အမြင်ရှိသားပဲ"

ဟု ကိုကျော်ဖံက ထက်ကြွေစံကို ပြောလိုက်စဉ် ကိုကျော်ဖံ ဇနီးဝင့်ဝါက ဝင်၍. . .

"အမလေး. . . ကိုကျော်နှယ်၊ မင်းသမီးများ အခြားရှာလို့ အမ်ဒီရဲ့ပီအေနဲ့ ရိုက်လိုက်ရင် ပြီးပြီ၊ ဒီလောက်လှတဲ့ဟာ၊ မိန်းမချင်းတောင် နှစ်ခါပြန်သုံးခါ ပြန်ငေးယူရတဲ့ အလှစားဟာကို"

ထက်ကြွေစံ ရှက်ကာ မျက်နှာတပြင်လုံး နီရဲသွားပြီး. .

"ဟာ. . . မဝါကလည်း မလုပ်ပါနဲ့၊ ကင်မရာတောင် ရဲရဲကြည့်ရဲတာ မဟုတ်ဘူး၊ ဒါမျိုးက ဝါသနာနဲ့ဗီဇက ပါမှ အနုပညာပိုးလည်း ပါမှ ရတာ၊ ကျွန်မက အဲ့ဒီဘက်တော့ လုံးဝအားနည်းတယ်"

ဟု ရှက်ကိုးရှက်ကန်းလေးနှင့် ရှင်းပြရှာလေသည်။

"ဒါပေမယ့် အထက်က အီးမေးဂျာကွင်း ရခဲ့တာမှတ်လား"





"ဒါတော့ဒါပေါ့ မဝါ၊ ဒါပေမယ့် ကျွန်မ အနုပညာဘက်မှာ ဘာမှ လှုပ်ရှားမှု မလုပ်ခဲ့ပါဘူး၊ ဘဝကို မိဘတွေနဲ့အတူ ရုန်းကန်ရင်း အချိန်ကုန်ခဲ့တဲ့သူပါ၊ စာပေနဲ့အလုပ်ကိစ္စပဲ စိတ်ဝင်စားတယ်"

တစ်ခဏတွင်းမှာပင် ထက်ကြွေစံသည် ဒါရိုက်တာကိုကျော်ဖံတို့ ဇနီးမောင်နှံနှင့် ငယ်ပေါင်းကြီးဖော်ပမာ ရင်းနှီးသွားလေသည်။

အမ်ဒီထံ တင်ပြရန်ဟု ဆိုကာ သရုပ်ဆောင်မင်းသမီး မော်ဒယ်အချို့၏ဓါတ်ပုံနှင့် ဂျာနယ်အချို့ကို ကိုကျော်ဖံထံမှ ငှားယူကာ ကုမ္ပဏီသို့ ပြန်ခဲ့ကြလေသည်။ တဆက်တည်း ကိုကျော်ဖံအားမည့် အချိန်စာရင်းကို ဝင့်ဝါဆီကလည်း တောင်းယူခဲ့လိုက်လေသည်။ ဝင့်ဝါက. . .

"လိုင်ထိပ်ထားရဲ့အမ်ဒီကြီး လူပျိုသိုးကြီးတော့ ဒီတစ်ခါဆာတယ့်ကို ပီအေကောင်းကောင်း ရထားတာပဲ၊ တွေ့မှ တစ်သက်လုံး လက်မလွှတ်နဲ့လို့ ပြောရဦးမယ်" ဟု ရယ်သွေးသွမ်းရင်းနှောင့်အသွားမလွှတ် ကျီစယ်လိုက်လေသည်။

ထက်ကြွေစံ မျက်နှာပြင် မီးဟပ်ခံရသည့်နှယ် ပူလောင်ကာ ထူပိန်းသွားပြီး. . .

"မဝါကလည်း. . . ကျွန်မက ဒီအလုပ် တစ်သက်လုံးတက်ချလုပ်မယ်လို့ မရည်ရွယ်ပါဘူး၊ အခြားအလုပ်ရှိရင် ကိုယ့်အတွက် တက်လမ်းရှိတဲ့နေရာဆီ ထပ်ပြောင်းမှာပဲ"

ဟု အရှက်ပြေ ပြန်ပြောရင်း အတင်းထပြန်ခဲ့ရလေသည်။

လမ်းရောက်တော့ ဒေါ်ကြင်ဆွေကို. . .

"အမ်ဒီနဲ့ ကိုကျော်တို့ဇနီးမောင်နှံက ရင်းနှီးတယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟုတ်တယ်. . . ပြီးခဲ့တဲ့နှစ် နောက်ဆုံးကြော်ငြာ ရိုက် တော့ အမ်ဒီနဲ့အန်တီပဲ တာဝန်ယူရတာ၊ စိန်ပေါလ်ကျောင်းထွက် ချင်း စီနီယာ ဂျူနီယာတွေ ဖြစ်ကုန်ပြီး ရင်းနှီးသွားကြတာ"

"သြော်. . . ဒါကြောင့်ကိုး၊ တစ်ကျောင်းတည်းထွက်တွေ က အခု ခေတ်စားနေတဲ့ အာစရိယ ပူဇော်ပွဲတွေကြောင့် ကျောင်း သားဟောင်း တွေ့ဆုံပွဲတွေဖြစ်ပြီး ပြန်လည်ရင်းနှီးကုန်ကြတာတွေ အများကြီးပဲ"

ကုမ္ပဏီပိုင် အထက်လူကြီးပိုင်း အလုပ်ကိစ္စ သုံးရန် ထား ပေးသော စူပါဆလွန်းကားလေးနှင့်မို့ လွယ်ကူစွာပင် ရုံးမဝင်မီ အမ်ဒီရုံးခန်းသို့ ပြန်ရောက်ခဲ့လေသည်။

"ကျွန်မတို့ ပြန်ရောက်ပါပြီ ဆရာ"

"ထိုင်ကြဗျာ"

အမ်ဒီက ဆိုဖာဆက်တီသို့ ညွှန်ရင်း သူကိုယ်တိုင်လည်း စားပွဲမှ ထလာကာ ဆိုဖာတစ်လုံး၌ ဝင်ထိုင်လိုက်သဖြင့် ထက် က္ကန္ဒြေစံနှင့် ဒေါ်ကြင်ဆွေလည်း နှစ်ယောက်ထိုင်ဆိုဖာ၌ အတူတ ထိုင်လိုက်သည်။

"မောသွားကြပြီလား"

"မမောပါဘူး ဆရာ" ဟု အစချီပြီး ထက်က္ကန္ဒြေစံ ကိုကျော်ဖံထဲမှ ယူခဲ့သော ဓါတ်ပုံနှင့်ဂျာနယ်များကို ပြသရင် အကျိုးအကြောင်းကို ပြောပြလေသည်။

"ဒေါ်ကြင်ဆွေကတော့ ဘယ်မင်းသမီးကို ကြိုက်သလဲ ခင်ဗျားက ရုပ်သံဇာတ်လမ်းတွဲတွေ စွဲနေတော့ ကြားထဲ ဝင်လာ ကြော်ငြာတွေထဲက ဘယ်မင်းသမီးသစ်ကို ကြိုက်သလဲ"





"ကျွန်မကတော့ အကုန်ကြိုက်တာပါပဲ၊ ကိုယ်မှ မလုပ် တာ၊ သူတို့ လုပ်ပြတာတွေ ကောင်းနေတာချည်းပဲပေါ့"

အမ်ဒီက ခပ်ပြုံးပြုံးပင် သဘောကောင်းနေသည်မို့. . .

"ဒေါ်ကြင်ဆွေတို့ကတော့ လုပ်မယ်ဗျာ"

ဟု ပြောပြီး ဓါတ်ပုံများကို ကောက်ယူကြည့်သည်။ ထိုထဲ မှ တစ်ပုံကို ကောက်ယူကြည့်သည်။ ထိုထဲကမှ တစ်ပုံကို ထောင် ကာ. . .

"သူက ဘယ်သူလေးလဲ"

"သြော်. . . ပန်းနုရွှေစင်ပုံပါလား၊ မထက် ကြိုက်နေတဲ့ စ်ယောက်ပဲ အမ်ဒီ"

ဟု ဒေါ်ကြင်ဆွေက ဖြေလိုက်သည်။ ထိုအခါမှ ထက် န္ဒြေစံက ဓါတ်ပုံများ ရွေးချယ်နေရာမှ ခေါင်းထောင်ပြီး. . .

"ဟုတ်တယ် ဆရာ၊ သူက ကြော်ငြာနှစ်ခုပဲ ထုတ်လွှင့်ခံရ တယ်. . . မျက်နှာသစ်ပဲ၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာတော့ ာကောင်းနဲ့ တွေ့ရင် တောက်ပြောင်လာမယ့် ကျောက်ရိုင်းတုံး လို့ ထင်တာပဲ၊ ဆွဲဆောင်မှု ရှိတဲ့မျက်နှာပဲ"

"မင်းလည်း သဘောကျတယ်ပေါ့၊ ဒေါ်ကြင်ဆွေကကော ကြော်ငြာကြည့်ဖူးလား"

"ကြည့်ဖူးတယ်. . . ဆပ်ပြာမှုန့်ကြော်ငြာနဲ့ ခေါက်ဆွဲကြော် ထင်တယ်၊ လှလို့ ဘယ်သူလဲလို့ မြေးတွေကို မေးတော့မှ ပန်းနု င်လို့ သိတာ၊ ကလေးတွေက ကြိုက်ကြတယ်"

"ကလေးကြိုက်တယ်ဆိုရင် ဒီကြော်ငြာ ပေါက်တယ်ဆိုရ ပေါ့"

"ဟုတ်တယ်. . . ဆရာ့မြေးတွေက အဲဒီကြော်ငြာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေတာပဲ”

အမ်ဒီ ဦးနေရောင်က ခဏတိတ်ဆိတ်သွားပြီး ပန်းန ရွှေစင်၏ပုံများကိုချည်း ရွေးချယ်ကြည့်ရှုလိုက်လေသည်။ ပြီးမှ. . .

“ထက်ကျွန်ခြေစံကကော”

“ကျွန်မက ကိုကျော်ကိုတောင် ပြောခဲ့မိလိုက်ပါသေးတယ် ပန်းနုရွှေစင်နဲ့ဆိုရင် ကောင်းမယ်လို့”

“ကိုကျော်ကကော ပန်းနုရွှေစင်ကို သဘောကျသလား

“ဟုတ်ကဲ့. . . သူလည်း သဘောကျပါတယ်၊ အမ် အကြိုက်က အရေးကြီးတယ်ဆိုပြီး ဆရာ့ဆုံးဖြတ်ချက်ကို ယူခို လိုက်တာပါ”

“ကိုကျော်ကတော့ လုပ်တော့မယ်၊ ကျုပ်အကြိုက်က ဘ အရေးလဲ၊ ဒါရိုက်တာအကြိုက်က အရေးကြီးတာ၊ မင်းသမီးကို သူ ရိုက်ရမယ့်ကိစ္စကို၊ ဒေါ်ကြင်ဆွေကော. . .”

“ကျွန်မလည်း ကြိုက်ပါတယ်”

“အင်း. . . ကျွန်တော်လည်း ကြိုက်တယ်ဆိုတော့ က ကွက်မဲ မရှိ ပန်းနုရွှေစင်ကိုပဲ ရွေးလိုက်တာပေါ့၊ ဒါပေမယ့် သ တော့ လိုမယ်ထင်တယ်နော်၊ ကောင်မလေးက ငယ်သေးပုံ ရတ

“ဆယ့်ရှစ် ဆယ့်ကိုးလောက်ပဲ ရှိသေးတယ်တဲ့ ဆရာ

“အင်းလေ. . . ဘာပဲဖြစ်ဖြစ် ကိုကျော်ရဲ့ပညာကို ယူ သားဆိုတော့ ကိုကျော်ကိုပဲ အပ်လိုက်တော့၊ ထက်ကျွန် အကြောင်းပြန်လိုက်တော့ ပန်းနုရွှေစင်နဲ့ပဲ ရိုက်ကူးမယ်လို့၊ ပြီး စကားပြောရအောင် အချိန်တွေ ညှိလိုက်”

“ကျွန်မ ကိုကျော့်ဇနီးဆီက ကိုကျော့်အားလပ်ချိန် တောင်းခဲ့တယ်၊ ဆရာလည်း မနက်ဖြန်ညနေ အားတယ်ဆို





နက်ဖြန်ညနေ ချိန်းပေးရမလား ဆရာ”

“ကောင်းတယ်. . . ညနေစာ ကျွေးရအောင် White Rice ကို ချိန်းလိုက်၊ ဒေါ်ကြင်ဆွေနဲ့ မင်းပါ လာခဲ့ရမယ်၊ ကားမှာထား လိုက်”

“ဟုတ်ကဲ့ ဆရာ၊ ဒါဖြင့် ကျွန်မ ကိုကျော်ကို အုပ်မိအောင် ဖုန်းအရင်ဆက်လိုက်ပါဦးမယ်”

“ဒီမှာပဲ ဆက်လိုက်၊ ကိုကျော်နဲ့ဆို ငါပြောမယ်၊ သူ့ဇနီးနဲ့ဆို မင်းပဲ ပြောလိုက်”

စားပွဲပေါ်၌ တင်ထားသောလိုင်းဖုန်းဖြင့် ထက်ကျွန်ခြေစံ ကိုကျော့်ဇအိမ်သို့ ဖုန်းခေါ်လိုက်သည်။ ဝင့်ဝါနှင့်သာ တိုးသဖြင့် ဖုန်းစကားပြောခွက်ကို လက်နှင့် အုပ်ပြီး အမ်ဒီ ဦးနေရောင်ကို ထက်ကျွန်ခြေစံက တီးတိုးလေသံနှင့် ဦးစွာလှမ်းပြောလိုက်လေသည်။

“ကိုကျော် ရေချိုးနေတယ်တဲ့ ဆရာ”

“ဒါဖြင့် မင်းပဲ ပြောလိုက်ပါ”

“ဟုတ်ကဲ့ဆရာ” ဟု ဆိုပြီးမှ ထက်ကျွန်ခြေစံက. . .

“မဝါ. . အမ်ဒီကလည်း ပန်းနုရွှေစင်ကို လက်ခံတယ်တဲ့၊ အနုပညာကြေးကို မနှစ်က မြိုင်ကို ပေးတဲ့အတိုင်း ပေးမယ်တဲ့၊ အဲဒါ မဝါနဲ့ ကိုကျော်ကို တွေ့ရင်း ညနေစာ သုံးဆောင်ရအောင် နက်ဖြန်ညနေ ခြောက်နာရီခွဲ ကန်တော်ကြီးက White Rice ကို ကြွခဲ့ဖို့ ဖိတ်တာပါ”

လိုရင်းများကို ဒလစပ်ပင် ပြောချလိုက်သည်။

“ကောင်းပြီလေ မထက်၊ မဝါ. . . ကိုကျော်ကို ပြောထား လိုက်မယ်၊ ကိုကျော်လည်း ရေချိုးပြီးတာနဲ့ ပန်းနုရွှေစင်ကို ချက်ချင်း ဆက်သွယ်လိုမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ မဝါ၊ ဒါဖြင့် စိတ်ချလိုက်ပြီနော် မဝါ"

"ဟုတ်ကဲ့ပါ. . . ဒါဖြင့် ဖုန်းချလိုက်ပါပြီနော် မဝါ. . . ဘိုင့်ဘိုင့်"

"ဘိုင့်ဘိုင် ညီမရေ"

ဖုန်းချပြီးနောက် ထက်ကြွေစံက သူ့အား စူးစူးကြီး ကြည့်နေသော အမ်ဒီဦးနေရောင်အား. . .

"ကိုကျော် ရေချိုးပြီးတာနဲ့ ပန်းနုရွှေစင်ကို ချက်ချင်း ဆက်သွယ်ပါမယ်တဲ့၊ မနက်ဖြန် ညနေစာအတွက်လည်း လက်ခံပါတယ်တဲ့ ဆရာ"

ဟုပင် ရှိုးတိုးရှန်းတန်း မဖြစ်ဘဲ ဦးနေရောင်ကို တည့်တည့်ပင် ကြည့်ကာ ပြောလိုက်လေသည်။

ဦးနေရောင်က မျက်လုံးလွှဲလိုက်ပြီး. . .

"ဒါဖြင့် ဒေါ်ကြင်ဆွေက ထုံးစံအတိုင်း ကိုကျော်နဲ့ စာချုပ်ချုပ်ဖို့ကိစ္စတွေ ဆောင်ရွက်ပြီး မနက်ဖြန် တစ်ခါတည်း ယူခဲ့လိုက်တော့"

"ဟုတ်ကဲ့ ဆရာ"

"ဒါဖြင့် ကျွန်တော်ပြန်နှင့်ပြီ"

"ဩော်. . . ဟုတ်ကဲ့ပါ ဆရာ"

ဟု ပြောပြီး ထက်ကြွေစံက ချက်ချင်းပင် အမ်ဒီ ဒရိုင်ဘာ ဦးလေးမောင်ဆီသို့ ဖုန်းလှမ်းဆက်လိုက်သည်။

"ဦးလေး. . . ဆရာ အခုပဲ ဆင်းလာတော့မယ်"

ဟူ၍။

ဒါကို ဦးနေရောင် ကျေနပ်မိသည်။

ဒါတွေ ပြောစရာ မလိုဘဲနှင့် ထက်ကြွေစံက အလိုက်





တသိ ဆောင်ရွက်ပေးချက်များ ဖြစ်သည်။

"အရင်မိန်းကလေးတွေနှင့်များ ကွာပါ့" ဟုလည်း စိတ်ထဲတွေး၍ ချီးကျူးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

မိခင်ဒေါ်ခင်ခင်ထားမှာ အသက်(၄၀)ကျော်ကတည်းက တဖြည်းဖြည်း ဖြိုးလာရာ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်လာသဖြင့် နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးထွန်းထွန်းဦးနှင့် ပြသပြီး ညွှန်ထားသောဆေးများကို မှန်မှန် သောက်ပြီး ရက်ချိန်းမှန်မှန် ပြသပေးသည်။

ဖခင်ကွယ်လွန်သွားပြီးကတည်းက ဦးနေရောင်သည် မိခင်ကို အတိုးချကာ ဂရုစိုက်လေသည်။ အရမ်းလည်း တွယ်တာ





သည်။ မိခင်မျက်နှာ အညှိုးမခံချေ။

ယခု ဆေးခန်းက ပြန်လာပြီး ညနေစာ စားသောက်စဉ် ဦးနေရောင်က ကြော်ငြာကိစ္စအကြောင်း မိခင်အား ပြောပြလေသည်။ မိခင်က သူ့စကားများကို ဆုံးအောင်နားထောင်ပြီးမှ. . .

"မြိုင်ကို ငွေရေးကြေးရေးကြောင့် ပြောတယ်ဆိုရင်တော့ သား မှားတယ်၊ ခေတ်အခြေအနေအရ တက်သစ်စတွေနဲ့ ပေါက်လို့ ပြောင်းတယ်ဆိုရင်တော့ မေမေ လက်ခံတယ်၊ သားဟာက မြိုင်က နှစ်ဆပိုတောင်းလို့ ပြောင်းတာဆိုတော့ ကလေးဆန်နေသလိုပဲ"

ဟု မိခင်က ဝေဖန်တော့ ဦးနေရောင် မျက်လုံးအပြူးသား ဖြစ်သွားရသည်။

"မြိုင်က ခုထက်ထိ မကျသေးဘူး၊ တော့ပ်ပဲဆိုတော့ သူ့ ဘက်က တောင်းဆိုတာ သူ့အတွက် မမှားဘူးလေ၊ ဒါကို သားက ဒေါသထွက်ပြီး အသစ်နဲ့ တင်ရိုက်မယ်ဆိုတော့ သားက ကုမ္ပဏီ တစ်ခုလုံးကို ဦးဆောင်နေတာနော်၊ စိတ်ထင်တိုင်း လုပ်လို့မရဘူး၊ ထစ်ကနဲရှိ ဒေါသထွက်မယ့်အစား ခေါင်းအေးအေးနဲ့ စဉ်းစားပြီး ဆုံးဖြတ်တာမျိုးကမှ ဦးဆောင်နိုင်တဲ့ အရည်အချင်းမျိုးပဲ သားရဲ့"

"ဟုတ်ကဲ့. . . နောက်ကို သားစိတ်ကို သား နိုင်အောင် ထိန်းပါ့မယ် မေမေ"

"ဒါထက် သားပီအေနဲ့ကော အဆင်ပြေရဲ့လား"

မိခင်မေးခွန်းကြားလိုက်သည်နှင့် ဦးနေရောင် ထက်ကြွ ပြေးမြင်ယောင်ကာ အပြုံးရိပ်များ ယှက်သန်းသွားသည်။ နှုတ် မှာလည်း ရွှင်လန်းတက်ကြွစွာဖြင့်. . .

"ပြေပါတယ် မေမေ၊ ဒီတစ်ခါတော့ သားတစ်ခေါင်းတည်းနဲ့ ဆုံးဖြတ်လိုက်တာ မှန်သွားပြီထင်တယ်၊ သားမျှော်မှန်းထားတာထက်



www.burmeseclassic.com

www.burmeseclassic.com



ကို အရည်အချင်းက ပိုလျှံတောင်နေတယ်"

"ဟုတ်လား. . သားကိုယ်တိုင် ချီးကျူးလောက်တဲ့ မိန်းကလေးဆိုတော့ တော်တော်,တော်လို့ပဲ နေမှာ၊ မေမေတောင် တွေ့ချင်လာပြီ"

"လပတ် အစည်းအဝေးက ကပ်နေပြီပဲ မေမေ၊ တွေ့ရမှာပေါ့"

ဒေါ်ခင်ခင်ထား ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်သည်။ နောက်(၃)ရက်ဆိုလျှင် လပတ်အစည်းအဝေးဖြစ်သည်။ သူ ကုမ္ပဏီကို အချိန်မရွေး ဝင်ထွက်သွားလာလျှင် ဖြစ်သည်။

သားက အသက်(၃၀)ပြည့်ပြီး အခုထက်ထိ အိမ်ထောင်ပြုဖို့ စကားမဆိုသေး။ သူ့ခေါင်းထဲတွင် စီးပွားရေးအတွက် တွက်ချက်နေသော ကိန်းဂဏန်းများသာ ရှိသည်။

သူ့သူငယ်ချင်းမိတ်ဆွေ သမီးများနှင့် စပ်ဟပ်ပေးပြန်တော့လည်း. . .

"မေမေက ချွေးမအပြုစု ခံချင်နေလို့လား သား၊ အေးအေးဆေးဆေးနဲ့ ကုမ္ပဏီအလုပ် လုပ်ပါရစေဦး"

ဟု ဆိုကာ ငြင်းဆန်ထားသည်။

ဒေါ်ခင်ခင်ထား စိုးရိမ်သည့် ပီအေကိစ္စမှာလည်း ယခင်ပီအေ(၃)ယောက်စလုံး လူကြီးပါသည်။ အလုပ်လည်း သင့်တင့်ရုံတော့ လုပ်တတ်ကြသည်။ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိမှာစိုးသဖြင့် သူ မျက်ခြေပြတ်မခံခဲ့။ သို့သော် သားတော်မောင်က ငြိဖို့နေနေသာသာ အစမ်းခန့်ကာလ ပြီးဆုံးတာနှင့် ဖြုတ်ပစ်လိုက်လေသည်။

"သား အိမ်ထောင်ပြုဖို့ကိစ္စကိုကော ခေါင်းထဲ ရှိရဲ့လား"





"ခုထိတော့ မရှိသေးပါဘူး၊ ဖူးစာဖက်ချိန် ရောက်လာရင် သူ့အလိုလို ဖြစ်လာမှာပါ မေမေ၊ ဒီအတွက် မပူပါနဲ့"

"တွေ့ကရာ ဖူးစာဖက်တော့ မေမေ မလိုချင်ဘူးနော်၊ ကိုယ့်ဂုဏ်ဒြပ်နဲ့ ညီတဲ့ အမျိုးကောင်း သားသမီးမျိုးမှ မေမေ လိုချင်တယ်၊ ဂုဏ်ဒြပ်ဆိုတာ ဆင်းရဲချမ်းသာကို မေမေ ကြည့်တာ မဟုတ်ဘူး၊ အပြောအဆို အနေအထိုင် အသွားအလာကအစ အစားအသောက်အဆုံး ဂုဏ်သိက္ခာရှိတာကို မေမေလိုချင်တယ်"

"စိတ်ချပါ မေမေ၊ သားဘဝမှာ မေမေက အရေးအကြီးဆုံးပဲ၊ ဒီတော့ မေမေ့စိတ်ကြိုက်ချွေးမမျိုးကိုပဲ သားယူမှာပါ၊ မေမေပဲ ရွေးတော့၊ အချစ်ဆိုတာတော့ ဖန်တီးယူလို့ ရမယ်ထင်တာပဲ"

သားဖြစ်သူစကားကြောင့် ဒေါ်ခင်ခင်ထားရင်ထဲ စနိုးစနောင့် ဖြစ်သွားရလေသည်။

"အချစ်ဆိုတာ ဖန်တီးယူလို့မရပါဘူး သားရယ်" ဟု ပြောလိုက်ချင်သော်လည်း သားအကျိုးအတွက် လိုအပ်လျှင် အချစ်ကို ဖန်တီးပေးကောင်း ဖန်တီးရမည် ဖြစ်သောကြောင့် ထိုစကားကို လက်ခံသည့်အလား မြိုသိပ်ထားလိုက်သည်။

တကယ်တမ်းတော့ သားစိတ်ချမ်းသာဖို့နှင့် စီးပွားပျက်ဖို့ အကြောင်းမဖန်ဘူး၊ သားအကျိုးကိုလည်း မပျက်စေဘူးဆိုလျှင်တော့ သားနှစ်သက်သူ မည်သည့်မိန်းမ,မဆို ပေးစားရမည်ပင်။

ဒါ. . . ဒေါ်ခင်ခင်ထား၏ဆုံးဖြတ်ချက်ဖြစ်သည်။

"သားစိတ်ကြိုက်တွေ့ရင်လည်း မေမေ့ကို ပြောလေ သား၊ မေမေပါ ဝိုင်းအကဲခတ်ပေးမှာပေါ့"

ဦးနေရှောင် ထက်ကျွန်ခြေစိုက်ကို မြင်ယောင်ပေမယ့် အနေအထိုင်က တည်ငြိမ်ပြီး အတွင်းစိတ်သဏ္ဍာန်ကို ဘယ်လိုမှ ခန့်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့မရသဖြင့် သူကလည်း ဆရာတပည့်ပုံစံ အလုပ်ရှင် အလုပ်သမားပုံစံကလွဲ၍ မဆက်ဆံရဲချေ။

သို့သော် ထက်ကြွေစံ၏အလှတရားနှင့် အနေအထိုင်လေးကိုတော့ စိတ်ထဲ ကြိတ်၍သဘောကျနေရုံမက အလုပ်အကိုင်အရည်အချင်းကိုလည်း စိတ်ထဲ၌ ချီးကျူးနေမိသည်။

သို့သော် တစ်လတောင် မပြည့်သေးသော ကာလတိုအတွက် လူတစ်ယောက်၏အရည်အသွေးကို တစ်ခါတည်း အမှတ်ပြည့် မပေးချင်သေးပေ။

"မေမေလည်း ကျန်းမာရေးအခြေအနေက ကောင်းလာပြီဆိုတော့ တရားစခန်း ဝင်ချင်တယ် သား၊ သားတစ်ယောက်တည်းဆိုတော့ မေမေက ပစ်မထားနိုင်သေးဘူး"

"မေမေ ဆန္ဒရှိရင် ဝင်ပါ၊ သားအတွက် မပူပါနဲ့"

"မပူနဲ့ဆိုပေမယ့် မိဘကတော့ ပူမှာပဲ သား၊ ဒါကြောင့် သားကို အိမ်ရှင်မလက်ထဲ အပ်ပြီးသွားရင်တော့ မေမေ စိတ်ဖြောင့်ဖြောင့်နဲ့ လုပ်နိုင်မယ်"

"ခုလည်း မေမေ အိမ်မှာ တရားအားထုတ်နေတာပဲ၊ ဒါလည်း ရတယ်မှတ်လား"

"ဩော်. . . ရိပ်သာမှာဆိုတော့ ဆရာသမားတွေရဲ့ထိန်းချုပ်မှု လမ်းညွှန်မှုအောက်မှာ အချိန်ပြည့်ဆိုတော့ အမှတ်သတိက ပိုစိတ်ပြီး ပိုလုပ်ဖြစ်တော့ ပိုအကျိုးထူးတာပေါ့ သားရယ်၊ ကဲပါ သားရယ်၊ သားကော မေမေကော စိတ်တစ်သဘောထဲ ရှိတဲ့ သတို့သမီးလောင်းကို ရွေးချယ်ကြတာပေါ့၊ သားရဲ့လုပ်ငန်းက သားဖေဖေ ရှိစဉ်ကထက်တောင် တိုးတက်နေတာပဲဟာ၊ အလုပ်ကော အိမ်ထောင်ရေးအတွက်ပါ ခေါင်းထဲ ထည့်ထားပြီး မေမေ့ဆန္ဒကို





အမြန်ဖြည့်ပေးနိုင်အောင် ကြိုးစားပေးတော့"

ဦးနေရောင် ပြုံးကာ ခေါင်းညိတ်လိုက်သည်။ မိခင်၏ချွေးမဆာနေမှုကို သူဖြည့်စွမ်းပေးမှ။ ဖွ. . မတော်တဆ မိခင်သာ ဖခင်ကဲ့သို့ လုံးဝမမျှော်လင့်ဘဲ ဖြုန်းစားကြီး ကွယ်လွန်သွားပါလျှင် သူ့မှာ မိခင်ဆန္ဒ မဖြည့်လိုက်ရလေခြင်းဟူသော နောင်တ,တရားကြီး တစ်သက်လုံး ရင်ဝယ် ပိုက်သွားရလိမ့်မည်။

"စိတ်ချပါ မေမေ၊ မေမေ စိတ်ကြိုက်တွေ့ထားရင်လည်း သား တွေ့ကြည့်ပေးပါ့မယ်၊ သားကြိုက်တာ တွေ့ရင်လည်း မေမေ့ကို ပြောပါ့မယ်၊ ကုမ္ပဏီကိစ္စက နံပါတ်တစ်၊ ပြီးရင် အိမ်ထောင်ပြုဖို့ကိစ္စက နံပါတ်နှစ်အနေနဲ့ သား မှတ်ထားလိုက်ပါပြီ"

"ဒီလိုမှပေါ့ သားရယ်"

ဒေါ်ခင်ခင်ထား စိတ်သက်သာရာတော့ အနည်းငယ်ရသွားလေသည်။

တစ်ဦးတည်းသောသား၊ ဥစ္စာမနေ ပြည့်စုံရုံမက လှိုင်ထိပ်ထား ကုမ္ပဏီ အမွေခံသူဌေးလေး အမ်ဒီလည်း ဖြစ်နေပြန်တော့ မတော်တဆ ပိုင်းလုံးမများနှင့်သာ တွေ့သွားလျှင် သားဘဝ ရေစုန်မျောသွားတော့မည်။ ဒီအတွက် ဒေါ်ခင်ခင်ထားမှာ သားဖြစ်သူ ညနေ(သို့မဟုတ်)ည အိမ်ထဲ ပြန်ဝင်လာတော့မှ အရိပ်အကဲကို ကြည့်ပြီး "ဟင်းကနဲ" သက်ပြင်းချနိုင်သောဒုက္ခမှ လွတ်မြောက်ချင်လှလေပြီမို့ သားအတွက် သတို့သမီး အမြန်ရှာပေးရန် ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

အိမ်ပြန်ပြီး အမြန်ရေချိုးပြီး ညစာစားပွဲတက် ဝတ်စုံကို ရွေးချယ်လိုက်သည်။

ထိုစဉ်မှာပင် ထက်ကူနွေ့စံ ဆဲလ်ဖုန်းက တေးသံသာလေး ထွက်ပေါ်လာသဖြင့် ဖုန်းစကင်န်ကို ကြည့်ရင်း နံပါတ်က စိမ်းနေသဖြင့် ဘယ်ကဖုန်းပါလိမ့်ဟု တွေးရင်း ဖုန်းထူးလိုက်ရာ. . .

"ဟယ်လို. . . အမိန့်ရှိပါရှင်"

"ထက်ကူနွေ့စံလား. . . နာတိုရီပါ"





"အိုး. . . ဆရာမကြီးပါလား၊ ဟုတ်ကဲ့. . . ထက်ကူနွေ့စံပါရှင်၊ မင်္ဂလာပါ"

"မင်္ဂလာပါ. . . တို့ ဒီည ဖလိုက်နဲ့ ပြန်တော့မယ် မစံ၊ ဒီအင်းဝလေဆိပ်က ဖလိုက်နဲ့ ပြန်မှာမို့ မစံကို ထပ်မတွေ့နိုင်တော့ဘူး"

ထက်ကူနွေ့စံ စိတ်ထဲလည်း လွမ်းသွားသလို ခံစားရအောင် ဂျပန်အမျိုးသမီးကြီး နာတိုရီက ဆွေးဆွေးမြည့်မြည့်လေး ဆက်ပြောလေသည်။

"မစံကို မြင်မြင်ချင်းပဲ တို့သားချင်းလို သိပ်ချစ်သွားတယ်၊ တို့ မစံနဲ့ ထပ်မံတွေ့ဆုံဖို့ကို အရမ်းတမ်းတမိတယ်၊ ဒါကြောင့် မစံ တို့နိုင်ငံကို အခွင့်သာရင် လာလည်နော်၊ တို့အကူအညီ လိုအပ်ရင်လည်း အားမနာတမ်း တို့ကို ပြောပါ၊ တို့ ကူညီပေးမယ်"

"ဟုတ်ကဲ့. . . အခုလို ကျွန်မအပေါ် မေတ္တာထားတဲ့ [illegible]အတွက် ကျေးဇူးတင်ပါတယ်၊ ပရော်ဖက်ဆာ ကျွန်မဆီကလည်း [illegible]ရော်ဖက်ဆာ လိုတဲ့အကူအညီရှိရင် အားမနာတမ်း တောင်းနိုင်ပါ[illegible]ယ်"

ထက်ကူနွေ့စံ ဂျပန်ဘာသာစကားဖြင့်ပင် အထစ်အငေါ့[illegible] ပြောနေလေသည်။ ပရော်ဖက်ဆာ နာတိုရီက. . .

"ကျေးဇူးတင်ပါတယ်. . . အကယ်၍များ မင်းတို့ မြန်မာ[illegible]ည်ရဲ့ ယဉ်ကျေးမှုသမိုင်း စတဲ့အချက်တွေက မြန်မာလို အင်္ဂလိပ်[illegible] ရေးသားထားတဲ့စာအုပ်တွေကို တို့ တတ်နိုင်သလောက်တော့ [illegible]သွားတယ်၊ ဒါပေမယ့် လိုအပ်တာ ရှိရင် မင်းဆီကို ထပ်မှာချင်[illegible]ယ်၊ အဲဒါ မစံ တို့ကို ကူညီမလား"

"ကူညီပါ့မယ်. . . ပရော်ဖက်ဆာ လိုအပ်တဲ့စာအုပ်ကိုအ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောပါ"

"နောက် တို့ နားမလည်တဲ့ ဝေါဟာရတွေနဲ့ ပတ်သက်ပြီး လည်း မင်း ဂျပန်လို ပြန်ပေးနိုင်မလား"

"ဟုတ်ကဲ့. . . ပြန်ပေးနိုင်ပါတယ်"

"အား. . . မင်းဟာ သိပ်ကို ချစ်စရာကောင်းတဲ့ မြန်မာမ လေးပဲ၊ တို့ကို တကယ်ကူညီမှာနော်"

"စိတ်ချပါရှင်. . . ကျွန်မ အစစအရာရာအတွက် အကူ အညီ ပေးပါ့မယ်"

"ဒါဖြင့် တို့ စိတ်ချလက်ချနဲ့ ဆက်သွယ်မယ်နော်"

"ဟုတ်ကဲ့. . . ကျွန်မ စောင့်မျှော်နေပါ့မယ်"

"ကျေးဇူးတင်တယ်. . . တို့တွေ ပြန်လည်ဆုံတွေ့ဖို့ကို မျှော်လင့်နေမယ်၊ ဒါပဲနော်. . . ဘိုင့်ဘိုင့်"

"ကျွန်မလည်း ဆရာမကြီးနဲ့ တွေ့ဆုံဖို့ကို မျှော်လင့်နေပါ့ မယ်. . . ဘိုင့်ဘိုင်၊ ဆရာမကြီး အပြန်လမ်းခရီး ဖြောင့်ဖြူးပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်. . ဘိုင့်ဘိုင်"

ထက်ကြွေခြွေစံ တစ်ဖက်က ဖုန်းချသွားမှ သူ့ဖုန်းကို ပိတ် လိုက်သည်။

ဂျပန်ပါမောက္ခ နာတိုရီ ပုံပန်းသဏ္ဍာန်ကို မြင်ယောင်ရင်း ပင့်သက်ရှိုက်လိုက်သည်။ သူ့အနေနှင့် ဂျပန်စကားကို ကျွမ်းကျွမ်း ကျင်ကျင် ပြောခွင့်ရခြင်းနှင့် ပြောနိုင်ခြင်းအတွက် ဝမ်းသာမိလေ သည်။ သို့သော်. . .

ချက်ချင်းပင် ထိုကိစ္စ ခေါင်းထဲက ထုတ်လိုက်ပြီး ဝတ်စုံကို ရွေးချယ်လိုက်သည်။

ပွဲတက်ဝတ်စုံကို အနက်ရောင်ပိုးသား၌ စီးကွင့် ကျောက်စိ





ထားသော ဒီဇိုင်းလေးများနှင့် အထက်အောက် လိုက်ဖက်စွာ စီခြယ် ထားသော ဝတ်စုံလေးကို ထုတ်ဝတ်လိုက်သည်။

လည်ဆွဲကိုလည်း ခရစ်စတယ် ဖန်စီကျောက်ဖြူ လည်ကပ် လေးကိုသာ ဆွဲလိုက်သည်။

မြန်မာဝတ်စုံများက ကိုယ်လုံးလှသူတို့၏အလှကို ပို၍ ကြွကြွလေး လှနေစေရန် ပံ့ပိုးပေးထားသကဲ့သို့ ရှိလေသည်။

ညစာ ထမင်းစားဝိုင်း တစ်ဝိုင်းပေမယ့် ဒီနေ့ကို ဒါရိုက် တာ ကိုကျော်ဇံက တစ်ခါတည်း မင်းသမီးသစ်လေး ပန်းနုရွှေစင်ကို ပါ ဖိတ်ခဲ့မည်ဆိုသဖြင့် ထက်ကြွေခြွေစံ အလှမာနလေးက ခေါင်းပြူ ထလာခဲ့သည်။

ဘယ်နေရာ ဘယ်ပွဲမှာမဆို ထက်ကြွေခြွေစံ၏အလှသည် အမြဲတမ်း ပြောစမှတ်လေး ဖြစ်ကျန်အောင်တော့ နေနေကျ ဖြစ် သည်။ ထိုအလှသရဖူကိုတော့ ထက်ကြွေခြွေစံ အကျိုးမခံနိုင်။

ပင်ကိုယ်စရိုက်ကလည်း လှလှပပ ကြွကြွရွရွလေးကို ဟီရို ဥတ္တပွနှင့်အညီ မြန်မာဆန်ဆန် ဝတ်ပြီး အလှသရဖူ ဆောင်းခဲ့သူ ဖြစ်သည်။

ယခုလည်း. . .

"ဟယ်တော်. . . လှလိုက်တာ မထက်ရယ်၊ ခုနေ လှယဉ် ကျေးမယ် ဝင်ပြိုင်ရင်လည်း ရဦးမှာပဲ"

ရုံးမှ ပေးသော စူပါဆလွန်းကားနှင့် ဒေါ်ကြင်ဆွေနှင့် ယောက်အတူပြန်ခဲ့ရာ ဒေါ်ကြင်ဆွေက သူ့အိမ်၌ ချပေးပြီး ကားကို တစ်ပါတည်း ယူသွားပြီး ဒေါ်ကြင်ဆွေက ကားကို စောင့် ထားပြီး ရေချိုးအဝတ်လဲပြီး ပြန်ထွက်ခဲ့ကာ ထက်ကြွေခြွေစံကို ခေါ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်ကွန္ဒြေစံ မိခင်က ဒေါ်ကြင်ဆွေကို ထက်ကွန္ဒြေစံ အိပ်ခန်းသို့ ပို့ပေးရာ ဒေါ်ကြင်ဆွေမှာ တအံ့တသြဖြစ်ကာ ချီးကျူးလေတော့သည်။

"မဟုတ်ပါဘူး. . . ရုံးမှာ ယူနီဖောင်းနဲ့ပဲ မြင်နေကျက ပြောင်းလဲသွားလို့ အမြင်ဆန်းသွားတာပါ၊ အန်တီလည်း ပိုလှလာတယ်"

ဟု ထက်ကွန္ဒြေစံက ရှက်ပြုံးကလေးနှင့် ပြောပြီး လက်ကိုင်အိတ်ကလေးကို ကောက်ကိုင်လိုက်သည်။ ကမာလက်ကိုင်အိတ် အနက်ရောင်လေးဖြစ်သည်။

ဒေါ်ကြင်ဆွေမှာ. . .

"မဟုတ်ပါဘူး. . . အမြင်ဆန်းလို့မဟုတ်ဘူး၊ တကယ့်ကို ဘုံကြိုးပြတ်တဲ့နတ်မိမယ်လေး ရောက်လာသလိုကို လှတာပါ၊ ဘုရားစူး တို့အမ်ဒီကြီးတော့ ကြွေသွားမှာ မြင်ယောင်သေး"

ထက်ကွန္ဒြေစံ မိဘများ ကြားသွားမှာစိုးသဖြင့်. . .

"ရှူးတိုးတိုး. . . မေမေတို့ စိတ်ပူသွားဦးမယ်၊ ညစာ,စားပွဲတွေဘာတွေ သွားတာ၊ မေမေတို့က သိပ်မကြိုက်ဘူး၊ အပြန်ကျရင်လည်း ကျွန်မကို အရင်ပို့ပေးပြီးမှ အန်တီ ပြန်နော်"

"အေးပါ. . . အေးပါ. . . ကျုပ်နားလည်ပါတယ်၊ ကဲ. . . လာ. . သွားကြရအောင်"

ထက်ကွန္ဒြေစံ ဒေါ်ကြင်ဆွေလက်ကို တွဲကာ အခန်းထဲမှ ထွက်ခဲ့လေသည်။

"ကျုပ် အပျိုကြီးတော့ ကျီးထိုးထိုး လောက်ကိုက်ကိုက်ပေါ့ ဟုတ်လား"

"အန်တီကလည်း"





ညော့ခန်းရောက်တော့. . .

မိဘနှစ်ပါးက သမီးချောကို ပြုံးကြည့်နေရာ ထက်ကွန္ဒြေစံ ဒေါ်ကြင်ဆွေနှင့် မိဘနှစ်ပါးကို မိတ်ဆက်ပေးပြီးနောက် စောင့်နေသော ကုမ္ပဏီမှ စူပါဆလွန်းကားနှင့် ချိန်းဆိုထားရာ စားသောက်ဆိုင်သို့ ထွက်ခဲ့သေည်။

ထက်ကွန္ဒြေစံ ရင်ထဲ မလှုပ်ရှားစဖူး လှုပ်ရှားနေသည်။

စာမေးပွဲ အောင်စာရင်း ထွက်စဉ်၊ အင်တာဗျူး ဖြေစဉ်၊ သူစဉ် စသော စိတ်လှုပ်ရှားမှုမျိုးနှင့် မတူသော စိတ်လှုပ်ရှားမှုက သားသား တဆတ်ဆတ် ခုန်သော ရင်ထဲ မြင်းအရိုင်းအကောင် သိမ်းမက ဆုန်ပေါက် ကခုန်ပြေးလွှားမှုမျိုးနှင့် တူသော စိတ်ရှားမှုမျိုးဖြစ်သည်။

ထိုလှုပ်ရှားမှုတွင် မျှော်လင့်ခြင်းက ပါဝင်နေသည်။

အမ်ဒီ ဦးနေရောင်ထံမှ တည်ကြည်သောအကြည့်မှ ထူးသော ရောင်စဉ်လင်းလက်တောက်ပသော မျက်ဝန်းအကြည့် ရရှိလိမ့်မည်ဟု. . .။

ထိုမျှော်လင့်ချက်ကြောင့် ရင်ခုန်ကာ စိတ်လှုပ်ရှားမှု အားခြင်းပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

ရှေ့က စူပါဆလွန်းကားဖြူလေးကို တွေ့လိုက်ရသဖြ ဦးနေရောင် ကျေနပ်သွားလေသည်။

မိန်းမတွေ အလှပြင်ရင် အချိန်ကြာတတ်သဖြင့် သူစောင့် တော့မည်ဟု ထင်ထားရာ ယခုတော့ သူ့ထက်တောင် ဘီးတစ်လှိ သာနေပါလား။

ကားကို ဇွဲ့ကြိုနေရာနား ရှေ့ဆင့်နောက်ဆင့် ရပ်လို သည်။ ဦးနေရောင် ကားပေါ်မှ ဆင်းပြီး သူတို့ဆီသို့ လျှောက်သွ





ိုက်သည်။

"ဟာ. . ."

ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်ပြီး တအံ့တသြပင် အာမေဋိတ် းလည်း ထွက်သွားရသည်။

လှလိုက်တဲ့အလှ။

ပြစ်မျိုးမှ မထင် အလှမျိုးပါလား။

ထက်ကြွေနွေစံ ချောမှန်းလှမှန်း သိသည်။

သို့သော် ခုလောက် ကျက်သရေရှိပြီး အပြစ်ပြောစရာ မတွေ့အောင် လှသော အလှစစ်စစ်မျိုး တွေ့ရခဲသည်။

"မင်္ဂလာပါ ဆရာ"

ထက်ကြွေနွေစံက သူ ထုံးစံအတိုင်း နှုတ်ဆက်လိုက်သည် င် သူ ရုတ်တရက် အသိအမှတ်မပြုနိုင်သေးဘဲ အငေးသား သက်မိရက်သား ဖြစ်နေခဲ့သည်။

"ကျွန်မတို့ နောက်မကျပါဘူးနော် ဆရာ"

ဟု ဒေါ်ကြင်ဆွေကပါ ပြောလိုက်တော့မှ သတိဝင်သွား . . .

"သြော်. . . အင်း. . . အင်း. . . ဝင်နှင့်ကြရအောင်"

"ကိုကျော်ကို ကြိုဖို့"

"ဇွဲ့ကြိုတွေကို မှာထားပြီးပါပြီ၊ လာ. . . အထဲမှာပဲ င့်ကြရအောင်"

အမှန်တော့ ထက်ကြွေနွေစံနှင့် ဒေါ်ကြင်ဆွေကို စောင့်ကြို င့်သည်။

အတွင်းရေးမှူးနှင့် ကြော်ငြာဌာနမှူးတို့အလုပ်ပေပဲ။ ာ် လှသွေးတွေ ကြွယ်ပြီး ဘုံကြီးပြတ်လာတဲ့ နတ်သမီးအသွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ထက်ကြွေခြွေစံကို မိုးတိုးမတ်တတ်နှင့် ဧည့်ကြိုမခိုင်းရ
ချေ။ ဟိုလူငေး ဒီလူငေးနှင့် ရှိနေမှာကိုလည်း မလိုလား။ သဝန်မ
စဖူး တိုမိလေသည်။

ထက်ကြွေခြွေစံ အလှကို ယခုမှ အသိအမှတ်ပြုမိသ
မဟုတ်။ စတွေ့ကတည်းက သတိထားမိသည်။ သို့သော် ယခု
ပြင်ပြင်ဆင်ဆင်နှင့်ဆိုတော့ လူမှာအဝတ် တောင်းမှာအက
ဆိုသည့်အတိုင်း အလှတွင် အယဉ်ဆင့်ကာ အစွမ်းကုန် လှပ
သော ထက်ကြွေခြွေစံအလှတွင် တဒင်္ဂ မိန်းမောသွားရလော
အောင်ပင် ဖြစ်သွားခဲ့လေသည်။

ရင်မခုန်စဖူး ခုန်နေခဲ့သည်။ လေ့ကားထစ်ကလေးမ
အတိုင်း သူက ဦးဆောင်ပြီး တက်ခဲ့စဉ် သူ့ရင်ထဲ မဖြစ်ပေါ်
သော ဆန္ဒသစ်တစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ ထက်ကြွေခြွေစံ
အတူယှဉ်တွဲပြီး လက်ချင်း ယှက်ကာ သွားလာချင်သော
တစ်ရပ်ပင် ဖြစ်သည်။

ဘုရားရေ့ . . . ဒါ အချစ်၏လှုံ့ဆော်မှုကြောင့်ပေလာ
ထိတ်လန့်တကြား တွေးတောလိုက်မိသည်။ မဟုတ်နိုင်။ လ
နှစ်သက်တာလည်း ဖြစ်နိုင်သည်။

"ဘွတ်ကင်လုပ်ထားပြီးပြီလားခင်ဗျာ"

"လုပ်ထားပြီးပြီ . . . ဦးနေရောင်အမည်နဲ့ပါ"

"ဩော် . . . ဟုတ်ကဲ့ . . . အသင့်ပါပဲခင်ဗျာ၊ ဒီဘက်
ခင်ဗျာ"

"နောက်ဧည့်သည်တွေ ကျန်သေးတယ်နော်၊ သေသေ
ချာ ကြိုပေးပါ"

ဧည့်ကြိုနှင့် ထက်ကြွေခြွေစံကပင် အပြန်အလှန် ပြော





နေသည်။ နောက် သူတို့အတွက် သီးသန့်ခင်းကျင်းထားပေးသော
စားပွဲဆီသို့ ရောက်ရှိခဲ့လေသည်။

"ကိုကျော်လည်း ထွက်လာပြီ . . . ရောက်တော့မှာပါ၊
ဘျှန်မ သွားကြိုလိုက်မယ် ဆရာ"

"ထိုင်နေပါ . . . ဦးလေးမောင်ကိုလည်း မှာထားပါတယ်"

ထက်ကြွေခြွေစံပေါ် ရောက်လာသော ဆိုင်မှ ဝန်ထမ်းရော၊
လာရောက်သော ဧည့်သည်များ၏မျက်ဝန်းများကိုပါ တွေ့မြင်နေရ
သည်။

ဒါကို ဦးနေရောင်စိတ်ထဲ မရိုးမရွဖြစ်မိသည်။ အထူး
သဖြင့် ပုရိသတို့၏အကြည့်အပေါ် မနာလို မရှုစိမ့်ဖြစ်မိလေသည်။

"ကိုကျော်တို့ ဆိုင်ရှေ့ရောက်လာပြီတဲ့ ဆရာ၊ ကျွန်မ သွား
ကြိုလိုက်တော့မယ်" ဟု ဒေါ်ကြင်ဆွေက နားလည်စွာဖြင့် ပြော
ပြောဆိုဆိုပင် ထသွားလေသည်။

ဒေါ်ကြင်ဆွေကိုတော့ သူ မတားမြစ်ပါ။ အဘွားကြီးပဲ၊
ဘယ်သူမှ ဆွဲမည်မဟုတ်။ စားပွဲဆီ ရောက်လာတော့ ဒါရိုက်တာ
ကိုကျော်တို့ လင်မယားနှစ်ယောက်တည်းပင်။

"ထိုင်ဗျာ ကိုကျော် . . . မတွေ့ရတာကြာပြီ"

"အလုပ်များတဲ့ လူအချင်းချင်းဆိုတော့ ဒီလိုပဲပေါ့ဗျာ"

"ဒါထက် မင်းသမီးကော"

"မချောလေးက ရှူးပွဲလျှောက်ဖို့ ရှိတယ်ဆိုတာနဲ့ ပျက်သွား
သယ်"

ယောက်ျားသားနှစ်ယောက်အတွက်က ဝီစကီလေး ပါ
လာသည်။ အမ်ဒီကတော့ သိပ်မသောက်။ နှစ်ပက်ထက် ပိုမှာ
ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာကိုကျော်ဇံကတော့ တော်တော်သောက်နိုင်သောသူဟု မှတ်ချက်ချရမလို ဖြစ်နေသည်။ ထက်ကန္ဒြေစံက စားသောက်ရင်း မသိမသာ အကဲခတ်နေမိလေသည်။

"ခင်ဗျားကြော်ငြာမှာ သူ့ကို မသုံးရကောင်းသလားဆိုပြီး ကျွန်တော့်ကိုပါ မြိုင်က စိတ်ဆိုးပြီး ကျွန်တော်နဲ့ ရိုက်ဖို့ စီစဉ်ထားတဲ့ ရုပ်ရှင်ကားကိုပါ မရိုက်တော့ဘူးလို့ ငြင်းဆန်လိုက်တယ်လေဗျာ"

"ဟုတ်လားဗျာ. . . ကျွန်တော် စိတ်မကောင်းပါဘူး"

ဦးနေရောင်က အမှန်တကယ်ပင် စိတ်မကောင်းဖြစ်သွားသည်။

"ကိစ္စမရှိပါဘူးဗျာ. . . ကံစပ်ရင် ပရိဂျူဆာကောင်းကောင်းနဲ့ မင်းသမီးကောင်းကောင်းတစ်လက်နဲ့ ရိုက်ဖြစ်မှာပေါ့ဗျာ၊ အေးလေ. . . အခုတော့ မြိုင့်ခေတ်ကိုးဗျာ"

"ဒါတင် ဘယ်ကဦးမလဲ ဦးနေရောင်၊ ကိုကျော် သုံးနေကျ မိတ်ကပ်သမားကိုပါ မြိုင်က သူတစ်ယောက်တည်း သုံးမယ်ဆိုပြီး သူ့အရှိန်ပါဝါ သုံးပြီး ပိတ်ပစ်လိုက်တယ်လေရှင်၊ အမိက,က သူ့နေရာကို ဘာမှ မဟုတ်သေးတဲ့မော်ဒယ်ကို သုံးတာ သူ အောက်ကျတယ်ဆိုပြီး ငြိုးလိုက်တဲ့သဘောပဲပေါ့"

ဦးနေရောင်က စိတ်ဆတ်သူဖြစ်သည်။ ဒေါသဖြစ်လွယ်သွေးဆူလွယ်သော လူတစ်ယောက်ဟု ထက်ကန္ဒြေစံ သုံးသပ်မိလိုက်သည့်အတိုင်းပင် ကိုကျော်ဇံ၏ဇနီး ဝင့်ဝါကပါ ဝင်ပြောသည့်စကားအဆုံး၌ ဦးနေရောင်မျက်နှာသည် နီမြန်းလာပြီး. . .

"ဒီအတွက် ဘာမှဝါရီမဖြစ်ကြနဲ့၊ ကိုကျော်နဲ့မဝါ ကျွန်တော့်လိုင်ထိပ်ထား ကြော်ငြာကနေ စတဲ့ဇာတ်လမ်းဆိုတော့ ကျွန်တော်ပဲ တာဝန်ယူမယ်၊ မိတ်ကပ်အတွက်ကော ခင်ဗျားစီစဉ်ထားတဲ့ ရုပ်ရှင်





ကားအတွက်ပါ"

ထက်ကန္ဒြေစံ ပေါင်သို့ ဒေါ်ကြင်ဆွေက လက်နှင့် အသာသပ်မိုးတို့ကာ သတိပေးလေသည်။ သို့သော် ထက်ကန္ဒြေစံ ဘာတတ်နိုင်မည်နည်း။

သူပဲ ကုမ္ပဏီပိုင်ရှင်သူဌေး၊ သူပဲ အုပ်ချုပ်မှု ဒါရိုက်တာသူသဘော သူဆောင်ပါစေ၊ မိမိတို့က လုပ်ငန်းပိုင်းနှင့်သာ ပြောပိုင်ခွင့်ရှိသည်မို့ နှုတ်ဆိတ်၍ပင် နေလိုက်သည်။

ဦးနေရောင်ကပင် ဆက်၍. . .

"မိတ်ကပ်သမားတွေ ပေါများလွန်းလို့ဗျာ၊ ဒါမှ စိတ်တိုင်းမကျရင် လိုအပ်ရင် ကျွန်တော်ကိုယ်တိုင် လိမ်းပေးမယ်ဗျာ၊ ကျွန်တော် ဂျပန်မှာတုန်းက ဒီပညာကိုပါ အခြေခံကအစ သင်ယူထားတာဗျ"

ထက်ကန္ဒြေစံ အံ့သြသွားသည်။ တပြိုင်နက်ဆိုသလို ငွေစာရင်း ဌာနမှူး ဒေါ်ကေသီ ထမင်းစားပိုင်း၌ ပြောသောစကားကိုအြားယောင်မိကာ စိတ်ထဲ ရယ်ချင်သွားသည်။

"မမကေ ပြောသလို ဂေးများ ဖြစ်နေရော့လား" ဟု။

"ဟား. . . အမ်ဒီကြီးက စွယ်စုံပါပဲလားဗျ"

"ခင်ဗျား ရိုက်ကွင်းရိုက်ကွက်သာ ရှာဗျာ၊ အိုင်ဒီယာကောင်းကောင်းတွေလည်း ကျွန်တော် ဂျပန်က ယူခဲ့တဲ့အခွေတွေအအုပ်တွေ အများကြီးပဲဗျ၊ ခင်ဗျားဆီ ပို့ခိုင်းလိုက်မယ်"

"ဂွတ်တယ်ဗျာ. . . ကျွန်တော်ကလည်း ဒီကြော်ငြာမှာမျက်နှာသစ်ကလေးကို ပွဲထုတ်ပြီး လိုင်ထိပ်ထားကို ပေါက်သွားအောင် ပညာစွမ်းပြချင်နေတာ"

"အိုကေ. . . လုပ်လိုက်စမ်းဗျာ၊ ငွေရေးကြေးရေး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပူနဲ့၊ ခင်ဗျား ဒီကြော်ငြာသာ ပေါက်သွားကြည့်၊ ခင်ဗျား မြိုင်နဲ့ ကမ်းလှမ်းထားတာ ပျက်သွားတဲ့ ရုပ်ရှင်ကားကြီးအတွက်ပါ ကျုံ့တာဝန်ယူမယ်ဗျာ"

"အိုကေ. . . တကယ့်မင်္ဂလာစကားတွေပဲဗျာ၊ မြိုင်နဲ့ ဖုန်းနဲ့ ရန်ဖြစ်ခဲ့ရလို့ ဒေါသဖြစ်ခဲ့ရသမျှ ခုမှပဲ ပြေသွားပြီး မင်္ဂလာ ရှိတော့တယ်ဗျာ၊ ကျေးဇူးပဲ ကိုနေရောင်ရေ၊ ခင်ဗျားအတွက် အရှုံးဆိုတာ မရှိစေရဘူး. . . စိတ်သာချ"

"ကျွန်တော်ကလည်း ခင်ဗျားပညာကို ယုံကြည်ပြီးသားပါ"

သူတို့ယောကျ်ားသား(၂)ဦး စကားကောင်းနေသလို မိန်းမသား(၃)ဦးမှာလည်း မဝါက ရုပ်ရှင်ဗွီဒီယိုလောကအကြောင်း သူသိသမျှသတင်းတို့ကို ဖောက်သည်ချလေသဖြင့် အချိန်တို့မှာ ကုန်မှန်းမသိ ကုန်သွားရာ ညကိုးနာရီထိုးပြီးမှ ပြန်ဖြစ်ကြလေတော့သည်။

ထက်ကြွေစံအတွက်တော့ ပန်းနုရွှေစင်ကို မြင်တွေ့ခွင့်မရသဖြင့် ဘဝင်မကျခဲ့သလို အမ်ဒီဦးနေရောင်က သူ့ဂုဏ်နှင့်မလိုက်ဖက်သော. . . မင်းသမီးကို မိတ်ကပ်ပင် လိမ်းခြယ်ပေးမည်ဟူသောစကားအတွက် ဘဝင်မကျ ဖြစ်မိလေသည်။

သို့သော် ငါနဲ့ ဘာဆိုင်လို့လဲ။ သူ့ကို ပြောပိုင်ခွင့်လည်းမရှိ။ မိမိက အလုပ်သမားသက်သက်ပဲလေဟု. . . ဖြေသာအောင် တွေးပြီး ခေါင်းထဲက ဖျောက်ဖျက်ပစ်လိုက်သည်။

ဒေါ်ကြင်ဆွေကလည်း အံပြန်လမ်း၌. . .

"အမ်ဒီက သူ့ဂုဏ်သိက္ခာကိုမထောက် ထင်တိုင်းကျဲတော့တာပဲ၊ သူ့အမေ ဒီကိစ္စကို သိရင် ကန့်ကွက်မှာ သေချာတယ်၊ ဘော့စ်ကလည်း အရမ်းကို အေးတာ၊ သားကို ယုံပြီး ကုမ္ပဏီတစ်ခု





လုံး ပစ်ထားလိုက်တာ ခြေဦးလှည့်ဖော်တောင် မရဘူး"

ဟု တတွတ်တွတ် ပြောနေလေတော့သည်မို့. . .

ထက်ကြွေစံက ပင့်သက်လေးသာ ရှိုက်လိုက်လေတော့သည်။

အမ်ဒီအတွက် စိုးရိမ်စိတ်လေးတော့ ဖြစ်ပေါ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

လှိုင်ထိပ်ထားကုမ္ပဏီ၏လပတ်အစည်းအဝေးသို့ ဒေါ်ခင်ခင်ထားနှင့် ရှယ်ယာမင် လူကြီးအချို့ တက်ရောက်သည်။

အခမ်းအနားမှူးအဖြစ်တော့ အမ်ဒီ၏အတွင်းရေးမှူးက ဆောင်ရွက်နေကျ ဖြစ်သည့်အတွက် ထက်ကွန်ရွဲ့စံက ဆောင်ရွက်လေသည်။

ဒေါ်ခင်ခင်ထား ရင်ထဲ၌ အေးချမ်းသွားသည်။ ထက်ကွန်ရွဲ့စံ၌ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားစေ ဟူသော





ပါရမီမျိုး ပါသည်မက အေးချမ်းသောရုပ်အသွင် ရှိသည်။

ရုပ်ချော ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ့်ကို ငေးလောက်သည်၊ လှယဉ်ကျေးမယ်ပုံစံမျိုးမို့ . . .

"အတိတ်ဘဝက ဆုတောင်းကောင်းခဲ့လေရော့လား မိန်းကလေးရယ်" ဟု ကြိတ်ကာ သဘောကျနေသည်။ အသံက ကြည်လင် အေးမြပြတ်သားသည်။

"ဆက်ခ်တေရီက အသစ်ပဲ၊ ဒီတစ်ယောက်တော့ မြဲမယ်ထင်တယ်နော် ဥက္ကဋ္ဌ"

ဟု အနားမှ ဒုဥက္ကဋ္ဌ တာဝန်ယူထားသူ ဒေါ်ဘေဘီဆန်းကသူ့အား ပြောလိုက်လေသည်။

ဒေါ်ခင်ခင်ထားကလည်း သူ့သားကို မယုံရဲသေးသဖြင့်

"ထင်ရတာပဲ ဒေါ်ဘေဘီရယ်"

အမှန်တော့ လှိုင်ထိပ်ထားကို တစ်ဦးတည်းနှင့် ရပ်တည်နိုင်သော်လည်း ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသူငယ်ချင်းအချို့က ငွေအချို့ ရှိသော်လည်း ဘာမှလည်း လုပ်ငန်းမလုပ်တတ်သည့်အတွက် မနိုင်အင်ကာ လူရင်းများကိုတော့ ရှယ်ယာသဘောချုပ်,ချုပ်ကာ လက်ခံပေးခဲ့သည်။

ဒါကလည်း စုစုပေါင်းမှ လှိုင်ထိပ်ထား ကုမ္ပဏီ၏ (၁၀) ရာခိုင်နှုန်းလောက်ပဲ ရှိသည်။

ဒေါ်ကေသီက သူ၏သူငယ်ချင်းဖြစ်သည်။ ဘီကွမ်းနှင့်ဘွဲ့ရပြီး အငြိမ်းစား ကျောင်းဆရာမတစ်ဦးလည်း ဖြစ်သဖြင့်ရှယ်ယာ(၃)ရာခိုင်နှုန်းသာ ပါသော်လည်း ဒုဥက္ကဋ္ဌရာထူး ပေးထားသည်။ သူ့ကို အစည်းအဝေး မှန်မှန်လာတက်,တတ်ရုံမက ကြုံမှကြုံသလိုလည်း လာတတ်ပြီး စည်းကမ်းပိုင်းနှင့် ငွေစာရင်းပိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ စစ်ဆေးပေးတတ်သူဖြစ်သည်။

အစည်းအဝေး ပြီးသွားတော့ ဥက္ကဋ္ဌခန်းတွင် နားနေရင်း သူငယ်ချင်းနှစ်ယောက် စကားတွတ်ထိုးကြလေသည်။ ဒေါ်ခင်ခင်ထားက. . .

"ဘယ့်နှယ့်လဲ. . . မြေးတွေနဲ့ နေရတာ အဆင်ပြေရဲ့လား"

"တာဝန်ကြီးတယ်. . . ဒါကြောင့် သားသမီးတွေကို ရာဇသံ ပေးလိုက်ပြီ၊ ကိုယ့်သားသမီးတာဝန် ကိုယ်ယူကြတော့၊ အမေ တာဝန်မယူနိုင်တော့ဘူးလို့လေ"

သားနှင့်ချွေးမ၊ သမီးနှင့်သားမက်က နိုင်ငံခြားသို့ ထွက်ကာ အလုပ်လုပ်ကြသည်။ သူတို့သားသမီးတွေကိုတော့ အမေအိမ် ပို့ထားကြသည်။

ဒေါ်ဘေဘီသန်းကတော့ မြေး(၃)ယောက်ကို အထိန်းတွေနှင့် စောင့်ရှောက်ပေးရသော်လည်း ဘိုးအေကတော့ တာဝန်မယူချေ။

ဂေါ့ဖ်ရိုက်သွားတတ်သလို ရှယ်ယာလုပ်ငန်းတစ်ခု၌လည်း အလှည့်ကျ တာဝန်ယူနေဆဲ ဖြစ်သည်။

သူတို့နှင့် သမီးပျို တစ်ယောက် ကျန်သေးသည်။ ဆရာဝန်ဖြစ်သည်။

ဒေါ်ဘေဘီသန်းက သူ့အား ခမည်းခမက်တော်ရန် စကားစဖူးသည်။ ဒေါ်ခင်ခင်ထားကိုယ်တိုင်ကလည်း သဘောကျပါသည်။ သို့သော် ကာယကံရှင်က လုံးဝမလှုပ်သည့်အပြင် သူ့အား "သားခံစားလို့မရဘူး မေမေ၊ သားရင်က နည်းနည်းလေးတောင် လှုပ်ရှားမှု မရှိတဲ့ မိန်းမတစ်ယောက်ကို သား ဘယ်လိုလုပ် ဇနီးတော်လို့ရမှာ





သဲ" ဟု ပြောသဖြင့် သူလည်း အလိမ္မာသုံးကာ. . .

"သားအိမ်ထောင်ရေးကို သားနှလုံးသားနဲ့သာ ရွေးချယ်ဖို့ ခွင့်ပေးထားပြီးသားလေ ဘေဘီ၊ ကိုယ်ဝင်မစွက်ဘူး"

ဟု နှစ်ယောက်သားသာ တွေ့ချိန်တွင်တော့ သူငယ်ချင်း ပြော ပြောကြသည်။

"အမ်ဒီဆက်ခ်ထေရိက ကလေးတွေစကားနဲ့ ပြောရရင် အလန်းစားပါလား ထားရေ၊ ဘယ်သူခန့်လိုက်တာလဲ၊ ဒီတစ်ခါ တော်အဖွဲ့ မဖွဲ့တော့ပါလား"

"သားကိုယ်တိုင်ပဲ ရွေးလိုက်တာလေ၊ သူတွဲလုပ်ရမှာ တော့ သူ့စိတ်ကြိုက်ပဲ ကောင်းပါတယ်"

အမှန်တော့ သူတို့က ဥက္ကဋ္ဌဟု အမည်ခံရုံသာ ရှိသည်။ ပ်ငန်းတစ်ခုလုံးက အမ်ဒီ၏အုပ်ချုပ်မှုတစ်ခုတည်းနှင့် လည်ပတ်သည်။

သို့သော် ဒေါ်ခင်ခင်ထားကတော့ သားကို လုပ်ငန်းတစ်ခု အပြီးအပိုင် မလွှဲသေး။ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ပေး သော်လည်း ချွေးမဆိုတာက ဘယ်လိုနေမည်မှန်း မသိ၍ လွှဲ ထားပိုင်ရှင်နေရာကို ထိန်းချုပ်ထားဆဲဖြစ်သည်။

"အင်း. . . ထားက ကံကောင်းပါတယ်၊ သားအလိမ္မာ ရထားတော့"

ထိုအချိန်တွင် တံခါးခေါက်သံနှင့်အတူ ထက်ကြွေစံက သည်။ သူတို့ရှေ့နားတွင် လက်ယှက်ကာ ရိုကျိုးစွာ ရပ်ရင်း

"ဥက္ကဋ္ဌ ခေါ်တယ်ဆိုလို့ပါရှင်"

ဒေါ်ခင်ခင်ထား ခေါင်းဖျားမှ ခြေဖျားထိတိုင်အောင် ခေါင်းဆုံး ကြည့်လိုက်သည်။ တကယ့်ကို မဟာဆန်သော



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆန်သော အလှတရားရှိသည့် မိန်းကလေးပါလား။

အသားလေးက ဝင်းဝါဝါ ခြေချောင်းလက်ချောင်းကအစ ဖယောင်းပမာ ပျော့ပျောင်းသွယ်လျသည့် အနေအထား ဆံပင်က ကုမ္ပဏီစည်းကမ်းအရ ဆံထုံး,ထုံးရမည်။ ရင်ဖုံးရင်စေ့ပုံစံနှင့် ခါးပေါ်ပါ ဖုံးသည့် လက်စကအကျီနှင့် ဖိစကဒ်လုံချည်မျိုးသာ ဝတ်ဆင်ရသည်။

အအေးခန်း ဖြစ်ခြင်းကြောင့် ကုတ်အကျီအနက်ကိုလည်း တစ်ပုံစံတည်း ပေးထားသည်။ တူညီဝတ်စုံကို ကုမ္ပဏီကပဲ အနည်းဆုံး(၃)စုံ ထုတ်ပေးထားသည်။

နှစ်စဉ်လည်း တစ်စုံစီ အမြဲ ချုပ်ပေးသဖြင့် ကုမ္ပဏီတစ်ခုလုံး တူညီဝတ်စုံနှင့် ကြည့်၍ကောင်းလေသည်။

စက်ရုံယူနီဖောင်းကတော့ ဘောင်းဘီနှင့် လှိုင်ထိပ်ထား တံဆိပ်ပါ တီရှပ်နှင့်ဖြစ်သည်။

ဒေါ်ခင်ခင်ထားသည် ယူနီဖောင်းတွေ တူညီနေပါလျက် ထက်က္ကမြွေစံ ခန္ဓာကိုယ်ပေါ်က ယူနီဖောင်းကမှ ပို၍တောက်ပကာ ကြည့်ကောင်းလွန်းနေသည်ဟုပင် ထင်နေမိသည်။ လိုက်ဖက်နေသည်။

"ထိုင်ပါဦး"

သူတို့ရှေ့ ဆိုဖာဆက်တီ၌ ကျုံ့ကျုံ့လေးနှင့် ကြွကြွကလေး ဝင်ထိုင်လိုက်လေသည်။ သိမ်မွေ့နူးညံ့သော အမူအယာလေး ရှိသည်။

"ထက်က္ကမြွေစံနော်"

"ဟုတ်ပါတယ်ရှင်"

"မိဘများက ဘာလုပ်သလဲ"





"ဖေဖေကော မေမေပါ အထက်တန်းပြဆရာပါ၊ ဒါပေမယ့် ဖေဖေကတော့ ဝေါက်ရောဂါကြောင့် ဆေးပင်စင် ယူလိုက်ရပါတယ်၊ မေမေကတော့ လက်ရှိလုပ်နေဆဲပါ"

ဒေါ်ခင်ခင်ထားကဲ့သို့ပင် ဒေါ်ဘေဘီသန်းကလည်း စိတ်ဝင်စားလေသည်။ သူ့သမီးက မိန်းမချောစာရင်းဝင်မှ မဟုတ်လေဘဲ၊ သာမန်ရုပ်ရည်နှင့် ကိုယ်လုံးကိုယ်ထည်ကလည်း သင့်တင့်ရုံသာ ရှိသည်ကို။

"မောင်နှမသားချင်းကကော ဘယ်နှစ်ယောက်လဲ"

ဟု ဒေါ်ဘေဘီသန်းက ဝင်မေးလိုက်သည်။

"နှစ်ယောက်တည်းပါ. . . မောင်လေးပါ၊ ဆေးတက္ကသိုလ် ဒုတိယနှစ် တက်နေပါတယ်"

ဒေါ်ခင်ခင်ထား ရင်ထဲ၌ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ဆရာ ဆရာမ သားသမီးဆိုတော့ မဆိုးပါဘူးဟု. . . မိဘမျိုးရိုးကို ကျေနပ်သွားသလို မောင်တစ်ယောက်တည်း ရှိသည်ဆိုခြင်းကိုလည်း ကျေနပ်သွားပြန်သည်။

ကိုယ်ရေးကိုယ်တာတွေ လျှောက်မေးနေမိသည်။

အရင်တုန်းက ဘာလုပ်သလဲ၊ ဘယ်မှာ နေသလဲက အစပေါ့၊ အဆုံးတော့ အမ်ဒီနှင့် တွဲပြီးအလုပ်လုပ်ရတာ အဆင်ပြေရဲ့လားဟု။

"ပြေပါတယ်. . . ဆရာက တော်ပြီး စည်းစနစ်ကြီးတာပါ၊ စည်းစံနစ်ကို လိုက်မိရင် ပြဿနာမရှိပါဘူး အန်တီ"

ထိုစကားကို ဒေါ်ခင်ခင်ထား,ကျေနပ်သွားသည်။ သူ့သား သူလည်း ဒီလိုပဲ ခံယူထားခြင်းကြောင့်ဖြစ်သည်။

"အန်တီတို့ ပြန်မယ်" ဟု ဆိုသည်နှင့် ချက်ချင်းပင် ထ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဂိတ်သို့ ဖုန်းလှမ်းဆက်ပြီး အမိန့်ပေးလိုက်လေသည်။

"ဂိတ်မှူး. . . ဥက္ကဋ္ဌကော ဒုဥက္ကဋ္ဌကော ပြန်တော့မှာ ကားနှစ်စင်းစလုံး အဆင်သင့် လုပ်ပေးထားနော်"

အရင်အတွင်းရေးမှူးတွေ မလုပ်ပေးသောကိစ္စကို ထက်ကြွေနွေစံက ဆောင်ရွက်ပေးသည်။ သူကိုယ်တိုင်လည်း အောက်ထပ် ဂိတ်အထိ လိုက်ပို့ပေးလေသည်။

ဒေါ်ခင်ခင်ထား ရင်ထဲဝယ် ထက်ကြွေနွေစံကို နှစ်သက် သောစိတ်များ ဖြစ်ပေါ်လာသည်မို့ ညနေထမင်းစားချိန်၌ သားဖြစ် သူကို ပြောရန် စကားတွေ စီနေမိသည်။

ကြွတ္ထိရုပ်ခန့်ပဲ. . . ထက်ကြွေနွေစံ၏အလှအပကိုကမ သူ့ဘဝလေးကို ဥစ္စာစန ပေါကြွယ်စေဖို့ အင်အားတစ်ရပ် ဖြစ်စေ တယ်ပဲလား. . . ဟုလည်း တွေးကာ ပြုံးလိုက်မိလေသည်။

သားတော်မောင် လူပျိုကြီး ကိုဂွစာကတော့ ဘာတွေများ စောဒက တက်ဦးမည်မသိ။

ဒေါ်ခင်ခင်ထား ပင့်သက်လေး ရှိုက်လိုက်မိလေတော့ သည်။







# အခန်း(၁၁)

"သားရဲ့ပီအေက အချင်းရောအဆင်းပါ ပြည့်စုံတဲ့ မိန်းက လေးပဲ"

မိခင်စကားကြောင့် ဦးနေရောင် ခေါင်းထောင်သွားသည်။ ...သပတ် အစည်းအဝေး၌ မိခင်၏မျက်လုံးသည် ထက်ကြွေနွေစံ ...သာ ကျောက်ချထားသည်ကို သူ သတိပြုမိခဲ့သည်။ ထင်သည့် ...ငါး သားအမိနှစ်ယောက် ထမင်းလက်ဆုံ စားသည့် ညနေစာ ...င်းစားဝိုင်းသို့ ရောက်သည်နှင့် မိခင်ဆီက စကားစလာလေ



www.burmeseclassic.com

www.burmeseclassic.com



"သား သဘောကျမယ်ဆိုလည်း ကျလောက်ပါတယ် မေမေနဲ့ဘေဘီတောင် သဘောကျလို့ ခေါ်ပြီး စကားပြောမိကြသေး တယ်"

"ဟုတ်ကဲ့. . . သားသိပါတယ်"

"ဒီတစ်ယောက်တော့ မြှမယ်ထင်တယ်"

"လုပ်ရည်ကိုင်ရည် အပြည့်ရှိတဲ့အတွက် သူ မထွက်သ တော့ မြှမယ်ထင်တာပဲ"

ဒေါ်ခင်ခင်ထား သားဖြစ်သူ၏အေးတိအေးစက်စကား မနှစ်မြို့ချေ။ ပုရိသ ကြီးကြီးငယ်ငယ်ရွယ်ရွယ်တို့ ရင်ခုန်လော အောင် လှပသောမိန်းမချောလေးနှင့် ပတ်သက်ပြီး လုံးဝထူး သော စိတ်ဝင်စားမှုဟန် မပြသည့်အတွက် အားမလိုအားမရ သွားကာ. .

"သူ့လုပ်ရည်ကိုင်ရည်ပဲလား. . . သူ့ရုပ်ရည်ကို သဘောမကျဘူးလား"

"အလုပ်အကိုင်အတွက်က ရုပ်ရည်က အရေးကြီးတ မဟုတ်တာ မေမေကလည်း၊ လုပ်ရည်ကိုင်ရည် ရှိရင်ပဲ ကုမ္ အတွက်က လုံလောက်နေပြီပဲပေါ့"

"သား. . . မင်းယောကျ်ားမှ ဟုတ်ရဲ့လားကွယ်၊ မေ မွေးထားတာ ယောကျ်ားစစ်စစ်ပါ"

ဦးနေရောင် မျက်နှာထူပိန်းသွားသည်။ မိခင်ကတော ဒီလောက်ဆိုလျှင် ကွယ်ရာကလည်း သူများတွေ ပြောနေလော ဟု တွေးဆမိကာ. . .

"မေမေကလည်း. . . မေမေ့သားကို မေမေကိုယ် နှိမ့်ချနေရင်"





"ဟုတ်တယ်. . . မေမေတောင် မင်းကို အသည်းယားလာ နေရောင်၊ လှတာလေး မြင်ရင် သဘောကျရမှာပေါ့"

"သားက အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ မရောထွေးချင်လို့ မေမေ"

"ကိုင်း. . . ဒါဖြင့် မင်းလက်အောက်ဝန်ထမ်းမို့ မင်း သက်ရဲ့နဲ့ ဥပေက္ခာပြုထားတယ်လား. . . ဒီလိုလား၊ ဒီလိုဆိုရင် သဘောကျတယ်လို့သာ တစ်ခွန်းပြော၊ သူ့ကို အလုပ်ထွက် ပြီးမှ မေမေ သွားကြောင်းလမ်းပေးမယ်လေ"

"မဟုတ်တာ မေမေ၊ သားကုမ္ပဏီမှာ သူရောက်လာမှ အမောပြေခါစ ရှိသေးတယ်၊ မျက်နှာလွှဲရလို့ စိတ်ချမ်းသာနေ ပါ၊ သားက အိမ်ထောင်ရေးကို အချစ်နဲ့ပဲ တည်ဆောက်ချင် ပါ၊ ခုချိန်မှာ အလုပ်ကိုပဲ ဦးစားပေးနေလို့ သား နှလုံးသားကိုစွ ဥပေက္ခာပြုထားသလို ဖြစ်နေတာ"

"မေမေကလည်း အလောသုံးဆယ် မဟုတ်ပါဘူး၊ ဒါပေ ကံကြမ္မာဆိုတာ မြင်နိုင်တာ မဟုတ်ဘူး၊ အမေတစ်ခု သား ဘဝကို ကျေနပ်နေလို့မရဘူး၊ လူသားပီပီ အိမ်ထောင်သား တဲ့ မျိုးဆက်တာဝန်ကိုတော့ တစ်ဦးတည်းသောသားက ပိုမို ပြန်သင့်တယ် မဟုတ်ဘူးလား၊ ဒီလောက် အပြစ်ဆိုစရာ မရှိ င် လှတဲ့မိန်းကလေးကို အနားမှာ ထားပြီး ဥပေက္ခာပြုနိုင်တဲ့ ကို မေမေ အံ့သြလို့ပါ"

"သား. . . ယောကျ်ားပါ မေမေ၊ ဂျပန်မှာ ခြောက်နှစ် က် နေလာတဲ့သူပဲ မေမေ မိန်းမအချောအလှဆိုတာတွေနဲ့ ပ်ကပ် ထိစပ်ပြီးတောင် မိတ်ကပ်လိမ်းပညာတောင် သင်ခဲ့ရ တာပဲ၊ ဒါကြောင့် သားက ခံနိုင်ရည် ရှိတယ်၊ အလုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား ခွဲခြားနိုင်တယ်၊ ဘာလဲ မေမေက သားကို ထက်က္ကခြွေစံနဲ့ သဘောတူနေတာလား၊ သူ့ရဲ့နောက်ကြောင်း မေမေ သိလို့လား ဒီလောက်လှတဲ့မိန်းကလေးမှာ ရည်းစားသနာ မရှိဘူးလို့ ပြောနိုင် မလား"

"ဒီကိစ္စတော့ သားမပူနဲ့၊ မေမေ့တာဝန်ထား၊ သားသာ လက်ခံရင် မေမေက စပိုင်ကောင်းကောင်းနဲ့ စုံစမ်းပြီးသားပဲ"

ဦးနေရောင်မိခင်တို့ သဘောကျသွားသည်။ ပြုံးရယ်ကာ

"ဟား. . . ဟား. . . မေမေက တယ်ဟုတ်ပါလား"

"မေမေ့ကို အိမ်ထဲ နေတယ်ဆိုပြီး အထင်သေးနေတာ လား. . ဟင်း. . ဟင်း၊ သားအဖေလက်ထက်ကတည်းက မေမေက အိမ်ထဲမှာ နေပြီး မျက်စိနားတွေကို အပြင်ပို့ထားတာ၊ သား မဟုတ် တာ လုပ်လို့မရဘူးဆိုတာ မြဲမြဲမှတ်ထား"

"မေမေ့သားကလည်း မဟုတ်တာ မလုပ်ပါဘူး"

"အေးပါ. . . အေးပါ. . . အပြောနဲ့လက်တွေ့ ညီပါစေ"

ဒေါ်ခင်ခင်ထားစိတ်ထဲတော့ ထက်က္ကခြွေစံ၏နောက် ကြောင်းကို စုံစမ်းရန် ကြိတ်၍ဆုံးဖြတ်လိုက်လေသည်။

သူတို့၌ ပစ္စည်းဥစ္စာက ကြွယ်ဝပြီးသား ရွှေရွှေချင်း စိန်စိန် ချင်း ထပ်ဖို့မလိုတော့။ ရှိပြီးသား ဥစ္စာမနေကို သားလုပ်သူက တိုးပွား အောင် ရှာဖွေနိုင်သောအစွမ်းအစ ရှိသည်။ ဤသည်ကို ထိန်းသိမ်း နိုင်မည့် အရည်အချင်း ပြည့်စုံသော ပညာတတ် မိန်းမချောတစ်ဦး သာ လိုချင်သည်။

"ဘယ်နှယ့်လဲ သား၊ သားပီအေကို သားစိတ်ထဲ နည်းနည်း လေးမှ မခံစားရဘူးလား"

ဦးနေရောင်မျက်နှာ နီမြန်းသွားသည်။ အရင်တုန်းကလည်း





ခင်စပ်ဟပ်သမျှ မိန်းကလေးတွေကို သူ အပြစ်ရှာကာ ပျစ်ပျစ် နှစ်နှစ် ဝေဖန်ပြီး ရယ်မောကာ ငြင်းဆန်ခဲ့ပေမယ့် ထက်က္ကခြွေစံ မျက်နှာကို မြင်ယောင်လာသောအခါ သူ ရင်ထဲ လှုပ်ခတ်လာ သည်။ တည်ငြိမ်အေးဆေးသောမျက်နှာလေးက သူ့အား ကြာ ကြည့် တစ်ခါမှ မကြည့်၊ ချွဲနွဲ့ပြီးလည်း မဆွဲဆောင်ဖူးချေ။

သို့သော် ဒါကိုပဲ သူနှစ်သက်ခဲ့သည်မှို့. . .

"သူက အမည်နဲ့ လိုက်အောင် က္ကခြွေရှိတယ် မေမေ၊ သား ကို တစ်ခါမှ ညုကလီးယားတို့ အီစီကလီတို့ မလုပ်ဘူး"

"အဲဒါဆို တကယ့်မိန်းမကောင်းလေးပဲ၊ ခုလိုအခွင့်အရေး တဲ့အနေအထားမျိုးမှာ သားကိုဆို လိုချင်ကြမယ့်သူတွေချည်းပဲ၊ ားကော သူ့ကို တစ်ခါမှ တပ်မက်စိတ် မဖြစ်ဘူးလား"

ဦးနေရောင် ဝေ့လည်ကြောင်ပတ်နှင့် စကားလမ်း ကြောင်း လွဲသွားမှာစိုးသဖြင့် မိခင်က သူသိလိုသည်ကို ထပ်မေး သည်။

"စိတ်ကို လွှတ်ပေးလိုက်မယ်ဆိုရင်တော့ မက်မောစရာကြီး ပဲ မေမေ"

ဟု စပ်ဖြဲဖြဲလေးနှင့် ပြောလိုက်တော့မှ မိခင် ကျေနပ်သွား သည်၊ သားဖြစ်သူ မိန်းမချောကို စိတ်ဝင်စားတတ်သေးတယ် ဆိုတာ သိရတော့ အတန်ငယ် စိတ်အေးသွားသည်။ ပညာရေးနှင့် ပ်ထဲ အာရုံစိုက်ထားပြီး နှစ်ထားသော သားဖြစ်သူ၏ အိမ် ထောင်ရေးအတွက် သူ့မှာ တာဝန်တွေ ရှိပါသေးလားဟုလည်း တွေးပေါက်လိုက်သည်။

"ဒါဖြင့် သားနဲ့မေမေ ကတိတစ်ခု ထားရအောင်"

"ဘာများလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သားရင်ခုန်ပြီး ချစ်လောက်တဲ့မိန်းကလေး တွေ့ရင် လည်း မေမေ့ကို သူငယ်ချင်းလို သဘောထားပြီး ပြောပြရမယ် တိုင်ပင်ရမယ်၊ ဒီလိုပဲ . . မေမေကလည်း မေမေ နှစ်သက်သဘော ကျတဲ့မိန်းကလေး တွေ့ရင် သားကို ပြောပြမယ်. . . အသိပေးမယ် ဘယ်နှယ့်လဲ သား"

"မေမေ အဲဒီကတိ မတောင်းလည်း သားက အဲဒီလိုလုပ်ဖို့ စိတ်ကူးပြီးသားပါ၊ သားဘဝမှာ မေမေဟာ အရေးအကြီးဆုံးပါ အစားမရနိုင်တော့တဲ့ မေမေ့စိတ် လုံးဝအထိခိုက်မခံနိုင်ပါဘူး ဒါကြောင့် မေမေလည်း သဘောတူ၊ သားလည်း သဘောကျတဲ့လူမှ သား ယူမှာပါ"

ဦးနေရောင်စကားကြောင့် မိခင်ဒေါ်ခင်ခင်ထား ပီတိ မျက်ရည်လေး ဆို့တက်လာသည်အထိ ဝမ်းသာသွားရလေသည်။

"ဒါဖြင့် သားပီအေကို မေမေ သဘောကျနေတယ်၊ သူ့ နောက်ကြောင်းရာဇဝင်ကို မေမေ စုံစမ်းလိုက်တော့မယ်နော်"


"မေမေ့သဘောပါ မေမေ"

"သာဓု. . . သာဓု. . . သာဓု၊ ငါ့သားလေး မိဘအပေါ် သိတတ်တဲ့အတွက် ငါ့သားဘဝတစ်သက်လုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှာပါကွယ်"

"မေမေပြောတဲ့အတိုင်း ဖြစ်ပါစေ"

ဟု ပြောရင်း သားအမိနှစ်ယောက် ညနေစာဝိုင်းလေး စိုစိုပြည်ပြည်နှင့် ကုန်ဆုံးသွားလေတော့သည်။

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ဟာ. . . မဟုတ်သေးဘူး၊ ပြန်ဖျက်လိုက်တော့"

ဦးနေရောင်သည် ကိုကျော်ဇံ နောက်ထပ် အသစ်ခေါ်ယူပေးသော မိတ်ကပ်ဆရာ လိမ်းခြယ်ပေးမှုကို စိတ်တိုင်းမကျ ဖြစ်နေသည်။

လိုင်ထိပ်ထားကုမ္ပဏီ၏ ကျန်လုပ်ငန်းအပိုင်းကို ထက်ကုန်ခြွေစံထံ လွှဲထားခဲ့ပြီး သူကိုယ်တိုင်ကတော့ ကြော်ငြာအမြန်ထွက်ရှိရေးအပိုင်းကို ကိုယ်တိုင်ကိုယ်ကျ ရိုက်ကွင်းသွားကာ ကြည့်ရင်းမှ. . .





မော်ဒယ်ပန်းနုရွှေစင်ကို မိတ်ကပ်လိမ်းခြယ်နေသည်ကို ကြည့်ရင်း ဘဝင်မကျ ဖြစ်နေသည်။

"ရှင်က ဘာတတ်လို့လဲ၊ ရှင်တတ်ရင် ရှင်လိမ်းပါလား၊ ဘာလို့ သူများကို ငှားထားသေးသလဲလို့. . . ဟွန်း"

မိတ်ကပ်ဆရာ အခြောက်ကလည်း နှုတ်သီးကောင်းသွားပါး ရန်တွေ့လေရာ အမ်ဒီက ဖက်ပြိုင်မပြောဘဲ. . .

"ကိုကျော်. . . ခင်ဗျား သူ့ကို ရှင်းထုတ်ပစ်လိုက်တော့၊ မိတ်ကပ်ကိစ္စ ကျုပ်တာဝန်ယူမယ်"

"တကယ်လား ကိုနေ. . . ကြည့်လုပ်ဦးနော်"

"ဖြစ်စေရမယ်ဗျာ. . . ခင်ဗျားဟာမကြီးကိုသာ အမြန်ယ်ရှားပေးစမ်းပါဗျာ"

"ကောင်းပါပြီဗျာ. . . ခင်ဗျားတာဝန်ယူရင် ပြီးတာပါပဲ"

ဒါရိုက်တာကိုကျော်ဇံလည်း မိတ်ကပ်ဆရာကို ချော့မော့ပြီး တောင်းဆိုထားသည့် မိတ်ကပ်လိမ်းခအတိုင်း ပေးကာ ပြန်ထုတ်လိုက်ရလေသည်။

သို့တိုင်အောင်. . .

"အမလေးတော်. . . သူဌေးက သူဌေးလို နေတာမဟုတ်ဘူး သူ့ဟာသူ နှာဘူးထပြီး မင်းသမီးနုနုထွင့်ထွင့်လေး ကိုင်ချင်တိုင်ချင်တယ်ပေါ့၊ သူများပညာကိုများ ပြိုင်ချင်သေးတယ်၊ ဟင်း. . . ရှိမယ်၊ ဒင်းကို မကျေဘူး"

ပွစိပွစိနှင့် ရေရွတ်ဆဲဆိုပြီး ပြန်သွားလေသည်။

ဒါရိုက်တာ ကိုကျော်ဇံကတော့. . .

"ကိုနေရေ. . . ကြည့်လည်း လုပ်ဦးနော်၊ တော်ကြာ ကောင်းတွေ လျှောက်ဖွနေလို့ ခင်ဗျားဂုဏ်သိက္ခာကိုလည်း ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



နေပါဦးမယ်ဗျာ"

"အရေးမစိုက်ပါနဲ့ ကိုကျော်၊ ကျွန်တော်ကတော့ ကိုယ်ကောင်းရင် ခေါင်းမရွေ့ဘူးဆိုတဲ့စကားကို လက်ကိုင်ထားတဲ့သူဆိုတော့ မတုန်လှုပ်ဘူးဗျာ၊ ဖွစမ်းပါစေ. . . သူ ဖွချင်သလောက်ဖွ၊ အရေးကြီးတာက ဒီကြော်ငြာ အောင်မြင်ဖို့ ပေါက်ဖို့ပဲမှတ်လား"

"ကိုင်း. . . ခင်ဗျားသဘောဗျာ"

သို့နှင့် ဦးနေရောင်သည် မိတ်ကပ်များ ဖျက်ပြီး မျက်နှာအပြောင်သားနှင့် ရှိနေသော ပန်းနုရွှေစင်ရှေ့၌ ရပ်လိုက်သည်။

မျက်နှာလေးက ဖူးစင်ချောမွတ်နေသည်။

မျက်နှာပြည့် ပြည့်ဖူးဖူးလေးနှင့် နက်မှောင်သော မျက်တောင်ကော့ကော့များ ယှက်နွယ်နေသည့် မျက်လုံးနက်နက်ကြီးက ရွဲကာ သူ့အား မယုံကြည်နိုင်သလို ငေးကြည့်နေပုံမှာ အသည်းယားစရာကောင်းလောက်အောင်ပင် ဦးနေရောင် ခံစားလိုက်ရသည်။

တကယ့်ကို အပြစ်ကင်းစင်သော ပီတိကလေးတစ်ဦး၏ မျက်နှာမျိုးလေး ချစ်စရာလေး။

တဒင်္ဂ လှုပ်ခတ်သွားသောစိတ်ကို ဦးနေရောင် ထိန်းချုပ်လိုက်သည်။

သူ ယူလာသော မိတ်ကပ်သေတ္တာကို ဖွင့်ကာ ရိုက်ကွင်းရိုက်ကွက်၊ အဝတ်အစားနှင့် မီးအလင်းရောင်တို့ကို အရင်လေ့လာထားပြီးဖြစ်သဖြင့် သုံးသင့်သော အနုအရင့်အရောင်တို့ကို ကျွမ်းကျင်စွာ လိမ်းခြယ်ပေးလိုက်လေသည်။

ဒါရိုက်တာကိုကျော်ဖပင်လျှင် လက်ဖျားခါရအောင် အံ့သြသွားလေသည်။ ဦးနေရောင်၏အရည်အချင်းကို မချီးကျူးဘဲ မနေ





နိုင်အောင် ဖြစ်သွားရလေသည်။

"တော်တယ်ဗျာ ကိုနေ. . . ခင်ဗျားကတော့စွယ်စုံရပဲ"

ထို့နောက် တစ်နေ့ထဲအပြီး ကြော်ငြာကို အင်ဒိုးကောအောက်ဒိုးကော ရိုက်ကူးလေသည်။

မီးရောင်များ ဟပ်ပြီး တီဗွီ၌ ပေါ်လာသော ပန်းနုရွှေစင်၏မျက်နှာလေး လှပကျော့ရှင်းနေမှုကို ကြည့်ပြီး လူတိုင်းက အံ့အားသင့်ကာ အမ်ဒီကို တကယ့်လူထူးဆန်းသဖွယ် ချီးကျူးကြလေသည်။

"ဦးက သိပ်တော်တာပဲ၊ ဦးကြောင့် မီးပိုလှသွားပြီ၊ နောက်ဆိုရင်လည်း မီးရဲ့မိတ်ကပ်ဆရာ လုပ်ပေးပါလား"

နားနေချိန်၌ ပန်းနုရွှေစင်က ဦးနေရောင်ကို ပြောလေရာ ဦးနေရောင်က ခေါင်းခါခါ လည်ခါခါနှင့်. . .

"အမလေးဗျာ. . . မလုပ်လိုက်ပါနဲ့၊ ကိုယ့်ကုမ္ပဏီအတွက်မို့လို့ မနေသာလို့ လုပ်ပေးလိုက်ရတာပါ၊ အေးအေးပဲ နေပါရစေတော့၊ တစ်ခါပဲ အဆဲခံပါရစေ"

မိတ်ကပ်ဆရာ ဆဲသွားသည်ကို ရည်ညွှန်း၍ပြောမှန်း သိသဖြင့် အားလုံးက ဝိုင်းရယ်ကြလေသည်။

"ခစ်. . . ခစ်. . . ဦးကလည်း ပြောတတ်သားပဲ. . ခစ်. . ခစ်. . ခစ်"

ရယ်ပုံလေးကအစ လှပြီး အပြစ်ကင်းစင်နေသည်။ အသက်လေးက နှစ်ဆယ်ပင် ပြည့်တတ်ပုံ မရသေးသဖြင့် ဦးနေရောင်က. . .

"ညည်းအသက် ဘယ်နှစ်နှစ် ရှိပြီလဲ"

"ဆယ့်ကိုးနှစ်. . . ဘာဖြစ်လို့လဲ"

"ငယ်သေးတာပဲ. . . ရှေ့ကို တက်လမ်းအများကြီးရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား. . . အချိန်တွေ အလကား မထားနဲ့၊ အားတဲ့အချိန်မှာ ကိုယ့်ထက် သမ္မာရင့်တဲ့ ကိုယ့်နိုင်ငံ အနုပညာရှင်တွေရဲ့ အမူအယာတွေကော ကမ္ဘာနဲ့အဝှမ်းက ပညာရှင်တွေရဲ့အမူအယာကို လေ့လာ၊ ကိုယ်ပိုင်ဟန်အမူအယာလည်း မပျောက်စေနဲ့"

"ကိုနေ. . . ခင်ဗျားက ဒီလိုလည်း မိန့်ခွန်းခြွေတတ်ပါလား၊ မထူးပါဘူးဗျာ. . . ကျုပ်တို့အနုပညာလိုင်းကိုပါ ဝင်ပြီး ကုမ္ပဏီ ထောင်ပါတော့ဗျာ"

ဒါရိုက်တာကိုကျော်ဇံက ဝင်ပြောလိုက်ရာ ဦးနေရောင်က ရှက်ရယ်,ရယ်လိုက်ပြီး. . .

"ဒါတော့ ချမ်းသာပေးပါဗျာ၊ ကုမ္ပဏီတစ်ခုထဲနဲ့တောင် ခေါင်းစားလှပြီ၊ ခုတောင် ဆက်ခ်ထေရီက တော်လွန်းလို့ မျက်နှာလွှဲထားပြီး ထွက်လာခဲ့ရတာ"

"ခင်ဗျားဆက်ခ်ထေရီက တော်တယ်ဗျာ၊ တစ်ခါတည်းသာ အပိုင်ချည်ထားလိုက်ပါတော့လားဗျာ"

"ခင်ဗျားကလည်းဗျာ" ဟုသာ ဦးနေရောင်က ညည်းတွားပြီး နှုတ်ဆိတ်နေလိုက်လေသည်။

နောက် ဒီဇိုင်းတစ်မျိုးစီချင်း စာသားတစ်မျိုးနှင့် ကြော်ငြာ ထပ်ရိုက်ကူးကြသည်။

အားလုံးပြီးစီးသွားသည်ဆိုတော့ ညဆယ်နာရီ ထိုးသွားလေသည်။

ဦးနေရောင်လည်း အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။

အပြန်လမ်း ရောက်မှ ကားကူရှင်ကို မှီကာ မျက်စိမှိတ်ပြီး မှိန်းကာ အနားယူလိုက်ပါခဲ့လေသည်။

☺ အောင်မြင်စာပေ ☺



ကားကက်ဆက်မှလည်း လှိုင်ထိပ်ထား ကုန်ပစ္စည်း ကြော်ငြာတေးသီချင်းကို ဖွင့်ပြီးနားထောင်နေသည်ဖြစ်ရာ သီချင်းသံစဉ်နှင့် ဆက်စပ်ပြီး "ပန်းနုရွှေစင်" ၏လှုပ်ရှားမှုများကိုပါ မြင်ယောင်ရင်း ကျေနပ်ပြုံး,ပြုံးနေမိသည်။

ငယ်ဂုဏ်ကြောင့် ထင်သည်၊ တော်တော်ကို ချစ်စရာကောင်းတဲ့ ကောင်မလေးဟုလည်း တွေးတောကာ မြင်ယောင်နေမိပြန်သည်။

ထိုကာလ၌ သူ ရင်ထဲ၌ နွေးထွေးသောဝေဒနာတစ်ရပ်က ဖြစ်ပေါ်လျက် ရှိချေတော့သည်။

သို့သော်. . . ထိုဝေဒနာရပ်၏ အဓိပ္ပါယ်ကို သူ မဖွင့်ဆိုနိုင်ပါချေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"အံ့ဩပါရဲ့ဟယ်. . . ညည်းတို့ကော ကြားပြီးပြီလား"

နေ့လည်စာ ထမင်းစားချိန်၌ ထုံးစံအတိုင်း စာရင်းကိုင်ချုပ် ဒေါ်ကေသီက မိန်းမတို့ဘာသာဘာဝ ကြားသိလေသ[...]သတင်းစကားတို့ကို ဖြန့်ဖြူးရန် နိဒါန်းပျိုးလိုက်လေသည်။

ထက်ကြူနွေ့စံကတော့ ဒေါ်ကေသီကို လှမ်းကြည့်လိုက်[...]သာ ကြည့်လိုက်သည်။ သက်မာကတော့ ခပ်တိုးတိုးပင်. . .

"အမ်ဒီ့သတင်းလား"





"ဟုတ်ပ့ါတော်. . . မင်းသမီးကို မိတ်ကပ် သူကိုယ်တိုင်[...]မ်းပေးတယ်တဲ့တော်၊ ကြားလို့မှ ကောင်းကြသေးရဲ့လား၊ သူ့[...]လုပ်လားလို့၊ သူ့အမေကြီးသာ ဒီသတင်းကြားရင် သွေးတက်[...]မှာ သေချာတယ်"

"အဟိ. . . ဝေကတော့ အဲဒီအကြောင်းကြားတော့ မမ[...] ပြောတာ သွားသတိရပြီး ရယ်ချင်သွားတယ်"

"ဘာလဲ. . . ဂေးဆိုတာလား"

"အဟီး. . . ဟုတ်များ ဟုတ်နေသလားလို့"

ထက်ကြူနွေ့စံကတော့ မအံ့ဩပါ။ အမ်ဒီ၏ဂျပန်၌ သင်[...]ခဲ့သောပညာတွေအရ တတ်သည့်ပညာ မနေသာ ဆိုသည့်[...]ိုင်း လက်စွမ်းပြခဲ့သည် ဖြစ်မည်။ ဒါလည်း ကိုယ့်ကုမ္ပဏီအကျိုး[...]ွက် လုပ်တာပဲလေ။

ထိုအချိန်၌ ထက်ကြူနွေ့စံ၏ဆဲလ်ဖုန်းလေး၏ခေါ်သံ ထွက်[...] လာသည်။

ထက်ကြူနွေ့စံ. . .

"ခဏနော်" ဟု ဒေါ်ကေသီကို ခွင့်ပန်လိုက်ပြီး ဖုန်းလက်ခံ[...]သည်။

"အမိန့်ရှိပါရှင်"

ဖုန်းနံပါတ် စိမ်းနေသဖြင့် ထူးလိုက်ရင်း စဉ်းစားနေမိ[...]၊ ဘယ်သူပါလိမ့်။

"သမီး. . . အန်တီပါ၊ အမ်ဒီအမေ"

"ဟုတ်ကဲ့ အန်တီ. . . အမိန့်ရှိပါရှင်"

ထက်ကြူနွေ့စံ ရင်ထဲ ဒိတ်ကနဲ ဖြစ်သွားပြီး ပျာပျာသလဲ[...]ိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခု သမီးတို့ ထမင်းစားချိန်မှတ်လား"

"ဟုတ်ပါတယ် အန်တီ"

"ဒါဖြင့် အန်တီနဲ့ တွေ့ရအောင် ကုမ္ပဏီမျက်စောင်းထိုးက (××××××) စားသောက်ဆိုင်ကို လာခဲ့လိုက်"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်မ အခုချက်ချင်း ထွက်လာပါ့မယ်"

ထက်ကြွေစံ စားလက်စ ထမင်းဘူးကို သက်မာထံ အပ်နှံလိုက်သည်။

"ဟင်းတွေ အကုန်သာ စားပစ်လိုက်တော့နော်၊ အမ်ဒီ အမေ ခေါ်လို့ သွားတွေ့လိုက်ဦးမယ်"

"ဥက္ကဋ္ဌက တယ်ဟုတ်ပါလား၊ အရင်ဆက်ခံထေရီတွေနဲ့ တုန်းက စကားတောင် ဟဟာမပြောဖူးဘူး"

ဒေါ်ကေသီက ဝေဖန်လိုက်သည်။ ထက်ကြွေစံက ပြုံးကာ. . .

"သူ့အကြောင်းနဲ့သူ ရှိလို့နေမှာပေါ့ မမကေရယ်၊ ကျွန်မ သွားမယ်နော် သက်မာ၊ မမ ပြန်မရောက်သေးလို့ အမ်ဒီ မေးရင် ပြောပြလိုက်နော်"

"ဟုတ်ကဲ့ မမထက်၊ စိတ်ချလက်ချသာ သွားပါ"

ထက်ကြွေစံ ကုမ္ပဏီထဲမှ ထွက်ခဲ့လေသည်။ အနီးအနားမို့ ကုမ္ပဏီအဝတ်အစားနှင့်သာ ထွက်ခဲ့သည်။

ချိန်းဆိုထားရာ စားသောက်ဆိုင်ထဲသို့ ရောက်သောအခါ ဒေါ်ခင်ခင်ထားက ရောက်နှင့်နေလေပြီ။

"လာ. . ထိုင်. . သမီး"

"ဟုတ်ကဲ့ အန်တီ၊ ဖုန်းကြိုဆက်ထားရင် ကျွန်မ ရောက်နေ





...မှာပါ"

"ထမင်းကော စားပြီးရဲ့လား"

"ပြီးသွားပါပြီ"

"ဒါဖြင့် ကော်ဖီသောက်မလား၊ အအေးသောက်မလား၊ ...က်ရာသာ မှာလိုက်"

ထက်ကြွေစံက ကော်ဖီတစ်ခွက်သာ မှာလိုက်သည်။ ...ခင်ခင်ထားက မုန့်ပါ ထပ်မှာပေးလေသည်။

"အမ်ဒီကော"

"အပြင်သွားပါတယ်"

"ဘယ်သွားမယ် ပြောသလဲ"

"ကိုယ်ရေးကိုယ်တာကိစ္စများလား မသိဘူး၊ အပြင်သွား ...ပဲ ပြောပါတယ်၊ ကုမ္ပဏီကိစ္စဆိုရင်တော့ ကျွန်မသိပါတယ်၊ ...ဒီရဲ့လုပ်ငန်းစာရင်းက နေ့စဉ် ကျွန်မပဲ တင်ပြပေးရတဲ့အတွက် ..."

"ကြော်ငြာကိစ္စအတွက်လား"

"အဲဒီကိစ္စကလည်း ကျွန်မနဲ့ အန်တီဒေါ်ကြင်ဆွေပဲ လုပ်...တာပါ"

"ဒါဆို ရိုက်ကွင်းကိစ္စက ဘာဖြစ်လို့ ဟိုးလေးတကြော်...နေရတာလဲ"

ထက်ကြွေစံ သတိထားပြီး ဖြေလိုက်ရသည်။

"ဘာကိစ္စများပါလဲ အန်တီ"

"အမ်ဒီ မိတ်ကပ်လိမ်းတဲ့ကိစ္စလေ၊ သမီး မကြားဘူးလား"

"ဪ. . . အန်တီဒေါ်ကြင်ဆွေ ပါသွားပါတယ်၊ တကယ့်...ကပ်က ကြည့်မကောင်းလို့ အမ်ဒီကလည်း တစ်ရက်တည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးချင်တာ ရှုတင်စရိတ်လည်း သက်သာရအောင်ဆိုပြီး မနေသာလို့ ဝင်ပြီးလက်စွမ်းပြလိုက်တာပါတဲ့"

ဒေါ်ခင်ခင်ထား ရှုံ့မဲ့သွားသည်။

"အဲဒီလိုပဲ. . . ကိုယ့်နေရာကိုယ် မနေဘူး၊ စိတ်မြန်လက်မြန် ရှိလွန်းလို့ အန်တီက စိတ်မချတာ၊ ပြီးတော့ မင်းသမီးလေးက ငယ်ငယ်ချောချောလေးဆို"

"ဟုတ်ကဲ့"

"အင်း. . . သမီးကို အန်တီက တာဝန်ပေးချင်လို့ ခေါ်တာ"

ထက်ကြွေစံ မျက်ဝန်းဝိုင်းနှင့် ဒေါ်ခင်ခင်ထားကို ကြည့်လိုက်သည်။

ဒေါ်ခင်ခင်ထားက ပြုံးကာ. . .

"သိပ်လည်း လန့်မသွားနဲ့ဦး၊ ကြီးလေးတဲ့တာဝန်တော့ မဟုတ်ပါဘူး၊ အမ်ဒီ အလုပ်ကိစ္စ မဟုတ်ဘဲ အပြင်ထွက်တဲ့အခါ တိုင်း အန်တီဆီ ဖုန်းဆက်ပေးဖို့ပဲ"

ထက်ကြွေစံ၏စိတ်ထဲတော့ "ကွိုင်ပတ်ပြီ" ဟု တွေးကာ အရင်ဆက်ခ်တေရီတွေလည်း သားအမိနှစ်ယောက်ကြား ညပ်ပြီးဝဲ မြေဇာပင် ဖြစ်ကုန်ရတာများလားဟု တွေးမိသော်လည်း နီးရာခါး ကြောက်ရ၍ ခေါင်းညိတ်ကာ. . .

"ဟုတ်ကဲ့ အန်တီ"

ဒေါ်ခင်ခင်ထားက သူ့ စုံစမ်းပြီးသရွေ့တော့ ထက်ကြွေစံ၏မိသားစုအနေအထားနှင့် နောက်ကြောင်းရှင်းသည်ကို သိထားသည်။ ထက်ကြွေစံသည် ဆယ်တန်းအောင်ပြီးကတည်းက ဂိုက်လုပ်ရင်း ကျောင်းတက်ခဲ့သူ ဖြစ်သည်။ မိဘနှစ်ပါးကလည်း





အသက်တန်းပြဆရာ ဆရာမ ဖြစ်သဖြင့် အေးအေးဆေးဆေးပင် နေထိုင်ကြသူများဖြစ်သည်။ ငွေကြေးမချမ်းသာသော်လည်း စားနိုင် သောက်နိုင်ပြီး အကြွေးမရှိ ပညာရေးဝန်ကြီးဌာနက ပေးသော မြောက်ဒဂုံလိုနေရာ၌ ကိုယ်ပိုင်ခြံဝန်းနှင့် တိုက်အိမ်လေးတစ်လုံး တော့ ဆောက်ပြီး နေထိုင်သူများဖြစ်သည်။

ဒေါ်ခင်ခင်ထားအနေနှင့်ကလည်း ရိုးသားသော ဂုဏ်သိက္ခာနှင့် မိန်းမချောတစ်ယောက်ကိုသာ ချွေးမအဖြစ် လိုချင်သည်။ စီးတွဲရေ ဆည်တဲ့ကန်သင်းဆိုသလို သားဖြစ်သူ ရှာဖွေသမျှ ငွေစိမ်ချမ်းသာဟူသမျှတို့ကို အလေအလွင့်မရှိ ထိန်းသိမ်းနိုင်စွမ်း ရှိသူကိုသာ ချွေးမတော်ချင်သည်။

ထက်ကြွေစံ၌ မိမိလိုချင်သော အရည်အချင်းတွေ အကုန်ရှိသည်။

"မုန့်လည်း စားဦးလေ သမီး"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်ခင်ခင်ထားသည ထက်ကြွေစံကို တစိမ့်စိမ့် ကြည့်ပြီး သဘောကျနေသည်။ နာရီဝက်ခန့် စကားပြောဆိုကြည့်ပြီး နောက် ဒေါ်ခင်ခင်ထားနှင့် လမ်းခွဲခဲ့သည်။ ဒေါ်ခင်ခင်ထား ကား ပေါ် တက်သွားသည်အထိ ထက်ကြွေစံ လိုက်ပို့ပေးပြီးမှ ကုမ္ပဏီ သို့ ပြန်ဝင်ခဲ့လေသည်။

အမှန်တော့ ထက်ကြွေစံထံသို့ ဒါရိုက်တာကိုကျော်ဇံ၏ မိခင့်ဝါက ဖုန်းဆက်ပြောထားသဖြင့် ဒီကနေ့ နေ့လည် အမ်ဒီ အပြင်ထွက်သွားခြင်းသည် ကိုကျော်ဇံနှင့်အတူ ကြော်ငြာကို တည်း ဖြတ်ရန် သွားခြင်းဖြစ်သည်။ ကောင်းနိုးရာရာတို့ကို ရွေးချယ် ရန်အတွက် ဆက်စပ်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဒေါ်ခင်ခင်ထားကို အသိမပေးလိုက်ခြင်းအတွေ
သူ့အမှားတော့ မဟုတ်ပါဘူး။

သားအမိကြား ဝင်မပါတာ အကောင်းဆုံးသာ ဖြစ်သ
ဟု ခံယူလိုက်သည်။

ကြားဆိုလျှင် ဘယ်ကြားမှ မဝင်တာ အကောင်းဆုံးဖြ
သည်။

"မမ. . . ဘွားတော်ကြီးက ဘာတဲ့လဲ"

အလုပ်နေရာစားပွဲ ပြန်ရောက်တော့ သက်မာက မေးေ
သည်။ ထက်ဣန္ဒြေစံက စကားမရှုပ်စေရန်အတွက်. . .

"မြို့ထဲ ရောက်လာရင်း ကော်ဖီသောက်ဖော် မရှိလို့ လှ
ခေါ်လိုက်တာပါ"

ဟုသာ ဖြေလိုက်လေသည်။







# အခန်း(၁၄)

နောက်ပိုင်း ကြော်ငြာကိစ္စအတွက်ကို အမြန်ထွက်နိုင်ဖို့
တွက် ထက်ဣန္ဒြေစံနှင့်ဒေါ်ကြင်ဆွေသာ လှုပ်ရှားကြသည်။

ယခုခေတ် ရုပ်သံလိုင်းမှန်သမျှတွင် ပါရန် ကြိုးစားကြလေ
နှစ်မကုန်မီ တစ်လမှစ၍ ကြော်ငြာက ရုပ်သံလိုင်းပေါင်းစုံ၌
လေသည်။

လှိုင်ထိပ်ထား ကုန်ပစ္စည်းကြော်ငြာ၏ သီချင်းသံ စာသား
ကလေးတွေ ပါးစပ်ဖျား၌ ရေပန်းစားသည်ဆိုတော့ "ပေါက်"



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ထို့အတူ ကြော်ငြာနှင့် တွဲ၍ တက်သစ်စ မော်ဒယ် မင်း သမီးလေး ပန်းနုရွှေစင်မှာလည်း အရောင်လက်ကာ တောက်ပသွား လေတော့သည်။

ဂျာနယ်မဂ္ဂဇင်းများ၊ ဝေါရီများ၌ ပန်းနုရွှေစင်ပုံချည်း နေရာယူလာလေတော့သည်။

ဒါရိုက်တာ ကိုကျော်ဇံနှင့် တွဲ၍ ပန်းနုရွှေစင်ကိုပါ ကြော် ငြာရိုက်ကူးရန် ကမ်းလှမ်းခြင်း ခံရသလို ဗွီဒီယိုအတွက်ပါ စကား ပြောဆိုလာကြလေပြီ။ အခြားဒါရိုက်တာများကလည်း "ပန်းနု ရွှေစင်" ကို တိုက်ရိုက်ကမ်းလှမ်းလာသည်။

"သား. . . မိတ်ကပ်က လိမ်းတာကပဲ ကောင်းလို့လား မသိဘူး၊ မင်းသမီးလေးက လှလိုက်တာ"

ဒေါ်ခင်ခင်ထားက တီဗွီမှ လွှင့်ပြနေသော လှိုင်ထိပ်ထား ကြော်ငြာကို ကြည့်ပြီး ချီးကျူးလိုက်လေရာ အမ်ဒီဦးနေရောင် တွေ ကနဲ ဖြစ်သွားပြီး မိခင်ကို လှမ်းကြည့်လိုက်သည်။

"ဟင်. . . မေမေက သား မိတ်ကပ်လိမ်းပေးတာ သိ တယ်"

ဒေါ်ခင်ခင်ထားက မိန့်မိန့်ကြီး ပြုံးကာ သားဖြစ်သူ ကြည့်လိုက်လေသည်။ နောက်မှ. . .

"ဘာလဲ. . . သားက မေမေက အိမ်ထဲ နေလို့ ဘာမှမ ဘူး ထင်နေသလား၊ သားမိတ်ကပ်လိမ်းပေးတာလည်း မေမေ သိတယ်၊ သား ဒီကြော်ငြာစရိတ်ကို ဘယ်လောက်သုံးလိုက်တယ် ဆိုတာလည်း မေမေသိတယ်၊ သား အပြင်မှာ ဘာလုပ်နေတယ် ဆိုတာကို မေမေ အကုန်သိတယ် သား၊ ခုဆို ကိုကျော်နဲ့ ဗွီဒီ





တစ်ကားရိုက်ဖို့ ပြောဆိုနေတယ်မှတ်လား"

ဦးနေရောင် မိခင်ကို တအံ့တဩ ကြည့်လိုက်လေသည်။

"ဒါကတော့ သားကြောင့် ပျက်သွားရတဲ့ ဗွီဒီယိုကားမို့လို့ သားမှာ တာဝန်ရှိတယ် ထင်လို့ တာဝန်ယူလိုက်တာပါ၊ ကုမ္ပဏီ ပိုက်ဆံနဲ့ မလုပ်ပါဘူး၊ သားကိုယ်ပိုင်ငွေနဲ့ပဲ လုပ်မှာပါ"

"ငွေက အဓိက မဟုတ်ပါဘူး၊ ရုပ်ရှင်ဆိုတာ ရင်ရှုပ်ရ တယ်၊ မေမေကတော့ သားကို အဲဒီလောကနဲ့ လုံးဝမပတ်သက်စေ ချင်ဘူး၊ သားမှာ အဲဒီလောကနဲ့ ပတ်သက်ပြီး ရန်သူနှစ်ယောက် ရှိသွားပြီမှတ်လား"

"ဟင်. . . ဘယ်သူတွေလဲ"

ဦးနေရောင် အံ့ဩပြီးရင်း အံ့ဩရလေသည်။

"ဘယ်သူတွေလဲဆိုတာ သားအသိဆုံးပါ၊ သားက မသိချင် ဟန်ဆောင်နေတော့ မေမေ ပြောပြမယ်၊ မင်းသမီးမြိုင်နဲ့ မိတ်ကပ် ဆရာတို့လေ၊ သူတို့က သားကို အပြုံးထားပြီး သားဂုဏ်သိက္ခာ ကျဆင်းအောင် ပြောဆိုဖို့အတွက် ချောင်းနေမှာပဲ"

"ဒါကတော့ ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး မေမေ"

"မေမေလည်း သားကို ယုံကြည်လို့ ဘာမှဝင်မပြောဘူး၊ ကုမ္ပဏီကိစ္စအတွက် ငါ့သား စွန့်လုပ်လိုက်တာပဲဆိုပြီး မင်းသမီးကို ကိုယ်တိုင်မိတ်ကပ်လိမ်းပေးလိုက်တဲ့ကိစ္စလည်း ကြည့်နေလိုက် တယ်"

"ဒါကြောင့် ကြော်ငြာက ပေါက်သွားပြီမှတ်လား မေမေ"

"အေးပါ. . . ကြော်ငြာက ပေါက်လို့ ကုန်ပစ္စည်းတွေလည်း ရောင်းအားတက်လာတယ်၊ မင်းရဲ့ပီအေကလည်း မင်းကိုပဲစား နေက်နှာလွှဲလို့ရအောင် တော်တယ်ဆိုတော့ ကုမ္ပဏီကို ပဲထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်နယ် ကူးမယ်ဆိုတဲ့ စိတ်ကူးရှိရင် ဖျက်ပစ်လိုက်ပါ၊ မေမေ လုံးဝသဘောမတူဘူးနော်"

ဦးနေရောင် အကျပ်ရိုက်သွားသည်။ ကိုကျော်ဇံနှင့်ကော မင်းသမီး ပန်းနုရွှေစင်နှင့်ပါ ပြောပြီးဆိုပြီးသားဖြစ်နေသည်။

"သား စကားလွန်ထားပြီးသွားပြီ မေမေ၊ ဒီတစ်ကားပါပဲ၊ ကိုကျော်က ဖေဖေ့လက်ထက်ထဲက ကြော်ငြာရိုက်ပေးခဲ့တဲ့ကျေးဇူးကလည်း ရှိနေတယ်၊ ဒီတစ်ကားကလည်း မြိုင်က သားကြောင့် လက်မခံလိုက်တဲ့ကား ဖြစ်နေတယ်၊ ပြောပြီး ဇာတ်လမ်းဇာတ်ညွှန်းကလည်း ကောင်းလို့ပါ မေမေ၊ သားကို ဒီတစ်ကားတော့ ခွင့်ပြုပါ မေမေ"

ဒေါ်ခင်ခင်ထား သက်ပြင်းချလိုက်လေတော့သည်။ သား ဖြစ်သူက ဒီလောက်အထိ တောင်းပန်နေတော့လည်း ခွင့်ပြုလိုက်ရ ပေတော့မည်။ ခွင့်မပြုဘူး တင်းခံထားတော့ မိမိကွယ်ရာမှာ ဆက်လုပ်နေလျှင် ပို၍ဆိုးသွားနိုင်သည်။ ထို့ကြောင့်. . .

"ကောင်းပြီလေ. . . ဒါဖြင့် မေမေ့ကို ကတိတစ်ခုတော့ ပေးရမယ်"

"ဟုတ်ကဲ့ မေမေ. . . ဘာကတိပေးရမှာလဲ"

"သား ဘယ်သူ့ကိုမှ မိတ်ကပ်မလိမ်းပေးရဘူး"

"ဟုတ်"

"နေဦး. . . မေမေ စကားမဆုံးသေးဘူး၊ မင်းသမီးတွေနဲ့ မရှုပ်ရဘူး၊ မော်ဒယ်တွေ မင်းသမီးတွေကို မေမေ့ချွေးမအဖြစ် လုံးဝလက်မခံနိုင်ဘူး၊ မေမေ့ကို ရှေးကျတယ်၊ ဒိတ်အောက်တယ်၊ မော်ဒန်အောက်တယ်ပဲပြောပြော၊ မေမေကတော့ မေမေ့ချွေးမဆို ပညာတတ် ရုပ်ချောပြီး မင်းလုပ်ငန်းကိုလည်း မင်းနဲ့အတူ နားလည်





လုပ်ကိုင်နိုင်သူ၊ ပြီးတော့ အိမ်ရှင်မကောင်း မိခင်ကောင်း ဖြစ်မယ့် မိန်းကလေးမျိုးပဲ ချွေးမတော်နိုင်မယ်"

ဦးနေရောင် မိခင်မပြောလည်း မိခင်စိတ်ကို နားလည်ပြီး သားဖြစ်သည်။ ဒီအချက်က သူ့စိတ်နှင့်လည်း တူနေသည်မို့ မဆိုင်းမတွပင်. . .

"ဟုတ်ကဲ့ မေမေ၊ ဒီအချက်ကတော့ သားနဲ့မေမေနဲ့ တူညီတယ်၊ ဒီအတွက် စိတ်သာချပါ မေမေ၊ ဒီကိစ္စက ဘဝတစ်သက်တာ လုံးနဲ့ ဆိုင်တဲ့ကိစ္စမို့ သားလည်း အလေးအနက်ထားပြီး မေမေကို အသိပေးမှာပါ"

"အေးကွယ်. . . သာဓု. . . သာဓု. . . သာဓု၊ မေမေက လည်း သားဆန္ဒ မပါဘဲ ဇွတ်မစီစဉ်ခဲ့သလို သားကလည်း မေမေ့ ဆန္ဒမပါဘဲ မလုပ်ဘူးလို့ မေမေ စိတ်ချနေမယ်နော်"

"စိတ်ချပါ မေမေ"

သားအမိနှစ်ယောက် သဘောတူညီချက်များနှင့် စကား လက်ဆုံကျခြင်းကို ဦးနေရောင်၏ဂျီအက်စ်အမ်ဖုန်းမှ ခေါ်သံထွက် ပေါ်လာသဖြင့်. . .

"ဒါဖြင့် သား ဖုန်းသွားပြောလိုက်တော့မယ်နော် မေမေ"

ဖုန်းစကင်န်ပေါ်က နာမည်က ပန်းနုရွှေစင် ဖြစ်နေသော ကြောင့်ဖြစ်သည်။

"အေး. . . အေး"

မိခင်က ခွင့်ပြုလိုက်သည်နှင့် သူ အပေါ်ထပ် အိပ်ခန်းဆီ တက်ခဲ့ရင်း. . .

"ဟယ်လို"

"ဟယ်လို. . . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေ. . . မီးအသံ မမှတ်မိဘူးလား"

"မှတ်မိပါတယ်"

"မီး ဦးနေကို အရမ်းကျေးဇူးတင်နေတာ၊ ဦးနေကို လာကန်တော့ချင်တယ်"

"ဘာအတွက် ကျေးဇူးတင်ရတာလဲ"

"မေးနေရသေးလား. . . ဦးနေကြောင့် မီး စင်ပေါ်ရောက်သွားပြီလေ"

"ဒါက ညည်းအရည်အချင်းနဲ့ ညည်းရဲ့ကြိုးစားမှုကြောင့်ပါလေ"

"မဟုတ်ပါဘူး. . . မီးကို လှိုင်ထိပ်ထားကြော်ငြာအတွက် ဦးနေ ရွေးခဲ့တာလေ၊ ဦးနေနဲ့ဦးကျော်ဟာ မီးဘဝကို မြေတောင်မြှောက်ပေးတဲ့ ကျေးဇူးရှင်စစ်စစ်တွေပါ၊ ဦးကျော်ကိုတော့ ကန်တော့ပြီးပြီ၊ ဦးနေကိုပဲ ကန်တော့ဖို့ ကျန်တော့တယ်၊ အဲဒါ မီးကို အချိန်ပေးနိုင်မလား၊ ဘယ်ကိုလာရမလဲလို့"

ဦးနေရောင် တွေဝေသွားသည်။ မိခင်ကို စောစောကပင် ကတိတွေ ပေးထားသည်။

"ခုလိုပြောတာနဲ့တင် ကန်တော့ပြီးပြီလို့ ယူဆလိုက်တော့မယ်၊ တကူးတက မလုပ်နဲ့ မလာနဲ့၊ နောက် ညည်းကို ငါ ပရိုဂျူဆာလုပ်မယ့်ကားမှာ ညည်းကို မင်းသမီးတင်ဖို့ ကိုကျော်ကို ပြောထားပြီးပြီ၊ ညည်းကို ကိုကျော် ဆက်သွယ်လာပြီလား"

"ဟင့်အင်း. . . မီး အခုမှ အားပြီး ဖုန်းဖွင့်လိုက်တာပြီးတော့ ဦးနေဆီကို အရင်ဆုံး ဆက်တာ"

ဦးနေရောင် ရင်ထဲ တုန့်ခနဲတုန်သွားသည်။ ပန်းနုရွှေစင်၏ချွဲနွဲ့နွဲ့အသံသာလေးက သူ၏ရင်ခုန်နှုန်းကိုလည်း မြန်ဆန်စေ





သည်။

"ဦးနေ"

"အင်. . . ပြော"

"ဦးနေကြောင့် မီးဘဝ ပြောင်းလဲသွားပြီ သိလား"

"အင်း. . . ဆိုပါဦး"

"ခုဆိုရင် မီး ကိုယ်ပိုင်တိုက်ခန်းနဲ့ ဖြစ်သွားပြီ၊ မီးကို ကြော်ငြာအတွက်ရော ဗွီဒီယိုကားတွေအတွက်ပါ ကမ်းလှမ်းပြီး စာချုပ်တွေ ချုပ်လာကြပြီ"

"ဒါဆိုရင် ကိုကျော် ရိုက်မယ့် ကျုပ်ကားအတွက် ညည်း အချိန်ပေးနိုင်ပါ့မလား"

"ဟင်. . . ဘာလို့ မပေးနိုင်ရမှာလဲ၊ ပေးနိုင်တာပေါ့. . . နေဟာ မီးဘဝကို စင်တင်ပေးတဲ့ နံပါတ်တစ် စာရင်းဝင်ပဲဟာ၊ နေနဲ့ ဦးကျော်ဆိုတော့ မီးအတွက် အခက်အခဲ မရှိပါဘူး၊ ကျော်နဲ့က ကြော်ငြာတွေအတွက် စာချုပ်,ချုပ်ပြီးသားလေ"

"ဒါဆိုရင် အဲ့ဒီကိစ္စနဲ့ကျမှ တွေ့ကြတာပေါ့၊ ဘယ်လိုမှ င်နဲ့နှော် ရွှေစင်၊ ငါမအားလို့ပါ"

"မီးသဘောပေါက်ပါတယ်လေ. . . မီးအတွက် ဦးနေရဲ့ သိက္ခာကို ထိခိုက်မှာစိုးလို့မှတ်လား"

"ဟာ. . . မဟုတ်ပါဘူး၊ ဦးနေ တကယ်မအားလို့ပါကွယ်၊ တော့မှပဲ လက်အုပ်ချီ ကန်တော့လိုက်ပေါ့ကွယ်"

"မီးက အလေးအနက် ထားပြီးတော့ကို ကန်တော့ချင်တာ ပေမယ့်လည်း ဘယ်တတ်နိုင်ပါ့မလဲလေ၊ ဦးနေ သဘောပါပဲ"

"မီး ဘာပြောစရာရှိသေးသလဲ"

"ဟော. . . ကြည့်၊ မီးနဲ့ စကားမပြောချင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီကလေးမ မဟုတ်ရပါဘူး၊ ကိုင်း. . . ပြောစေဗျာ"

ဦးနေရောင် ကုတင်ပေါ် လှဲချကာ နားထောင်နေလိုက်သည်။ တီတီတာတာ ချွဲချွဲနွဲ့နွဲ့အသံလေးနှင့် ပြောနေသော ပန်းနုရွှေစင်၏အသံကို ဥပေက္ခာပြုဖို့ နေနေသာသာ သောတရုံနှင့်ပင် ရင်ဝယ် ကြည်နူးမှုတို့က ပျော်ဝင်စီးဆင်းလျက် ရှိချေတော့ပြီ။







## အခန်း(၁၄)

"ဆရာ. . . ကျွန်မ ရောက်ပါပြီ"

ထက်ကြွေစံ စားပွဲရှေ့ ရပ်ကာ အသံပြုလိုက်သည်။ လက်တော့ကွန်ပျူတာ သုံးနေရာမှ ဦးနေရောင် ခေါင်း[illegible]က်ပြီး. . .

"အေး. . . ငါ့ကို ဘလက်ခ်ကော်ဖီတစ်ခွက် လုပ်ပေးပြီး [illegible] တိုင်ပင်စရာရှိတယ်"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ထက်ကြွေခြွေစံ ပြန်ထွက်ခဲ့သည်။ အမ်ဒီ၏အကြိုက်ကို သူ ကိုယ်တိုင်ဖျော်ပေးပြီး အမ်ဒီရုံးခန်းသို့ ပြန်ဝင်ခဲ့လေသည်။

အမ်ဒီက ဆိုဖာဆက်တီ၌ ထိုင်နေသဖြင့် ထက်ကြွေခြွေစံ လည်း ဆက်တီစားပွဲပေါ်သို့ ကော်ဖီခွက်ကို တင်ပေးလိုက်သည်။

"ထိုင်ပါ"

"ဟုတ်ကဲ့ ဆရာ"

ထက်ကြွေခြွေစံ မျက်နှာချင်းဆိုင် ဆိုဖာဆက်တီ၌ ဝင်ထိုင် လိုက်သည်။

"ကြော်ငြာအတွက် မင်းနဲ့ဒေါ်ကြင်ဆွေကို ကျေးဇူးတင် တယ်၊ နှစ်လည်အစည်းအဝေးကျမှ ဂုဏ်ပြုလက်ဆောင်ပေးမယ်"

"အန်တီဒေါ်ကြင်ဆွေရဲ့အစွမ်းပါ. . . ကျွန်မက ကူညီရုံပဲ ကူညီတာပါ"

"ဒေါ်ကြင်ဆွေက မင်းအစွမ်းလို့ ပြောတယ်၊ ထားပါလေ မင်းတို့နှစ်ယောက်စလုံး တော်လို့ပေါ့၊ ဒါပေမယ့် အခုကိစ္စကတော့ မင်းတစ်ယောက်တည်းပဲ လုပ်ရတော့မယ်"

"ဘာကိစ္စများပါလိမ့် ဆရာ"

"ငါ ကိုကျော်ပေးတဲ့ဇာတ်လမ်းကို ဖတ်ပြီးသွားပြီ. . . ကြိုက်တယ်၊ ဒါကြောင့် ငါ ပရိုဂျူဆာ လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ချစ်ကြိုဂံ ဆိုတဲ့ဇာတ်လမ်းလား ဆရာ"

"အေး. . . ဟုတ်တယ်၊ မင်းသိပြီးပြီလား၊ ဖတ်ကော ဖတ် ပြီးပြီလား"

"ဖတ်တော့ မဖတ်ရပါဘူး၊ မဝါ ပြောလို့၊ မြိုင်နဲ့ ပြော[illegible] သားကို မြိုင်က ဖျက်လိုက်တယ်ဆိုတဲ့ကားမှတ်လား ဆရာ"

"အေး. . . ဟုတ်တယ်"





"မင်းသမီးဇာတ်ပဲ. . . မင်းသားနှစ်လက်နဲ့လို့ မဝါ ပြော [illegible]ယ်၊ မင်းသမီး အရေးကြီးတယ်၊ ဆရာ စဉ်းစားပြီးပြီလား"

"အင်း. . . ပန်းနုရွှေစင်နဲ့ပဲပေါ့"

ထက်ကြွေခြွေစံ ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ "ထိတ် [illegible]နဲ" စိုးရိမ်စိတ်က ဘာကြောင့်များ ဖြစ်ပေါ်လာရတာပါလိမ့်။ [illegible]က်ကြွေခြွေစံ ကိုယ့်ကိုယ်ကို သတိပေးကာ အေးဆေးစွာပင်. . .

"ဟုတ်ကဲ့. . . ကောင်းပါတယ်"

"ကုမ္ပဏီငွေနဲ့ ရိုက်မှာ မဟုတ်ဘူး၊ ငါ့ကိုယ်ပိုင်ငွေနဲ့ ရိုက် [illegible] ဒီငွေကို မင်းတာဝန်ယူပြီး ထုတ်ပေးရလိမ့်မယ်၊ ဒီအတွက် [illegible]ကြေးထုတ်ပေးဖို့ ခေါင်းစဉ်စာရင်းဇယားကအစ မင်း တာဝန်ယူ [illegible]ိုင်မလား"

"ကျွန်မက ဆရာရဲ့အတွင်းရေးမှူးပဲ၊ ဆရာခိုင်းသမျှ [illegible] လုပ်ပေးရမှာ ကျွန်မဝတ္တရားပါ ဆရာ"

"ဒါက ကုမ္ပဏီနဲ့ မပတ်သက်တော့ မင်းအတွက် သီးခြား [illegible]ငွေ ပေးမှာပါ"

"ဒီအတွက် ကျွန်မ ကူညီတာ မဟုတ်ပါဘူး ဆရာ၊ ဆရာ [illegible]ပ်လာတဲ့ တာဝန်မှန်သမျှကို ကျွန်မ ကျေပြွန်စွာ လုပ်ဆောင် [illegible]ပါ ဆရာ"

"ဒါဖြင့် စာချုပ်တွေ အဆင်သင့် လုပ်ထားဖို့ လိုတယ်"

"စာချုပ်မှာ ဘာတွေထည့်ရိုက်ရမလဲ ဆရာ၊ ကိုကျော်နဲ့ [illegible]ပြီးပြီလား"

"ပြီးပြီ. . . မင်းသမီးကို ပန်းနုရွှေစင် သုံးမယ်၊ မင်းသား [illegible]နဲ့ အခြားသရုပ်ဆောင်တွေကို ဒါရိုက်တာက ရှာမယ်၊ [illegible] ပရိုဂျူဆာနဲ့ ညှိနှိုင်းရမယ်၊ ဒါရိုက်တာရဲ့ရိုက်ကူးရေးဖို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ ဝင်မစွက်ဖက်ဘူး၊ အဲ. . . ရှုံးရင် ပရိုဂျူဆာကပဲ အရှုံးခံမယ် မြတ်ရင်တော့ ဒါရိုက်တာကို ပရိုဂျူဆာက တစ်ဝက်ပေးမယ် လိုအပ်သောငွေကို ပရိုဂျူဆာရဲ့ပီအေဆီမှာ စာရင်းဇယားနှင့်တ ထုတ်ယူရန် ဆိုတဲ့အချက်တွေပေါ့ကွာ၊ မင်းလုပ်တတ်ပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ကိုကျော်က ဒါရိုက်တာကြေး မယူဘူ ပေါ့"

"မယူဘူးလေ. . . ဝတ္ထုဇာတ်ညွှန်းအတွက်ပါ မယူတာ"

"ဘာဖြစ်လို့လဲ ဆရာ"

"မင်းကို မဝါက မပြောဘူးလား"

"မဝါနဲ့ အဆက်အသွယ် ပြတ်နေတာ ကြော်ငြာကိစ္စ ကတည်းကပါ"

"ဩော်. . . ဒီလိုလား၊ မဝါက စာရေးဆရာမ "ဝင့်" ချစ်ကြိုက်က သူ့ဝတ္ထု၊ ကိုကျော်က ဇာတ်ညွှန်းရေးတာဆိုတော့ ဒီ ပေါက်သွားရင် ပြီးရောဆိုပြီး စိတ်အားထက်သန်နေကြတာ"

"မြို့ငွေကို မခံချင်တာလည်း ပါမှာပါလေ၊ ပန်းနုရွှေ ကံကောင်းဖို့ ဖြစ်လာတာပေါ့ ဆရာ၊ စိတ်ချပါ ဆရာ၊ ကျွန်မ တ ကျကျ လုပ်ပေးပါ့မယ်"

"ဗွီဒီယိုအတွက် သီးခြားငွေကို ဘဏ်စာရင်းတစ်ခု ဖွင့် မယ်၊ ကုမ္ပဏီရဲ့စာရင်းနဲ့ မရောစေနဲ့၊ မင်းတော့ နည်းနည်းအ များမယ်နော်"

"ရပါတယ် ဆရာ၊ ကျွန်မ စနစ်တကျ လုပ်ဆောင်ပေ မယ်"

"အိုကေ. . . ဒါဖြစ်ရင် ဒါပဲလေ၊ မင်းကို ယုံကြည်စိတ်ချ လွှဲထားလိုက်ပြီနော်"





"ဟုတ်ကဲ့ပါ ဆရာ. . . စိတ်ချပါ"

"မင်းအရည်အချင်းကို ယုံကြည်လို့လည်း ငါ ဒီကားကို က်ခံဖြစ်တာလည်း ပါ,ပါတယ်၊ ဒါပဲပဲလေ. . . မင်းသွားနိုင်ပါပြီ"

"ဟုတ်ကဲ့ ဆရာ. . . ခွင့်ပြုပါ"

ထက်ကြွေ့စံသည် အမ်ဒီသောက်ပြီးသွားသော ကော်ဖီ က်ကိုပါ ယူပြီး ပြန်ထွက်ခဲ့လေသည်။

ရင်ထဲမှာတော့ သီးသန့်လစာ အပိုရမည်ကိုလည်း မပျော် င်နိုင်ဘဲ လေးလံလျက် ရှိချေသည်။

ဗွီဒီယိုကား အကြောင်းပြပြီး အမ်ဒီတစ်ယောက် ဗွီဒီယို ကူးရေးဆီသို့ ခြေဦးမလှည့်ဘူးဟု မပြောနိုင်ချေ။

အမ်ဒီ "ပန်းနုရွှေစင်" ကို မိတ်ကပ်လိမ်းပေးသည့်ကိစ္စ ဆောင် ဘာလိုလို သတင်းတွေ ထွက်ခဲ့သော်လည်း အမ်ဒီနှင့် ပန်းနု င်မှာ နှစ်ယောက်တည်း သွားလာခြင်း မရှိသဖြင့် သတင်းက ကျယ်အပြန့် ထွက်ပေါ်လာခြင်း မရှိဘဲ ခုနစ်ရက်အတွင်း က်ကွယ်သွားခဲ့လေသည်။

သို့သော် ယခုတစ်ဖန် ဗွီဒီယိုကားနှင့် ထပ်မံဆက်နွယ်နေ ည်ဆိုတော့. . .

ထက်ကြွေ့စံ သက်ပြင်းသာ ချလိုက်လေတော့သည်။ သူ့ နှင့် ဘာမှပြောပိုင်ခွင့်မှ မရှိလေဘဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

ထက်ကြွေခြံစံ ကြိုတင်မှန်းဆထားသည့်အတိုင်းပင် ဖြ
လာလေပြီ။

ဒါရိုက်တာကိုကျော်ဇံနှင့်ကလည်း ရင်းနှီးပြီးသား ဖြ
သဖြင့် အမ်ဒီ ဦးနေရောင်သည် ဦးကျော်ဇံနှင့်အတူ ရိုက်ကွင်
အချိန်ကုန်သည်က များလာသည်။

"ကုမ္ပဏီကိစ္စအတွက် မရှိမဖြစ် လိုအပ်ရင် ငါ့ကို ဖု
ဆက်ခေါ်လိုက်" ဟု ထက်ကြွေခြံစံကိုတော့ မှာပြီးမှ ထွက်သွားတ
သည်။





ထို့ကြောင့် ထက်ကြွေခြံစံမှာ အမ်ဒီကိုယ်စား ဆောင်ရွက်
နိုင်သမျှတို့ကို ကိုယ်စားဆောင်ရွက်ပေးရလေသည်။

သို့သော် သူ အမ်ဒီကိုယ်စား ဘာဆောင်ရွက်ရွက် အမ်ဒီ
ခင် ဒေါ်ခင်ခင်ထားကို လှမ်း၍တိုင်ပင်ပြီးမှ အသိပေးပြီးမှ လုပ်
ဆောင်လေ့ရှိသည်။

ဒေါ်ခင်ခင်ထားမှာ ထက်ကြွေခြံစံ၏လုပ်ရည်ကိုင်ရည်များ
ကို သဘောအကျကြီးကျလျက်ရှိလေသည်။

ထို့ကြောင့် ကုမ္ပဏီသို့လည်း မကြာခဏ လာရောက်ပြီး
ထက်ကြွေခြံစံနှင့် စကားပြောလေ့ရှိသည်။

ဒေါ်ခင်ခင်ထားစိတ်ထဲ ထက်ကြွေခြံစံကို ကြည့်ပြီး ချွေးမ
တော်ချင်သောစိတ်က ခိုင်မြဲသည်ထက် ခိုင်မြဲလာလေသည်။

ဒါ့အပြင် ဝန်ထမ်းပိုင်းများကလည်း ထက်ကြွေခြံစံကို
သက်သဘောကျကာ ချစ်ခင်ကြသည်။ ဆက်ဆံရေး ကောင်း
သည်။ ပြေပြစ်သည်။ ရာထူးကြီးကြီးငယ်ငယ် "မထက်" ရေ
"ထက်ထက်" ရေနှင့် တရင်းတနှီး ဆက်ဆံကာ တလေးတစားနှင့်
လည်း ဆက်ဆံကြသည်။

ဗိုလ်ချုပ်ဈေးဟောင်းရှိ ဆိုင်နှင့် စက်ရုံရှိ ဝန်ထမ်းများက
ထက်ကြွေခြံစံကို ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ထက်ကြွေခြံစံ
သောတာဝန်များကို အမ်ဒီပေးသကဲ့သို့ သဘောထားကာ ဆက်
ကြသဖြင့် ဒေါ်ခင်ခင်ထား သဘောအကျကြီး ကျနေခြင်းဖြစ်
သည်။

ထက်ကြွေခြံစံနှင့် နီးနီးကပ်ကပ် နေကြည့်လေလေ၊ ထက်
ခြံစံ အရည်အချင်းတွေ တွေ့လာလေလေဖြစ်ပြီး ဒေါ်ခင်ခင်
ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ပင် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ ကုမ္ပဏီပိတ်ရက်တစ်ရက်၌ ထက်ကြွေစံတို့ကိုကြိုတင်ပြောမထားဘဲ ထက်ကြွေစံ အိမ်သို့ ရောက်ချသွားလိုက်သည်။

ခြံဝန်းအတွင်းဝယ် သစ်ခွရုံနှင့် စံပယ် နှင်းဆီ ဆလတ် ဇီဇဝါ သနပ်ခါးပန်း ယုဇနပန်းနံ့တို့ဖြင့် သင်းပျံ့မွှေးကြိုင်နေသလို မြက်ပင်ပေါင်းပင်မရှိ ရှင်းလင်းနေသည်။

အသက်(၅၀)အရွယ် အသားညိုညိုနှင့် လူကြီးတစ်ယောက်က ပန်းပင်ရေလောင်းနေသည်။

သူ့ကားဟွန်းသံ ပေးလိုက်သည်နှင့် ရေပိုက်ကို ချလိုက်ပြီး ခြံတံခါးနား ရပ်ကာ လှမ်းကြည့်သဖြင့်. . .

"ဒါ ထက်ကြွေစံတို့အိမ်ပါလား"

"ဗြော်. . . ဟုတ်ပါတယ်ခင်ဗျာ၊ သမီးရှိပါတယ်၊ ကားခြံထဲ ဝင်လို့ရပါတယ်ခင်ဗျာ" ဟု လိုက်လိုက်လှဲလှဲ ပျူငှာစွာ ပြောဆိုရင်း ခြံတံခါးကို တစ်ခါတည်း ဖွင့်ပေးလေသည်။

"ရပါတယ်. . . ကျွန်မ ဆင်းလျှောက်ခဲ့ပါ့မယ်"

ဒေါ်ခင်ခင်ထားက ခြံထဲ လမ်းလျှောက်ဝင်ခဲ့လေသည်။ ခြံက ပေ(၈၀)၊ ပေ(၆၀)ခန့် ရှိသည်မို့ ပန်းခြံစိုက်ခင်းကို သေသေချာချာလေး လုပ်ထားနိုင်ပုံ ရသည်။ နောက်ဖက်ပိုင်းတွင် ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်၊ ခရမ်းချဉ် စသော ရာသီ,သီးနှံလေးများလည်း စိုက်ပျိုးထားသည်ကို တွေ့ရသည်။

"သမီးရေ. . . ဧည့်သည်လာတယ်၊ ကြွပါခင်ဗျာ"

ရေဘုံဘိုင်ခေါင်းကို ပိတ်လိုက်ပြီး ဒေါ်ခင်ခင်ထားကို ဖိတ်ခေါ်လိုက်သည်။ ဒေါ်ခင်ခင်ထား၏ ဒရိုင်ဘာ မောင်နီက လက်ဆောင် ခြင်းတောင်းကို မ,ယူလာပေးသည်။





ထက်ကြွေစံ အိမ်ထဲမှ ပြေးထွက်လာသည်။ အိမ်နေရင်း ညိုသားဂါဝန်လေးနှင့် ကျောတစ်ဝက် ဆံပင်ကို ဘီးကုတ်လေးနှင့် ညှပ်ထားပြီး ဖားလျားလေး ချထားသည်။ ခေါင်းလျှော်ထားဟန် တူသည်။ သနပ်ခါးရေကျဲလေးနှင့် ပါးကွက်လေးပင် ကွက်ထားသေးသည်။

"ဟာ. . . အန်တီ"

သူ့ကို မြင်တော့ တအံ့တသြနှင့် ပြေးလာပြီး တွဲကာ ကြိုဆိုလေသည်။

ဧည့်ခန်းတွင် ကျွန်းဆက်တီတစ်စုံ ရှိသည်။ ကျွန်းစားပွဲပေါ်၌လည်း အလှပန်းအိုးနှင့်ပန်းများ ဝေဝေဆာဆာ ရှိနေလေသည်။ စင်ကော့စ်ထဲ၌ စာအုပ်နှင့် ဆုတံဆိပ်များစွာတို့ ရှိနေလေသည်။ နံရံ၌ ပန်းချီကားတစ်ချပ်နှင့် ထက်ကြွေစံ မိဘနှစ်ပါးပုံနှင့် ထက်ကြွေစံ တို့ ယူစဉ်က မိသားစု ရိုက်ထားသောပုံသာ ရှိသည်။

"ထိုင်ပါ အန်တီ"

"ဖေဖေ ထိုင်ပါဦး၊ ဒါ သမီးတို့ ကုမ္ပဏီပိုင်ရှင် သူဌေးပါ"

ဒေါ်ခင်ခင်ထားကိုလည်း. . .

"အန်တီ. . . သမီးရဲ့အဖေ ဦးအောင်စံပါ၊ ဆေးပင်စင်ယူပြီး အိမ်စောင့်ပြီး သစ်ခွစိုက်တဲ့တာဝန်ပဲ ယူထားတယ်"

"သစ်ခွတွေက ရောင်းရမှာပေါ့"

"ဟုတ်ကဲ့. . . ဘွဲ့ယူတို့ မင်္ဂလာဆောင်တို့အတွက်ဆို လာယူကြပါတယ်၊ အလှပြင်ဆိုင်တော်တော်များများနဲ့ ချိတ်ဆက်ထားပါတယ်"

"ကောင်းတယ် ဦးအောင်စံ၊ တစ်သက်ပျော်ချင်ရင် သစ်ပင်စိုက် ဆိုတဲ့စကား ရှိနေတယ်မှတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။ ဓါတ်ပုံထဲက သူမို့ ထက်ကြွန်ခြေစံ မိခင့်မှန်း မိတ်ဆက်ပေးစရာ မလိုဘဲ သိလိုက်လေသည်။

"ကျွန်မမေမေ ဒေါ်မိုးအေးပါ အန်တီ"

ဒေါ်မိုးအေးက လက်ထဲ တစ်ပါတည်း ယူလာသော ရေနွေးကြမ်းဗန်းကို စားပွဲပေါ်၌ အသာတင်ပေးရင်း . . .

"အစ်မကြီးအကြောင်း သမီးက အမြဲတမ်း ပြောပြလို့ အစ်မကြီးနာမည်နဲ့ ရင်းနှီးနေတာ ကြာပါပြီ၊ ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်၊ ကျွန်မတို့ သမီးလေးကို စောင့်ရှောက်ပေးတဲ့အတွက် ဘုရားရှိခိုးတိုင်းလည်း မေတ္တာပို့သပါတယ်"

"ဒါကြောင့် ထင်ပါတယ်၊ တစ်ဦးမေတ္တာ တစ်ဦးမှာ ဖြစ်ပြီး ကျွန်မက မလာဘဲကို မနေနိုင်ဘဲ ရောက်လာရတာပေါ့ရှင်"

"ရောက်လာမှတော့ ထမင်းစားပြီးမှ ပြန်ပါ အစ်မကြီးရယ်၊ ကျွန်မတို့မိသားစုက တနင်္ဂနွေနေ့လေးမှာမှ နေ့လည်စာကို စုစုစည်းစည်း စားရတော့ တစ်ပတ်တစ်မျိုး လုပ်စားလေ့ရှိတယ်၊ ဒီနေ့တော့ ပဲထမင်း ချက်တယ်၊ သမီး သွားပြင်တော့"

ဒေါ်ခင်ခင်ထား တမင် အင်ကွာရီ(စုံစမ်းရေး) လုပ်ကာ ကွင်းဆင်းလာခဲ့ခြင်းဖြစ်သည်။

အချို့သောမိန်းကလေးများသည် ကိုယ့်ကိုယ်ကိုတော့ ကျော့ကျော့မော့မော့လေး ပြင်ဆင်တတ်ပြီး အိမ်ကိုတော့ ကြွက်သိုက်လို ပွရှုပ်ထားတတ်သည်။ ညစ်ညစ်ပတ်ပတ် နေတတ်ကြသည်။ ဤသည်ကို ရှေးအဆက်ဆက်ကတည်းက အဘွားတို့ ပြောကြသည့် "မျက်နှာသနပ်ခါး ပေါင်သေးကြောင်း" ဟူသော မိန်းကလေးမျိုးဖြစ်သည်။ ဒါမျိုးတော့ ချွေးမ,မတော်ချင်နဲ့ဟုလည်း ဆုံးမ





ထားသည်။ ရှေးလူကြီးတွေ ပြောစကားကတော့ အစုံပါပဲ။ ထိုစံချိန်စံညွှန်းများနှင့် ကိုက်ညီကာ ချွေးလျှင်တော့ သူ့သား မိန်းမရနိုင်ပေါ့လေ။ တွေးခဲ့ကာ ရင်မောခဲ့ရသမျှ ထက်ကြွန်ခြေစံကို တွေ့တော့မှ အသက်ရှူချောင်ကာ အမြင်ပါ ထင်လင်းခဲ့သည်။

"ညီမက ကျောင်းဆရာမဆိုတော့ ကျူရှင်တွေဘာတွေတော့ ရှိမှာပေါ့"

"လက်နိုင်ခြေနိုင် နှစ်ဝိုင်းလောက်တော့ ပြပါတယ်၊ အိမ်က လူကြီးက ဂေါက်ရောဂါဆိုတော့ သူ့ကို တစ်ယောက်တည်း ထားလို့ကလည်း မဖြစ်တော့ သားအမိသုံးယောက်က ဂျူတီချိန်တွေနဲ့ အလုပ်လုပ်ကြရတာ၊ ဒီနေ့ဆို သားငယ်က အပြင်ကျူရှင်တွေနဲ့ လုံးပန်းနေရတော့ တစ်နေ့လုံး မအားရှာဘူး၊ ဒါပေမယ့် တအောင့်နေ ပြန်လာပြီး နေ့လည်စာတော့ ပြန်လာစားတယ်"

ဒေါ်မိုးအေးက ရှင်းပြလေသည်။

"မိသားစုက တက်ညီလက်ညီ ရှိတော့လည်း ပြီးသွားတာပေါ့"

"ဟုတ်ပါတယ် အစ်မကြီး၊ ကျွန်မတို့ရဲ့သားသမီး နှစ်ယောက်စလုံးက လိမ္မာရေးခြား ရှိကြပါတယ်၊ မိဘအပေါ်လည်း သိတတ်ကြတယ်"

"လက်ဦးဆရာတွေကလည်း တော်ကြတာကိုးကွယ်"

စကားတပြောပြောနှင့် ရှိနေကြစဉ် ထက်ကြွန်ခြေစံက ဧည့်ခန်းသို့ ဝင်လာပြီး . . .

"အန်တီ ထမင်းသုံးဆောင်ဖို့ ကြွပါရှင်"

"အန်တီ့ကို တစ်ယောက်တည်းတော့ မကျွေးနဲ့နော် အန်တီလည်း အများနဲ့မှ လက်ဆုံစားချင်တာ၊ သားက သိတဲ့အတိုင်း

www.burmeseclassic.com



ပဲ အခုဆို ညစာတောင် လက်ဆုံစားဖို့ မနည်းဖမ်းနေရတာ"

"ဟုတ်ကဲ့ပါ အန်တီ. . . စီစဉ်ထားပါတယ်"

ထက်ကြွန္ဒြေစံက ဒေါ်ခင်ခင်ထား၏အထီးကျန်နေမှုကို နားလည်သဖြင့် တမင်စီစဉ်ထားခြင်းဖြစ်သည်။

"ကြွပါ အစ်မကြီး၊ ကြိုတင်သာ သိရင် အစ်မကြီး ကြိုက်တတ်တာတွေ မေးပြီး စီစဉ်ထားပါတယ်"

ခြောက်ယောက်ထိုင် ထမင်းစားပွဲဝယ် ဖွယ်ဖွယ်ရာရာလေး ပြင်ဆင်ထားသည်။ ထမင်းစားခန်းလည်း သန့်ရှင်းသပ်ရပ်နေသည်။

"သားလေး သီဟစံတဲ့၊ မနက်ကျူရှင်နှစ်ဝိုင်း သင်ပြီး နေ့လည်ထမင်းစား ပြန်လာနားတာ၊ ပြီးရင် ပြန်ထွက်မယ်"

သီဟစံက ယပ်ခတ်ပေးနေရာမှ ပြုံးကာ နှုတ်ဆက်ဂါရဝပြုလေသည်။

"သူလည်း လူချောလေးပဲ"

ပဲထမင်း ဆိတ်သားဟင်းနှင့် ကြက်သားဟင်း၊ ငပိ၊ ဘာလချောင်ကြော်၊ အချဉ်သုတ်၊ အစိမ်းကြော်နှင့် ချဉ်ပေါင်ဖြူဟင်းချိုဖြစ်သည်။

"တကယ့်အလှူဟင်းလိုပါပဲလား"

"လှူဆို တနင်္ဂနွေနေ့တိုင်းတော့ ဒီနားက ဘုန်းကြီးကျောင်းကို ရာသက်ပန် ဆွမ်းချိုင့်ပို့ပါတယ်၊ ဒါကြောင့် ဒီနေ့လိုနေ့မျိုးတော့ ဟင်းကြီးနှစ်မယ်လောက်တော့ အမြဲပါပါတယ်"

"သာဓု. . . သာဓု. . . သာဓုပါကွယ်၊ ကျွန်မတော့ ဒီမိသားစုလေးကို ကြည့်ရတာ သိပ်စိတ်ချမ်းသာတာပဲ"

"သုံးဆောင်ပါ အစ်မကြီး၊ အစ်မကြီးတို့ ကျွေးထားတဲ့





ထမင်းဟင်းတွေပါပဲ၊ အမြဲတမ်း မေတ္တာပို့ပါတယ်၊ သမီးအလုပ်ရှင်ဆိုတော့ ကျွန်မတို့မိသားစုရဲ့ထမင်းရှင်ပါပဲ"

"အို. . . မဟုတ်တာရှင်၊ ကျွန်မတို့ကလည်း သမီး ထက်ဆက်ဆီက ဉာဏ်အား လုပ်အားတွေကို ရယူထားတာပဲ၊ ကုမ္ပဏီအတွက် သမီးရဲ့စွမ်းဆောင်ရည်တွေဟာ များပါတယ်၊ ဪ. . . သားလေးကော ဝင်စားလေကွယ်"

သီဟစံက ဝင်မစားသေးဘဲ ယပ်ခပ်ပေးရင်း လိုအပ်သောဟင်းများကို ဖြည့်ပေးရန် အသင့်နေနေသဖြင့် ဒေါ်ခင်ခင်ထားက ပြောလိုက်လေရာ. . .

"သားက ဆပ်ပလိုင်း လုပ်ပေးမလို့ပါ အန်တီ၊ ပြီးမှ အန်တီ့ဒရိုင်ဘာနဲ့ စားပါ့မယ်"

"မဟုတ်တာကွယ်"

ဒေါ်ခင်ခင်ထားမှာ ဘယ်လိုပြောပြော သီဟစံက ပြုံးပြုံးလေးနှင့် ငြင်းဆန်လေသည်။

အချိုပွဲများကိုလည်း ပြင်ဆင်ရင်း ဧည့်ခန်းစားပွဲ၌ အဆင်သင့် တင်ထားပေးရင်း အုပ်ဆောင်းလေးနှင့် ဖုံးအုပ်ထားလေသည်။

ဒေါ်ခင်ခင်ထားရင်ထဲ၌ ပီတိတွေ ဖြစ်တည်ကာ ချက်ချင်း ခင် သမီးတောင်းကာ နားဖောက်ချင်စိတ် ဖြစ်ပေါ်သော်လည်း ထိန်းချုပ်လိုက်ရသည်။

သားတော်မောင် လူ့ဂွစာ အချစ်နှင့်အိမ်ထောင်ရေးကို သူ့သဘော မပါဘဲ အတင်းအကျပ် မစီစဉ်ရ။ သူကလည်း မအေသဘောမတူတဲ့မိန်းမ မယူဟု သားအမိနှစ်ယောက် အပြန်အလှန် ပြုထားသော ကတိရှိနေသဖြင့် ထိန်းချုပ်ထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပဲထမင်း မစားတာ ကြာလို့လား မသိပါဘူးကွယ်၊ ခံတွင်းတွေ့လိုက်တာ၊ ဆိတ်သားက အဖြူနုပ်ပေမယ့် အိပြီး မွှေးကြိုင်နေတာပဲ. . . ဘယ်သူ့လက်ရာလဲ"

"သမီးလက်ရာပါ အစ်မကြီးရယ်၊ ကျွန်မက သမီး မအားတဲ့အခါမှပဲ မီးဖိုချောင် တာဝန်ယူပေးရတာ"

"မေမေ သင်ထားပေးလို့ သမီးတတ်တာပါ"

ဒေါ်စိုးအေးနှင့်က မိန်းမသားချင်းမို့ ထင်ပါသည်။ စကားကို ရေပက်မဝင် ပြောဖြစ်ကြသော်လည်း ဦးအောင်စံကတော့ ခပ်ပြုံးပြုံးနှင့် ခပ်အေးအေးပင် ရှိသည်။

ထမင်းစားသောက်ပြီးချိန်တွင် မြန်မာပီပီ ထန်းလျက်ခဲ ပန်းကန်နှင့် လက်ဖက်အစ်ကလေးက ပါရှိပြီး ပန်းသီးပန်းကန် ပန်းသီးစိတ်ပန်းကန်ကို တစ်ယောက်စာစီ ပန်းကန်လေးနှင့် ပြင်ဆင်ထားပေးသည်။

ဒေါ်ခင်ခင်ထား သဘောကျနေမိပြန်သည်။ သူတို့ အချိုပွဲစားရင်း စကားကောင်းနေချိန်၌ သီဟစံက နောက်ဖေးပေါက်မှ နေ၍ သူ ဒရိုင်ဘာမောင်နီကို ရအောင်ခေါ်ပြီး ထမင်းစားခန်း၌ နှစ်ယောက်သား ထမင်းစားနေကြလေသည်။

အဆင့်အတန်း မခွဲခြား စေတနာ ထားတတ်ကြောင်းလည်း တွေ့ရသဖြင့် သူ စိတ်ထဲ ကြိတ်၍အမှတ်ပေးမိပြန်သည်။

ပြန်ခါနီးတော့. . .

"သားသီဟစံက မြို့ထဲဘက် သွားမှာဆို၊ အန်တီ ကားနဲ့ တစ်ခါတည်း လိုက်ခဲ့ပါလားကွယ်၊ အန်တီ ဝင်ပို့ပေးခဲ့မယ်"

"မြို့ထဲ သွားမှာ မဟုတ်ပါဘူး အန်တီ၊ ဒီမြောက်ဒဂုံထဲက အိမ်မို့လို့ ကျွန်တော် စက်ဘီးနဲ့ပဲ သွားပါတယ်. . . ကျေးဇူးတင်ပါ





တယ်ခင်ဗျာ"

ဟု ဖြေလိုက်သည်။

ဦးအောင်စံ စကားဝိုင်းက ပျောက်သွားပြီး ပြန်မည်ဆိုတော့မှ ကားအထိ ပို့ဆောင်ပေးသည်။ ကားထဲတွင် နှင်းဆီပန်းစည်းနှင့် သစ်ခွ(၃-၄)ခက်ကို ပလတ်စတစ် လေမှုတ်ထည့်ထားပေးသည်ကို တွေ့လိုက်ရာ. . .

"ဟာ. . . ဦးအောင်စံတို့က ဒုက္ခရှာပြန်ပြီ၊ ရပါတယ်. . . ရောင်းပါ၊ ရောင်းဖို့ထားပါ"

"ကျွန်တော် သစ်ခွရောင်းတာလည်း လှူတန်းဖို့အတွက်ပါ၊ သမီးအလုပ်ရှင်ကို ပေးခွင့်ရတာလည်း ကျွန်တော်တို့အတွက် ကုသိုလ်ထူးလို့ပါပဲခင်ဗျာ"

"ဒါဖြင့် ကုသိုလ်ပိုရအောင် ကျွန်မကလည်း ဘုရားလှူပေးပါ့မယ်၊ ကိုင်း. . . အားလုံးခွင့်ပြုကြဦးနော်၊ နောက်တစ်ခါဆို သားပါခေါ်ပြီး လာနိုင်အောင် ကြိုးစားပါ့မယ်"

ဒေါ်ခင်ခင်ထား အရိပ်အငွေ့ စကားဦးကို သန်းခဲ့ပြီး ကားထွက်ဖို့ အမိန့်ပေးလိုက်ပြီး ကျန်ရစ်သူများကို လက်ပြနှုတ်ဆက်ရင်း ကားနှင့်သာ လိုက်ပါလာခဲ့ရလေသည်။ စိတ်အာရုံထဲတော့ ထက်ကျွန်ြေ်စံတို့၏မိသားစုပုံရိပ်ကိုသာ တဝဲလည်လည် မြင်ယောင်နေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"မေမေကလည်းဗျာ. . . ဘာသွားလုပ်တာလဲ"

"ဟဲ့. . . ငါ့ဖာသာငါ တမင်သွားကြည့်တာ ဘာဖြစ်သလဲ၊ အပြင်ပန်း အပေါ်ယံအလှပဲလား၊ လုပ်ရည်ကိုင်ရည်က အပြင်အလုပ်မှာပဲ ကောင်းတာလား၊ အိမ်အလုပ်ကော လုပ်တတ်ရဲ့လားလို့ တမင်သွားကြည့်တာ. . . ဘာဖြစ်သလဲ"

ဦးနေရောင် မျက်လုံးအပြူးသား ဖြစ်သွားရလေသည်။

မိခင်က သူ့ကို ရန်မလိုစဖူး ရန်လိုနေလေပြီ။

ဗွီဒီယိုဇာတ်ကားအတွက် သူ ရိုက်ကွင်း၌ အချိန်ကုန်တတ်





သည်ကို သဘောမတွေ့တာပဲ ဖြစ်မည်။

"သွားကြည့်တော့ ဘာတွေ့သလဲ"

"ဘာတွေ့ရမှာလဲ. . . သဘောကျစရာတွေချည်းပဲ တွေ့လို့ မေမေတော့ ထက်ထက်ကို လုံးဝလက်မလွှတ်ချင်တော့ဘူး ဖြစ်နေတယ်"

ဦးနေရောင် မျက်မှောင်ကျုံ့သွားလေသည်။ မိခင်က ချွေးမတော်ချင်နေသည့်သဘောလားဟု မေးလည်း မမေးရဲ၊ မဟုတ်နိုင်ပါဘူးလေ။ အစက မိခင်မှန်းခဲ့သော ချွေးမလောင်းတွေက ထိတ်ထိတ်ကြဲတွေချည်းပဲမို့။ သို့သော် မိခင်၏နောက်ဆက်တွဲ စကားကြောင့် ဦးနေရောင်မှာ ရင်တွင်း ဘုရားတောင် တ,မိလိုက်လေတော့သည်။

"ထက်ထက်ကို မေမေ သမီးတော်ချင်တယ်၊ ဖြစ်နိုင်မယ်ဆိုရင် မင်းနဲ့တောင် လဲလိုက်ချင်သေးတယ်"

"ဗုဒ္ဓေါ. . . ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"သားဆိုတာ အမေနဲ့ တိုးတိုးဖော်မှ မရတာ၊ ခုကြည့်စမ်း၊ ဘူမွှကီကိစ္စဆိုလည်း ဒင်းကလေးက လိမ္မာတော့ မင်းက မျက်နှာလွှဲထားပေမယ့် ပါဝါမသုံးဘူး၊ ငါ့ကို လှမ်းတိုင်ပင်ပြီးဖြစ်ဖြစ် အသိပေးပြီးတော့မှဖြစ်ဖြစ် လုပ်တယ်၊ မင်းလို ယောက်ျားရင့်မကြီး တစ်ယောက်တန်းတူ သူ ဦးဆောင်ပြီး လုပ်သွားနိုင်တယ်"

"ဒါ သားတစ်ယောက်ထဲ ဦးနှောက်နဲ့ ရွေးထားတဲ့ မိန်းကလေးလေ မေမေ၊ ဒါလည်း ထည့်ပြောပါဦး"

မိခင်က သူ့အား မျက်စောင်းဝင့်ပြီး. . .

"မင်းက ဦးနှောက်နဲ့ပဲ ရွေးတာလား၊ နှလုံးသားနဲ့ရော မရွေးတော့ဘူးလား"

www.burmeseclassic.com



"ဗျာ"

ဦးနေရောင် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ သူ နှလုံးသားကို ကပျာကယာ ဆန်းစစ်ကြည့်လိုက်သည်။

ဟင်. . . သူ့နှလုံးသား၌ ပန်းနုရွှေစင်၏အရိပ်က ငြိတွယ်နေပါလား။

ငယ်ဂုဏ်လေးနှင့် ဟိတ်ဟန်မရှိ မာနမရှိ ပီတိကလေးတစ်ဦးလို သူ့အား "ဦးနေ. . . ဦးနေ" နှင့် တွယ်ကပ်နေတတ်သည်။

ငယ်မူငယ်သွေးလေးမို့ အပြစ်ကင်းစင်ကာ အစွမ်းကုန်လှပြီး ချစ်စရာ ဖျစ်ညှစ်ချင်စရာကောင်းအောင် အသည်းယားနေမိသည်။

ဒါ အချစ်လား. . . ဟု။

ဦးနေရောင်က ပန်းနုရွှေစင်ကို သဘောကျကာ ဆန်းစစ်နေချိန်၌ တည်ငြိမ်သောအလှပိုင်ရှင် ထက်ကန္တြွေစံက ပျောက်ကွယ်နေခဲ့သည်။

ကန္တြွေသိက္ခာကြီး တစ်ခွဲသားနှင့် အလုပ်ကိစ္စကလွဲပြီး အပိုစကားမပြောသော မာနသခင် ထက်ကန္တြွေစံနှင့် ပန်းနုရွှေစင်မှာ အကွာကြီးကွာ၊ အခြားနားကြီး ခြားနားလျက်ရှိသည်။

အသက်အားဖြစ်လည်း အစိတ်ကျော်နှင့် ဆယ့်ကိုးနှစ်ကွာခြားပြန်သည်။

အရွယ်တော် အစိတ်ဟိုင်းလာလို့ပဲ ထက်ကန္တြွေစံသည် ကန္တြွေကြီးတစ်ခွဲသား ဖြစ်နေလေရော့သလားမသိ။

ဒါမှမဟုတ် ပညတ်သွားရာ ခါတ်သက်ပါနေလေရော့သလားမသိ။ သူ့နှလုံးသားကို လှုပ်ခါစေပုံခြင်းကတော့ မတူညီပေ။

"အမလေး. . . အမလေး. . . ဌေးငိုင်နေလိုက်တာ၊





အားမှာ မေမေရှိတာလည်း သတိပြုပါဦး၊ ပြီးတော့ မေးတာလည်း ဖြေပါဦး"

ဦးနေရောင် ပျံ့လွင့်သွားသောအာရုံ ပျက်ပြယ်သွားပြီး တ်ရယ်ကလေး ရယ်ကာ. . .

"အဟဲ. . . မေမေကလည်း မလောပါနဲ့၊ လက်ဖက် ာင်း စားချင် ပလောင် တောင်တက်နေးတယ်ဆို၊ သားအတွက် မ်ထောင်ရေးဟာ တစ်သက်တာအရေးမို့ ဦးနှောက်ရော နှလုံး ားပါ နှစ်ခုလုံးနဲ့ ဆုံးဖြတ်ပါရစေ"

မိခင်က ထက်ကန္တြွေစံသို့ အိမ်ကို ရောက်ခဲ့ရာက ထမင်း စားခဲ့ကြောင်း မိသားစုများမှာ သဘောထား ပြည့်ဝကြောင်း၊ မ်မှာလည်း တကယ့်ကို အိမ်ရှင်မကောင်း၏လက်ရာမို့ တောက် ောင်နေကြောင်း ဟိမဝန္တာ ချီးမွမ်းခန်း ထုတ်လေတော့သည်။

ဦးနေရောင်က. . .

"သားခေါင်းထဲမှာလည်း သူရှိနေပါတယ်၊ နှလုံးသားထဲမှာ ကိုယ့်ကိုယ်ကို ဆန်းစစ်နေသေးလို့ပါ၊ အခုတော့ အလုပ်များ လို့"

"ဘာအလုပ်လဲ. . . ကုမ္ပဏီအလုပ်ကို ထက်ထက်ကိုပဲ လွှဲ ပြီးတော့များ. . . ဟွန်း၊ မင်းရဲ့မင်းသမီးအတွက် အလုပ်ရှုပ်နေ ် ပြောပါ"

"မဟုတ်ပါဘူး မေမေရာ၊ သားက အလုပ်တစ်ခုခု လုပ်ရင် ောင်မြင်မှ ကျေနပ်တာမှတ်လား. . . ဒါကြောင့်ပါ၊ ကိုကျော်နဲ့ ခေါင်းချင်း ဦးနှောက်ချင်း ပေါင်းပြီး အကောင်အထည်ဖော်တဲ့ ာပါ"

"အေးပါ. . . ထားပါတော့၊ လိုင်ထိပ်ထားဟာ အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုမြင်တတ်တဲ့ ထက်ထက်ကြောင့်ကော ကြော်ငြာကြောင့်ပါ မေ
ကထက် တိုးတက်လာတာ မေမေ လက်ခံပါတယ်၊ ခုလည်း ထ
ထက်က နှစ်သစ်ကူးအတွက် ပစ္စည်းဒီဇိုင်းပုံစံဟောင်းတွေကို ပ
ရှင်း လုပ်ချင်တယ်လို့ ပြောတာ မင်းက သူ့ကိုပဲ ကြည့်လုပ်
တာဝန်ပြန်ပေးလိုက်တယ်ဆို"

ဦးနေရောင်က ထက်ကူးမြွေစံသည် မိခင်၏လူ ဖြစ်သ
ကြောင်းကို ကောင်းစွာသဘောပေါက်သွားလေသည်။

"ဟုတ်ပါတယ် မေမေ၊ သူက အစွမ်းအစ ရှိတဲ့သူ
ဒါကြောင့် သူနဲ့ပဲ လွှဲလိုက်တာပေါ့"

"ကောင်းတယ်. . . ကောင်းတယ်၊ ဒီလိုဆို ကုမ္ပဏီ
အမ်ဒီနေရာကိုပါ ထက်ထက်ကို ပေးလိုက်ပါတော့လား"

မိခင်က ရွှဲ့ပြီး ပြောလိုက်လေသည်ကို ဦးနေရော
သဘောကျစွာ ရယ်ရင်း . . .

"ဟင်း. . . ဟင်း. . . သားပိုင်ဆိုင်သမျှတွေ သူပိုင်ဆို
တာ ဖြစ်ဖို့ မေမေပဲ သဘောတူနေတာမှတ်လား"

မိခင် သက်ပြင်းချကာ. . .

"အဲဒီလို ဖြစ်လာရင်တော့ ကောင်းပါတယ်၊ မေမေလည်း
အဲဒီလိုပဲ စည်းစနစ် ကျနပြီး လုပ်ရည်ကိုင်ရည် ရှိတဲ့ အမော်အကြ
လည်း မရှိတဲ့ အိမ်ရှင်မကောင်း လက်တွဲဖော်ကောင်းလက်ထဲ သာ
နဲ့ ကုမ္ပဏီ အပ်ရမယ်ဆိုရင် အပ်ပျော်ပါတယ်၊ အင်းလေ. . . သာ
နှလုံးသားကိစ္စဆိုတော့ သား သေသေချာချာ စဉ်းစားပါ"

မိခင်က အလေးအနက် ပြောနေမှန်း သိတော့ ဦးနေရော
အပြုံးမျက်နှာကို ပြန်တည်လိုက်ပြီး. . .

"သားနဲ့မေမေ သဘောထားချင်း ကွဲလွဲတာမျိုး ဖြစ်ခဲ





ယ်၊ ဒီကိစ္စအတွက်လည်း သား လက်လွှတ်စပယ် မလုပ်ပါဘူး
မေ၊ မေမေ့ဆန္ဒကော သားဆန္ဒကောနဲ့ ကိုက်ညီဖို့ သား ကြိုးစား
ပါ"

မိခင်က သက်ပြင်းချလိုက်ပြီး သူ့အား ခပ်ငေးငေးလေး
ကြည့်လျက်. . .

"ဖူးစာကံဆိုတာ လူလုပ်ယူလို့ မရဘူးဆိုတာ သိပ်မှန်
တယ်၊ သူ့အချိန်အခါနဲ့ သူ့ကံကြမ္မာ ရှိတဲ့အတိုင်းပဲပေါ့၊ ဒါပေမယ့်
ကိုယ်ကျင့်တရားတော့ မဖောက်ဖျက်နဲ့နော် သား၊ ဘယ်လောက်
တော်မှီပါစေ၊ တစ်လင်တစ်မယားစနစ်နဲ့ ရိုးမြေကျ ပေါင်းသင်းတာ
ကိုပဲ မေမေ လိုချင်တယ်၊ ဒါကြောင့် မေမေ မလောတော့ပါဘူး၊
သားလည်း စဉ်းစားပါ"

"ဟုတ်ကဲ့ပါ မေမေ"

သားအမိနှစ်ယောက် စကားစ ဖြတ်ပြီး အိပ်ယာအသီးသီး
ဝင်ခဲ့လေတော့သည်။

သူ့အခန်းရောက်တော့ အိပ်ယာပေါ်၌ ပစ်တင်ထားခဲ့
သော သူ့ GSM ဖုန်းလေး၌ Miss Call ပေါ်နေလေသည်။

ကြည့်လိုက်တော့ ပန်းနုရွှေစင်၏နံပါတ်ဖြစ်နေသည်။

သူ့ရင်ထဲ ကြည်မွေ့သွားပြီး ပန်းနုရွှေစင်၏ဖုန်းနံပါတ်ကို
ခေါ်လိုက်လေတော့သည်။

စိတ်ထဲမှာတော့ စိတ်ကို အရမ်းကြီး လွှတ်မပေးလိုက်ဖို့
ယ့်စိတ်ကိုကိုယ် ဆုံးမနေရင်းဖြင့်ပင်. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

ဗိုလ်ချုပ်ဈေး "ဈေးရောင်းပွဲတော်" မှာ ပစ္စည်းဟောင်
တွေ ဒစ်စကောင့် လျှော့ဈေးဖြင့် ချရောင်းကြရာ လှိုင်ထိပ်ထာ
အလှကုန်ပစ္စည်းများ အလွန်အဝယ်လိုက်လေသည်။

ထိုဈေးရောင်းပွဲတော်သို့ အမ်ဒီက လုံးဝခြေဦးမလှည
သဖြင့် အမ်ဒီကိုယ်စား ထက်ဣန္ဒြေစံကပင် ဂရုတစိုက်နှင့် ညွှန်ကြ
ချက်တွေ ပေးပြီး ဒီဇိုင်းဟောင်းများကို ကုန်သလောက်နီးပါး ဖြ
အောင် ရောင်းချနိုင်ခဲ့လေသည်။

ဈေးရောင်းပွဲတော်ပြီးချိန်၌ ဗိုလ်ချုပ်ဈေးရှိ ဆိုင်ခန်းအာ





ညှည်းဒီဇိုင်းသစ်များကို ခင်းကျင်းပြသပုံကအစ ဒီဇိုင်းသစ် ပုံစံ
သစ်များနှင့် ကြော်ငြာပစ္စည်းများ ထင်ရှားစေရန် ပြင်ဆင်မွမ်းမံ
ရောင်းချစေသည်။

ဒေါ်ခင်ခင်ထားကိုယ်တိုင် ဆိုင်ကို လာကြည့်ပြီး သဘော
အကျကြီး ကျလျက်ရှိလေသည်။

ဒေါ်ခင်ခင်ထားက အရောင်းမန်နေဂျာကို ချီးကျူးသော
အခါ အရောင်းမန်နေဂျာက. . .

"ကျွန်မကို မချီးကျူးပါနဲ့ ဥက္ကဋ္ဌ၊ ဒီလိုအကြံဉာဏ်တွေက
ထက်ရဲ့အကြံပေးပြီး သူကိုယ်တိုင် ကွန်ပျူတာနဲ့ ဒီဇိုင်းပုံတွေ
ထလာတာမို့ မထက်ကိုသာ ချီးကျူးပါ"

ဒေါ်ခင်ခင်ထား ရင်ထဲ၌ ကျေနပ်လျက်ရှိရပြန်သည်။

စက်ရုံရောက်လည်း မထက်၏ အကြံဉာဏ်ကြောင့်။
အရောင်းဆိုင်လည်း မထက်အကြံပေး၊ ကုမ္ပဏီမှာလည်း မထက်
ထက်နှင့်။

ထက်ဣန္ဒြေစံသည် လှိုင်ထိပ်ထား ဝန်ထမ်းများ၏ ချစ်ခင်
နှင့် အားထားယုံကြည်မှုကို အချိန်တိုကာလအတွင်း ရရှိထား
ကြောင်း သုံးသပ်မိလာလေလေ ထက်ဣန္ဒြေစံကို လုံးဝလက်မလွှတ်
င်လေ ဖြစ်မိလေသည်။

တပြိုင်နက်ဆိုသလို စိတ်ထဲ၌ သားဖြစ်သူကို ယုံကြည်မှု
လျော့နည်းလာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ဗွီဒီယိုကားတစ်ကားအတွက်
ဖြစ်သူက ပရိုဂျူဆာ လုပ်လာသည်နှင့် ကုမ္ပဏီကို လုံးဝ ထက်
ဒြေစံ လက်ထဲ ဝကွက်အပ်ထားပြီး ဗွီဒီယိုရိုက်ကွင်း၌သာ အချိန်
နေသဖြင့် ဒေါ်ခင်ခင်ထားမှာ သားဖြစ်သူအတွက် စိုးရိမ်ပူပန်မှု



www.burmeseclassic.com

www.burmeseclassic.com



များနှင့် စိတ်တထင့်ထင့်နှင့် ပူပန်နေရလေတော့သည်။

ထို့ကြောင့် ပူပန်မှုကို ဥပေက္ခာမပြုနိုင်သည့်အဆုံး သတ်
သာရာ သက်သာကြောင်း ရရန် ထက်ကျွန်ခြွေစံနှင့် နေ့လည်စာ
လာစား၊ တစ်ခါတစ်ရံ ချိန်းဆိုပြီး ဗိုလ်ချုပ်ဈေးဟောင်း အရောင်း
ဆိုင်နှင့် စက်ရုံသို့ ထက်ကျွန်ခြွေစံနှင့်အတူ လိုက်ပါပြီး ထက်ကျွန်ခြွေ
အလုပ်လုပ်ပုံတို့ကို အကဲခတ်ရင်း အားပေးရင်း လိုက်ပါ အင်အား
ဖြည့်ပေးလေ့ရှိသည်။

ထိုအချိန်တွင် လှိုင်ထိပ်ထား၏အမ်ဒီ ဦးနေရောင်မှာ
ရိုက်ကွင်း၌ အချိန်ကုန်နေလေသည်။

မင်းသားခေတ် ဖြစ်ခြင်းကြောင့် မင်းသားများမှာ အချိန်
ဇယားများနှင့် အလုပ်ရှုပ်နေကြသည်။ မင်းသားများကို အချိန်ပေး
စိတ်ရှည်လက်ရှည် စောင့်ပြီး သူတို့ အချိန်ပေးနိုင်သောရက်များတွင်
မင်းသားခန်းများကိုလည်းကောင်း၊ မင်းသမီးနှင့် တွဲလျက်အခန်း
များကိုလည်းကောင်း ရိုက်ကူးရသည်။

တခါတရံ ညဥ့်နက်မှ ရိုက်ကူးပြီးသလို တခါတရံလည်း
ညလုံးပေါက်သွားသည့်အခါလည်း ရှိသည်။

ရုပ်ရှင်ဗွီဒီယိုလောကဆိုတာ တကယ်တမ်းတော့ မလွယ်
ကူလှကြောင်းကို ဦးနေရောင် ကောင်းစွာသဘောပေါက်သွားလေ
သည်။

"တော်ပါပြီ. . . ဒီတစ်ကားပါပဲ" ဟုလည်း မိခင်ကို ပြေ
ထားသည့် ကတိစကားကြောင့် မဟုတ်ဘဲ သူ့ကိုယ်တိုင်လည်း
ဆုံးဖြတ်ချက် ချလိုက်လေသည်။

"ဒါရိုက်တာကော"

"မရောက်သေးပါဘူး သူဌေး"





"ဟင်. . . မင်းသမီးကော"

"ကမ်းစပ်နားမှာ ထိုင်နေပါတယ်"

ဦးနေရောင် ရိုက်ကွင်းတစ်နေရာ ကန်၏ကမ်းစပ်၌ ငူငူ
ထိုင်နေသော မင်းသမီး ပန်းနုရွှေစင် ရှိရာသို့ လျှောက်ခဲ့လိုက်
သည်။

"ရွှေစင်"

သူ့ဘေးနား လူတစ်ယောက်လုံး လာရပ်တာတောင် လှုပ်
ရှား အသိအမှတ်မှ မပြုသော ပန်းနုရွှေစင်ကို ဦးနေရောင်က
ခေါ်ပြုလိုက်သည်။ ထိုအခါမှ သူ့အား မော့ကြည့်ပြီး မျက်ဝန်းဖြင့်
ထူးလိုက်သည်။

"ဘာဖြစ်နေတာလဲ ရွှေစင်"

"ဦးကျော်ပေါ့"

"ကိုကျော် ဘာဖြစ်လို့လဲ"

"မီးကို သူ မလာမချင်း စောင့်နေတဲ့၊ စောင့်နေတာ ဘယ်
လောက်ကြာပြီလဲ၊ တစ်နာရီလောက် မကတော့ဘူး"

"ဟုတ်လား. . . ညည်းက ဖုန်းမဆက်ကြည့်ဘူးလား"

"ဆက်တာပဲ. . . စောင့်နေပဲ ပြောတယ်၊ ဒီမှာ ဗိုက်ဆာလှ
မနက်စာ ဘာမှမစားခဲ့ရသေးဘူး"

"ဪ. . . ဒါများ တစ်ယောက်ယောက်ကို ဝယ်ခိုင်း
လည်း ရတာပဲ၊ ကဲကဲ. . လာ. . လာ၊ စောင့်နေရမယ့်အတူတူ
စားစရာ ရှိတဲ့ဆိုင်တစ်ဆိုင်မှာ သွားစားမယ်"

ပန်းနုရွှေစင်က ဝမ်းသာအားရ ထလိုက်ပြီး. . .

"တကယ်နော် ဦးနေ"

"ညည်းကလည်း. . . ကျုပ်ပုံစံက လူလိမ်ရုပ်များ ပေါက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့လား"

"ဟင်း. . . ဟင်း. . . ဟုတ်ပါဘူး၊ ဦးနေက မီးကို တစ်ခါ ခုလို လိုက်ကျွေးမယ် မပြောဘူးလို့ပါ"

ဦးနေရောင် စိတ်ထဲ၌ ပင့်သက်လေးများကိုသာ တိခ တခိုး ရှိုက်လိုက်မိလေတော့သည်။ မိခင်ကို ပေးထားသော က စကားတည်ဖို့အတွက်ရော သူ့ဦးနှောက်ကပါ မင်းသမီးနှင့် လွ လွတ်လပ်လပ် နှစ်ယောက်တည်း မသွားလာမိစေဖို့ကို သတိထ နေခဲ့ခြင်းဖြစ်သည်။

ယခုတော့ မင်းသမီးကို သနားသဖြင့် ရွှေတင်နှင့် တစ်လ ကျော်လောက်၌ ရှိသော စားသောက်ဆိုင်သို့ သူ့ကားနှင့်ပင် ေ ကာ သွားခဲ့သည်။

ဒရိုင်ဘာဦးလေးမောင်က စကားတစ်လုံးမှ မဟတဲ့ ကာ မောင်းထွက်ခဲ့လေသည်။

သူ ငယ်ငယ်ကတည်းက ဖခင်၏လက်စွဲဖြစ်ခဲ့သော ဒ ဘာ ဦးလေးမောင်သည် ရိုးသားသည်။ ကျိုးနွံသည်။ စိတ်ရှည်သည် နှုတ်လုံသည်။

အပိုစကား ဘယ်တော့မှ မပြော။ ကားနှင့်လူနှင့်လည် ခွာမနေတတ်၊ ကားစောင့်ရင်း ပုတီးစိပ်သည်။ တရားစာအုပ်မျ နှင့် ဂျာနယ်များ ဖတ်နေတတ်သည်။

"လပြည့်ဝန်း စားသောက်ဆိုင် သိလား ဦးလေး"

"သိပါတယ်"

"အဲဒီကို သွားမယ်"

"ဟုတ်ကဲ့"

ဟု ဆိုပြီး ကားမောင်းထွက်ခဲ့သည်။ ဆိုင်ရှေ့ရောက်သည်





နှင့် ကားရပ်ပေးသည်။

သူတို့ ဆင်းသွားတော့ ကားကို ကားပါကင်၌ သွားထိုးမည်။ ပြီးလျှင် အရိပ်ရသောနေရာ၌ စာသွားဖတ်မည်။ ဒါ ဦးလေးမောင် ၏အလုပ်ဖြစ်သည်။

ဦးနေရောင် ရွှေစင်နှင့် စားသောက်ဆိုင်ထဲ ဝင်ခဲ့သည်။ ဧည့်သည်အချို့၏မျက်ဝန်းများကသူတို့နှစ်ဦးပေါ် သို့ စုပြုံကျရောက် လာသည်ကို သတိထားမိသည်မို့ ပုံမှန်မျက်နှာအနေအထားမျိုးသာ ထားလိုက်သည်။

ခုလို မင်းသမီးနှင့် နှစ်ယောက်တည်း ထွက်လာမိတာ မှားများ မှားသွားပြီလားဟုလည်း တွေးလိုက်မိသော်လည်း "ကိုယ် မှန်ရင် ပြီးတာပါပဲ" ဟုသာ စိတ်ထားလိုက်မိလေသည်။

နေရာယူပြီးတော့. . .

"ကိုင်း. . . ရွှေစင် ညည်းကြိုက်တာမှာ"

"မုန့်ဟင်းခါး ရသလား"

"ရပါတယ်"

"ဒါဆို ငါးဖယ်ကြော်ရယ် ဗူးသီးကြော်ရယ်နဲ့ တစ်ပွဲ၊ ပြီး တော့ လက်ဖက်ရည်ရှယ် ကျဆိမ့်"

ဦးနေရောင် အံ့အားသင့်သွားသည်။ မင်းသမီးဖြစ်ပြီး အစားအသောက်တွေ မဆင်ခြင်ပါလားဟုလည်း တွေးမိလိုက် သည်။

သူကတော့ အိမ်ကလည်း စားပြီးပြီမို့ ဘလက်ခ်ကော်ဖီ သာ မှာလိုက်သည်။

"ဦးနေက ဘာမှမစားတော့ဘူးလား"

"အိမ်က စားခဲ့ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ဘာတွေစားခဲ့သလဲ"

"ပေါင်မုန့်မီးကင်နဲ့ ကော်ဖီ၊ ဂျုံစ်နဲ့ သစ်သီး"

"ဟင်. . . ဦးနေက ဘိုစာပဲ စားတာပေါ့"

"ဘိုစာမဟုတ်ပါဘူး. . . ကျန်းမာရေးနဲ့ ညီညွတ်စေတဲ့ အစားအစာပါ"

"မီးတော့ အဲဒီလို မစားနိုင်ပါဘူး၊ မုန့်ဟင်းခါးတို့ အသုတ်တို့ အုန်းနို့ခေါက်ဆွဲတို့ကို ချဉ်ချဉ်ငန်ငန်စပ်စပ်လေး စားလိုက်ရမှ ဗိုက်ဝတယ် ထင်တာ"

ပြောပြောဆိုဆိုပင် မုန့်ဟင်းခါးပန်းကန် ရောက်လာသည်နှင့် စားပွဲပေါ်၌ အသင့်ရှိနေသော ငရုတ်သီးမှုန့် များများခပ်ထည့်၊ ငံပြာရည်နှင့်အချဉ်ကိုလည်း ထပ်ထည့်ကာ အားပါးတရ ရှူးရှူးရှဲရှဲနှင့် စားသောက်လေတော့သည်။

နောက်ထပ်တစ်ပွဲ ထပ်မှာကာ ဟင်းချိုအပိုလည်း ထပ်တောင်းပြီး စားသောက်နိုင်သည်ကိုပါ တွေ့ရလေသည်။ သူ့အားလည်း. . .

"စားကြည့်ပါလား ဦးနေ. . . စွဲသွားလိမ့်မယ်"

"တော်ပါပြီ. . . ကျုပ်က ငယ်ငယ်ကတည်းက အပူအစပ် မစားတတ်ဘူး"

"သူဌေးတွေက ဘိုဆန်တယ်နော်"

"ဘိုဆန်တာ မဟုတ်ပါဘူးလို့ ကျုပ်ပြောပြီးပြီလေ၊ ကျန်းမာရေးနဲ့ ညီညွတ်တာပါလို့"

"မဟုတ်ပါဘူး. . . ဇီဇာကြောင်တာပါ။ အချဉ်အငန် အစပ်တို့သာ စားလို့ ရောဂါဖြစ်ရရင် မြန်မာတွေ ကိုးဆယ်ရာခိုင်နှုန်းလောက်က ရောဂါသည်တွေချည်း ဖြစ်ကုန်မှာပေါ့"





ဦးနေရောင် ငြင်းမနေတော့။

ငရုတ်သီးတွေ ရဲတွတ်နေအောင် စားနိုင်သော ပန်းနုရွှေစင်ကိုသာ ငေးကြည့်ပြီး သူနှင့် အနေအထိုင် အစားအသောက် ာအစ အကြိုက်ချင်း မတူညီသည်ကို သိလိုက်ရသည်။

မုန့်ဟင်းခါး စားပြီး လက်ဖက်ရည်သောက် ရေနွေးကြမ်း သောက်ပြီးသွားတော့မှ ဦးနေရောင်က ဘီလ်ရှင်းပြီး စားသောက်ဆိုင်ထဲမှ ပြန်ထွက်ခဲ့ကြသည်။

"ကျေးဇူးနော် ဦးနေ၊ ခုမှပဲ ဗိုက်ပြည့်သွားတော့တယ်"

"ရပါတယ်ဟာ. . . ကျုပ်အတွက် အပန်းမကြီးပါဘူး"

"ဦးနေအတွက် အသေးအမွှားလေးပေမယ့် မီးအတွက်က လိုအပ်နေတဲ့အဟာရ ပြည့်သွားမှုအတွက် ကျေးဇူးမဟာကြီးပဲပေါ့။ တကယ်ပါ ဦးနေ၊ ဗိုက်ကလည်း ဆာနေ၊ စားချင်တာလည်း စားလိုက်ရတဲ့အတွက် မီးကတော့ အရမ်းကျေးဇူးတင်ပါတယ်၊ ဒီဆိုင်က မုန့်ဟင်းခါး တကယ်ကောင်းတာပဲ၊ နောက်ရှုတင်လည်း ဒီနေရာဆို လာစားဦးမယ်. . . လိုက်ကျွေးနော်"

"အင်း"

ဟုသာ ဦးနေရောင်က သံပြတ်နှင့် ဖြေလိုက်လေသည်။ ကားက ခဏတွင်းပင် ရိုက်ကွင်းနေရာသို့ ပြန်ရောက်သွားရာ ဒါရိုက်တာ ကိုကျော်ဇံ ရောက်နေနှင့်လေပြီဖြစ်ရာ. . .

"မင်းသမီး. . . ညည်းကို ငါစောင့်ခိုင်းတာ စောင့်နေမှ ဆို၊ ဘာဖြစ်လို့ ဘော့စ်ကို ဒုက္ခပေးရတာလဲ"

ဟု ကိုကျော်ဇံက ပန်းနုရွှေစင်ကို မာန်မဲလိုက်ရာ ဦးနေရောင်က မနေသာဘဲ. . .

"မဟုတ်ဘူး ကိုကျော်၊ ကျွန်တော်ခေါ်လို့ သူလိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

ဟု မင်းသမီးဘက်က ကာကွယ်ပေးလိုက်လေသည်။ ထိုအခါ ကိုကျော်ဇံက သူ့ကို အားနာသွားပြီး. . .

"ဟုတ်လား ကိုနေ၊ ကျွန်တော်မသိလို့ပါ။ ထားပါတော့. . . ကိုင်း. . . စကြမယ်၊ ပြင်တော့"

သူ့အား တောင်းပန်ပြီး တဆက်တည်း ရှုတင်မန်နေဂျာဘက် လှည့်သွားလေသည်။

နောက် ရိုက်ကွင်းနေရာသို့ သွားပြီး မင်းသမီး၏စိတ်ကူးယဉ် အတွေးခန်းကို မျက်နှာပြင်ပေါ် ခံစားမှု ပုံရိပ်တို့ကို အမိအရ ယူ၍ ရိုက်ကူးရာ၌. . .

"ကဒ်"

"ကဒ်"

"ကဒ်"

ခဏခဏ ပြန်၍ ဒါရိုက်တာက မကျေနပ်တိုင်း ပြန်ရိုက်ရန် ခိုင်းနေရာမှ နောက်ဆုံး ဒါရိုက်တာ ကိုကျော်ဇံ လက်လျှော့လိုက်ပြီး. . .

"ကိုင်း. . . မင်းသမီးရေ၊ ညည်းအမူအယာက ဘယ်လိုမှ မထိမိဘူး၊ ငါလိုချင်တဲ့အတိုင်းကို မရသေးဘူး ဖြစ်မလာသေးဘူး။ ညည်း ဇာတ်ညွှန်းကို ပြန်ဖတ်၊ ပြန်ပြီးမှဒ်သွင်းအုံး၊ မနက်ဖြန်မှ ထပ်ရိုက်တော့မယ်" ဟု ပြောပြီး ရိုက်ကွင်းကို ထိုနေ့အတွက် ဖျက်သိမ်းလိုက်လေတော့သည်။

ဦးနေရောင်လည်း ဘာမှမပြောတော့ဘဲ ကိုကျော်ဇံကိုသာ နှုတ်ဆက်ပြီး ပြန်ခဲ့လေတော့သည်။

မင်းသမီးကတော့ မျက်နှာညှိုးငယ်ပြီး ငိုမယောင်နှင့် ကျန်





ရစ်ခဲ့လေသည်ကို သူ ဥပေက္ခာပြုခဲ့လိုက်လေသည်။

ရင်ထဲမှာတော့ ပြုံမယောင်မိုးနှယ် ညိုနေလေပြီ။
သူ ဒီနေရာကို မလာသင့်ဘူး ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"ဟာ. . . ထူးထူးဆန်းဆန်းပါလား၊ အမ်ဒီကြီး ရုံးတက်လို့ပါလား"

နေ့လည်စာ စားချိန်၌ ထုံးစံအတိုင်း ဒေါ်ကေသီက အတင်းပြောဖို့ တာစူလေပြီ။

"ဟုတ်တယ်. . . စောစောလေးကမှ ရောက်လာတာ မျက်နှာတော့ မကောင်းဘူး"

ထက်ကြွနွေ့စံတို့၏စီမံခန့်ခွဲမှု ရုံးပိုင်းမှ သက်မာက ပြောလိုက်သည်။ လှလှဝေကတော့. . .





"ကျွန်မတို့မန်နေဂျာကတော့ ပြောပါတယ်၊ အမ်ဒီ မကြာခင် ကုမ္ပဏီကိုပဲ ပြန်ရောက်လာပြီး ဖင်မြဲမှာပါတဲ့"

"ဟုတ်လား. . . ဘာဖြစ်လို့လဲ"

ထက်ကြွနွေ့စံက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။ ရင်ထဲမှာလည်း လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်နေသည်။ အမ်ဒီရုံးခန်းထဲ၌ အမ်ဒီ ရှိမနေခြင်းက သူ့ရင်ထဲလည်း ဟာတာတာကြီး ဖြစ်နေတာ ကြာလေပြီ။

"အမ်ဒီစရိုက်နဲ့ ရုပ်ရှင်ဗွီဒီယိုလောက စရိုက်နဲ့က မကိုက်ညီလို့တဲ့လေ"

"ဪ"

ထက်ကြွနွေ့စံ စိတ်သက်သာရာလေးတော့ အနည်းငယ်ရသွားသည်။

ဒေါ်ကေသီကလည်း. . .

"ဟုတ်တယ်. . . အမ်ဒီတို့က မိရိုးဖလာ ချမ်းသာ၊ ပညာတတ် အသိုင်းအဝိုင်းကလည်း ပေါက်ဖွားလာတာဆိုတော့ နေတာထိုင်တာ၊ စားတာသောက်တာ၊ သွားတာလာတာ၊ ဝတ်တာ စားတာအစ စည်းစနစ် ကျတယ်၊ လူ့ယဉ်ကျေးမှု ပညာတတ် အသိုင်းအဝိုင်း ပီသတယ်၊ ဒါတောင် အမ်ဒီက စိတ်မြန်ကိုယ်မြန်နဲ့ နည်းနည်းဒေါသကြီးတယ်၊ ဥက္ကဋ္ဌကို ကြည့်ပါလား၊ ဘယ်လောက်နူးညံ့ပြီး ညက်ညောသလဲဆိုတာ"

"အင်းနော်"

ထက်ကြွနွေ့စံ ဤအချက်ကိုတော့ ကောင်းစွာထောက်ခံနိုင်သည်။ ဒေါ်ခင်ခင်ထားနှင့် အနီးကပ် ပြောဆိုသွားလာနေကြည့်တော့မှ တကယ့်ကို နှစ်လိုဖွယ် လေးစားချစ်ခင်ဖွယ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီး ဖြစ်မှန်း သိလာသည်။

သို့သော် ထက်ကြွေးစံသည် ကိုယ့်အလုပ်ရှင်မို့ လေးလေးစားစား ဆက်ဆံသည်မှအပ ဘာအခွင့်အရေးမှ မယူခဲ့သလို အပိုလည်း ပြောဆိုခြင်း မရှိခဲ့။

ထိုအချိန်တွင် ထက်ကြွေးစံ၏ဆဲလ်ဖုန်းလေး မြည်လာသည်။ ဖုန်းကို ဖွင့်ကြည့်လိုက်သည်နှင့် စိတ်ထဲ "အသက်တော့ ရှည်ဦးမှာပဲ" ဟု တွေးကာ ဖုန်းလက်ခံလိုက်သည်။

"အမိန့်ရှိပါ အန်တီ"

"နေ့လည်စာ စားနေကြပြီလား"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီကော သုံးဆောင်ပြီးပါပြီလား"

"အင်း. . . ပြီးပြီ၊ ခုလေးတင် ပြီးလို့ နေ့လည်စာ ကော်ဖီသောက်ရအောင် ကုမ္ပဏီကို လာခဲ့ရင် ကောင်းမလားလို့၊ ထက်ထက် အမ်ဒီကော ရှိလား"

"ဟုတ်ကဲ့. . . ရှိပါတယ် အန်တီ၊ စောစောလေးကတင် ရောက်လာပါတယ်"

"အင်း. . . အင်း. . . ကောင်းတယ်၊ ဒါဆို အန်တီ မလာတော့ဘူး၊ သူ ရှိနေရင် ပြီးတာပဲ"

ဒေါ်ခင်ခင်ထားအသံ ရွှင်ပျသွားသည်။ တစ်ဦးတည်းသော ရင်နှစ်သည်းချာ သားအတွက် သူ့ရင်ထဲ ဗလောင်ဆူနေခိုင်သည်။

"ဒါဖြင့် ထမင်းဆက်စားတော့ သမီး၊ ဒါပဲနော်. . . ဘာမှ မဟုတ်ပါဘူး၊ အန်တီလည်း ပျင်းလို့ ဆက်တာပါ၊ ဒါပဲ. . . ဒါပဲ"

ဟု ပြောကာ ဖုန်းချသွားလေတော့မှ ထက်ကြွေးစံ ပင့်သက်ကလေး ရှိုက်လိုက်သည်။





"ဥက္ကဋ္ဌက သူ့သားကို အင်ကွ. . . ပုပ်တာမှတ်လား"

"ဒါပဲ ရှိတာပဲ မမကေရယ်"

"အင်းလေ. . . တစ်ဦးတည်းသော အမွေခံသားဆိုတော့ ...န်ရှာပေမပေါ့"

"မမထက်ကို ဥက္ကဋ္ဌက တော်တော်ခင်ရှာတယ်နော်"

လှလှဝေက ဝင်ပြောလိုက်သည်။ ဒေါ်ကေသီက. . .

"ဟုတ်တယ်. . . အရင်ဆက်ခ်ထေရီတွေတုန်းက ဒီလိုမျိုး ...စ်ခါမှ မျက်နှာသာပေးတာမျိုး မတွေ့ဖူးဘူး"

"မမကေကလည်း. . . အစမ်းခန့်ကာလမှာတင် ဖြုတ်ပစ် ...က်တော့ တွေ့ဖို့ရှိသေးလား၊ ကျွန်မတို့ မမထက်က အရည်အချင်း ...ကို၊ သူတို့ ဘယ်လက်လွှတ်နိုင်မလဲ"

ထက်ကြွေးစံ ခေါင်းခါကာ. . .

"ဒီလောက်လည်း မဟုတ်ပါဘူး၊ ကျွန်မကလည်း ကိုယ့် ...ုပ်ကိုယ် တိတိကျကျ လုပ်ရုံနဲ့ တာဝန်ကျေပြွန်အောင် ထမ်း ...ာင်ရုံပါ၊ အဲ. . . တစ်ခုတော့ ရှိတယ်၊ ဘယ်အလုပ်ကိုမဆို ...တနာနဲ့ နှစ်ပြီးလုပ်တတ်တာကတော့ ကျွန်မတို့ မိသားစုရဲ့ ...ဝ ဖြစ်နေတာ တစ်ခုပါပဲ"

"ဟုတ်တယ်. . . ကောင်းလိုက်တဲ့ဝါဒလေး၊ ဒါကြောင့် ...လူကြီးတွေ ပြောခဲ့တာလေ၊ စေတနာမှန်သော ကံတရားတဲ့၊ ...သူ့အပေါ် ဘယ်အလုပ်မဆို စေတနာထားပြီး အလုပ်လုပ် ...ဆိုရင် ကံတရားက သူ့အလိုလို မြင့်လာပြီးသားပဲ"

"ကဲ. . . မမကေရေ၊ ထမင်းစားလို့လဲ ပြီးပြီဆိုတော့ ...မ ပြန်တော့မယ်၊ အမ်ဒီ ဘာများ ခိုင်းစရာရှိလို့ ပြန်လာတာလဲ ...ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထက်ကြွေနွဲ့စံက နားချိန်အပြည့်အဝ ပေးထားသော
အချိန်တစ်နာရီကို ဘယ်သောအခါမှ အချိန်ပြည့် မကုန်ဆုံးတတ်
ဒါ လူ့အခွင့်အရေးရယ်ဟုလည်း သဘောမထား၊ စားစရာရှိ စား
ကိစ္စဝိစ္စ ပြီးတာနှင့် ကိုယ့်စားပွဲကိုယ်ပြန် ကိုယ်လုပ်စရာရှိသည်တို့
ပြီးအောင်လုပ်တတ်သည်။

သူက ဒီလိုဆိုတော့ တွဲဘက်နေရသော သက်မာလည်
မနေသာဘဲ လိုက်ပါလာရသည်။

အမ်ဒီအခန်းတံခါးကို ခေါက်ကာ အသံပေးဝင်ခဲ့သည်

"ဆရာ ဘာများ ညွှန်ကြားစရာ ရှိပါသလဲ"

"ထိုင်ဦး"

အမ်ဒီက လုပ်ငန်းနှင့် ပတ်သက်သောအခြေအနေ
သမျှကို သူသိချင်တာတွေ အကုန်မေးလေတော့သည်။

ကုမ္ပဏီကို ဥပေက္ခာပြုထားတာ တစ်လကျော် နှစ်လနီး
ရှိပြီကိုး။

အမ်ဒီ မေးသမျှကိုလည်း ထက်ကြွေနွဲ့စံက စာရွက်
တမ်း ပြန်ကြည့်စရာ မလိုဘဲ "ဒက်ကနဲ ဒက်ကနဲ" ဖြေနိုင်
သည်။

အမ်ဒီ ဦးနေရောင် ခေါင်းတညိတ်ညိတ်နှင့် နားထော
နောက်. . .

"ကိုင်း. . . မန်နေဂျာအားလုံးကို အစည်းဝေး ခေါ်လိုက်
ဦး၊ သူတို့တွေ ဘာများ လိုအပ်မလဲ၊ ဘာအကြံဉာဏ်များ ပေး
မလဲ သိရအောင်"

"ဟုတ်ကဲ့ ဆရာ၊ နှစ်နာရီအရောက် ခေါ်လိုက်ပါ့မယ်"

"ကောင်းပြီ"





"ကိစ္စမရှိဘူးဆိုရင် ခွင့်ပြုပါဦး ဆရာ"

ထက်ကြွေနွဲ့စံ အမ်ဒီရုံးခန်းထဲမှ ပြန်ထွက်ခဲ့ပြီး ရုံးတွင်း
နခွဲအလိုက် မန်နေဂျာများကို အစည်းဝေးခေါ်ရန်အတွက်
ဆင်လိုက်လေသည်။

ထက်ကြွေနွဲ့စံ ရင်ထဲ၌ အတွေးလေး ဝင်ရောက်နေသည်။
မ်ဒီမျက်နှာက မလန်းဆန်း။ ဘာတွေများ ဖြစ်ခဲ့သည်မသိ။
ရှင်လောကဆိုတာ အပြင်သာမန်လူများနှင့် မတူညီတာကတော့
မှန်ပါပဲ။ အနုပညာရှင်ဆိုတာ ပြည်သူအားလုံး၏ချစ်ခင်မှုနှင့်
တူ မျက်လုံးဒေါက်ထောက် ကြည့်ရှုမှုလည်း ခံရသည်။ တဆိတ်ကို
စ်အိတ် ပုံကြီးချဲ့ခြင်းလည်း ခံရတတ်သည်။ ဒီလောကသား ကြား
သို့ သွားရောက်တိုးဝင်သော အမ်ဒီဦးနေရောင်တစ်ယောက်
ာတွေများ ဖြစ်လာပါလိမ့်မလဲဟူသော စိုးရိမ်မကင်းစိတ်ကလေးက
ော့ သူ့ရင်ထဲသို့ အလိုအလျောက် စီးနစ်ဝင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ညနေစာကို သားဖြစ်သူက ယခင် ကုမ္ပဏီက ပြန်ချိန် ညနေ(၅)နာရီခွဲခန့်တွင် ရောက်ရှိလာသဖြင့် ဒေါ်ခင်ခင်ထား ဝမ်းထဲ ကြိတ်၍ဝမ်းသာနေလေသည်။

"ဟော. . . သား ဒီနေ့ည သွားစရာမရှိဘူးလား"

"ဟုတ်ကဲ့ မေမေ"

"ဒါဖြင့် မေမေနဲ့အတူ ညနေစာ စားမှာပေါ့"

"ဟုတ်ကဲ့ မေမေ. . . စားမယ်"





"ဒါဖြင့် တအောင့်နားပြီး ရေချိုးဦးမှာမှတ်လား. . . ချိုးလိုက်၊ မေမေ သားထမင်းစားမှာဆို သားအကြိုက် ဟင်းတစ်ပွဲလောက်တော့ ပြင်ဆင်လိုက်ဦးမယ်"

"ရပါတယ် မေမေ. . . မေမေစားတဲ့အတိုင်း စားမှာပေါ့"

"ဘယ်ဟုတ်မလဲ သားရဲ့၊ မေမေတို့အရွယ်တွေက အဟာရပြည့်ရုံ စားပြီး အိုဟာဝိတ်ကို ထိန်းနေရတာ၊ သားအတွက်ကတော့ သားအကြိုက်ဟင်းလေးနဲ့ ခံတွင်းမြိန်စေဖို့ မေမေ လုပ်ပေးရမှာပေါ့"

မိဘနှစ်ပါး၏မေတ္တာကို အပြည့်အဝ ခံစားခဲ့ရသော တစ်ဦးတည်းသောသား သူ့အနေနှင့် ယခုလို မိခင်တစ်ဦးတည်း ကျန်ရစ်ချိန်၌ ပို၍ပင် မိခင်အပေါ် အလေးထား ဂရုစိုက်သင့်ပါလျက် မိခင်ကပဲ သူ့အပေါ် ကလေးလေးတစ်ယောက်လို ဂရုစိုက်နေဆဲ ဖြစ်သည်ကို သူ ကောင်းစွာသတိပြုမိလိုက်သည်နှင့်အမျှ မိခင် စိတ်ဆင်းရဲစေမည့်အလုပ်မျိုး ဘာမှမကျူးလွန်မိစေရန် သတိထား နေတော့မည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်လေသည်။

ညနေစာ စားပြီး အသီးအနှံ အချိုတဲ့နေစဉ်မှာသာ မိခင်က သူ့အား စကားစလေသည်။

"သားဗွီဒီယိုကားက ပြီးတော့မလား"

"မပြီးသေးပါဘူး မေမေရာ၊ မင်းသမီးကတော့ အသစ်ဆိုတော့ စင်တင်တာဆိုတော့ ကျိုးနွံမှု ရှိသေးတယ်၊ အချိန်မှန်တယ်၊ ဒါပေမယ့် မင်းသားတွေက ဝါရင့်သမ္မာရင့်တွေဆိုတော့ အချိန်မမှန်ဘူး သူတို့ကို အချိန်ပေးနေရတယ်၊ လက်ခံထားတဲ့ကားတွေက ဘော်တော်များကြတာကိုး"

"အင်း. . . သားကုမ္ပဏီလုပ်ငန်းနဲ့တော့ တစ်ခြားစီ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့နော်၊ သား မင်းသမီးကို မိတ်ကပ်များ လိမ်းပေးမိသေး လား"

"မလိမ်းပေးတော့ပါဘူး မေမေ၊ ခု မိတ်ကပ်ဆရာက ဒီ မင်းသမီးလက်စွဲအတွက် အလုပ်သင် အသစ်ဆိုတော့ ကြိုးစား တယ်၊ သားလိုချင်တဲ့ပုံ ပြောပြပြီး သူ့ကို သင်ပေးလိုက်တယ်၊ လူငယ် ဆိုတော့ နားလည်လွယ်တယ်၊ အမြင်လည်း ရှိတယ်"

"သူကော ဂေးပဲလား"

ဒေါ်ခင်ခင်ထားက ပြုံးကာမေးလိုက်သည်။

ဦးနေရောင်က မလုံမလဲနှင့်. . .

"ဟုတ်တယ် မေမေ၊ မိတ်ကပ်ဆရာတွေက ဂေးတွေ များ တယ်"

"အင်း. . . သားဗွီဒီယိုကားက နှစ်လနီးပါးမှာ ထင်ထား သလောက် မှန်းထားသလောက် မပြီးပေမယ့် သားမျက်နှာလွှဲပစ် လုပ်ထားတဲ့ လှိုင်ထိပ်ထားကတော့ ဒီဇိုင်းဟောင်း လက်ကျန်တွေ လည်း ကုန်သလောက် အစွံထုတ်နိုင်ခဲ့သလို ဒီဇိုင်းသစ်တွေကလည်း အမှာလိုက်၊ အဝယ်လိုက်နေလို့ ပစ္စည်းတွေ တိုးထုတ်နေရတာကော သား သိရဲ့လား"

"သိပါတယ် မေမေ၊ သားက မျက်နှာလွှဲခဲ့ပစ် လုပ်တာ မဟုတ်ပါဘူး၊ ထက်ကြွေစံက မျက်နှာလွှဲရလောက်အောင်တို အစွမ်းအစ ရှိတဲ့ မိန်းကလေးမို့ သား ယုံကြည်ပြီး အပ်ထားလိုက်တာ ပါ"

"အေးလေ. . . ထက်ထက်သာ အစွမ်းအစ မရှိလို့က တော့ ကုမ္ပဏီကြီး ကျွမ်းထိုးမှောက်ခုံတောင် ဖြစ်သွားလောက် တယ်"





"မေမေကကော အဲဒီလို အဖြစ်ခံမှာမို့လို့လား၊ မေမေ သည်း ရှိနေတာပဲ၊ မေမေ ပစ်မထားဘူးဆိုတာလည်း သားက သိနေ သို့ပါ"

ဦးနေရောင် ပြုံးစစနှင့် မိခင်ကို ကြည့်ကာ ပြန်ပြောလိုက် လေသည်။

မိခင်က သူ့အား စွေ့ကြည့်ပြီး. . .

"ဟင်း. . . ဉာဏ်များပ၊ မေမေ. . ထက်ထက်နဲ့ တိုင်ပင် ပြီး လှိုင်ထိပ်ထားကို ကမောက်ကမ ဖြစ်အောင် လုပ်လိုက်မှ ထင် တယ်"

"မေမေ လုပ်မယ်ဆိုလည်း သားက ခံလိုက်ရုံပဲ ရှိတာပေါ့၊ ဒါပေမယ့် သားက ရှုတင်ဆီ မသွားတော့ဘဲ ကုမ္ပဏီအလုပ်ပဲ ဆက်ချလုပ်တော့မှာ"

ဒေါ်ခင်ခင်ထား ရင်ထဲ ကြိတ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

"ကောင်းပါတယ် သား၊ ဗွီဒီယိုအတွက်က ဒါရိုက်တာကို သာ သားယုံကြည်စိတ်ချပြီး လွှဲထားလိုက်တော့၊ ရှုံးရှုံးမြတ်မြတ် မေမေ ဘာမှမပြောဘူး၊ သားအတွက် ဘဝသင်ခန်းစာတစ်ခုလို့ပဲ မေမေ မှတ်ယူထားလိုက်မယ်၊ နောက်ထပ်တော့ ကိုယ့်လိုင်းမဟုတ် တဲ့အလုပ်မျိုး ထပ်တော့ မလုပ်မိစေနဲ့"

"ဟုတ်ကဲ့ပါ"

"မေမေက ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုးလို့ သတိပေးတာ ပါ ကိုင်း. . . မေမေလည်း တရားထိုင်တော့မယ်၊ သားလည်း နား တော့"

"ဟုတ်ကဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မိခင်က အပေါ်ထပ်သို့ တက်သွားလေသည်။ သူလည်း သူ့အခန်းဝင်ကာ အင်တာနက် ဖွင့်လိုက်လေသည်။

အင်တာနက် သတင်းဆောင်းပါးများကို ဖတ်ရင်း အချိန် တော်တော်ကြာသွားချိန်တွင် သူ့ဆဲလ်ဖုန်းမြည်လာသဖြင့် သူ ကောက်ဖွင့်ကာ ကြည့်လိုက်တော့ ဒါရိုက်တာကိုကျော်ဖ် ဖြစ်နေ သည်။

"ဟယ်လို ကိုကျော်. . ပြော"

"ကိုနေရေ. . . ခင်ဗျားကို ကျွန်တော်ရှင်းပြစရာရှိသေးလို့ ခင်ဗျားအားရဲ့လား"

"အားပါတယ် ကိုကျော်. . . ပြောပါ"

"ကိုနေ့မင်းသမီးကို ကျွန်တော်က တမင်ညှဉ်းထားတာဗျာ"

"ကျွန်တော့မင်းသမီး မဟုတ်ရပါဘူးဗျာ"

ဦးနေရောင်စကားအမှားကိုပင် လက်မခံရဲ။ သတင်းပျံ့နှံ့လွယ်သော အနုပညာရှင်များ၏ မီဒီယာလောကကို သူ လန့်သည်မို့ ပျာပျာသလဲ ငြင်းဆန်လိုက်သည်။

"ခင်ဗျားတင်တဲ့မင်းသမီးလေ. . . မဟုတ်ဘူးလား ကိုနေ ခင်ဗျားပဲ ရွေးခဲ့တာလေ"

"ဒါရိုက်တာ တင်တဲ့မင်းသမီးပါဗျာ၊ ပရိုဂျူဆာဆိုတာ ငွေအရင်းအနှီး ထုတ်ပေးရုံသက်သက်ပဲ ရှိတာပါဗျာ၊ ကျွန်တော့် မင်းသမီးလို့ မပြောစမ်းပါနဲ့၊ ခင်ဗျားနဲ့သာ အဓိက ဆိုင်တာပါဗျာ"

ခုရှုပ်မှ နောင်ရှင်းမို့ ဦးနေရောင် ထပ်မံပင် ငြင်းချက် ထုတ်လိုက်လေသည်။

"ကိုင်း. . . ထားပါတော့ဗျာ၊ မင်းသမီးအကြောင်း ဆက် မယ်၊ မင်းသမီးက အသက်ငယ်သေးတာကလည်း တစ်ကြောင်း၊





အတွေ့အကြုံ မရှိသေးတာကလည်း တစ်ကြောင်းကြောင့် ဆင် တယ်၊ သူ့မှာ အီမိုးရှင်း(စိတ်ခံစားမှု)ကို သရုပ်ဆောင်တဲ့အပိုင်းတ အားနည်းနေသေးတယ်၊ ဒါကြောင့် သူ့ရဲ့ပင်ကိုယ်စိတ်ခံစားမှုကို ရရှိဖို့ ကျွန်တော် သူ့ကို တမင်စောင့်ခိုင်းထားပြီး ညှဉ်းထားကြည့် တာ၊ ဒါမှ ဇာတ်လမ်းဇာတ်ရုပ်ကို သူ ပီပြင်အောင် သရုပ်ဆောင် နိုင်မှာ"

"ဆောရီးဗျာ. . . ကျွန်တော်မသိလိုက်ဘူး၊ နောက် ဒီလို မဖြစ်စေရဘူး ကိုကျော်"

"ဟာ. . . ကိုနေကို ကျွန်တော်က အပြစ်ပြောတာ မဟုတ် ဘူး၊ ကိုနေ ကျွန်တော့်ကို အထင်လွဲနေမှာစိုးလို့ သဘောတရားကို ရှင်းပြတာသက်သက်ပါ"

"ဟုတ်ပါပြီဗျာ. . . ကျွန်တော်ကလည်း ခင်ဗျားတို့ လောကအကြောင်း သိတာ မဟုတ်တော့ ခင်ဗျားရှင်းပြမှ သိရတာ၊ နောက်လည်း ကျွန်တော် လာဖြစ်တော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဗျ. . . ကျွန်တော် စိတ်မကောင်း ဖြစ် အောင်တော့ မလုပ်နဲ့ဗျာ ကိုနေရာ"

"ကျွန်တော့မယ်တော်ကြီးလေဗျာ. . . ကုမ္ပဏီကို ပစ်ထား ရမလားဆိုပြီး ဆူနေလို့ပါဗျာ၊ လိုအပ်တဲ့ ငွေရေးကြေးရေးအပိုင်း လည်း ကျွန်တော့်ပီအေနဲ့ အဆင်ပြေတယ်မှတ်လား"

"အဆင်ပြေပါတယ်. . . ခင်ဗျားက တကယ့်လူယုံ ရထား တာပဲ၊ လွှဲထားပြီး ရှုတင်လာခဲ့လို့ ရနေတာပဲ"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားစိတ်တိုင်းကျ ရိုက်လိုက်ပါတော့၊ ကျွန်တော်တော့ သားလိမ္မာ လုပ်လိုက်ဦးမယ် ဒါပဲမှတ်လား ကိုကျော်. . . ဂွတ်နိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဦးနေရောင် စကားစ ဖြတ်ပစ်လိုက်လေသည်။

နောက်တစ်နေ့ ညဘက်. . .

ဒါရိုက်တာကိုကျော်ဇံထံမှ ဖုန်းထပ်လာပြန်သည်။


"မင်းသမီးတော့ အိမ်မိုးရှင်းပိုင်း သရုပ်ဆောင်တာ အပီအပြင် ဖြစ်သွားပြီ ပရိုဂျူဆာရေ"

ဟု ဝမ်းသာအားရ သတင်းပေးလေသည်။

ဦးနေရောင်လည်း သက်ပြင်းလေး တိတ်တခိုး ချကာ. . .

လောကကြီး၌ လူတစ်ဦးစီအတွက် သူနှင့် ထိုက်တန်ရာ နေရာတစ်ခုဆီကို ကံကြမ္မာက ပေးပြီးသားပါလားဟုလည်း သဘောပေါက်လိုက်သည်မို့ သူ့နေရာ၌သာ သူနေရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။





## အပိုင်း(၃)

ဘဝလက်တွဲဖော်ဆိုတာ...

တန်းတူရည်တူ စိတ်တူကိုယ်တူနှင့်

တစ်ဦးကိုတစ်ဦး နားလည်မှုအပြည့်

ရှိဖို့သာ အဓိက အလိုအပ်ဆုံးပါ..

(ဦးနေရောင်)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

ထိုကြားကာလထဲ၌ ထက်က္ကန္ဒြေစံထံသို့ ဂျပန်နိုင်ငံမှ သမိုင်းပညာရှင် ပါမောက္ခဆရာမကြီး နာတိုရီထံမှ သူလိုအပ်သော မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုစာအုပ်များ မှာလေရာ ထက်ကန္ဒြေစံက လူကြုံဖြင့်တဆင့်ရော စာတိုက်ကြီးမှနေ၍ရော ပို့ပေးပြီးဖြစ်သည်။

နာတိုရီ လိုသမျှစာအုပ်များကို စာပေတိုက်တွေမှလည်းကောင်း၊ ပန်းဆိုးတန်းလမ်းတဝိုက်ရှိ စာအုပ်အဟောင်းဆိုင်များမှ





လည်းကောင်း မရမက ရှာဖွေကာ ပို့ပေးလိုက်လေသည်။

နာတိုရီမှ လူကြုံနှင့် ထည့်ပေးလိုက်သော နိုင်ငံခြားငွေများကိုလည်း နှုန်းထားအတိုင်း လဲလှယ်ပြီး စာအုပ်တန်ဖိုးများကို စာရင်းအတိအကျ ပြုစု၍ ပိုငွေကိုပါ ပြန်ပေးလိုက်သည်။

ကိုယ့်နိုင်ငံသမိုင်းအကြောင်းကို တိုင်းတစ်ပါးက စိတ်ဝင်စားသည်ဆိုတော့လည်း ထက်ကန္ဒြေစံ ဝမ်းသာအားရ အားကြိုးမာန်တက်နှင့် စာအုပ်များကို ရှာဖွေပေးခဲ့သည်။

ဆယ်ရက်ခန့်အကြာတွင် ဂျပန်နိုင်ငံမှ နာတိုရီ ဖက်စ်နှင့် စာပြန်ပို့လေသည်။

စာအုပ်တွေကော ငွေတွေကိုကော လက်ခံရရှိကြောင်းနှင့် ဆန္ဒရှိပါက ဂျပန်နိုင်ငံသို့ လာခဲ့ပါ။ အလည်အပတ်ဖြစ်စေ၊ အလုပ်လုပ်မည်ဆိုပါကလည်း အကူအညီပေးနိုင်ကြောင်း ပါလေသည်။

စာရသည့် ညဘက်မှာပင် နာတိုရီထံမှ ဖုန်းထပ်လာသည်။

"အမိန့်ရှိပါ ဆရာမကြီးရှင့်"

"မစံ ဖက်စ်ရသလား"

"ဟုတ်ကဲ့. . . ဒီနေ့ပဲ ရပါတယ်ရှင့်"

"အထူးကျေးဇူးတင်ကြောင်း ထပ်ပြောပါတယ်"

"ရပါတယ် ဆရာမကြီး၊ ကျွန်မအတွက် အပန်းမကြီးပါဘူး၊ ဆရာမကြီး လိုချင်တဲ့စာအုပ်တွေ ဖြစ်ရင် ကျေနပ်ပါပြီ"

"မစံတို့ဆီက မြန်မာတွေ တော်တော်များများ တို့နိုင်ငံမှာ အလုပ်လာလုပ်ကြတယ်၊ မစံကော မလုပ်ချင်ဘူးလား"

"ကျွန်မက ပညာပိုင်းနဲ့ပဲ အသက်မွေးဝမ်းကြောင်းပြုချင်တာဆိုတော့ စားသောက်ဆိုင်တို့ ဆူရှီလိပ်တာတို့ မလုပ်ချင်ဘူး"

ထက်ကန္ဒြေစံက သူ့ဆန္ဒကို ပွင့်လင်းစွာပင် ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ နာတိုရီထံမှ ရယ်မောသံလေး ထွက်ပေါ်လာပြီးမှ. . .

"ဟင်း. . ဟင်း. . ဟင်း. . . မစံရယ်၊ တို့ကလည်း တို့ အလုပ်မပေးနိုင်ဘဲ မင်းကို မခေါ်ပါဘူး၊ မင်းရဲ့အရည်အချင်းကို တို့ သိနေတာပဲ"

"ဆရာမကြီးက ကျွန်မကို အလုပ်ပေးနိုင်လို့လား"

"ပေးနိုင်ပါတယ်"

"ဘာအလုပ်မျိုးလဲ ဆရာမကြီး"

"တို့ အလုပ်လုပ်နေတဲ့ တက္ကသိုလ်မှာပဲ လက်ထောက် စာကြည့်တိုက်မှူးအလုပ် လုပ်မယ်ဆိုရင် တို့ ခန့်ထားပိုင်ခွင့် ရှိတယ် မင်းနဲ့တို့လည်း စာပေချင်း ဖလှယ်လို့ ဆွေးနွေးလို့ ရတာပေါ့ ဘယ့်နှယ့်လဲ မစံ၊ မင်းလုပ်နိုင်မလား"

ထက်ဣန္ဒြေစံ တွေဝေသွားသည်။

ဂျပန်နိုင်ငံသို့ အလုပ်သွားရောက်လုပ်ချင်သည်မှာ သူ၏ အိပ်မက်တစ်ခုဖြစ်သည်။

အိပ်မက်ကို အကောင်အထည်ဖော်ခွင့်ရမည်ဆိုတော့ ရင် ထဲ လှိုက်ဖိုကာ ဝမ်းသာဝမ်းနည်း ဖြစ်သွားရသည်။

"မင်း နေစရာလည်း မပူရဘူး၊ ဝန်ထမ်းအဆောင် ရှိတယ် နေ့လည်စာလည်း ကျောင်းမှာ ကျွေးတယ်၊ တို့ကတော့ မင်းကို လာစေချင်တယ်၊ မင်းအတွက်လည်း အတွေ့အကြုံကောင်းတွေ ရတာပေါ့"

"ကျွန်မကို စဉ်းစားခွင့်ပေးပါ၊ မိဘတွေနဲ့လည်း တိုင်ပင်ရ ဦးမှာမို့လို့ပါ"

"အိုကေ. . . ဟုတ်တာပေါ့၊ မိဘတွေနဲ့ တိုင်ပင်ပါ စဉ်းစားပြီးရင် မင်း တို့ကို လှမ်းဆက်သွယ်လိုက်ပါ၊ မင်းအတွက်





လိုအပ်တဲ့ပုံစံတွေ ဖြည့်ဖို့ တို့ တစ်ခါတည်း လှမ်းပို့လိုက်မယ်"

နာတိုရီက အားတက်သရော ရှိလေသည်မို့ ထက်ဣန္ဒြေစံ ကလည်း တက်ကြွစွာပင်. . .

"ဟုတ်ကဲ့ပါ ဆရာမကြီး၊ ကျွန်မစိတ်ဝင်စားတဲ့အလုပ်မို့ မိဘတွေလည်း ခွင့်ပြုလိမ့်မယ် ထင်ပါတယ်၊ သေချာတာနဲ့ ကျွန်မ ဆက်သွယ်ပါ့မယ်"

"အိုကေ. . . သိပ်ကောင်းတာပဲ၊ တို့ မင်းကို မျှော်လင့်နေ မယ်နော် မစံ"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

"ဒါဖြင့် တို့တွေ ပြန်ဆုံကြရအောင်. . . ဘိုင့်ဘိုင့်"

"ဘိုင့်. . ဘိုင့်"

ဖုန်းအဆက်အသွယ် ဖြတ်လိုက်ကြသည်။ ထက်ဣန္ဒြေစံ ချက်ချင်းပင် အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

ဒီအချိန်ဆို ဖေဖေကော မေမေကော မအိပ်ကြသေး၊ ည့်ခန်းထဲ၌ မေမေ့၏ကျောင်းအလုပ်များကို ဖေဖေက ဝိုင်းလုပ် ပေးတတ်သည်။

မောင်လေးကတော့ သူ့အိပ်ခန်းထဲတွင် စာကြည့်နေ လောက်သည်။ ထို့ကြောင့် မောင်ဖြစ်သူ၏အခန်းဝ လိုက်ကာကို ယ်ပြီး. . .

"မောင်လေး ခဏထွက်ခဲ့ဦး၊ မမ စကားပြောစရာရှိတယ်"

"ဟုတ်ကဲ့. . . လာပါပြီဗျာ၊ ဘာလဲ. . . ယောကျ်ားယူ တော့မှာမို့ အသိပေးတော့မလို့လား"

"ခွေးကောင်လေးနော်"

မောင်ဖြစ်သူက လှမ်းနောက်သည်ကို သူက ရက်စက်စွာ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်လိုက်ရင်း မာန်လိုက်လေသည်။

မိဘနှစ်ပါးက သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်ကြသည်။ နောက် သူတို့၏လုပ်လက်စအလုပ်များကို ရပ်နားလိုက်ပြီး စာကြည့်မျက်မှန်ကိုလည်း ဖြုတ်လိုက်ကြသည်။ ဖခင်က. . .

“ကိုင်း. . . သမီးဘာပြောစရာရှိလို့လဲ”

ထက်က္ကမြေ့စံက. . .

“စောစောက ဂျပန်ပါမောက္ခ နာတိုရိထံက ဖုန်းလာတယ်”

“ဖုန်းသံတော့ ကြားလိုက်သား”

“အဲဒါ. . . .”

ထက်က္ကမြေ့စံက နာတိုရိ၏ကမ်းလှမ်းချက်ကို အသေးစိတ်ပြောပြလိုက်သည်။ မောင်ဖြစ်သူသီဟစံက ဝမ်းသာအားရနှင့်. . .

“ဟာ. . . မမ သင်ထားတဲ့ဘာသာစကားတွေ အလဟဿ မဖြစ်တော့ဘူးပေါ့၊ ကောင်းတယ် မမ၊ သွားလိုက်. . . သွားလိုက်”

လူငယ်တို့ ဘာသာဘာဝ နိုင်ငံခြားသွားရမည်ဆိုတာကို သဘောကျလျက်ရှိလေသည်။

ဖခင်ဦးအောင်စံနှင့်ဒေါ်မိုးအေးမှာ ပင့်သက်ကိုယ်စီ ရှိုက်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

မိဘများ၏ရင်တွင်းဆန္ဒကတော့ မိမိတို့၏သားသမီးများကို ရင်အုပ်မကွာ ထားချင်ကြသည်။ မျက်စိအောက်က အပျောက်မခံချင်ကြ။

သို့သော်. . . သားသမီးများ အတောင်အလက်စုံ၍ စွန့်စားလို ပျံသန်းလိုကြခြင်းအတွက်ကို သူတို့ နားလည်လက်ခံပေးရမည်သာ ဖြစ်သည်။

မိဘလောင်းရိပ်အောက်မှာချည်း နို့သက်ခံ စို့နေလျှင်





ည်း သားသမီးများသည် ကိုယ့်အားကိုယ်ကိုးလိုစိတ် ပျောက်ကာ ကိုယ်ရည်ကိုယ်သွေးပါ ကျဆင်းသွားမှာ စိုးရိမ်ရသည်။ ထို့ကြောင့်

“သမီးဆန္ဒကကော”

မိခင်ဒေါ်မိုးအေးက အရင်မေးလိုက်သည်။

“ဝင်ငွေကလည်း ကောင်း၊ အတွေ့အကြုံနဲ့ ပညာပါ တိုးပွားနိုင်တဲ့နေရာဆိုတော့ သမီးကတော့ သွားချင်ပါတယ်၊ ဒါပေမယ့် ဖေဖေ့ကျန်းမာရေးအရ. . .”

ထက်က္ကမြေ့စံ စကားမဆုံးလိုက်ရ။ ဦးအောင်စံက လက်ကာပြလိုက်ကာ. . .

“ဖေဖေ့ကျန်းမာရေးအတွက် မစဉ်းစားနဲ့၊ ဂေါက်ရောဂါဆိုတာ အနေအထိုင် အစားအသောက်လေး ဆင်ခြင်ပြီး ဆေးမှန်မှန်သောက်တော့ သက်သာနေတာပဲ ကြည့်လေ၊ ဖေဖေ ဆေးပင်စင်ယူလိုက်ရတာကလည်း အိမ်စောင့်မယ့်လူ မရှိတာကလည်း တစ်ကြောင်းမှတ်လား၊ မိသားစုလေးယောက်စလုံး အပြင်ထွက်နေတော့ ခြံထဲက ပစ္စည်းတွေ အပျောက်အရှနဲ့ ဖြစ်နေတာလည်း တစ်ကြောင်း၊ ဆရာဝန်ကလည်း ဆေးပင်စင်ပေးလိုက်တာကလည်း တစ်ကြောင်းကြောင့် ချော်လဲရောထိုင် လုပ်လိုက်ရတာပါ၊ ခုကြည့်လေ. . . ဖေဖေ တုတ်တောင် အားမပြုရတော့ဘူး. . . လျှောက်နိုင်နေတာ”

ဖခင်က စကားရှည်ရှည်ဝေးဝေး ပြောကာ သူ့အတွက် ပူပန်စေချင်ကြောင်း ပြောလေသည်။

“ဖေဖေ့ကို ပူစရာမလိုဘူး သမီး၊ ဖေဖေ့အာယုလမ်းကြောင်းက ရှည်တယ်. . . ဟုတ်ဟား၊ ငါ့သားဆရာဝန် ကုပေးတာလည်း ခံဦးမှာ၊ မြေးတွေကိုလည်း ထိန်းဦးမှာ၊ မဟုတ်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



မအေကြီးရယ်"

ထိုအခါမှ မိခင်ဒေါ်မိုးအေးက ပြုံးရယ်ကာ. . .

"ဟုတ်တယ် သမီး၊ ဖေဖေ. . မေမေ. . သမီးမောင်လေး အတွက် ဘာမှမပူနဲ့၊ သမီးဆန္ဒရှိတဲ့အတိုင်းသာလုပ်"

"နောက်ဆို မောင်လေး ကျူရှင်ပြစရာ မလိုဘဲ စာပိုကြည့် ရမယ်၊ ပါရဂူဘွဲ့တွေ ယူနိုင်အောင် သမီး ရှာဖွေစုဆောင်းထား မယ်၊ ခုခေတ်ကြီးမှာ ရိုးရိုးအမ်ဘီဘီအက်စ် တစ်ခုတည်းနဲ့ ကျေ နေလို့ မရဘူး"

သီဟာစံက အစ်မကို ကြည့်ကာ. . .

"ကျွန်တော့်အတွက် မပူပါနဲ့ မမ၊ ကျွန်တော်လည်း ရည် ချက် ရှိပါတယ်၊ နိုင်ငံခြားတွေမှာလိုပေါ့၊ အချိန်ပိုင်းအလုပ်လု ကျောင်းတက်ရတာကိုက ပိုလေးနက်ပြီး ပညာကလည်း ပိုတန်ဖိုး လာသလိုပဲ"

"မောင်လေး လိမ္မာတာ မမ သိပါတယ်၊ ဒါပေမယ့် မ အတတ်ပညာနဲ့ ရှာထားတဲ့ငွေတွေဟာ ဒီမိသားစုအတွက်ပဲ

ဒါဖြင့် ဖေဖေနဲ့မေမေက သမီးကို ဂျပန်သွားခွင့်ပြုတယ်ပေါ့"

မိဘနှစ်ပါးက တပြိုင်နက်ဆိုသလို ခေါင်းညိတ်လိုက် သည်။

"မမ အိမ်ထောင်ပြုဖို့ကတော့"

"ဝေးသေးတယ်. . . ကိုယ့်ဝင်ငွေနဲ့ကိုယ် မိဘကို ကျွေး ဆပ်ရတာကပဲ လွတ်လပ်တယ်၊ ယောက်ျားလုပ်စာ မှီပြီး သူ့မျက် ကြည့်ပေးရမယ့်အလုပ်မျိုး မလုပ်ချင်လို့ ခုထိ အိမ်ထောင်မပြု တာပေါ့"

"သာဓု. . . သာဓု. . . သာဓုပါ သမီး၊ ဒါပေမယ့် လူ





သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမယ်၊ မိဘအတွက်နဲ့ ဖေဖေနဲ့ မေမေ ဝင်ငွေ၊ ပင်စင်ယူရင်လည်း ပင်စင်ငွေနဲ့ သစ်ခွခြံဝင်ငွေနဲ့ လောက်ပါတယ်၊ သမီးဘဝရှေ့ရေးအတွက်သာ စဉ်းစားပြီး မ်ထောင်ပြုချင်လည်း ပြုပါ"

ဦးအောင်စံက အေးဆေးစွာပင် သူ့အား ပြောလေသည်။

ထက်ကြွေစံက ပြုံးကာ ခေါင်းခါလိုက်ပြီး. . .

"လောလောဆယ်တော့ အိမ်ထောင်ရေးအကြောင်း သမီး ဉ်းစားချင်သေးဘူး၊ ရလာတဲ့အခွင့်အရေးကိုလည်း လက်လွှတ် ခံချင်ဘူး၊ သမီး ဂျပန်သွားချင်သေးတယ်၊ ဖေဖေနဲ့မေမေကို ငွေ တွေအများကြီး ပို့ပေးချင်သေးတယ်၊ အတွေ့အကြုံသစ်တွေနဲ့ ပညာ တွေလည်း လိုချင်သေးတယ်"

ဒေါ်မိုးအေးက သမီးကို နားလည်သူပီပီ. . .

"သမီး ဆုံးဖြတ်ချက် ချပြီးပြီဆိုရင်လည်း လုပ်စရာရှိတာ လုပ်ပါ၊ ဖေဖေအတွက်လည်းမပူနဲ့၊ မေမေနဲ့မောင်လေး ရှိတာ

"ဒါဆို ပရော်ဖက်ဆာ နာတိုရီကို အကြောင်းပြန်လိုက်မယ်"

"မမကလည်း. . . ချက်ချင်းမပြန်နဲ့ဦး၊ နည်းနည်းတော့ ထားဦးမှပေါ့"

"အင်းပါ. . . သုံးလေးရက်လောက်မှ အကြောင်းပြန်မှာ

"မမ လှိုင်ထိပ်ထားကုမ္ပဏီကိုကော"

"သူတို့နဲ့က ဘွန်းထိုးထားတာ မရှိပါဘူး၊ သေချာသွားရင် ပြောပြီး ထွက်လိုက်ရုံပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လိုင်ထိပ်ထားရဲ့ဥက္ကဌကြီးတော့ ဆွေးသွားပြီပေါ့"

ထက်က္ကန္တြေစံ ဒေါ်ခင်ခင်ထားကို မြင်ယောင်မိကာ စိ
မကောင်းဖြစ်သွားရလေသည်။ သူ့အပေါ် ဝန်ထမ်းတစ်ဦးဆို
ထက် သမီးတစ်ယောက် ရထားသလို တိုးတိုးဖော် ဖြစ်ကာ ပျော်
နေရှာသည်။ ဒေါ်ခင်ခင်ထားကို သံယောဇဉ်တွယ်ပြီဖြစ်သဖြင့်
ထဲတော့ မကောင်းနိုင်။ သို့သော် အချိန်က စကားပြောသွားမှ
လေဟု စဉ်းစားပြီး ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်
သည်။

လှိုင်ထိပ်ထားကုမ္ပဏီက ထွက်ပြီး နာတိုရီ၏ကမ်းလှ
ချက်ကို လက်ခံလိုက်ရန်ဖြစ်သည်။





# အခန်း(၂၂)

"ဘယ်လိုလဲ ပရိုဂျူဆာကြီးရဲ့၊ ရှုတင်ဘက်ကို ခြေဦး
ောင် မလှည့်မလာတော့ပါလား"

ဒါရိုက်တာကိုကျော်ဇံက သူ့ ရှုတင်သို့ တစ်ပတ်လောက်
ဦးမလှည့်ဘဲ နေလိုက်သည်နှင့် ဖုန်းဆက်လာလေသည်။
ဦးနေရောင် ဆင်ခြေပေးလိုက်သည်။

"ကုမ္ပဏီကိစ္စတွေက များလာလို့ပါ ကိုကျော်ရာ၊ နောက်ပြီး
ားတို့အလုပ်ကိုလည်း ကျွန်တော်နားမလည်တော့ လူပို



www.burmeseclassic.com

www.burmeseclassic.com



သက် ဖြစ်နေသလားလို့ပါ"

"ပရိုဂျူဆာဆိုတာ လူပိုဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော်ဖ လောကအတွက် မရှိမဖြစ်လူပါ"

"ထားပါတော့ . . . ခင်ဗျားမင်းသမီးကော မုဒ်ဝင်ရဲ့လာ ဗျာ၊ အဆင်ပြေရဲ့လား"

ဦးနေရောင် စိုးထင့်နေသောကိစ္စကို မအောင့်အည်းနိုင်ဘဲ မေးလိုက်ရသည်။

"မင်းသမီးက အသစ်ဆိုတော့ ဘာမှပြောစရာမရှိဘူ ရှိတဲ့အပြစ်က အီမိုးရှင်းပိုင်းပဲ ရှိခဲ့တာ၊ ဒါကလည်း ရသွားပြီဆိုတော တော်တယ်ဗျာ၊ တော်တော့်ကို ကြိုးစားတယ်၊ ဒါပေမယ့် မင်းသာ တွေကိုတော့ စိတ်ရှည်လက်ရှည် စောင့်နေရတော့ မှန်းထားတ ကာလအတွင်းတော့ ပြီးမှာ မဟုတ်ဘူး၊ ဒါကိုတော့ ကိုနေ ကျွ တော့်ကို သံသယ မဝင်စေချင်ဘူး၊ ကျွန်တော်အချိန်မဆွဲဘူးဆိုတာ ကို သဘောပေါက်စေချင်တယ်"

"ဟာ. . . မဟုတ်တာဗျာ၊ ကျွန်တော် ခင်ဗျားတို့ဆီ လ လိုက်တာနဲ့ ခင်ဗျားတို့ လောကအကြောင်းကို ကောင်းကော သဘောပေါက်သွားပါတယ်၊ စိတ်တိုင်းကျတော့ လုပ်ပါဗျာ၊ ခင်ဗျာ ကို ကျွန်တော် အပြည့်အဝ ယုံကြည်ပြီးသားပါ"

"မင်းသားချည်း ကျွန်တော်လွဲမချပါဘူး၊ ရာသီဥတုအ လည်း လိုချင်တဲ့အခြေအနေမျိုး မဖြစ်တဲ့အခါ ရှုတင်ဖျက်လိုက် တာလည်း ရှိသေးတယ် ကိုနေ၊ ဒါပေမယ့် ပြီးတော့မှာပါ"

"အိုကေ. . . ဆက်လုပ်ပါဗျာ၊ ပြီးသွားတာနဲ့ ခင်ဗျားတို့ ညစာကျွေးပွဲမယ်၊ အဲဒီတော့မှပဲ ကျွန်တော်တို့ အေးအေးဆေးဆေ တွေ့ကြတာပေါ့"





"အိုကေ. . . ငွေကလည်း မှန်းထားတာထက် ပိုလာပြီ ော်"

"ကိစ္စမရှိပါဘူး ကိုကျော်၊ အကောင်းဆုံးကိုသာ ဆက် ်တီးပေးပါ။ ဒါဖြင့် ဒါပဲမှတ်လား၊ ကျွန်တော် မီတင်သွားရဦးမှာ ည့်. . . ဘိုင့်ဘိုင်"

ဦးနေရောင် ဖုန်းချလိုက်သည်။ ကိုကျော်ဇံနှင့် စကားပြော သည်နှင့် သူ့အတွေးပုံရိပ်၌ မင်းသမီး ပန်းနုရွှေစင်၏ပုံရိပ်က ဝဲဝဲ လည်လာလေသည်။

တဆက်တည်း ဦးနှောက်က ဆင်ခြင်တုံတရားနှင့် ပန်းနု ရွှေစင်၏ပုံရိပ်ကို ဖျက်ဆီးပစ်နေရသေးသည်။

သူနှင့် အနေအထိုင် အကျင့်စရိုက်ချင်း အသိုင်းအဝိုင်း င်း လုံးဝမတူညီ။

သူသည် ချမ်းသာပြီး ပညာတတ်သော အသိုင်းအဝိုင်းကပဲ တ်ဖွားလာ၍လား၊ ဒါမှမဟုတ် နိုင်ငံခြားမှာပဲ အနေကြာ၍လား ။ အစားအသောက် အနေအထိုင်ပုံစံကအစ တစ်မျိုးစီ ဖြစ်နေ သည်။

နောက် အဆိုးဆုံးတစ်ချက်က သူ့၌ ဝန်တိုစိတ် ရှိနေခြင်း င်း။

သူ့၌ ချစ်သူမရှိသေး။

သို့သော် ချစ်သူရလျှင် သူ့ချစ်သူကို သူတစ်ယောက်တည်း ်ပေါင်းချောင်ထဲ ထည့်ကာ အမြွတ်တနိုး တန်ဖိုးထားကာ တစိမ့် ကြည့်နေချင်သည်။ တစ်ပါးသူ စေ့စေ့ကြည့်တာကိုပင် မကြိုက် င်း။

ခုလို မင်းသမီးကို မင်းသားက ပွေ့ဖက်တာမျိုး၊ လှကြိမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာ ဆွဲလားရမ်းလား လုပ်တာမျိုးကို သူ ခံစားနိုင်မည်မဟုတ်။

နောက်ပြီး. . .

အသွင်မတူ အိမ်သူမဖြစ် ဆိုသကဲ့သို့ မင်းသမီးနှင့်သူ ဝါသနာ၊ စရိုက်၊ ပညာအရည်အချင်း မတူကြ။

"အင်း. . . ရေရှည် အိမ်ထောင်ရေး မြဲပါ့မလား"

"မေမေကလည်း လုံးဝသဘောတူမှာ မဟုတ်ဘူး၊ မေမေ စိတ်ဆင်းရဲအောင် ငါမလုပ်တော့ပါဘူး"

မင်းသမီးပေါ် စွဲလမ်းမိသော သူ့စိတ်ကို အတွေးနှင့်ပင် ဖျက်သိမ်းပစ်လိုက်လေတော့သည်။

ထိုအခိုက် တပြိုင်နက်ဆိုသလို. . .

"ဆရာ. . . မီတင် စတော့မယ်လေ"

ထက်က္ကန္ဒြေစံ၏တံခါးခေါက် အချက်ပေးသံပင် မကြား လိုက်။ ဘွားကနဲ သူ့ရှေ့ပေါ်လာပြီး အသံပေးလိုက်တော့မှ အတွေး ပန်းချီတို့ ပျက်ပြယ်သွားပြီး ထက်က္ကန္ဒြေစံကို ကြည့်လိုက်ကာ. . .

"အင်း. . . အိုကေ. . . လာပြီ"

လစဉ် အစည်းအဝေးကို တက်ရောက်ဖို့ သတိရလိုက် သည်။ တဆက်တည်း. . .

"ဥက္ကဌကော ရောက်ပြီလား"

မိခင်ကို သတိရကာ မေးလိုက်သည်။

"ရောက်ပါပြီ ဆရာ၊ ဒုဥက္ကဌနဲ့ စကားပြောနေပါတယ်"

"ကိုင်း. . . ဒါဖြင့် သွားကြစို့"

ဦးနေရောင် ရှေ့မှ ထွက်ခဲ့သည်။ ထက်က္ကန္ဒြေစံက သူ့ နောက်မှ ထပ်ချပ်မကွာ လိုက်လာခဲ့လေသည်။

အစည်းအဝေးခန်း၌ ထုံးစံအတိုင်းပင် ထက်က္ကန္ဒြေစံက





အခမ်းအနားမှူး လုပ်ကာအစီအစဉ်များကို ကြေငြာစဉ် သူ ထက် က္ကန္ဒြေစံကို ငေးကြည့်မိသည်။

ပညာတတ်သည်။ က္ကန္ဒြေသိက္ခာ ရှိသည်။ လုပ်ရည်ကိုင် ရည် ရှိသည်။ အစွမ်းအစ ရှိသော မိန်းမချောလေးဖြစ်သည်။ ချစ်သူ ရည်းစား မရှိ၊ မိဘမျိုးရိုးလည်း ကောင်းသည်။ သူ့နှလုံးသားကို လည်း အမြဲတစေ အေးမြနေစေသည်။

ထက်က္ကန္ဒြေစံကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုး၊ ရှုလောင်ရတာမျိုး တစ်ခါမှ မဖြစ်ပေါ်။

ဒီလိုမိန်းကလေးကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ထိုက် သည်။

"ဥက္ကဌကြီးမှ မိန့်ခွန်းမြွက်ကြားပေးပါရန် လေးစားစွာ ဖိတ်ကြားပါတယ်ရှင်"

ထက်က္ကန္ဒြေစံက သူတို့ ထိုင်နေသောစားပွဲသို့ ကြည့်ကာ ဦးညွှတ်လိုက်သဖြင့် သူ အကြည့်ကို ရုပ်သိမ်းလိုက်သည်။

မိခင်က သဘောတူမှာပါလေ။

ဦးနေရောင် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက် လေသည်။

ဘဝလက်တွဲဖော်ဆိုတာ တန်းတူရည်တူ စိတ်တူကိုယ်တူ နှင့် တစ်ဦးကိုယ်တစ်ဦး နားလည်မှု အပြည့်ရှိဖို့သာ အဓိက အလိုအပ်ဆုံးပါဟု. . .။

ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

(၃)လကျော်အကြာတွင် ဒါရိုက်တာကျော်ဇံက ဗွီဒီယိုဇာတ်လမ်း ရိုက်ကူးပြီးကြောင်း ဦးနေရောင်ကို ဖုန်းဆက်လာသောအခါ. . .

"ဒါဖြင့် အဖွဲ့သားတွေ ပင်ပန်းသွားကြပြီပေါ့၊ ညနေစာစီစဉ်လိုက်ဗျာ၊ ခင်ဗျားတို့ ကြိုက်တဲ့နေရာသာရွေး၊ လူကြမ်း မီးထိုးပါမကျန် အားလုံးပါ စားသောက်နိုင်တဲ့နေရာဗျာ"

"အိုကေ. . . ဒါဖြင့်(×××××)ဗျာ၊ ညနေခြောက်နာရီ





အခန်းတစ်ခုလုံး ချုပ်လိုက်မယ်ဗျာ၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး အနားယူရင်း စားသောက်ရအောင်"

ဦးနေရောင် ထွက်ပြီးသားဆင်စွယ် ပြန်ဝင်ရိုးထုံးစံ မရှိသကဲ့သို့. . .

"အိုကေဗျာ. . . လုပ်ပါဗျာ၊ ခုပဲ စရံငွေ သွားချပြီးဘွတ်ကင်လုပ်လိုက်မယ်"

ဦးနေရောင် ဖုန်းပြောပြီးသည်နှင့် ထက်ကြွေခြွေစံကို ခေါ်ကာ ကိုကျော်ဇံ ရွေးချယ်ထားသည့်ဟိုတယ်သို့ ခန်းမတစ်ခန်းချုပ်ရန် အကျွေးအမွေးကိုတော့ ဘူဖေးစီစဉ်ရန် တာဝန်ပေးလိုက်သည်။

"ငါတို့ဘက်ကတော့ ဒေါ်ကြင်ဆွေရယ် မင်းရယ် ဒရိုင်ဘာနှစ်ယောက်ရယ်ပဲ သွားကြတာပေါ့"

"ကျွန်မ လိုက်လို့မဖြစ်ဘူး ဆရာ"

ဦးနေရောင် ထက်ကြွေခြွေစံကို မော့ကြည့်လိုက်သည်။

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဖေဖေ နေမကောင်းလို့ပါ။ မောင်လေးကလည်း စာမေးပွဲနဲ့ဆိုတော့ ဆေးခန်းကို မေမေနဲ့ကျွန်မပဲ လိုက်ပို့ပေးရမှာမို့လို့ပါ"

မိဘကျန်းမာရေးကိစ္စဆိုတော့လည်း သူ့အနေနှင့် အတင်းအကြပ် ဘာမှမပြောချင်သဖြင့်. . .

"ကောင်းပြီလေ. . . ဒါဖြင့် ဒေါ်ကြင်ဆွေကို သူခေါ်ချင်တဲ့ မိန်းမဖော်တစ်ယောက် ခေါ်သွားလို့သာ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ အခုပဲ သွားပြောလိုက်ပါ့မယ်၊ ဆိုတယ်သွားပြီး ကျွန်မ ရုံးတစ်ခါတည်း ဆင်းလိုက်တော့မယ်နော်"

အချိန်က (၄)နာရီကျော်နေပြီမို့ သူက ခေါင်းညိတ်လိုက်သည်။ ထက်ကြွေခြွေစံက ဟိုတယ်သို့ ဖုန်းနှင့် အရင်ဆက်သော ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ညနေ(၆)နာရီအတွက် ရနိုင်မရနိုင် အရင်မေးရသည်။ ရနိုင်သည် ဆိုတော့မှ ဆက်ပြီး စကားပြောရသည်။ နောက် ဒေါ်ကြင်ဆွေကို ကိုယ်တိုင်သွားပြောပြီး တစ်ခါတည်း ဟိုတယ်အသွားကို ခေါ်သွားလိုက်သည်။

ဦးနေရောင်လည်း ကုမ္ပဏီမှ စောစီးစွာပင် အိမ်ပြန်ခဲ့လိုက်သည်။

"သား စောလှချည်လား"

"သားဗွီဒီယိုကား ပြီးသွားပြီ မေမေ၊ အဲဒါ ဗွီဒီယိုအဖွဲ့သားတွေကို ညစာကျွေးမယ်လို့ ကတိပေးထားလို့ သွားရမှာမို့ ပြန်လာတာ၊ မေမေကော လိုက်မလား"

"အိုကွယ်. . . အဲဒီလိုနေရာမျိုး မေမေ မလိုက်ချင်ဘူး၊ စားကြသောက်ကြမှာမှတ်လား"

"နည်းနည်းပါးပါးတော့ ရှိမှာပေါ့ မေမေ"

"နည်းနည်းပါးပါးပဲဖြစ်ဖြစ် များများစားစားပဲဖြစ်ဖြစ် သားကတော့ အလွန်အကျွံ မဖြစ်စေနဲ့၊ ဒါထက်. . . ထက်ထက်ကော လိုက်မှာလား"

"သူ့အဖေ နေမကောင်းလို့ မလိုက်ဘူးတဲ့"

ဒေါ်ခင်ခင်ထား ကျေနပ်သွားသည်။

"ဒီလိုပဲ ဖြစ်ရမှာပေါ့လေ၊ ထက်ထက်က အပျော်အပါး မက်တဲ့မိန်းကလေးမှ မဟုတ်တာ"

"ထက်ကြွေစံက တမင်မလိုက်တာကို မေမေ ဆိုလိုတာလား"

"ဒါပေါ့. . . သူ့အဖေဆေးခန်းဆိုတာ အကြောင်းပြ သက်သက်ပါ။ တမင်ရှောင်တာ ဖြစ်မယ်"





ဦးနေရောင် ဆက်မပြောတော့။ ရေချိုးရန်သာ အပေါ်ထပ်သို့ တက်ခဲ့လိုက်လေသည်။

သူ့ရင်ထဲ၌ မတွေ့ရတာ ကြာပြီဖြစ်သော ပန်းနုရွှေစင်ကိုလည်း တွေ့ချင်နေသည်။

ဖုန်းမဆက်တာလည်း ကြာပြီဖြစ်သည်။

ပန်းနုရွှေစင်ကို တွေ့ရတော့မည်၊ ချွဲချွဲနွဲ့နွဲ့အသံလေးကို ကြားရတော့မည်ဆိုတော့ သူ့ရင်ခုန်သံနှုန်း ပြန်လည်မြင့်တက်လာလေသည်။

ထိုနေ့ည ညစာစားပွဲသို့ ပန်းနုရွှေစင် နောက်ကျမှ ရောက်လာသည်။

မင်းသားများနှင့် သူတို့၏ဇနီးများနှင့် ပန်းနုရွှေစင်က တစ်ဝိုင်းထိုင်လိုက်သည်။ ပန်းနုရွှေစင်၌ မန်နေဂျာတစ်ဦးပင် ရထားလေပြီ။ ထိုအမျိုးသမီးကပင် ပန်းနုရွှေစင် စားဖို့ သွားရောက်ခပ်ထည့်ပေးလေသည်။

"ဦးနေ. . . ရောက်နေတာ ကြာပြီလား"

ပန်းနုရွှေစင်က သူ့အား လာရောက်နှုတ်ဆက်လေသည်။

"ခြောက်နာရီကတည်းက"

"မတွေ့တာ ကြာပြီနော်၊ မီးတို့ရှုတင်ကို စိတ်ပျက်သွားပြီး ရောက်မလာတာမှတ်လား"

"မဟုတ်ပါဘူး. . . ကုမ္ပဏီအလုပ်တွေ များနေလို့ပါ"

"မီး သိပါတယ်. . . မီးတို့လောကနဲ့ ဦးနေနဲ့ မအပ်စပ်ဘူးဆိုတာ"

"မင်းသမီးရေ. . . မင်းသမီး. . . လာပါဦး၊ ဒီမှာ. . . မင်းသမီးကို ဗျူးချင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်ဆရာက ကန္တဲ့ကလျှနှင့် ပြေးလာပြီး လာရောက်ဆွဲခေါ်သွားလေသည်။

"ဦးနေ. . . သွားပြီ၊ နောက်မှ"

ပန်းနုရွှေစင်က သူ့အား အားနာစွာ ကြည့်ရင်း ဒရွတ်တိုက် ပါသွားရင်းမှ လှမ်းပြောလိုက်လေသည်။

ဦးနေရောင် ရင်ထဲ မကောင်း။ ဒါရိုက်တာ မင်းသားမင်းသမီးတို့ ပျော်ပျော်ပါးပါး နောက်ပြောင်ကျီစယ်နေကြသည်။ လက်ပွန်းတတီး နေကြသည်။ ဤသည်ကို သူ့အနား၌ ငြိမ်သက်စွာထိုင်နေသော ကိုကျော်ဇံ၏ဇနီးဝင့်ဝါကို သူ စကားစလိုက်သည်။ သူနှင့်မဝါ နှစ်ယောက်တည်း ဝိုင်းတစ်ဝိုင်းမှာ ကျန်ခဲ့သည်ကိုး။

"မဝါ"

"ပြောပါ ဦးနေရောင်"

"ခင်ဗျားက ရုပ်ရှင်လောကသားတစ်ယောက်ရဲ့ဇနီးအနေနဲ့ ဘယ်လိုခံစားပြီး နေရသလဲ"

"ဒီလိုပဲ စိတ်တထင့်ထင့်နဲ့ နေရတာပေါ့ ဦးနေရောင်၊ ကိုကျော်နဲ့က အိမ်ထောင်ကျတာ ငါးနှစ်ရှိပြီ၊ ဇာတ်ဆောင်ဖြစ်ချင်တဲ့ ဇာတ်ရံမင်းသမီးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ဒါရိုက်တာတစ်ယောက်ရဲ့ဇနီးအနေနဲ့ ရင်ထဲ အပူမီးကတော့ ဘယ်ငြိမ်းနိုင်ပါ့မလဲ၊ ဒါပေမယ့်လည်း ကြာတော့လည်း နေသားကျသွားပါပြီ၊ နေသားကျသွားပြီဆိုတာတောင် ကိုကျော် အပြင်သွားရင် ရင်တမမ ရှိနေခဲ့သမျှ ကိုကျော် အိမ်ထဲ ပြန်ဝင်လာတာ မြင်မှ ဟင်းချနိုင်တာမျိုးပေါ့"

ဦးနေရောင် သူတို့အနုပညာမောင်နှမ အချင်းချင်းကြားပြောဆိုရယ်မောနေသော ပန်းနုရွှေစင်ကို မဝါကနေသာ တဆင့်





နှုတ်ဆက်ကာ ပြန်ခဲ့လေသည်။

ဆူညံကာ ဟင်းပေါင်းစုံနဲ့ ယမကာပေါင်းစုံနံ့တို့နှင့် ကျောခိုင်းလိုက်ရတော့မှ သူ အသက်ဝဝ ရှူရှိုက်နိုင်လေတော့သည်။

အိမ်ရောက်တော့ ဧည့်ခန်းတွင် လမ်းလျှောက်ရင်း ပုတီးစိတ်နေသောမိခင်မှာ သူ့ကို မြင်တော့မှ မျက်နှာမှာ ဝင်းပသွားသည်ကို တွေ့လိုက်ရလေသည်မို့. . .

သူ နှလုံးသားအလိုကို မလိုက်ခြင်းမှာ အလွန်မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို ကျေနပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၄)

အမ်ဒီ ဦးနေရောင်သည် စီစစ်ရေးက ကျလာသည်နှ
"ချစ်ကြိုဂံ" ဗွီဒီယိုကားကို ဒါရိုက်တာကိုကျော်ဖံ၏အကူအညီနှ
ဖြန့်ဖြူးရောင်းချလိုက်သည်။

တစ်ပတ်အတွင်းတွင် ကုန်သွားသည်။ ခေတ်စကားအ
အခွေက "ပေါက်" သွားသည်။ အရောင်းရဆုံးအခွေ Top Te
စာရင်းလည်း ဝင်သွားလေသည်။

အခွေမထွက်ခင်ကတည်းက ဂျာနယ်မဂ္ဂဇင်းတို့တွ





ဆတင်းဖွထားခဲ့သည်ကလည်း ပါသည်။

လှိုင်ထိပ်ထား ကုန်ပစ္စည်းကြော်ငြာကတည်းက ကလေး လူကြီးများ ပါးစပ်တွင် ရေပန်းစားနေသော "ပန်းနုရွှေစင်" ကို သည်း ပိုမိုကျော်ကြား ရေပန်းစားသွားလေသည်ဖြစ်ရာ. . .

"ပန်းနုရွှေစင်" နောက်သို့ ဗွီဒီယို၊ ရုပ်ရှင်ဒါရိုက်တာများနှင့် ဆက်လုပ်သူများ၊ စီးပွားရေးကြော်ငြာရှင်များက လိုက်လာသည်။

သို့ဖြစ်၍ နယ်မှ မိဘနှစ်ပါးကိုပင်လျှင် ပန်းနုရွှေစင် ခေါ်ယူလိုက်ရသည်။

ပန်းနုရွှေစင် တိုက်ခန်းကျဉ်းလေးမှာ နေရာမှ ကွန်ဒို တိုက် ခန်းကျယ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ကိုယ်ပိုင်ကားနှင့်လည်း ဖြစ်သွားလေပြီကို။

ပန်းနုရွှေစင် ဦးနေရောင်ထံသို့ ဖုန်းဆက်သည်။

"ဦးနေကျေးဇူးကြောင့်ပါ"

"ဘယ့်နဲ့. . . ငါ့ကျေးဇူး ဖြစ်ရမှာလဲ၊ ဒါရိုက်တာကိုကျော် ကျေးဇူးပေါ့"

"ဦးကျော်ကျေးဇူးလည်း ဟုတ်ပါတယ်၊ ဒါပေမယ့် ဦးနေ သာ လှိုင်ထိပ်ထား ကုန်ပစ္စည်းအတွက် မီးကို မရွေးခဲ့ရင်ရယ်၊ ချစ်ကြိုဂံအတွက် မီးကို တင်ရဲတာရယ်က ဦးနေကျေးဇူး မဟုတ်လို့ ဘယ်သူ့ကို ကျေးဇူးတင်ရမှာလဲ"

"ထားပါတော့. . . အောင်မြင်မှုလမ်းစကို နင်းထားမိပြီ တော့ ဆက်ကြိုးစား၊ ဝီရိယအားကို ပိုထုတ်၊ ဘာလုပ်လုပ် ရိုးသတ်ဟာ ငါ့ထမင်းရှင်ဆိုတဲ့စိတ်ထားမျိုးနဲ့ စေတနာထားပြီး ဒ်သွင်း သရုပ်ဆောင်ပါ"

ဦးနေရောင် ရင်ထဲ စိုးရိမ်မကင်းစိတ်နှင့်အတူ ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့် နှစ်ကာ ဆုံးမစကား မှာကြားနေမိလေသည်။

"ကျေးဇူးတင်ပါတယ် ဦးနေ၊ ဦးနေစကားကို မီးရင်ဘတ် ထဲမှာ အမြဲသိမ်းဆည်းထားပြီး လိုက်နာဆောင်ရွက်ပါ့မယ်"

"ညည်းအတွက် မန်နေဂျာကော ရွေးပြီးပြီလား"

"ရွေးထားပြီးပါပြီ. . . ဖေဖေနဲ့မေမေကလည်း မီး ကိုယ်စားလှယ်အဖြစ်ကော မီး ရှုတင်သွားရင် တစ်ယောက် တစ်လှည့်စီလည်း လိုက်ပေးဖို့ ဆုံးဖြတ်ထားပြီးပြီ"

"ကောင်းပါတယ်. . . ညည်းအောင်မြင်မှုအတွက် ဝမ်း သာပါတယ်"

"ဦးနေ. . . မီးအိမ်သစ်တက်ပွဲနဲ့ ဘုရားအနေကဇာတင်ပွဲ ကို လာရမယ်နော်"

"အင်း. . . ဦးနေ အချိန်ရရင် လာမယ်၊ အချိန်မရလို့ မလာရင်လည်း ညည်း ဘယ်လိုမှ မအောင့်မေ့နဲ့"

"ဟင်. . . ဦးနေကလည်း"

"ဒါပဲမှတ်လား ပန်းနု၊ ဦးနေ မီတင်တက်စရာရှိလို့ ဖုန်းချ လိုက်ပြီ"

ဦးနေရောင် ဖုန်းချလိုက်သည်။ သံယောဇဉ် အမျှင်မတန် ချင်ပါ။

ထိုသံယောဇဉ်တန်းက ရင်မှာ တွယ်ငြိသွားလျှင် မလွယ် ကူ။

ဥပေက္ခာပြုလက်စနှင့် ဥပေက္ခာပြုပြီး မေ့မေ့ပျောက် ပျောက် နေလိုက်တာ အကောင်းဆုံးပါပဲ။

ဘဝအခြေခံချင်းမှ မတူညီကြတာ။ သံယောဇဉ်မတွယ်မီ စောစောစီးစီး လမ်းခွဲထားပြီးမှတော့ နောက်ပြန်လှည့်မကြည့်





တော့မဲ့ နေရန် ဦးနေရောင် ဆုံးဖြတ်ချက် ချပြီးသားဖြစ်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

သူ့ရုံးတံခါးကို အချက်ပေးခေါက်သံ၏လက်ရာရှင်မှာ ထက်ကြွေခြွေစံ၏လက်သံဟု သူ သိနေသဖြင့် ရော့တိရော့ရဲ ထိုင်ကာ အတွေးရေယဉ်ကြော မျောပါနေမှုကို ရုပ်သိမ်းလိုက်ပြီး ခန္ဓာကိုယ် ကော်မတ်ထိုင်ကာ ဝင်လာသူကို လှမ်းကြည့်လိုက်သည်။

အမြဲတစေ သေသပ်ပြီး ကျက်သရေရှိသောအလှနှင့် ဝင်း ထက်ကာ လန်းနေသူ ထက်ကြွေခြွေစံက. . .

"ဆရာ. . . ဗွီဒီယိုကားရဲ့ထွက်ငွေဝင်ငွေ စာရင်းပေါင်း ချုပ် ရပါပြီ၊ ဆရာ အချိန်ရလို့ ကြည့်မယ်ဆိုရင် ကျွန်မ အခု ချင်ပြပေးပါ့မယ်"

"အင်း. . . ကြည့်မယ်လေ၊ ထိုင်ပါ ထက်ကြွေခြွေစံ"

ထက်ကြွေခြွေစံက သူ့ရှေ့တည့်တည့် ကုလားထိုင်တွင် ထိုင် လိုက်သည်။

"ဒါက မတည်ငွေပါ"

"အင်း"

"ဒါက ဝင်ငွေပါ ဆရာ၊ မတည်ငွေထက် ဝင်ငွေက ပိုပါ တယ်"

"အမြတ်တော်ကြေးကော"

"အဲဒါကလည်း အခွန်ဦးစီးရုံးကို ကျွန်မ သွားပြီး ရာဖြတ်နဲ့ ဆွေးနွေးပြီး တစ်ခါတည်း ဖယ်ထားပြီးပါပြီ၊ အဲဒါ ဖယ်ပြီး အသား တင် အမြတ်ငွေစာရင်းက ဒီမှာပါ"

"ဟာ. . . မြတ်သေးတယ်၊ တော်သေးတာပေါ့. . . ငါက အရှုံးနဲ့အရင်း တစ်ခုခုပဲလို့ တွက်ထားတာ၊ အင်း. . . ပင်ပန်းရကျိုး

www.burmeseclassic.com



နပ်သွားတာပေါ့"

ဦးနေရောင် ဝမ်းသာသွားသည်။ တဆက်တည်းမှာပင်..

"အမြှတ်ငွေတစ်ဝက် ကိုကျော်ကို သွားပေးလိုက်"

"ဆရာမသွားဘူးလား"

"သူ့အားတဲ့အချိန်နဲ့ ငါအားတဲ့အချိန်က ညှိနေရင် ကြာမယ်၊ မင်းပဲ ကိုကျော် မအားလည်း မဝါနဲ့ ဆက်သွယ်ပြီး သွားပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ၊ ဒါဖြင့် ကျွန်မကို ခွင့်ပြုပါဦး ဆရာ"

"ကောင်းပြီ"

ထက်ကြွန်နွဲ့စံ ထွက်သွားသည်။ ထက်ကြွန်နွဲ့စံ နောက်ကျောပြင်ကို သူ ငေးစိုက်ကြည့်ရင်း သက်ပြင်းချကာ ကျန်ရစ်သည်။

ထက်ကြွန်နွဲ့စံကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ဖို့ သူ ဆုံးဖြတ်ချက် ချလိုက်ပြီးသည့်တိုင် ဘယ်ကဘယ်လို စပြီး ပရိုပို (ချစ်ခွင့်ပန်)ရမည်ကို စဉ်းစား၍မရသေး။

အူကြောင်ကြောင်နိုင်သည့်အလုပ်မျိုးလည်း မလုပ်ချင်သူ ဆိုတော့ မိခင်ကို အားကိုးရန်သာ ဆုံးဖြတ်လိုက်လေတော့သည်။

☺ အောင်မြင်စာပေ ☺





# အခန်း(၂၉)

အမ်ဒီ ဦးနေရောင်ခြေလှမ်း တုန့်ကနဲ ဖြစ်သွားရသည်။

သူ ရုံးခန်း၏အပြင်ဘက် အရံခန်းတွင် သက်မာတစ်ယောက်တည်း ရှိနေသည်။ မြင်နေကျ ထက်ကြွန်နွဲ့စံကို မမြင်ရတော့ အခန်းထဲ ဟာတာတာကြီး ဖြစ်သွားလေသည်။

"ထက်ကြွန်နွဲ့စံ မရောက်သေးဘူးလား"

"ဟုတ်ကဲ့ ဆရာ"

အမ်ဒီ ဦးနေရောင် ဆက်မမေးတော့ဘဲ သူ့ရုံးခန်းထဲသို့

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့လေသည်။

"ဘာများဖြစ်လို့ပါလိမ့်. . . နောက်မကျစဖူး နောက်ကျ
နေတာ"

ရင်ထဲ စိုးရိမ်မကင်း ဖြစ်လာသည်။ စားပွဲနောက်၌ ထိုင်
လိုက်ပြီး စားပွဲပေါ် ရှင်းနေသောအလယ်တည့်တည့်၌ ချောစာအိတ်
ကလေးတစ်ခု တင်ထားသည်။

အုပ်ချုပ်မှု ဒါရိုက်တာသို့ဟု လိပ်မူထားသည်။

ထက်ကြွန္ဒြေစံ လက်ရေးပါလား။

ဦးနေရောင် စာအိတ်ကို ဖွင့်ဖတ်လိုက်သည်။

ထက်ကြွန္ဒြေစံ. . . ဖခင်၏ကျန်းမာရေးအတွက် အနီးက
ပြုစုရန်ဟူသော အကြောင်းပြချက်ဖြင့် နှုတ်ထွက်သွားသည့်
ဖြစ်သည်။

"ဟာ"

သူ အင်တာကွန်းကို နှိပ်ကာ သက်မာကို ခေါ်လိုက်သည်
သက်မာ ရောက်လာတော့. . .

"ဒီမှာ ညည်းမထက် နှုတ်ထွက်စာ တင်သွားတယ်၊ ဘယ်
တုန်းက တင်တာလဲ၊ ညည်းတင်ထားတာလား"

"ရှင်. ."

သက်မာမှာ ယောင်နနလေး ဖြစ်ကာ အံ့အားသင့်သွား
ရသည်။

"ကျွန်မ ဘာမှမသိပါဘူး"

"ဒါဖြင့် သူ့ဖာသာသူ တင်သွားတာပဲ ဖြစ်မယ်၊ ဒေါ်ကြ
ဆွေနဲ့ ဒေါ်ကေသီကို ခေါ်လိုက်စမ်း"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ"





သက်မာ ပြန်ထွက်သွားသည်နှင့် ဦးနေရောင်မိခင်ထံ ဖုန်း
ခေါ်လိုက်သည်။ သူ မျှော်မှီးခဲကိုင်မိသလို ဖြစ်လေတော့သည်။

"ဟယ်လို မေမေ"

"ဘာလဲ သား. . . ဘာဖြစ်လို့လဲ"

"မေမေ့ထက်ထက် အလုပ်ထွက်စာ တင်သွားလို့"

"ဟေ. . . ဘာဖြစ်လို့လဲ၊ မင်းဆူလိုက်လို့လား"

"လုပ်ပြီ မေမေက၊ သား သူ့ကို တစ်ခါမှ မဆူဖူးဘူး"

"မဟုတ်သေးပါဘူး သားရာ. . . ဘာဖြစ်လို့တဲ့လဲ"

"အဖေကို ပြုစုရန်လို့ အကြောင်းပြထားတာပဲ"

"မဖြစ်နိုင်ဘူး. . . အကြောင်းတစ်ခုခု ရှိလိမ့်မယ်၊ မေမေ
သူ့အိမ် သွားလိုက်မယ်"

"နေဦး မေမေ၊ သားတို့လည်း သွားမလို့"

"အေးလေ. . . သားတို့ သွားတာကလည်း သွားပေါ့၊
မေမေကတော့ တစ်မိနစ်လေးတောင် ဆိုင်းမနေချင်ဘူး၊ ဒါကြောင့်
မေမေ သွားနှင့်လိုက်မယ်၊ ဒါပဲ. . . ဒါပဲ"

မိခင်က ဖုန်းချသွားသည်နှင့် ဦးနေရောင်မှာ ဘာလုပ်ရ
မှာကိုင်ရမည်မှန်းမသိ ယောင်ချာချာကြီး ဖြစ်သွားလေသည်။

ထိုအခိုက်အတန့်မှာပင် သက်မာ၏သတင်းပေးမှုကြောင့်
ကုမ္ပဏီတစ်ခုလုံး ဝန်ထမ်းများထံ တမဟုတ်ချင်း တောမီးနှယ်
ပျံ့နှံ့သွားလေရာ ကုမ္ပဏီတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ
တော့သည်။

သို့လောသို့လောနှင့်လည်း တီးတိုးတီးတိုး ဖြစ်ကုန်ကြ
သည်။

အမ်ဒီဦးနေရောင်က ဒေါ်ကြင်ဆွေနှင့်ဒေါ်ကေသီတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ထက်ကြွေနွေစံနှင့် အနေနီးကပ်သူများဖြစ်၍ ဘာကြောင့် အလုပ်ထွက်တာ ထင်သလဲဟု မေးမြန်းကြည့်သလို အုပ်ချုပ်မှု မန်နေဂျာကိုလည်း ထက်ကြွေနွေစံ အလုပ်ထွက်ခြင်းနှင့် ပတ်သက်ပြီး သဘောကျမကျ မေးမြန်းကြည့်ရာ. . .

"သိပ်တော်တဲ့မိန်းကလေးပဲ. . . လုပ်ရည်ကိုင်ရည် ရှိပြီး လာဘ်မြင်တဲ့မိန်းကလေးမို့ သူထွက်သွားရင် ကုမ္ပဏီအတွက် နစ်နာတာပေါ့၊ သူလိုလူမျိုး နောက်ထပ်မရနိုင်ဘူး"

ဟူသောလေသံမျိုးတွေသာ ထွက်သဖြင့်. . .

"ဒါဖြင့် ဒေါ်ကြင်ဆွေနဲ့ဒေါ်ကေသီတို့ကလည်း သူ့ကို ဖုန်းဆက်ပြီး အစ်အောက်မေးကြည့်ပါဦး၊ သူ ဘာများ စိတ်ခုထားတာ ရှိသလဲလို့"

"စိတ်ချပါ ဆရာ၊ ဆရာ မပြောလည်း ညနေရုံးဆင်းတာနဲ့ ကျွန်မတို့က သွားမေးမလို့ စဉ်းစားထားပြီးပါပြီ"

"အေးဗျာ. . . သူ့လုပ်ဆောင်ချက်တွေက ခင်ဗျားတို့ မြင်တဲ့အတိုင်း အပြစ်ပြောစရာ မရှိတော့ ကျွန်တော်လည်း အပြစ် မတင်ဖူးပါဘူး၊ ဘာကြောင့်လဲဆိုတာ နားလည်ရ ခက်ပါတယ်"

အုပ်ချုပ်မှု မန်နေဂျာက. . .

"သူက ဆက်ခ်တေရီတစ်ယောက် တာဝန်ထက်ကို ပိုထမ်းဆောင်နိုင်တော့ သူ့ကို လစာတိုးပေးရင်ကော ဆရာ"

"အဲဒီအတွက်ဆိုရင်လည်း ညှိနှိုင်းပြီး လုပ်ပေးလိုက်ကြပေါ့ဗျာ"

ဦးနေရောင် ရင်ထဲ ယောက်ယက်ခတ်လျက် ရှိလေသည်။ ထိုခံစားမှုမျိုး တစ်ခါမှ မဖြစ်ပေါ်ဖူးချေ။ ထိုနေ့ သူ ရုံးစောဆင်းခဲ့သည်။





မိခင်က သူ့အား ဆီးကြိုကာ. . .

"ထက်ထက်ကို မတွေ့ခဲ့ဘူး၊ အိမ်တံခါး ခြံတံခါးတွေလည်း ပိတ်ထားတယ်၊ ဒါနဲ့ အိမ်နီးချင်းတွေ မေးကြည့်တော့ သူ့အမေက ကျောင်းသွားပြီး သူတို့မောင်နှမက အဖေကို ဆေးခန်းလိုက်ပို့တယ် ဆိုလို့ မေမေလည်း ပြန်ခဲ့လိုက်တယ်"

"သူ့အဖေ တော်တော်ဖြစ်နေလို့လား မသိဘူးနော် မေမေ"

"မေမေလည်း အဲဒီလို ထင်လို့ အိမ်နီးချင်းကို မေးခဲ့ပါတယ်၊ ဦးအောင်စံက ခါတိုင်းလိုပါပဲ၊ တုတ်တစ်ချောင်းနဲ့ လှုပ်လှုပ် လှုပ်လှုပ် သွားနေ လုပ်နေတာပါပဲတဲ့"

ဦးနေရောင် ရင်ထဲ အဖြေရှာမရတော့ ရင်မောသွားရာ မိခင်က. . .

"ညရောက်မှ မေမေနဲ့သား တစ်ခေါက်ထပ်သွားကြတာပေါ့"

ဟု ပြောလိုက်မှ သူ့စိတ်သက်သာရာ ရသွားသလို ပင့်သက်ရှိုက်လိုက်မိလေတော့သည်။



www.burmeseclassic.com



# အခန်း(၂၆)

"ဟင်"

ထက်ကန္တြေစံသည် ညဘက်ကြီး ရောက်ချလာသော အမ်ဒီ ဦးနေရောင်တို့သားအမိကို ကြည့်ပြီး အံ့အားသင့်သွားသည်။

ထက်ကန္တြေစံ ခြံတံခါးကို သွားရောက်ဖွင့်ပေးလိုက်ရင်း. .

"အန်တီရယ်. . . အားနာလိုက်တာ၊ ကျွန်မကြောင့် ဒုက္ခများကုန်ကြပြီထင်တယ်"

"အားနာရင် အလုပ်က မထွက်နဲ့ပေါ့ ထက်ထက်ရယ်"

ဒေါ်ခင်ခင်ထားက စိတ်မကောင်းသည့်လေသံနှင့် ပြော





လာတော့လည်း ထက်ကန္တြေစံ စိတ်ထဲ ထိရှသွားသည်။

ညနေကလည်း ဒေါ်ကြင်ဆွေနှင့် ဒေါ်ကေသီ၊ သက်မာနှင့် လှလှဝေတို့ ရောက်ချလာပြီး "ဘာဖြစ်လို့ အလုပ်ထွက်ရတာလဲ" ဟု အစ်အောက်ကာ မေးမြန်းကြသည်။

ထက်ကန္တြေစံ ဖခင်ကျန်းမာရေးကိုပဲ အကြောင်းပြုပြီး ရေငုံနှုတ်ပိတ် နေလိုက်သည်။ သူတို့ လက်လျှော့ပြီး ပြန်သွားကြသည်။

ယခု အမ်ဒီတို့သားအမိ ရောက်လာပြန်ပြီ။ ထက်ကန္တြေစံ စိတ်မောလူမော ဖြစ်နေရသည်။ စိတ်ထဲမှာလည်း ကျဉ်းကျပ်နေသည်။ ရင်ထဲက အပူကို ဘယ်သူမှ နားလည်အောင် ဖွင့်ဟပြောဖို့ အခွင့်မသာ။

တိတ်တခိုးအချစ်က ရင်ကို နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်လျက် ရှိသည်မို့ နှလုံးသားတစ်ခုလုံး အက်ကွဲထွက်မတတ် နာကျင်လွန်းလှပါသည်။

"ထိုင်ပါ အန်တီ. . . ဆရာကော"

"ဦးအောင်စံအခြေအနေက တော်တော်ဆိုးနေလို့လား"

ဒေါ်မိုးအေးက အတွင်းခန်းဘက်မှ ထွက်လာပြီး. . .

"သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး အစ်မကြီး၊ ပန်းခြံထဲ အချိန်ကုန်တာ များသွားပြီး ခြေထောက်တွေ ပြန်ရောင်လို့ ကူတွဲမှ သွားနိုင်လာနိုင် ဖြစ်နေလို့ပါ၊ ခုတော့ ဆေးအရှိန်နဲ့ အိပ်ပျော်နေပါတယ်၊ သမီး. . . စားစရာတစ်ခုခု သွားလုပ်လိုက်ပါဦး"

"ဘာမှလုပ်မနေနဲ့. . . ညဘက်ဆိုတော့ ကော်ဖီလည်း မသောက်ဘူး၊ ရေနွေးကြမ်းသာ ယူခဲ့ ထက်ထက်"

ဒေါ်ခင်ခင်ထားကတော့ အိမ်ကို သုံးခေါက်ရောက်သားဖူး

www.burmeseclassic.com



သူ ဖြစ်၍ ရင်းရင်းနှီးနှီးပင် ပြောလိုက်သည်။

ဒါကို အမ်ဒီက အံ့အားသင့်နေပုံရကြောင်း ထက်ကျွန်ခြွေစံ အကဲခတ်မိလိုက်လေသည်။ အမ်ဒီမိခင်က အမ်ဒီအား ဗီအိမ်ကို ဝင်ထွက်နေကြောင်း အသိပေးထားပုံ မရဘူးဟုလည်း ခန့်မှန်းမိလိုက်သည်။

ထက်ကျွန်ခြွေစံက ရေနွေးကြမ်းနှင့် လိုက်ဖက်သော ခရမ်းချဥ်သီးယိုနှင့် လက်ဖက်အစ်ကလေးကို ပြင်ဆင်ပြီး ချပေးလိုက်သည်။ ရေနွေးကြမ်းကို ငှဲ့ပေးစဉ်မှာပင် . . .

"ထက်ထက် အန်တီတို့ကို ကိုယ့်မိသားစုလို သဘောထားပြီး ပွင့်ပွင့်လင်းလင်းသာပြော၊ လစာတိုးပေးဆိုလည်း တိုးပေးမယ်၊ အဖေ ဆေးခန်းတွေ သွားလာဖို့ ကားလိုလည်းကား၊ သူနာပြု ငှားဖို့လိုလည်း ငှားဖို့ကအစ အကူအညီပေးမယ်လေကွယ်၊ အလုပ်တော့ မထွက်ပါနဲ့"

"အဲဒါကြောင့် မဟုတ်ပါဘူး အန်တီ"

ထက်ကျွန်ခြွေစံ မျက်လွှာချပြီး မိခင်ဘေးနားတွင် ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်သည်။

ဦးနေရောင် ထက်ကျွန်ခြွေစံကို ခိုးကြည့်မိသည်။ ချည်သား ဂါဝန်လေး ဝတ်ထားပြီး နိုက်ခရင် လိမ်းထားပုံရသည်။ မျက်နှာလေးမှာ ပြောင်ချောကာ ဝင်းလက်လျက်ရှိသည်။ ပင်ကိုယ်အလှနှင့်ပင် တင်းကနဲ ချောလှကာ ကျက်သရေရှိလျက် ရှိသည်။ ပေါ်လွင်သော နှာတံစင်းစင်း၊ ဖင်ယော်တောင် မျက်ခုံးနက်နက်နှင့် ၎င်းအောက်မှ ထက်မြက်သော မျက်ဝန်းနက်တစ်စုံ။ နီရောင်သွေးနေသော နှင်းဆီငုံဖူး နှုတ်ခမ်းတစ်စုံက ပိပိရိရိ၊ အပိုစကား မပြောတတ်သည့်ဟန်။





ထက်ကျွန်ခြွေစံအလှတွေကို သူ တွေ့မြင်နေပါလျက် ဥပေက္ခာ ပြုထားမိခြင်းအတွက် နောင်တရချင်နေမိသည်။

"လမ်းမှာ သားအမိနှစ်ယောက် တိုင်ပင်လာတယ်၊ ထက်ထက် အရည်အသွေးနဲ့ ဆက်ခံတေရီရာထူးနဲ့ ထားဖို့တောင် မတန်ဘူး၊ ဒါကြောင့် ဒုမန်နေဂျင်း ရာထူးသစ်ကို တိုးမြှင့်ဖွဲ့စည်းပြီး ထားဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဘယ့်နှယ့်လဲ ထက်ထက်၊ ဒုမန်နေဂျင်း ရာထူးကို လက်ခံပေးမယ်မှတ်လား"

ထက်ကျွန်ခြွေစံ ရင်ထဲ ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်။

ဒေါ်ခင်ခင်ထား မိမိကို ချွေးမတော်ချင်နေကြောင်း ရိပ်မိသိရှိခဲ့သည်နှင့်အမျှလည်း သူ ပို၍သတိထား ဆက်ဆံခဲ့သည်။ အများအမြင်၌ ပျာလောင်ခတ်မနေစေရန် ဖြစ်သည်။

အကယ်၍ အမ်ဒီကို သူ ယူလိုက်ပါက အမ်ဒီဘက်က မရမနေ ကမ်းလှမ်းခြင်းကြောင့်ဟု လူအများက မသိနိုင်ဘဲ မိမိကိုသာ အမ်ဒီကို အမိဖမ်းသည့် ပိုင်းလုံးဟုသာ မြင်မည်။ ဒါ့အပြင် အနေတည်သော အမ်ဒီကို အမိဖမ်းဖို့ အမ်ဒီ့အမေကို အပိုင်ချဉ်းကပ်ပြီး အမ်ဒီကို အရယူသည့်ပိုင်းလုံးဟုသာ ကွယ်ရာ၌ ပြောဆိုကြမှာ ကျိန်းသေသည်။ လူ့ပါးစပ်ပေါက်တွေက ကြောက်ဖို့ကောင်းသည်။

ဒါ့အပြင် မိမိ၏ချစ်ခြင်းမေတ္တာစစ်သည်လည်း ဂုဏ်နေဟူသော ပကာသနအောက်မှာ ပျောက်ကွယ်မှေးမှိန်သွားမှာ စိုးရိမ်သည်။

အမ်ဒီထံမှလည်း မိမိအပေါ် ချစ်မြတ်နိုးသော အရိပ်အယောင်များ စိုးစဉ်းမျှ မတွေ့မြင်ရ။

ထို့ကြောင့် အချစ်နှင့်အိမ်ထောင်ရေး တစ်သားတည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သည့် မိမိအတွက် အချိန်တစ်ခုတော့ ပေးဆပ်လိုက်ရမည်။

"ဒေါ်မိုးအေးတို့လည်း ဝိုင်းတိုက်တွန်းပေးပါဦး"

"ကျွန်မတို့ကတော့ သားသမီးတွေကို အကောင်းဆုံးလမ်းကြောင်းပေါ် တင်ထားပေးပြီးပြီ၊ ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့သာ လုပ်သင့် လုပ်ထိုက်တာကို လုပ်သွားကြပေတော့လို့ပဲ ပြောထားတာဆိုတော့ သူတို့စိတ်ဖိစီးမှု ခံရမယ့်ကိစ္စမျိုးတော့ မတိုက်တွန်းချင်ပါဘူး အစ်မကြီးရယ်၊ သူတို့သဘောပဲပေါ့"

မခင်စကား ဆုံးသွားတော့ ဒေါ်ခင်ခင်ထားက သက်ပြင်းချကာ ရေနွေးကြမ်းနွေးနွေးလေးကို ကောက်သောက်လိုက်လေသည်။

အမ်ဒီက သူ့ကို စေ့စေ့ကြည့်ကာ. . .

"ထက်ကျွန်ခြွေစံမှာ အနက်ကယ့်ကျန်းမာရေး အကြောင်းပြချက်အပြင် အခြားအကြောင်းကိစ္စတစ်ခု ရှိနေတယ်မှတ်လား။ ဖုံးကွယ်ထားစရာ မလိုတဲ့ကိစ္စဆိုရင် ပြောပြပါလား"

အမ်ဒီပဲလေ၊ ဒီလောက်တော့ ခန့်မှန်းတတ်ပေမပေါ့။

ထက်ကျွန်ခြွေစံ မကွယ်ဝှက်ချင်တော့။

"ဟုတ်ပါတယ် ဆရာ၊ အခြားအကြောင်းလည်း ရှိပါတယ်"

"ဘာများပါလိမ့်"

ထက်ကျွန်ခြွေစံ ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်မှ ပါမောက္ခ နာတိုရီ၏အဆက်အသွယ်ဖြင့် အရှေ့တိုင်းသမိုင်းနှင့် ယဉ်ကျေးမှုဌာန၌ လက်ထောက်စာကြည့်တိုက်မှူး သွားလုပ်မည့် အကြောင်း ပြောပြလိုက်သည်။

"သေချာသွားပြီလား"

"ခေါ်စာတွေ အပြည့်အစုံ ရပြီမို့ ဗီဇာဝင်ဖို့ပဲ ကျန်ပါတော့





တယ် ဆရာ"

"ဒါ ကောင်းတဲ့အလုပ်ပဲ၊ ဗဟုသုတနဲ့ အတွေ့အကြုံသစ်တွေ ထပ်ရလာတာပေါ့၊ ဘယ်နှစ်နှစ်လောက် လုပ်မှာလဲ"

"အနည်းဆုံး နှစ်နှစ်နဲ့ အများဆုံး ငါးနှစ်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ်"

"အိုကွယ်. . . စာသင်နှစ်တစ်နှစ်ပဲ လုပ်ပြီး ပြန်လာပါ၊ ပြီးတော့ လျှိုင်ထိပ်ထားမှာပဲ ဒု-မန်နေဂျင်းနဲ့ ဆက်လုပ်ပေးပါ"

ဒေါ်ခင်ခင်ထားကတော့ ဇွတ်ပင် ပြောနေသည်။ အမ်ဒီကတော့ ဘာမှထပ်မပြောဘဲ မျက်နှာပြင်က ပြုံးရိပ်သန်းသွားသည်။ စိတ်ထဲ ဘာတွေများ ကြံစည်ပြီး ကျေနပ်သွားသည်ကို ထက်ကျွန်ခြွေစံ ခန့်မှန်း၍မရအောင် ဖြစ်သွားသည်။

"ဟုတ်ကဲ့ အန်တီ၊ ဂျပန်က ပြန်လာရင်တော့ လျှိုင်ထိပ်ထားမှာပဲ ပြန်လုပ်ပေးပါ့မယ်" ဟု နှုတ်ကတိပေးလိုက်တော့မှ ဒေါ်ခင်ခင်ထားမျက်နှာ ဝင်းပသွားပြီး. . .

"အမလေး. . . ခုမှပဲ ရင်ထဲက အပူလုံးကြီး ကျသွားတော့တယ်"

အမ်ဒီကော မိခင်ဒေါ်မိုးအေးပါ ပြုံးသွားကြသည်။

"ထက်ကျွန်ခြွေစံ ဂျပန်သံရုံး ဗီဇာဝင်ဖို့ အခက်အခဲ ရှိရင်လည်း ကိုယ့်ကို ပြောလေ၊ ဂျပန်နဲ့က သွားလိုက်လာလိုက် အိမ်ဦးနဲ့ကြမ်းပြင် လုပ်နေတော့ ဂျပန်သံရုံးဝန်ထမ်းတွေနဲ့လည်း မိတ်ဆွေသူငယ်ချင်းတွေလို ဖြစ်နေကြပြီ"

"ဟုတ်ကဲ့ ဆရာ. . . ကျေးဇူးတင်ပါတယ်၊ လိုအပ်ရင်တော့ ပြောပါ့မယ်"

ဒေါ်ခင်ခင်ထားက လူငယ်နှစ်ယောက်၏စိမ်းကားသော



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးအခြေအနေကို သိပ်သဘောမတွေ့သော်လည်း ဘာမှ မပြောတော့၊ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရန်သာ ဆုံးဖြတ်လိုက်သည်။

မြွေမြွေချင်း ခြေမြင်သည်။ ထက်ကြွေစံသည် မာနနှင့် မိန်းမသား ဂုဏ်သိက္ခာကြောင့်သာ ဒီလိုလမ်းကို ရွေးချယ်လိုက်ကြောင်း သိနားလည်နေမိလေသည်။

ထက်ကြွေစံတို့ အိမ်ကအပြန် လမ်း၌. . .

"သား. . . ထက်ထက်ကို မေမေ လက်မလွှတ်နိုင်ဘူး ချွေးမ,တော်ချင်တယ်၊ သားသဘောကကော"

သားကို ပြတ်ပြတ်သားသားပင် မေးလိုက်သည်။

"သားလည်း မေမေ့အတွက်ရော ကုမ္ပဏီအတွက်ကော ပြီးတော့ သားအတွက်ပါ လက်မလွှတ်တော့ဘူးလို့ ဆုံးဖြတ်ချ ချလိုက်ပါပြီ မေမေ"

"ဟင်း. . . မင်းဟာက အဝေးကို ထွက်သွားတော့မှ"

"အဝေးမဟုတ်ပါဘူး မေမေ၊ ဂျပန်က သား ခြောက်နှစ် လုံးလုံး နေခဲ့တဲ့နိုင်ငံပဲဟာ၊ သား မကြာခဏ လိုက်သွားလို့ ရနေတာ ပဲ"

ထိုအခါကျမှ ဒေါ်ခင်ခင်ထား သဘောပေါက်သွားသည်။ ထက်ကြွေစံ၏ဂုဏ်သိက္ခာကို လုံးဝမထိခိုက်စေဘဲ နေနဲ့လ ရွေး အလား လိုက်ဖက်သောစုံတွဲအဖြစ် ပွဲလည်တင့်ကာ လက်ထပ် အရေးအတွက် ခုလို အစီစဉ်သည်သာ အကောင်းဆုံးပါလားဟု. . .







## အခန်း(၂၈)

နှစ်လခန့်အကြာ. . .

ထက်ကြွေစံ ဂျပန်ပါမောက္ခ ဆရာမကြီး နာတိုရီ၏အကူ ဖြင့် အိုဆာကာတက္ကသိုလ်၌ အရှေ့တိုင်းသမိုင်းနှင့် ယဉ်ကျေး မှုတွင် လက်ထောက်စာကြည့်တိုက်မှူးတာဝန်ကို သွားရောက် ထမ်းဆောင်နေနိုင်ပြီဖြစ်သည်။

ထက်ကြွေစံကို နာတိုရီက အလွန်ချစ်ခင်နှစ်သက်ကာ အရာရာ အကူအညီ ပေးသည်။ ထို့အတူ ထက်ကြွေစံက နာတိုရီ လေ့လာနေသမျှ မြန်မာနိုင်ငံ သမိုင်းနှင့် ယဉ်ကျေးမှု



www.burmeseclassic.com

www.burmeseclassic.com



အတွက် မြန်မာစာမှ ဂျပန်ဘာသာပြန်ပေးရာတွင် အကူအညီ မျှားစွာပေးခဲ့လေသည်။

ဒီအတွက်လည်း နာတိုရီက ထက်ကြွန္ဒြေစံကို ဂျပန်နိုင်ငံ နေထိုင်သွားလာ စားသောက်စရိတ် လွတ်ကင်းအောင် သူပဲ အစ အရာရာ တာဝန်ယူကာ လစာ အသားတင်ဖြစ်အောင် ပံ့ပေးခဲ့ မက အားလပ်ချိန်တွင် သူ့တပည့်များထဲမှ မြန်မာဘာသာ အင်္ဂလိပ်စာ ကျွမ်းကျင်လိုသူများကို ကျူရှင်သင်စေနိုင်ရန်လည်း ကူညီပေးခဲ့သဖြင့် ထက်ကြွန္ဒြေစံအတွက် တကယ့်ကို ငွေတွင်း တစ်ခုပေါ် ထိုင်မိသလို ဖြစ်သွားသည်။

မြန်မာပြည်ကို လွမ်းချိန်မရလောက်အောင် ထက်ကြွန္ဒြေ အတွက် အနားယူချိန်သည် အိပ်ချိန်သာလျှင် ဖြစ်ခဲ့သည်။

သို့သော် ဒီအတွက် သူ့မှာ စိတ်ဖိစီးမှု မဖြစ်။ မိမိဝါသ ပါသောအလုပ် လုပ်နေရသည့်အပြင် လုပ်အားခကလည်း မျှော် ထားသည်ထက် ပိုနေတော့ ထက်ကြွန္ဒြေစံ အမြဲတမ်း တက် လန်းဆန်းနေခဲ့သည်။

"မစံလို သမီးလေးတို့ လိုချင်လိုက်တာကွယ်၊ မိဘ မွေးရကျိုးနပ်တယ်နော်"

နာတိုရီက အပျိုကြီးဖြစ်သည်။

"ဒေါ်လေးက ဘာလို့ အိမ်ထောင်မပြုခဲ့တာလဲ၊ ချစ် မရှိခဲ့ဘူးလား"

"ဆယ်ကျော်သက်တုန်းက ရှိခဲ့တာပေါ့ကွယ်၊ ဒါပေ ပညာတတ်ချင်တော့ ပညာရေးထဲ ခေါင်းစိုက်ဝင်လိုက်တာ ချစ် အဆက်အသွယ် ပြတ်နေတာကိုလည်း မေ့လျော့နေခဲ့တယ်၊ တဲ့ ဘွဲ့တွေ၊ အလုပ်တွေလည်း ရပြီးရော ချစ်သူကို သတိ





ဆက်သွယ်တော့. . အဟင်း. . ဟင်း. . သူက အိမ်ထောင်ကျလို့ သားသမီးတွေတောင် ရနေပြီလေ"

"အဲဒီအချိန် ဒေါ်လေးအသက်က ဘယ်လောက်မို့လို့လဲ"

"အဟင်းဟင်း. . . သုံးဆယ့်ခြောက်၊ ငယ်ပါသေးတယ်၊ ဘဝဆိုတာ လေးဆယ်မှ စတာလေ၊ အဲ့ဒီအချိန်မှာမှ တို့ မောက္ခ ဖြစ်တာ ရှိသေးတယ်"

ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းများ တပည့်များနှင့် ကို ပျော်ရွှင်စွာပင် နေထိုင်ရင်း အားလပ်ချိန်၌ လူမှုရေး တိတ လုပ်ငန်းများနှင့် လုပ်ကိုင်ရင်း အဓိပ္ပါယ်ရှိစွာ နေထိုင်သော ရီကို အားကျသလို ကျေးဇူးရှင်အဖြစ် မှတ်ယူကာ ထက်ကြွန္ဒြေ စိတ်ရောကိုယ်ပါ ပြုစုပေးခဲ့သည်။

"မစံ. . . မင်းဟာ တို့အတွက် ဘုရားက ပေးတဲ့သမီး တစ် ကပါပဲ"

ဟု နာတိုရီက မှတ်ချက်ချသည့်အခါ ထက်ကြွန္ဒြေစံ မျက် လေး ဝဲကာ ပီတိဖြစ်ခဲ့ရသည်။

အိုဆာကာကို ရောက်ပြီး နှစ်လကျော်ခန့်အကြာတွင်. . .

ကျောင်းဆင်းချိန်တွင် ဧည့်သည်တစ်ယောက် သူ့အား ရောက်စောင့်ကြိုနေသည်။

"ဟင်"

ထက်ကြွန္ဒြေစံ ရုတ်တရက်တော့ ကြောင်သွားသည်။ ကျွန်မြန်ဆန်လိမ့်မည်ဟု မထင်။ ရောက်တော့ ရောက်လာ ည်ဟုတော့ ကြိုတွက်ပြီးသားဖြစ်သည်။ ဧည့်သည်ကား. . . လှိုင်ထိပ်ထားကုမ္ပဏီ၏အမ်ဒီ ဦးနေရောင် ဖြစ်နေသည်။

"အံ့သြသွားသလား မစံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"တစ်နေ့ ရောက်လာလိမ့်မယ်လို့ အလိုလို သိနေလို့

ဦးနေရောင်က ဟက်ကနဲ ရှက်ရယ်,ရယ်လေသ
လူကြီးရှက်တော့ ရယ်သည်။

ဒေါ်ခင်ခင်ထားက သူ့အား ချွေးမတော်ချင်သည်ဟု
မိခင်ကို ဖွင့်ဟပြောဆိုထားပြီးကတည်းက အမေကို ချစ်သေ
တစ်ဦးတည်းသော သားအလိမ္မာ ဖြစ်သော အမ်ဒီသည် သူ့ထံ
တစ်နေ့နေ့ ရောက်လာလိမ့်မည်ဟု ကြိုတင်တွက်ဆထားပြီးသ
ဖြစ်နေသောကြောင့်ပင်။ ပြီးလျှင် နောက်ဆက်တွဲ ကပ်ပါလာ
ကလည်း သူ့အချစ်ကိုလည်း ရယူရန် ကြိုးစားဦးမည်မှာ မလွဲမ
ပင် ဖြစ်ပေလိမ့်မည်။

"အိုး. . . မစံဇည့်သည်က မိုင်ပေါင်း အဝေးကြီးက
တောင် လာခဲ့ရတာဆိုတော့ ကျူရှင်ကို ခွင့်ပေးပြီး ဖျက်လိုက်
လား"

နာတိုရီ၏ရုံးဧည့်ခန်းမှာ ဖြစ်ခြင်းကြောင့် ဝင်ပြောလို
သည်။

ထက်ကြွေခြွေစံ. . .

"ရပါတယ် ဒေါ်လေး၊ ညစာစားချိန်ကျမှပဲ တွေ့တော့
နော် ဆရာ၊ ရှစ်နာရီရောက်ရင် ကျွန်မ ဆရာတည်းတဲ့ဟိုတယ်
လာခေါ်ပါ့မယ်"

"ကောင်းပြီလေ. . . ကားထဲမှာ ပရော်ဖက်ဆာအ
လက်ဆောင်ပစ္စည်းတွေ ပါတယ်၊ အများကြီးမို့ အိမ်ကို တ
တည်း ပို့ပေးချင်တယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ"





"လွယ်ပါတယ်. . . တို့ကားဆီ လွှဲပြောင်းတင်ပြီး မောင်
ပဲ တို့ကားနဲ့ လိုက်ခဲ့လိုက်ပေါ့. . . တို့အိမ် သိရအောင်၊ မနက်ဖြန်
ာကို တို့ ကျွေးမယ်၊ ဒီနေ့တော့ လွတ်လွတ်လပ်လပ် တွေ့ကြဦး

"ကျွန်တော့်ကားတော့ ပြန်မလွှတ်တော့ပါဘူး၊ သူငယ်ချင်း
း ဆွဲလာတာပါ"

"အိုကေ. . . ဒါဖြင့် သွားကြစို့၊ ဖြည်းဖြည်းလိုက်ခဲ့ကြ"
ဟု ပြောပြီး နာတိုရီက ရှေ့မှ ထွက်သွားသည်။
ဦးနေရောင်နှင့် ထက်ကြွေခြွေစံ နောက်မှ လိုက်ပါခဲ့ကြ

"မေမေတို့ ဆရာ လာမှာ သိသလား"

"သိတယ်. . . မင်းအတွက် စားစရာတွေနဲ့စာတောင်
ပေးလိုက်တယ်"

"ဟုတ်လား. . . ညကတောင် ဖုန်းဆက်သေးတယ်၊ ဆရာ
ာကိုလည်း ဘာမှမပြောဘူး"

"ဒါကတော့ မစံကို အံ့ဩသွားစေချင်လို့နဲ့ တူပါတယ်"

"အန်တီကော နေကောင်းလား"

"ကောင်းပါတယ်. . . မစံအတွက် မေမေကလည်း
စာတွေ ထည့်ပေးလိုက်သေးတယ်"

ထက်ကြွေခြွေစံ၏နှလုံးခုန်သံက မြန်ဆန်လာသည်။ သူ့
အားတွင် အချစ်၏သင်္ကေတများ အဝင်မခံရခြင်းကြောင့်
တ်နေခဲ့သည်။ ယခုတော့ ရင်ခုန်သံ တဒုတ်ဒုတ်ကိုပင်
ရသည်ဖြစ်ရာ မျက်နှာပြင်လေးပင် နွေးထွေးကာ စတော်
ရောင် ပြေးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းခြင်းတွေက အပေါင်းအဖော်နှင့် ရောက်လာ ခြင်းဖြစ်သဖြင့် ရုတ်တရက် ကံဆိုးခြင်းဟူသော အနှောင့်အယှက် ဝင်ရောက်လာမှာကိုပင် စိုးထိတ်နေမိလေသည်။

"အလုပ်ကိစ္စနဲ့လား ဆရာ"

"မဟုတ်ဘူး. . . တမင်သက်သက် ဗီဇာနဲ့ လာတာ၊ မင်း ကို တွေ့ချင်လို့ပေါ့"

ရဲရင့်သော ထက်ကျွန်ဒြွေစံ ဦးနေရောင်ကို ရဲရဲမကြည့် တော့။

"အဆင်ပြေနေတယ်ဆိုပြီး မြန်မာပြည် ပြန်မလာမှာစိုး တမင်လိုက်လာတာ"

"ကြာမှာလား"

"သုံးလေးရက်ပဲ. . . လေယာဉ်လက်မှတ်က အသွား အပြန် လုပ်ခဲ့တာ၊ မင်းလည်း မအားဘူးဆိုတာ သိနေတာပဲ နောက်ပြီး မင်းနေရာကို ဘယ်သူမှ အစားထိုး မခန့်နိုင်သေးဘူး သက်မာကိုပဲ လိုအပ်တဲ့ စကားပြောနဲ့ စာရင်းအင်း ထပ်တတ် တာ မချောငြင်းတယ်လေ၊ ဒါနဲ့ ရုံးထဲကပဲ ဖြစ်နိုင်ချေ ရှိသူတွေ ပြင်ပကပါ ထပ်ခေါ်ပြီး အင်တာဗျူးလုပ်ဖို့ စီစဉ်ထားတယ်၊ ထို ပြန်မှ လုပ်ဖြစ်မယ်၊ မင်းလိုလူမျိုးတော့ မရနိုင်တော့ဘူးလေ"

သို့နှင့် ကားပါကင် ရှိရာသို့ ရောက်သွားရာ ထက်ကျွန် က ကျူရှင်အိမ်မှ တပည့်နှင့် ကားက စောင့်နေသည်မို့ လမ်းခွဲ ကြသည်။

ဘာပဲပြောပြော ထက်ကျွန်ဒြွေစံရင်ထဲ ကြိတ်၍ကျေနပ် သည်။ ဘာအလုပ်ပဲလုပ်လုပ် ထိုအလုပ်၌ မိမိသည် မရှိလျှင် သောသူအဖြစ် အရေးပါခွင့် ရရှိသောသူ ဖြစ်ခြင်းအတွက် ကျေ





ကျေနပ်ယူမိပါသည်။

လှိုင်ထိပ်ထား ကုမ္ပဏီအတွက် မိမိသည် မရှိမဖြစ် အရေး ပါသကဲ့သို့. . .

ဦးနေရောင်၏ဘဝအတွက်လည်း မရှိမဖြစ် အရေးပါ သောသူ ဖြစ်မည်ဆိုပါက. . .

ထက်ကျွန်ဒြွေစံ တွေးရင်း သက်ပြင်းချလိုက်မိသည်။

မသိခဲ့၍မှ မဟုတ်တာ။

မော်ဒယ်မင်းသမီးချောလေး ပန်းနုရွှေစင်အပေါ် အမ်ဒီ ဦးနေရောင် ကြွေခဲ့သည်ကို မိန်းမသားများ၏တစ်ခုတည်းတွိဉာဏ်အရ ဦးထွင်းသိမြင်ပြီးသားဖြစ်သည်။

ဒါ့အပြင် အမ်ဒီနှင့် ပန်းနုရွှေစင်၏လူနေမှုဘဝ (Life Style) နှင့် ဉာဏ်ရည် ဂုဏ်ရည်မှာလည်း ကွာခြားခြင်းကို အမ်ဒီ ကိုယ်တိုင်လည်း နားလည်သဘောပေါက်ပြီး ဖြစ်သလို. . .

အမ်ဒီဘဝအတွက် အရေးအကြီးဆုံးဖြစ်သော မိခင်ကြီး ကလည်း သဘောမတူခြင်းကြောင့် အမ်ဒီသည် ပန်းနုရွှေစင်ကို တွယ်မ်းခင်ကပင် ကျောခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘယ်သူကိုမှ မေး ရော မလိုဘဲ သူ ကောင်းစွာသိခဲ့သည်မို့. . .

ခုလို အမ်ဒီ သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာ ခြင်းအတွက်ကိုတော့ အပျော်ဆုံး လူသားစာရင်းဝင် မဖြစ်နိုင်ခဲ့ပါ ။ ထက်ကျွန်ဒြွေစံ တွေးရင်း သက်ပြင်းလေး ရှိုက်လိုက်မိလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၈)

"မစံ"

"ပြောပါ ဆရာ"

"ကိုယ် ဘာလို့ လိုက်လာတာလဲ မစံ သိသလား"

"သိပါတယ်"

"ဟင်. . . သိတယ်၊ ဒါဖြင့် ဘာလို့လဲပြော"

"လှိုင်ထိပ်ထားကုမ္ပဏီအတွက် ကျွန်မ ပေးထားတဲ့ကတိ ပျက်သွားမှာစိုးတဲ့အတွက် မျက်နှာလာပြတာ မဟုတ်လား ဆရာ"

"ဟာကွာ. . . မဟုတ်ပါဘူး"





ထက်ကျွန္ဒြစံ စိတ်ထဲ ကြိတ်၍ရယ်နေမိသည်။ ရွှေစွန်ညို ဘာကိုလို၍ ဝဲမှန်း မထွေး သိသည်ပေါ့။ ဒါပေမယ့် မထွေးအသား ခါးကြောင်းတော့ ဆင်ခြေပေးရဦးမည်ပင်။ မထွေးကို လွယ်လွယ် နှင့်တော့ အမိမခံနိုင်။

"ဟင်. . . ဒါဖြင့် ဘာဖြစ်လို့လဲ ဆရာ"

ရိုးအချင်ဟန်ဆောင်လိုက်ရသည်။

ဦးနေရောင်မျက်နှာ နီရဲသွားသည်။ ဒီအချက်ကိုတော့ ထက်ကျွန္ဒြစံ ကောင်းစွာသဘောကျပါသည်။ မိန်းမကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံမရှိ၊ အရှုပ်အရှင်း ကင်းကာ မိခင်ကိုသာ အလေးထားသော သားတစ်ယောက်အနေနဲ့ လေးစားစရာကောင်း လှသည်။ ထိုအချက်တစ်ချက်တည်းနှင့်ပင် သူ့ အမ်ဒီကို စိတ်ဝင် စားခဲ့သည်။

"မစံကို ကိုယ် လက်ထပ်ချင်တယ်"

"ဘယ်လိုလုပ် ဖြစ်မှာလဲ၊ ကျွန်မက ဒီမှာ အနည်းဆုံး နှစ်နှစ်,လုပ်ဦးမလားလို့. . . နောက်ပြီး. . ."

အချစ်မပါသောလက်ထပ်ခြင်းကိုတော့ ထက်ကျွန္ဒြစံ လိုလားပါ။

"နှစ်နှစ်တော့ မလုပ်ပါနဲ့ မစံ၊ စာသင်နှစ်တစ်နှစ်ဆို လောက်ပါပြီ၊ နောက်ပြီးဆိုတာ ဘာလဲ မစံ. . . ဆက်ပြောပါဦး"

"ကျွန်မက အချစ်မပါတဲ့ အိမ်ထောင်ရေးကို မတည် ဆောက်ချင်ဘူး"

တည့်တည့်ပြောမှပဲ ဦးနေရောင် သဘောပေါက်သွားသည် ထက်ကျွန္ဒြစံကို စေ့စေ့ကြည့်ကာ ရယ်သွေးသွမ်းလိုက်သည်။

ထက်ကျွန္ဒြစံ မျက်လွှာချထားလိုက်သည်။ ဘဝတစ်သက်



www.burmeseclassic.com

www.burmeseclassic.com



စာအတွက် လုံလောက်စေနိုင်သော စကားတစ်ခွန်းကို ကြားခွင့်ရလျှင် ကျေနပ်ပါပြီ၊ သေပျော်ပါပြီဟုပင် တွေးလိုက်မိသည်အထိ သူ့ရင်ထဲ အမ်ဒီအပေါ် တိတ်တခိုး တွယ်တာနှောင်ဖွဲ့ခဲ့ပါသည်။

"ကျွန်တော်ကတော့ အချစ်မပါတဲ့အိမ်ထောင်ရေးကို တည်ဆောက်မယ်လို့ မစံ ထင်နေလို့လား"

ထက်ကြွေစံ ခေါင်းငုံ့ထားလိုက်ပြီး ရင်ခုန်သံရိုင်းကို ငြိမ်းသတ်နေရသည်။

"ဒီမှာ မစံ"

"×××××"

"ကိုယ့်ကို ကြည့်ပါဦး မစံ"

စားပွဲပေါ်မှ ထက်ကြွေစံ ညာလက်ကို လှမ်းကာ ဆုပ်ကိုင်လိုက်သည်။

"အို"

ထိတ်လန့်တကြားဟန်နှင့် ထက်ကြွေစံ ဦးနေရောင်ကို လှမ်းကြည့်လိုက်သည်။

ဦးနေရောင် မချင့်မရဲနှင့် ထက်ကြွေစံ ညာလက်ဖမိုးလေးကို သူ့ နှုတ်ခမ်းနား ဆွဲယူကာ နမ်းရှုပ်လိုက်ပြီး. . .

"ကိုယ်ကလည်း မင်းကို မချစ်ဘဲနဲ့ လက်ထပ်ခွင့်မတောင်းပါဘူး မစံ၊ မင်းဟာ ကိုယ့်စိတ်ကူးယဉ်နန်းတော်ထဲက ကိုယ့်ရဲ့ မဟေသီပါကွာ၊ မင်းကို ကိုယ်စိတ်ဝင်စားခဲ့ပါတယ်၊ ပြီးတော့ ချစ်ပါတယ်"

ထက်ကြွေစံ ရင်ထဲ ဟင်းကနဲ သက်ပြင်းချလိုက်နိုင်ပြီ။

တော်ပါပြီ၊ လုံလောက်ပါပြီ။ ပါးစပ်ဖျားက လာသောစကားလား နှလုံးသည်းပွတ်ကြားက လာသောစကားလားဟု ထက်





ကြွေစံ မခွဲခြားချင်တော့။ ချစ်သူစကား ဟူသမျှတို့ နှလုံးသည်းပွတ်ကြားက လာသောစကားဟုသာ တစ်သက်စာအတွက်ဟုသာ ဇွတ်မှိတ် မှတ်ယူထားလိုက်တော့သည်။

လက်ကို ရုန်းကာ ပြန်လည်ဆွဲယူလိုက်ပြီး. . .

"တစ်သက်တာအရေးမို့ ကျွန်မကို စဉ်းစားခွင့်တော့ ပေးပါ ဆရာ"

"ကောင်းပြီလေ. . . မင်းဟာ ဘာလုပ်လုပ် အမှားမရှိအောင် လုပ်တတ်တဲ့သူမို့ ခုကိစ္စမှာလည်းအမှန်အကန် ရွေးချယ်နိုင်မယ်လို့ ကိုယ်ယုံကြည်တယ်၊ ဒါထက် မစံ ဘယ်တော့ သွားချင်သေးသလဲ၊ ဘယ်တွေ ရောက်ပြီးပြီလဲ"

"ဒေါ်လေးက ကျောင်းမဖွင့်ခင် အကုန်လိုက်ပို့ပေးလို့ ရောက်ပြီးပါပြီ၊ ဆရာကော. . ."

"ကိုယ်လည်း ဒီမှာ ခြောက်နှစ်တောင် နေခဲ့တာဆိုတော့ နေရာအနှံ့အပြားကို ရောက်ခဲ့တာ၊ ဒါပေမယ့် နောက်တစ်ခါလာရင်တော့ မစံ ကျောင်းပိတ်ရက်နဲ့ ကိုက်ပြီး ဖုန်းဆက်ပြီးမှ လာမယ်၊ တစ်နေရာရာကို သွားရအောင်နော်"

ထက်ကြွေစံ ရင်ခုန်စွာဖြင့် ခေါင်းညိတ်လိုက်လေသည်။

"သြော်. . . ကျွန်မ တစ်ခုပြောဖို့ ကျန်သေးတယ်"

"ဘာများလဲ ပြော မစံ"

"ကျွန်မ လက်ထပ်မယ့်သူက မိဘကလည်း သဘောတူတဲ့သူ ဖြစ်ရပါမယ်"

"အိုကေ. . . ဒီက ပြန်ရောက်တာနဲ့ ယောက္ခမလောင်းကြီးတွေဆီ လက်ဆောင်တွေ သွားပို့ရင်း တစ်ခါတည်း နားဖောက်ခဲ့မယ်. . . ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

ထက်ကြူနွေ့စံ ရှက်ပြုံးလေးနှင့် ခေါင်းညိတ်လိုက်လေတော့သည်။

ဦးနေရောင် ထက်ကြူနွေ့စံ၏အရှက်မျက်နှာလေးကို ငေးစိုက်ကြည့်ရင်း မချင့်မရဲ ခံစားလိုက်ရလေသည်မို့ စိတ်ထဲ ကြုံးဝါးလိုက်လေသည်။

"နေနှင့်ဦးပေါ့ကွာ. . . နောက်တစ်ခေါက် လာတော့မှ တွေ့မယ်" ဟု. . .။

☺ အောင်မြင်စာပေ ☺




အောင်မြင်မှုသရဖူကို ဆောင်းကာ ပြည်သူတွေကို
အနုပညာဖြင့် ပြုံးရယ်ခြင်း ဟူသောခံစားမှုတွေကို
ပေးနေရသည့် သူ့နှလုံးသားက ဆွေးနစ်စွာ ခံစားတတ်ပါသည်။
(ပျိုးနုရွှေစင်)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

ရက်ကို လစား၊ လကို နှစ်စား၍ ဥတုသုံးလီ ပြောင်းလွဲအပြီး ဝါကျွတ်ကာလ၏နေ့တစ်နေ့. . .

ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် မင်းသမီးချော ပန်းနုရွှေစင်ထံသို့ ဒါရိုက်တာကိုကျော်ဇံမှတဆင့် ထိမ်းမြားမင်္ဂလာဖိတ်စာတစ်စောင် ရောက်လာသည်။ ဆီဒိုးနားဟိုတယ်မှာတဲ့. . .။

မောင်နေရောင်နှင့် မထက်ကြွေစံ။

သတို့သား သတို့သမီးအမည်ကို တွေ့လိုက်ရသည်နှင့် ပန်းနုရွှေစင် ရင်မှာ စူးနစ်နာကျင်သွားလေသည်။





ရင်ထဲ နက်ရှိုင်းစွာ စိုက်ဝင်နေခဲ့သော တိတ်တခိုး လတ်နက်ပုန်း အချစ်ဆူးတစ်ချောင်း၏သံယောဇဉ်အဆိပ်တို့က ပျံ့နှံ့နေလေပြီ။

တိတ်တခိုး မျှော်လင့်ချက်တို့ကလည်း သဲထဲ ရေသွန်လိုက်သလို ပျောက်ကွယ်သွားခဲ့လေပြီ။

အောင်မြင်မှုသရဖူကို ဆောင်းကာ ပြည်သူတွေကို အနုပညာဖြင့် ငိုခြင်း၊ ရယ်ခြင်းဟူသော ခံစားမှုတွေ ပေးနေရသည့်သူ့နှလုံးသားက စက်ရုပ်၏နှလုံးသား မဟုတ်ပါ။ ဆူးနစ်စွာ ခံစားတတ်ပါသည်။

အချစ်ကို တန်ဖိုးထားကာ သိပ်ချစ်တတ်သူပါ။

ရုပ်ရှင်အနုပညာသမားတွေရဲ့တာဝန်အရလည်း လူတွေကို ပျော်ရွှင်မှု ပေးဖို့၊ ဘဝ၏ခံစားချက်တွေကို ထုတ်ဖော်ပေးဖို့ပဲဖြစ်သည်။

သဏ္ဌာန်လုပ် သရုပ်တူစေဖို့ ကဝေလို ဆယ့်နှစ်ကြိုးလည်းတတ်ခဲ့ရသည်ပင်။ သို့သော် ရုပ်ရှင်အနုပညာသည်လည်း သာမန်လူသား နှလုံးသားရှိသူပါပဲ။

ခံစားတတ်သည်။ ချစ်တတ်သောနှလုံးသား ရှိသည်။

ထိရှလွယ်သောနှလုံးသား ရှိသည်။

ပန်းနုရွှေစင် ဖိတ်စာကို ဖြန့်လိုက်သည်။ တန်ဖိုးအကြီးဆုံးနှင့် မွှေးရနံ့လေးပင် ပါပြီး ခါတ်ပုံဖြင့် ဝေဝေဆာဆာ ဖိတ်ထားသောဖိတ်စာတန်ဖိုးကပင် မသေးလှကြောင်း သူသိပါသည်။

သတို့သမီးက တော်တော့်ကို လှပါသည်။ နောက်ဆက်တွဲပါသော ဘွဲ့ထူးဂုဏ်ထူးတွေကလည်း ရှည်လျားများပြားလှသည်။

ဂုဏ်ကို ဂုဏ်ချင်း ထပ်သည့် မင်္ဂလာပွဲပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရွှေစင် အမြင်လွှာ ဝေဝါးလာသည်။ ကြေကွဲပွင့်တို့ ဝေလောက်အောင် သူ့နှလုံးသား အတိုက်ခိုက်ခံလိုက်ရသည်။

"ဦးနေရယ်"

"ကျွန်မဘဝပေးအလုပ်အရ ယောကျ်ားတော်တော်များများကို တွေ့ဖူးပါတယ်၊ ဒါပေမယ့် ဦးနေလိုယောကျ်ားမျိုး တစ်ယောက်မှ မရှိဘူး၊ အခွင့်အရေး ရရင်ရသလို ယူတတ်တဲ့ယောကျ်ားမျိုးတွေသာ များတယ်၊ ဦးနေလို စိတ်ဓါတ်ကြံ့ခိုင်ပြီး အခွင့်အရေး မယူတတ်တဲ့ယောကျ်ားမျိုး မတွေ့ဖူးဘူး"

ပန်းနုရွှေစင် ရင်ထဲ ဦးနေကို တမ်းတကာ စကားတွေ ပြောနေမိသည်။

ထိုအချိန်တွင် ပန်းနုရွှေစင်၏လက်ကိုင်ဖုန်း မြည်လာသည်။ ဖုန်းစကင်န်ကို ကြည့်လိုက်သည်နှင့် သူ၏ရုပ်ရှင်လောကအတွက် လက်ဦးဆရာဖြစ်သော ကိုကျော်ဇံ၏ဇနီး မဝင့်ဝါဆီမှ ဖုန်းဖြစ်လေသည်။

"ဟယ်လို"

"ပြောပါ မဝါ"

"မင်းသမီး ဖိတ်စာရပြီလား"

"ဘယ်ဖိတ်စာလဲ"

တစ်နေ့တစ်နေ့ ဖိတ်စာတွေက များပြားလှသည်ဆိုတော့ ကွဲပြားအောင် မေးရသည်။

"လှိုင်ထိပ်ထား အမ်ဒီကြီးရဲ့ မင်္ဂလာဖိတ်စာလေ"

ပန်းနုရွှေစင် ပင့်သက်ရှိုက်လိုက်ပြီး. . .

"ရပါပြီ"

"ဘယ်လိုလဲ. . . သွားမှာလား"





ပန်းနုရွှေစင် ရုတ်ချည်းပင် ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချလိုက်သည်။

မိမိ၏ ငယ်သောနှလုံးသားက ခံနိုင်ရည် ရှိမှာမဟုတ်၊ ထို့ကြောင့်. . . .

"သွားဖြစ်မယ် မထင်ဘူး မဝါ၊ ဒါပေမယ့် ကျွန်မ လက်ဖွဲ့တော့ ချီးမြှင့်လိုက်ပါ့မယ်"

"အိုကေ. . . သွားရင် ချိန်းကြမလို့လေ"

"လက်ဖွဲ့တော့ တစ်ယောက်ယောက်ကိုပဲ ပို့ခိုင်းလိုက်ပါ့ယ် မဝါ. . . ကျေးဇူးပါပဲ"

"သြော်. . . ပန်းနုရေ၊ ကိုကျော်ဇံ ချစ်တြိဂံကို ရုပ်ရှင်ကားပြန်ရိုက်မလို့တဲ့၊ ညီမကို ပြောပြီးပြီလား"

"ဟင့်အင်း"

"ပြောလိမ့်မယ်. . . ပြောလိမ့်မယ်၊ ညီမနဲ့ တိုင်ပင်လိမ့်မယ်"

"ဟုတ်ကဲ့ မဝါ၊ ကျွန်မ စိတ်ဝင်စားတယ်၊ ဦးကျော်ကိုသာပြောပါ၊ အခြားပရိုဂျူဆာ မရှာနဲ့လို့၊ ညီမပဲ ပရိုဂျူဆာ လုပ်မယ်လို့ပြောထားပေးပါ"

"အို. . . အဆင့်သင့်လိုက်လေ၊ စိတ်ချ. . . စိတ်ချ. . . ပြောထားလိုက်မယ်၊ ဒါပဲနော်"

ပန်းနုရွှေစင် ဖုန်းကို ပိတ်လိုက်သည်။ ချစ်တြိဂံ ဗွီဒီယိုကားရိုက်ကူးစဉ်က ဦးနေကို မြင်တွေ့ခွင့် ရင်းနှီးခွင့် ရသော်လည်း နောက်ပိုင်း ဦးနေ လုံးဝပျောက်ကွယ်သွားသည်။ ဖုန်းအဆက်အသွယ်ကအစ တဖြည်းဖြည်း ဝေးကွာသွားခဲ့သည်မှာ နှစ်နှင့်ချီကာ ကြာမြင့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရွှေစင် အချိန်အားမခံ။ ရရှိလာသောအခွင့်အရေး
များကို အပြည့်အဝ အသုံးချသည်၊ ကြိုးစားသည်။

စီးပွားရေးကြော်ငြာများ၊ ဗွီဒီယိုများကို အများအပြားထ
လက်ခံပြီး စိတ်ရောကိုယ် နှစ်ပစ်လိုက်သည်။ အတွေ့အကြုံ
ယူသည်၊ ပညာတွေ ယူသည်။

ပန်းနုရွှေစင်နှစ် ဖြစ်ခဲ့သည်။ တစ်နှစ်ပြီး နောင်နှစ်လည်း
ပန်းနုရွှေစင်ခေတ်ပင် ဖြစ်နေစေအောင် ရင်ကို နှစ်၍ ကြိုးစား
သည်။ တစ်ဖက်သတ် စွဲလမ်းသော အစွဲအလမ်းကြီးသည့် နှလုံး
သားကို အနုပညာအတွက် အသုံးချခံအဖြစ် စတေးခဲ့လိုက်သည်။

မေ့ချင်တယ်၊ မုန်းချင်တယ်၊ ဦးနေဆိုသောလူကြီး
မုန်းချင်တယ်။ သို့သော်. . .

ပန်းနုရွှေစင် အိပ်ယာထဲ လူးလိမ့်နေရာမှ ထလိုက်သည်
နောက်. . . ကျန်းမာရေးနှင့် ကိုယ်ကာယအလှ လေ့ကျင့်ရန် စ
ပစ္စည်းများ ထားသောအခန်းထဲသို့ ဝင်ခဲ့သည်။ အားကစားဝတ်စုံ
ပြောင်းလဲဝတ်ဆင်ပြီး ချွေးသီးချွေးပေါက်များ ရွှဲနစ်နေသည်အ
ကစားပစ်လိုက်သည်။

မျက်ရည်တွေလား ချွေးတွေလား မသိ၊ မျက်ဝန်းတစ်ခု
အမြင်ပိတ်ပိန်းလာသောအခါမှ အားပါးတရပင် ရှိုက်ကြီးတင်
ငိုချလိုက်လေတော့သည်။

ဒီမျက်ရည်များနှင့်အတူ ဦးနေပါ ပျောက်ကွယ်သွား
အဘယ်မျှ ကောင်းမြိမ့်မည်နည်းဟု. . .။







အခန်း(၃၀)

ဦးနေရောင် အိမ်ထောင်ဖက် ရွေးချယ်ခဲ့ခြင်းအပေါ်
ခါမှ နောင်တမရခဲ့ဖူးချေ။ မှန်သည်ဟူ၍ပင် ယူဆခဲ့သည်။
နပ်ပျော်ရွှင်ခြင်းများက အရာရာကို မေ့လျော့နေစေခဲ့သည်။

လင်မယားနှစ်ယောက်က ကုမ္ပဏီသို့ သွားလည်းအတူတူ၊
လည်း အတူတူ၊ အစည်းအဝေး တက်လည်း အတူတူပင်။

ဒေါ်ခင်ခင်ထားမှာ သားဖြစ်သူ၏နောင်ရေး စိတ်အေးရ
၍ တရားရိပ်သာများသို့ မကြာခဏ ဝင်ရောက်ပြီး ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ဌာန်းကို စီးဖြန်းလေ့ရှိသည်။

ထက်ကြွေစံသည် ခင်ပွန်းလိုက်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ မိဘအိမ်သို့ တနင်္ဂနွေနေ့တိုင်း သွားရောက်ပြီး တစ်နေကုန် နေပေးလေ့ရှိသလို ဖခင် ဆေးခန်းသွားမည့်နေ့ဆိုလျှင် ကိုယ်တိုင် လည်း လိုက်ပို့ပေးလေ့ရှိသည်။

ထက်ကြွေစံသည် ဂျပန်၌ တစ်နှစ်တိတိ ရှာဖွေခဲ့သော ငွေများနှင့် မိဘများအတွက် တက္ကစီတစ်စီး ထောင်ပေးနိုင်ခဲ့သည့်ပြင် ငွေအချို့ကိုလည်း ဘဏ်၌ အပ်ထားပေးနိုင်ခဲ့သည်။

ထို့အပြင် ခင်ပွန်းက အလိုက်သိစွာဖြင့် မိဘနှစ်ပါး လစဉ်လည်း ငွေကြေးထောက်ပံ့ခဲ့သလို မောင်ငယ်သီဟစံ၏ ပညာ သင်စရိတ်ကိုလည်း ပေးခဲ့သည့်အတွက် ထက်ကြွေစံ မိဘများ အတွက် ထက်ကြွေစံသည် တကယ့်ကို သမီးရတနာဖြစ်ခဲ့သည်။

"ကိုရေ"

"ဘာလဲ မစံ"

"မစံတို့ အိုဂျီတစ်ယောက်ယောက်ကို ပြမှ ဖြစ်တော့မယ် နော်"

ဦးနေရောင် အင်တာနက် ကြည့်နေရာမှ မျက်ခုံးမြင့်တက် သွားပြီး ထက်ကြွေစံဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"သုံးနှစ်တောင် ရှိတော့မယ်၊ ခုထက်ထိ အရိပ်အယောင် မလာသေးဘူးဆိုတော့ ဘာများ လိုအပ်နေသလဲလို့ တိုင်ပင်ရ အောင်"

"မလောပါနဲ့ကွာ. . . ဒီအတိုင်း လွတ်လွတ်လပ်လပ် နေ တာ မကောင်းဘူးလား"





"ဘယ်ကောင်းမလဲ. . . အိမ်ထောင်တစ်ခုမှာ သားသမီး ဆိုတာ ရှိမှ တင့်တင့်တယ်တယ်နဲ့ ပြည့်စုံတယ်လို့ မစံ ထင်တယ်"

"မစံသဘောကွာ. . . မေမေ့ကိုသာ ဘယ်သူနဲ့ ပြသင့် သလဲ မေးတော့၊ မေမေ့သူငယ်ချင်းတွေထဲမှာ ဆရာဝန်တွေချည်းပဲ၊ ဪ. . . ပြီးတော့ သီဟလည်း ရှိတာပဲ၊ ဟောက်စ်ဆင်းနေတာပဲ၊ သူ့ဆရာသမားတွေလည်း ရှိမှာပါ"

ထက်ကြွေစံ ခင်ပွန်းနှင့် ဆက်တိုင်ပင်လည်း အကြောင်း ထူးနိုင်သဖြင့် ယောက္ခမအိပ်ခန်းဆီသို့ လာခဲ့လေသည်။

"မေမေ အိပ်ပြီလား"

"မအိပ်သေးဘူး သမီး. . . လာလေ"

ဒေါ်ခင်ခင်ထားက ဖတ်လက်စ မဂ္ဂဇင်းလေးကို ကုတင်ဘေး စားပွဲပေါ် လှမ်းတင်လိုက်သည်။

ထက်ကြွေစံက ကုတင်တစ်ဖက်စွန်းတွင် ဝင်ထိုင်လိုက် . . .

"မေမေ့ကို သမီး တစ်ခုမေးစရာရှိလို့"

"ဘာများလဲ သမီး"

"မေမေ့သားကို မေမေ အိမ်ထောင်ပြုပြီး ဘယ်နှယ်နှစ်မှာ ရခဲ့တာလဲဟင်"

"ဪ. . . ဒါလား၊ သုံးနှစ်လောက် နေမှ ရတာ သမီးရဲ့၊ အဲဒါကြောင့် မေမေကလည်း သမီးတို့ကို ဘာမှမပြောတာပေါ့၊ သမီး တို့ဘက်ကတော့ ချက်ချင်းရတယ်ဆိုတာ ဒေါ်မိုးအေးကို မေးကြည့် ထားလို့ သိနေတာ"

ယောက္ခမကြီးသည် မြေးရရှိရေးအတွက် အမှုမဲ့ အမှတ်မဲ့ နေကြောင်း သိရသောအခါမှ ထက်ကြွေစံ စိတ်သက်သာရာ



www.burmeseclassic.com

www.burmeseclassic.com



ရသွားသည်။

"ဘာလဲ. . . သမီးက သားသမီး လိုချင်ပြီလား"

"မေမေကော မြေးမလိုချင်ဘူးလား"

"လိုတော့ လိုချင်တာပေါ့၊ ဒါပေမယ့် ကံကြမ္မာက ပေးသည် ပေါ့ သမီးရယ်၊ သံယောဇဉ်ဆိုတာ ရာဂတဏှာပေပဲမှတ်လား၊ ကိုယ့်ကို နောက်ထပ်နှောင်ဖွဲ့လာဦးမယ့် ကြိုးတွေပဲဆိုတာ သိနေတော့ လည်း တမ်းတမ်းတတကြီးတော့ မဟုတ်ပါဘူး"

ယောက္ခမကြီး ပြောတာ အမှန်စကားပေမို့ ထက်က္ကန္ဒြေ လည်း ထပ်မေးမည့်ကိစ္စများကို မမေးတော့ဘဲ. . .

"ဒါဖြင့်လည်း တစ်နှစ်လောက်တော့ စောင့်ကြည့်လိုက်ဦး မယ် မေမေ"

"ဒါနဲ့ မေမေ. . . တစ်ခု မေးရဦးမယ်၊ တကယ်လို့ သား သမီး ရဖို့မှာ တစ်ယောက်ယောက် ချို့ယွင်းချက် ရှိတယ်၊ ဒါကြောင့်မို့လို့ ခေတ်မှီနည်းပညာတွေနဲ့ ဖန်ပြွန်သန္ဓေတို့ ဘာတို့ ယူရမယ်ဆိုရင်ကောကွယ်"

"မေမေနဲ့ကိုနဲ့ ဆန္ဒရှိရင်တော့ အဲဒီလိုပဲ ကြိုးစားကြရမှာ ပေါ့ မေမေ"

"အင်း. . . ဒါတွေမတွေးပါနဲ့၊ ပျော်ပျော်ရွှင်ရွှင်သာနေ၊ [illegible] သမီးအသက်က နှစ်ဆယ့်ရှစ်နှစ် ရှိသေးတာ၊ အရွယ်ရှိပါသေးတယ်"

ထက်က္ကန္ဒြေစံ မတင်မကျစိတ်နှင့်ပင် ပင့်သက် တိတ်တဆိတ် ရှိုက်ပြီး. . .

"မေမေ ညဆေးသောက်ပြီးပြီလား"

"အင်း. . ."

"သမီး နှိပ်ပေးရဦးမလား"

☺ အောင်မြင်စာပေ ☺



"မလိုပါဘူး သမီးရယ်၊ မေမေ မညောင်းပါဘူး၊ အကိုက် အခဲလည်း မရှိပါဘူး၊ ကောင်မလေးတွေလည်း လုပ်ပေးနိုင်ကြတာ ပဲ"

"တစ်ခုခုကော သောက်ဦးမလား မေမေ"

"မသောက်တော့ပါဘူး၊ ဪ. . . သမီး၊ ဘယ်အရာကို ဆို မျှော်လင့်ချက် မထားနဲ့၊ မျှော်လင့်ထားသလို ဖြစ်မလာတဲ့အခါ ကျရင် သိပ်ခံစားရခက်တဲ့ ဝေဒနာ ရသွားတတ်တယ်၊ လူတိုင်း လူတိုင်းမှာ သူ့ကံကြမ္မာနဲ့သူ အသီးသီး ပါလာပြီးသားပဲကွယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ဒါဖြင့် မေမေ နားတော့နော်၊ သမီး လည်း စာသွားဖတ်လိုက်ဦးမယ်"

ထက်က္ကန္ဒြေစံ ယောက္ခမအိပ်ခန်းထဲမှ ပြန်ထွက်လာခဲ့ပြီး ခင်ပွန်းနှင့်အတူ အင်တာနက် ကြည့်ရန် ဘေးမှ ကပ်၍ ဝင်ထိုင် လိုက်သည်။

ခင်ပွန်းက သူ့ကို သိုင်းဖက်လိုက်တော့ ခင်ပွန်းရင်ခွင် ခိုလိုက်သည်။

"မေမေက ဘာတဲ့လဲ"

"နောက်တစ်နှစ်လောက်တော့ စောင့်ကြည့်ပါဦးတဲ့"

"အင်းလေ. . . စိတ်ထဲ ဒီကိစ္စ အလေးမထားပါနဲ့၊ အချိန် တန်တော့ ရလာမှာပေါ့"

"အင်းပါ ကိုရယ်"

ထက်က္ကန္ဒြေစံ စိတ်ကို လျှော့ချလိုက်လေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

စက်ာပူက ပြန်လာပြီး ညမှာပင် အကယ်ဒမီဆုပေးပွဲ ရှိနေသဖြင့် လင်မယားနှစ်ယောက်မှာ မိခင်နှင့်အတူ စကားပြောရင်း အောက်ထပ်ဧည့်ခန်းတီဗွီမှာပင် အိမ်ဖော်များနှင့်အတူ ဝိုင်းဖွဲ့ကြည့်နေကြသည်။

သူတို့ မသိသော မမြင်ဖူးသော မင်းသားမင်းသမီးသစ်လေးများကို အိမ်ဖော်တွေကိုပင် မေးယူရသည်။

အမှန်တော့ သူတို့ အကြောင်းအရာတစ်ခုကို တမင်မေ့လျော့ထားကြသည်။ စကားမစပ်မိအောင်လည်း ကြိုးစားနေကြ





သည်။

ဦးနေရောင်နှင့် ထက်ဏ္ဍနြွေစံ အိမ်ထောင်သက်တမ်း ခြောက်နှစ်ရှိသွားပြီး သားသမီးရဖို့ အိုဂျီတွေနှင့် ပြသကာ တိုင်ပင်ဆွေးနွေးခဲ့သည်။ နှစ်ယောက်စလုံးမှာ ချို့ယွင်းချက်မရှိဟု သိရသည်။

ပို၍သေချာစေရန် စင်္ကာပူဆေးရုံရော ဘန်ကောက်ဆေးရုံကော သွားခဲ့သည်။ မြန်မာပြည်က အိုဂျီတွေ ထွက်ဆိုသလိုပင် ထွက်ဆိုခဲ့သည်။

ကံကံ၏အကျိုးကိုသာ ယုံကြည်ပြီး ပြန်ခဲ့ကြသည်။

စိတ်ထဲမှာတော့ ကြိတ်၍ခံစားနေကြရသည်။ အထူးသဖြင့် ထက်ဏ္ဍနြွေစံ ဖြစ်သည်။

လုံ့လဝီရိယဖြင့် အတတ်ပညာတွေ နည်းပညာတွေကိုသာ လေ့လာသင်ယူနိုင်သည်၊ ဆည်းပူးတတ်မြောက်နိုင်သည်။

ကံတရားကိုတော့ ဘယ်လိုနည်းနှင့်မှ သင်ယူဖန်တီး၍ မရနိုင်ပါတကား။

လှိုင်ထိပ်ထားကုမ္ပဏီအတွက် မျိုးဆက်အမွေခံ သားတစ်ယောက်နှစ်ယောက်တော့ အနည်းဆုံး ပေးဆပ်ချင်သည်။ အမေအတွက်လည်း တိုးတိုးဖော် သမီးလေးတစ်ယောက် လိုချင်သည်။

ယခုထက်ထိတော့ မျှော်လင့်ထားသလို မျိုးဆက်အမွေခံက အရိပ်အယောင်မျှပင် သန်းမလာသေး။

"ဟော. . ဟော. . . ပန်းနုရွှေစင်"

"ဟာ. . . လှလိုက်တာ၊ သူ အလှဆုံးပဲ"

"ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းနုရောင်လေးနဲ့လေ မေမေကြီး"

ထက်ကြွေ့စံ တီဗွီကိုသာ ကြည့်နေသည်။ ဘာရုပ်ကိုမှ အာရုံထဲ စွဲမထင်ဘဲ ရှိနေရာမှ အိမ်ဖော်မိန်းကလေးများနှင့် ယောက္ခမအသံကြောင့် အတွေးရေလျဉ်ကြော မျောပါနေမှု ပျက်ပြယ်သွားသည်။

အကယ်ဒမီ ဆုပေးပွဲသို့ တက်ရောက်လာသော ပန်းနုရွှေစင်ကို သတင်းမီဒီယာသမားတို့ အုံကာ အင်တာဗျူးနေပုံ၊ ပရိသတ်က အော်တိုနှင့်လက်မှတ်ကို အလုအယက် ထိုးခိုင်းနေပုံကို ဖော်ပြနေသည်။

"တော်တော်လှတာပဲ"

ဟု ဒေါ်ခင်ခင်ထားက မှတ်ချက်ပေးလိုက်သည်။ ပန်းနုရွှေစင်ကို လှိုင်ထိပ်ထား၏ ကုန်ပစ္စည်းကြော်ငြာ မင်းသမီးအဖြစ် ဒိုင်ခံသုံးခဲ့သည်။

နာမည်ကြီးမင်းသမီး ဖြစ်သဖြင့် ဗွီဒီယိုကား မကြည့်သော်လည်း ဒေါ်ခင်ခင်ထား ကိုယ့်ကုမ္ပဏီကြော်ငြာရော အခြားစီးပွားရေး ကြော်ငြာတွေအတွက်ပါ ကြော်ငြာနေသော ပန်းနုရွှေစင်ကို နေ့စဉ် တီဗွီဖန်သားပြင်မှာ အချိန်တိုင်းလိုလို တွေ့နေရရုံမက ဂျာနယ်တွေမှာလည်း အမြဲတမ်း နေရာယူထားသူဖြစ်သဖြင့် မျက်နှာက ရင်းနှီးနေသည်။

သို့သော် အကယ်ဒမီ ဆုပေးပွဲ တက်လာသော ပန်းနုရွှေစင်၏မြန်မာအမျိုးသမီး ပွဲတက်ဝတ်စုံနှင့် ဆံထုံး,ထုံးဖွဲ့ကာ သဇင်ပန်း ပန်ထားသည့် လှကျက်သရေက ပြိုင်ဘက်မရှိ တကယ့် အလှဘုရင်မ အသွင်ဆောင်ကာ ရင့်ကျက်သော ကြွေ့ရှင်ပုံစံလေး ဖြစ်နေသည်။





"ဪ. . . သူကလေးလည်း အသက်အစိတ် ကျော်လာရောပေါ့၊ သမီးထက် သားနဲ့ လက်ထပ်တုန်းက အရွယ်ပဲ"

ဒေါ်ခင်ခင်ထားရင်ထဲ တိတ်တခိုး ပင့်သက်ရှိုက်လိုက်မိသည်။ နောက် ရေနွေးကြမ်းကို တစ်ငုံမျှ သောက်လိုက်မိလေသည်။ သားနှင့်ချွေးမကိုလည်း ခိုး၍ကြည့်လိုက်သည်။

နှစ်ယောက်စလုံး တီဗွီဖန်သားပြင်ကို စူးစိုက်ကာ ကြည့်နေကြသည်။

သားရင်ထဲ မည်သို့ ခံစားနေရမည်နည်း။

သားသမီး မရခြင်းမှအပ သူတို့လင်မယား တစ်ခါမှ လေသံမာမာနှင့်ပင် စကားများဖူးခြင်း မရှိ။ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပျော်ပျော်ရွှင်ရွှင်နှင့်ပင် တက်ညီလက်ညီ အလုပ်လုပ်နေကြသည်။ ဘုရားသွား ကျောင်းတက် ပွဲလမ်းသဘင် သွားနှင့် တကယ့်စံပြဇနီးမောင်နှံပင်ဖြစ်ခဲ့သည်။

"သူ အကယ်ဒမီ ရလိမ့်မယ်ထင်တယ် မေမေ"

ချွေးမက ထင်မြင်ချက် လှမ်းပေးသည်မို့ ဒေါ်ခင်ခင်ထားက အားတက်သရောပင်. . .

"ဟုတ်လား. . . ဘယ်ကားလဲ"

"ပြောသံကြားတာပဲ. . . မေမေ့သား ပရိုဂျူဆာ လုပ်ခဲ့တဲ့ ချစ်တြိဂံ ဗွီဒီယိုကားကိုပဲ ရုပ်ရှင်ပြန်ရိုက်တာလေ၊ အဲဒီမှာ မင်းသမီးကော မင်းသားကော တစ်,ပြေးနေတယ်"

"ဒါရိုက်တာပါပါ သေးတယ် အန်တီ"

အိမ်ဖော်မိန်းကလေးကပါ ဝင်ထောက်ပေးလိုက်သည်။

"မင်းသမီးက ကိုယ်တိုင် ပရိုဂျူဆာ လုပ်တာတဲ့ မေမေ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ရှုံးသလား မြတ်သလား သိချင်သော်လည်း ဆက်မေးနေလျှင် ချွေးမလေး တစ်မျိုးထင်သွားမှာစိုးသဖြင့် သူ မမေးတော့။ သို့သော်လည်း ချွေးမကပင် ဆက်၍. . .

"အဲဒီကားက ရုပ်ရှင်မှာလည်း ထပ်အောင်မြင်တယ်၊ တော်တော်လည်း မြတ်လိုက်တယ်လို့ မဝါဆီက ကြားတာပဲ မေမေ"

သားဖြစ်သူကတော့ တစ်လုံးမှ ဝင်မဖြေချေ။ ဂျာနယ်က ထင်ကြေးတွေနဲ့ အကယ်ဒမီ တကယ်ရသည့်အခါ ကိုက်မကိုက်ကို အကယ်ဒမီဆုတစ်ဆု ကြေငြာပြီးတိုင်း တိုက်ကာ ဝေဖန်ရင်း မယားကို ပြောလိုက်၊ အမေကို ပြောလိုက်နှင့် ပန်းနုရွှေစင်နှင့်သူ ဘာမှမသက်ဆိုင်သည့်အလားပင် ရှိနေသည်။

ဒေါ်ခင်ခင်ထား. . . မိမိဝမ်းနှင့်လွယ် မွေးခဲ့သော သားပေပဲ။ မျက်လုံးကြည့်တာနှင့် ရင်ထဲ ဘာတွေ ခံစားဖြစ်ပေါ်နေသည်ကို သိပြီးသားဖြစ်သည်။

"ဟာ. . . ဟုတ်တယ်. . . ပန်းနုရွှေစင်ပဲ"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

အိမ်ဖော်မိန်းကလေးများက ဝမ်းသာအားရပင် လက်ခုပ်လက်ဝါး တီးကာ အားပေးကြလေသည်။

ဒေါ်ခင်ခင်ထား သားကို ခိုးကြည့်လိုက်သည်။

သား၏မျက်ဝန်းရိပ်တွင် ဝမ်းသာဂုဏ်ယူသော အကြည်ဓါတ်တို့ တောက်ပ ဝင်းလက်သွားသည်ကို လျှပ်တစ်ပြက် တွေ့မြင်လိုက်ရသည်။

သား၏အငုံ့စိတ်ထဲမှာ ပန်းနုရွှေစင် တကယ်ပဲ ရှင်သန်ခဲ့သည်မှာ သေချာပါသည်။

ချွေးမကတော့ ပြုံးရွှင်ကာပင် အိမ်ဖော်မိန်းကလေးများ





ဝေဖန်သောအခန်းများနှင့် ထုတ်လွှင့်ပြသော အပိုင်းအစများကို ကြည့်ကာ. . .

"ညည်းတို့ ပြောတာတွေ ဟုတ်နေတာပဲ၊ တော်လည်း တကယ်တော်ပါတယ်. . . ရထိုက်တယ်"

ဟု မစ္စရိယစိတ် ကင်းစွာဖြင့်ပင် အားပေးကြည့် ကြည့်လျက် ရှိရာသည်။

အားလုံးအံ့အားသင့်ပြီး ဦးနေရောင်ရင်ထဲ စူးရှနာကျင်သွားစေရသော အကြောင်းရင်းတစ်ခုကို ဖြစ်ပေါ်သွားစေသည်။

၎င်းမှာ အကယ်ဒမီဆုများရှင်၏ ကျေးဇူးတင်စကား ပြောသည့်အခါတွင် ပန်းနုရွှေစင်က မျက်ရည်ပြွမ်းနေသော်လည်း ပြုံးနေသောနှုတ်ခမ်းဖြင့်. . .

"ကျွန်မကို မင်းသမီးဘဝ ရောက်အောင် ယုံကြည်စွာဖြင့် ကြိုးစားအားထုတ် မြှင့်တင်ပေးခဲ့တဲ့ ဦးနေရောင်နဲ့ ဆရာကိုကျော်ဇံတို့ကို ပထမဦးဆုံး ကျေးဇူးတင်ကြောင်း ပြောပါရစေ ××××"

"ဟာ. . ." ဟု ရင်ထဲ အာမေဋိတ်သံ ထစ်ချုန်းသွားလောက်အောင် ဦးနေရောင် အံ့အားသင့်သွားသလို ရင်မှာလည်း စူးနစ် နာကျင်သွားခဲ့သည်။ သူက ဥပေက္ခာပြု ကျောခိုင်းလိုက်ပေမယ့် တစ်ဖက်သားရင်မှာ ယနေ့ထက်တိုင် သူ့ကို ရင်မှာ သိမ်းဆည်းထားတုန်းပါပဲလားဟု. . .။

တစ်အိမ်သားလုံး၏မျက်လုံးက သူ့အပေါ် စုပြုံကျရောက်လာမည်ကို သိလိုက်သော ဦးနေရောင်က မိခင်ကို ပုဏ္ဏားတိုင်ပြုကာ ပြုံးရယ်လျက်. . .

"မဆိုးဘူး. . . ဒီကောင်မလေး ကျေးဇူးတရား သိတတ်ချင် ဆက်ပြီးအောင်မြင်ဦးမှာပဲနော် မေမေ" ဟု။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ထားက တရားသဘောနှင့် ကြည့်ကာ ဖြေလိုက်တော့ ရင်မှာ မနာကျင်လိုက်သော်လည်း စိတ်ထဲတော့ အနည်းငယ် ထိရှသွားပြီး. . .

"အင်း" ဟုသာ ဖြေလိုက်သည်။

ချစ်တြိဂံ ရုပ်ရှင်ကားတွင် မှန်းထားခဲ့သော ဒါရိုက်တာဆုနှင့် မင်းသားဆုမှာတော့ လွဲချော်သွားခဲ့လေသည်။

"ချစ်တြိဂံ" မှာ မင်းသမီးဆု တစ်ဆုတည်းနှင့်ပင် ကျေနပ်လိုက်ရလေသည်။

ထက်ကြွေခြံစံက. . .

"ကိုကို ကျေးဇူးတင်ကြောင်း ပြောတဲ့အတွက်ရော ကုမ္ပဏီပစ္စည်းတွေမှာ အမြဲကြော်ငြာပေးတဲ့အတွက် ကုမ္ပဏီဝန်ထမ်းအားလုံးကနေ ကျေးဇူးတင်ကြောင်း သတင်းစာမှာ ထည့်ပေးလိုက်ရအောင် ကို"

"မစံသဘောပဲ"

ဟု ဦးနေရောင်က ခွင့်ပြုလိုက်လေသည်။

အရာအားလုံးသည် ပြီးဆုံးသွားပြီမို့. . .

အတိတ်သည် အတိတ်မှာသာ ကျန်ရစ်ခဲ့ပြီးဟု ဒေါ်ခင်ခင်ထား ယုံကြည်လိုက်လေသည်။







# အခန်း(၃၂)

ဘဝကို အပြောင်းအလဲမရှိ အေးတိအေးစက်နှင့် နိစ္စဓူဝ ကုမ္ပဏီအလုပ် လုပ်ရင်း ဖြတ်သန်းခဲ့သော ဦးနေရောင်နှင့် ထက်ကြွေခြံစံတို့၏ဘဝကို ပြောင်းလွဲစေလိုက်သည်က. .

အိမ်ထောင်သက် (၁၀)နှစ်အကြာမှ ထက်ကြွေခြံစံမှာ ကိုယ်ဝန်ရလာခြင်းဖြစ်သည်မို့ ခင်ပွန်းဦးနေရောင်နှင့် ယောက္ခမမှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် ထက်ကြွေခြံစံကို ဖူးဖူးမှုတ်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာတာရှည်ရောဂါသည်ဖြစ်သော ထက်ကြွေစံ၏ဖခင်မှာလည်း ရောဂါထပ်တိုးမလာဘဲ ဒီအတိုင်း ရှိနေသလို ထက်ကြွေစံ မိခင်ကလည်း သက်ပြည့်ပင်စင်ယူပြီး ခင်ပွန်းကို ပြုစုရင်း သစ်ခွခြံကို လုပ်ကိုင်ရင်း အေးဆေးစွာပင် နေထိုင်နေကြသည်။ ဒေါက်တာသီဟစံကတော့ ခွဲစိပ်ပါရဂူဘွဲ့ယူရန် စာတမ်းပြုစုလျက်ရှိသည်။ ဘဝတူ ဆရာဝန်တစ်ဦးနှင့် အိမ်ထောင်ကျကာ သားဦးပင် မွေးဖွားပြီး ဖြစ်လေသည်။ မန္တလေးဆေးရုံကြီး၌ လင်မယားနှစ်ယောက်စလုံး တာဝန်ကျနေလေသည်။

ရုပ်ရှင်ဗွီဒီယို အနုပညာလောက၌လည်း ဆယ်ရာတစ်စုကို အောင်မြင်ကျော်ကြားစွာ ဖြတ်ကျော်နေနိုင်သူမှာ မင်းသမီး ပန်းနုရွှေစင်ပင်ဖြစ်သည်။

အကယ်ဒမီနှစ်ဆုအထိ ရယူနိုင်ခဲ့ပြီလည်းဖြစ်သည်။ ကောလဟလ သတင်းမျိုး၊ နာမည်ပျက် သတင်းမျိုး၊ အင်တာနက်အတင်ခံရလောက်သော အသရေဖျက်မှုမျိုး လုံးဝမခံရဘဲ သွားလေရာ မိခင်ဖခင်နှင့် အစ်မဝမ်းကွဲတို့ အခြံအရံနှင့် စည်းစနစ် ကျနစွာနေထိုင်သွားလာမှုကြောင့်ရော၊ ဇာတ်ကားကိုပါ ရွေးချယ်ပြီး အရေအတွက်ထက် အရည်အချင်းကိုသာ ဦးစားပေးပြီး သရုပ်ဆောင်ခြင်းကြောင့်လည်း ပန်းနုရွှေစင် ခေတ်မှာ ဆယ်စုနှစ်တစ်စုကိုပင် ဖြတ်ကျော်လာကာ အောင်မြင်မှု သရဖူ ဆောင်းနေနိုင်ဆဲ ဖြစ်လေသည်။

ထိုကဲ့သို့ အားလုံးသည် ကိုယ်ကျင်လည်ရာ လူနေမှုဘဝအသီးသီးကို ဖြတ်သန်းနေစဉ်မှာပင်. . .

"ကို. . . ထပါဦး"

ထက်ကြွေစံ ဗိုက်ထဲ ခံရခက်သော နာကျင်မှု ဝေဒနာ





ကြောင့် ချွေးသီးချွေးပေါက်များပင် ကျနေရာ နောက်ဆုံး မနေနိုင်သည်းမခံနိုင်တော့မှ ခင်ပွန်းကို နှိုးလိုက်လေသည်။

"ဟင်. . . မစံ. . . ဘာလဲ. . ဘာဖြစ်လို့လဲ"

ဦးနေရောင် ချက်ချင်းပင် နိုးထလာပြီး ထက်ကြွေစံကို အရိပ်မိစွာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ပျာလောင်ခတ်ပြီး မေးလိုက်သည်။

"ဗိုက်အရမ်းနာတယ်"

"ဟင်. . . ဟုတ်လား၊ ဂျူးဒိတ်က လိုသေးတာပဲ. . . ဘာဖြစ်လို့လဲ"

"အောင့်တာလား နာတာလား မသိတော့ဘူး၊ အရမ်းခံရခက်တာပဲ၊ ခေါင်းလည်း နာတယ်"

"ဟုတ်လား. . . ခဏနေ၊ ဒေါက်တာ့ဆီ ဖုန်းဆက်လိုက်မယ်၊ မေမေ့ကိုလည်း နှိုးလိုက်ဦးမယ်"

ထက်ကြွေစံ ဘာမှပြန်မပြောနိုင်၊ နာကျင်မှုကို အံကြိတ်ခံရင်း စုပြုံရောက်လာသောဝေဒနာများကို သည်းခံနိုင်အောင် ကြိုးစားနေရရှာသည်။

"ဟော့ကောင်မလေးတွေ. . . ထကြထကြ၊ မြန်မြန်လာကြစမ်း မေမေ. . . မေမေ"

ဟုလည်း အော်၊ ဖုန်းနံပါတ်ကိုလည်း နှိပ်ရင်း ထက်ကြွေစံ အပ်ထားသော အိုဂျီဆရာဝန်ကြီးကိုလည်း ဖုန်းခေါ်နေရသည်။

မိခင်ဒေါ်ခင်ခင်ထားမှာ ချက်ချင်းနိုးလာပြီး ထက်ကြွေစံကို ဖေးမကာ အားပေးရင်း. . .

"သမီး အသက်မှန်မှန်လေးရှူ. . . သတိထားနော်၊ မိဘ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမောင် ကားထုတ်ခိုင်း"

မွေးရန် သတ်မှတ်ရက် နှစ်လနီးပါးပင် လိုသေးသည်မို့ အိမ်မှာ သူနာပြုတို့ ဆရာဝန်တို့ကိုပင် ခေါ်မထားမိသေးချေ။

သို့သော် ကိုယ်ဝန်လရင့်လာကတည်းက အတက်အဆင်း မလုပ်စေတော့ဘဲ အောက်ထပ်အိပ်ခန်းသို့ လင်မယားနှစ်ယောက် ပြောင်းရွှေ့အိပ်ကြသဖြင့် တော်သေးသည်။ ကိုယ်ဝန်နှင့် အရင် အမောင်းလည်း ကောင်းသော ထက်ကြွေနွဲ့စံကို ဦးနေရောင်လည်း မချီနိုင်ချေ။

"ဒေါက်တာကော နိုးလို့ရလား"

"ရတယ်. . . ထွက်လာမယ်တဲ့၊ ဆေးခန်းတန်းသွားဖို့ ပြော တယ်"

"တော်ပါသေးရဲ့"

နာကျင်လွန်းသဖြင့် ထက်ကြွေနွဲ့စံမှာ အသံပင် မထွက်နိုင် တော့ဘဲ မေ့မျောသွားလေသည်။

"မစံ. . မစံ"

"သမီး. . သမီး"

"ဦးလေးမောင် မြန်မြန်မောင်းပါ"

ဦးနေရောင်မှာ ဇနီးကို ပွေ့ပိုက်ရင်း စိုးရိမ်ပူပန်မှုများ ကြောင့် ဇောချွေးများပင် ပြန်ရင်း မျက်ရည်များပင် ဝဲလာသည်။

"မေမေ. . . မစံ ဘာမှမဖြစ်ပါဘူးနော်"

"အင်းပါ သားရယ်"

ဟုသာ ဒေါ်ခင်ခင်ထားမှာ အားပေးနေရသော်လည်း ဖောယောင်ပြီး အေးစက်နေသော ချွေးမခြေထောက်လေးများကို အဖော်ခေါ်လာခဲ့သော မိညိုနှင့်အတူ ပွတ်နွေးလာစေရန် ဆုပ်နယ်





ဘုရားစာလည်း သွင်သွင်ရွတ်လျက်ရှိသည်။

"ဒေါက်တာ. . . ဒေါက်တာ. . . ထွက်လာပါပြီလား၊ ကျွန် တော့်ဇနီး မေ့သွားပြီ ဆရာ. . . ဘာလုပ်ရမလဲဟင်"

"လာပြီ. . . လာပြီ. . . ဒရိုင်ဘာကို နှိုးနေတာ၊ ဟိုရောက် တာနဲ့ အမ်အိုက တာဝန်ယူပြီး လိုအပ်တာ လုပ်ပေးလိမ့်မယ်၊ တို့ ဖုန်းဆက်ထားပြီးပြီ"

"ကျေးဇူးပါပဲ ဒေါက်တာ၊ ကျွန်တော်တို့ ရောက်တော့မယ်"

အထူးကုဆေးခန်းကိုလည်း ဖုန်းလှမ်းဆက်ထားသည်မို့ ဆေးခန်းရှေ့ ပေါ်တီကိုအောက် ရောက်သည်နှင့် လူနာတင်လှည်း နှင့် အမ်အို၊ နာ့ပ်စ်တို့က စောင့်နေသည်။ လိုအပ်လျှင် ခွဲစိပ်ရန် ပင် လက်မှတ်ထိုးပေးထားရလေသည်။ လူနာကို တစ်ခါတည်း ခွဲစိပ်ခန်းရှိရာ အထူးကြပ်မတ်ဆောင်သို့ တန်းခေါ်သွားပြီး မကြာ ခင် တာဝန်ယူထားသည့် အိုဂျီ(သားဖွားနှင့်မီးယပ်အထူးကုသမား တော်ကြီး)လည်း ရောက်လာသည်။

ခွဲစိပ်ခန်းထဲသို့ တန်းဝင်သွားသည်။ ဦးနေရောင် ခွဲစိပ်ခန်း အပြင်ပတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။

ဒေါ်ခင်ခင်ထားမှာ မျက်စိစုံမှိတ်ကာ နံရံကို မှီထိုင်ရင်း ခုလိမာလသုတ်ကော ရသမ္ဗု ဘုရားစာများကို သွင်သွင်သာ ရွတ်နေလေတော့သည်။

ကံကြမ္မာဆိုတာ ဘာမှကြိုတင်မမြင်ရနိုင်ပါကကား။

နောက်ထပ်ဆရာဝန်ကြီးတစ်ဦး ထပ်ရောက်လာပြန် သည်။ နာရီလက်တံပင်လျှင် ရွေ့လျားလာသောအခါ ဦးနေရောင် ခေါင်းကို ခေါင်းတိုက်ကာ အံကို ကြိတ်ထားမိသည်။

ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးဟု ဖခင်က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပင် သွန်သင်ထားစေကာမူ ဦးနေရောင် မျက်ရည်ကျချင်လာပြီး မျက်လုံးတွေ ကျိန်းစပ်နေလေပြီ။

ခွဲစိပ်ခန်းထဲမှ ဆရာဝန်ကြီးနှင့် ဆရာဝန် သူနာပြုဆရာမ အချို့ ထွက်လာသည်။

မျက်နှာမကောင်းကြချေ။

ဦးနေရောင်နှင့် မိခင်အိုကြီး အထူးကုဆရာဝန်ကြီးနား ပြေးကပ်လိုက်ကြသည်။ ဦးနေရောင်၏လက်ကို ဆရာဝန်ကြီးက ဆုပ်ကိုင်ကာ. . .

“ဝမ်းနည်းပါတယ် ဦးနေရောင်၊ ကျွန်မတို့ အစွမ်းကုန်ကြိုးစားပေမယ့် နောက်ကျသွားပါပြီ”

“ဟာ. .”

ဦးနေရောင် ဘာပြောရမှန်းမသိ၊ ကမ္ဘာကြီး ဖောက်ထိုးမိုးမျှော် ဖြစ်သွားသလို ခံစားလိုက်ရသည်။

“ဒေါက်တာရယ်. . . ဘာဖြစ်လို့. . . ဘာဖြစ်လို့လဲ၊ ရှင်းပြပေးပါဦး”

“ကိုယ်ဝန်အဆိပ်တက်ရောဂါနဲ့ မိခင်ရဲ့နှလုံးရောဂါနဲ့ သွေးတိုးရောဂါ ရုတ်တရက် ဆောင့်တက်သွားတော့ ဘယ်လိုမှ မရတော့ပါဘူး”

ဒေါ်ခင်ခင်ထား ကျောက်ဆစ်ရုပ်သဖွယ် ဖြစ်သွားသည်။ သူ့ချွေးမလေးမှာ သွေးတိုးရောဂါ ရှိတယ်၊ နှလုံးရောဂါ ရှိတယ်ဆိုတာ မကြားခဲ့ဖူးပါချေ။ ကျန်းမာစွာဖြင့် သွားလာလှုပ်ရှား အလုပ်လုပ်နေတာပါ။

ကံကြမ္မာမုန်တိုင်းဆိုတာ အချိန်အခါမရွေး နေရာမရွေး ရုတ်တရက် ဝင်ရောက်တတ်ပါလား၊ ခုချိန်မျိုးမှာ ဝိပဿနာ





ကမ္မဋ္ဌာန်းအလုပ် လုပ်ထားသော အမြဲလိုလိုလည်း ပွားများ အားထုတ်တတ်သော ဒေါ်ခင်ခင်ထားလည်း ရုတ်တရက် သတိမကပ်နိုင်တော့။

“အမလေး သမီးရယ်. . . ဖြစ်မှဖြစ်ရလေ”

ဟု ရင်ထုမနာ ညည်းတွားရင်း ဟီးကနဲ ငိုချလိုက်လေတော့သည်။

ဦးနေရောင်မှာ ခွဲစိပ်ခန်းရှိရာသို့ တဟုန်ထိုး ပြေးဝင်သွားလေတော့သည်။

ထက်ဏ္ဍနွေ့စံ ကိုယ်ဝန်အဆိပ်တက်ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ အသက်က (၃၇)နှစ်သာ ရှိသေးသည်မို့. . .

အကြွေစောလေခြင်းဟု ယူကြုံးမရ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

လှိုင်ထိပ်ထားကုမ္ပဏီတစ်ခုလုံး အုန်းအုန်းကြွက်ကြွက် ဖြစ်သွားကြလေသည်။

"အမလေး. . . မထက်ရယ်"

"ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ်ဆို. . . သားဆိပ်တက်တာတဲ့"

"ဟယ်. . . ဒီလောက်ပိုက်ဆံတွေ တတ်နိုင်နေတာတောင် သေရတယ်လို့"

"ဟဲ့. . . သေမင်းဆိုတာ ဆင်းရဲချမ်းသာ ရွေးလို့လား





ငွေနဲ့ လာဘ်ထိုးလို့ ရလို့လား"

"လူတိုင်းဟာ သူ့သက်တမ်း ပါလာသလောက်ပဲ နေကြရတာပဲ"

"သေမယ့်နေ့ကိုလည်း ဘယ်သူမှ ကြိုမသိထားကြဘူး. . . ကံရှိသလောက်ပဲပေါ့"

ရင်းနှီးသူ ဝန်ထမ်းအချို့မှာ မျက်ရည်အရွဲသား ဖြစ်ကုန်ကြရသည်။

လူချစ်လူခင်များသော ဝန်ထမ်းတွေကလည်း လေးစားအတုယူ အားကျရသော ထက်ကြွေစံတစ်ယောက် သူ့ခင်ပွန်းကော မိသားစုကော လှိုင်ထိပ်ထားကုမ္ပဏီကိုကော နှုတ်မဆက်ဘဲ နှုတ်တရက်ကြီး ကျောခိုင်းထွက်ခွာကာ တမလွန်ကို သွားနှင့်လေပြီ။

ကျန်ရစ်သူတို့၏ရင်မှာတော့ ဖြေမဆည်နိုင်အောင် ဖြစ်နေကြသည်။

ဦးနေရောင်မှာ ဟန်ပင် မလုပ်နိုင်၊ လာသမျှ ဧည့်သည်များကိုလည်း စကားဟဟ မပြောနိုင်။ သောကဝေဒနာ အပူမီးဆိုကာ စိတ်နှင့်ခန္ဓာ ကင်းကွာနေသူပမာ ငူငူကြီး ဖြစ်နေလေတော့သည်။

ဖုန်းကိုလည်း လက်မခံနိုင်။ ကုမ္ပဏီဝန်ထမ်းများ၊ ဆွေမျိုးများနှင့် ယောက်ဖ သီဟစံက လာရောက်ဦးဆောင်ကာ လုပ်ရှားပေးနေရသည်။ ဒါရိုက်တာကိုကျော်ဇံနှင့် ဇနီးဝင့်ဝါတို့လည်း ရောက်လာကြသည်။

အသုဘသို့ လွမ်းသူပန်းခွေ ပို့ကြသူများကလည်း အများအပြားပင်။ ဂျပန်နိုင်ငံမှ ပါမောက္ခ နာတိုရီနှင့် မိတ်ဆွေသူငယ်ချင်းများကလည်း ဝမ်းနည်းကြောင်း ဖက်စ်တွေ ပို့ကြသည်။ ထိုအထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် အကယ်ဒမီ နှစ်ထပ်ကွမ်း မင်းသမီးချော ပန်းနုရွှေစင်ထံမှ လွမ်းသူ့ပန်းခြင်းက နေ့စဉ်ရက်ဆက် ရောက်လာသည်။ လူကိုယ်တိုင်တော့ ရောက်မလာပါချေ။

ထို့အပြင် လုပ်ငန်းရှင်တစ်ဦး ဖြစ်နေခြင်းကြောင့်လည်း ဆက်နွယ်နေသမျှ Customer များထံမှလည်း ဝမ်းနည်းကြောင်းတွေ နေ့စဉ်ထုတ် သတင်းစာတွေထဲ၌ ပလူပျံနေအောင် ပါလေသည်။ သုံးရက်၌ မီးသဂြိုဟ်ပြီး (၇)ရက် ရက်လည်ဆွမ်းကျွေးပြီးသွားပြီးနောက် ဦးနေရောင်သည် ကုမ္ပဏီကို မန်နေဂျာများနှင့် လွှဲထားပြီး မိခင်နှင့်အတူ ဝိပဿနာ တရားစခန်းတစ်ခုသို့ ဝင်ရောက်သွားလေသည်။

ထက်ဏ္ဏန္ဒြေစံ၏မိခင်မှာလည်း ခင်ပွန်းဦးအောင်စံကို သားသီဟစံအား တာဝန်ပေးပြီး ဒေါ်ခင်ခင်ထားနှင့်အတူ ရိပ်သာလိုက်ဝင်လေသည်။

ရင်တွင်း ပရိဝေဒမီး တညီးညီးနှင့် တောက်လျှံနေသော မီးတောက်မီးလျှံကို ငြိမ်းသတ်နိုင်စွမ်းရှိသူမှာ "တရားဓမ္မ" တည်းဟူသော အမြိုက်ရေအေး ဆေးသာလျှင် ဖြစ်ကြောင်း သူတို့ ကောင်းစွာသဘောပေါက်သွားကြလေသည်။

လူဖြစ်လာ၍ ရရှိလာသောခန္ဓာနှင့် အို၊ နာ၊ သေဘေး ဒုက္ခကို လူတိုင်း တစ်နေ့မဟုတ်တစ်နေ့ ကြုံရမည်သာဖြစ်သည်။

ခန္ဓာဖြစ်တည်လာသည်နှင့် အပျက်တို့သာ ရှေးရှုနေကြောင်းကိုလည်း. . .။

☺ အောင်မြင်စာပေ ☺



အပိုင်း(၃)

ပန်းနုရွှေစင်

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

သုံးလခန့်အကြာတွင် ဦးနေရောင်၏ရုံးခန်းသို့ ဧည့်သည် လင်မယားနှစ်ယောက် ရောက်လာကြလေသည်။

"လာဗျာ. . . ကိုကျော်နဲ့မဝါ ထိုင်ဗျာ"

"ရိပ်သာက ဘယ်တုန်းက ထွက်လာတာလဲဗျ။ ဖုန်းဆက်တော့ ရိပ်သာဝင်နေတယ်ဆိုလို့"

ကိုကျော်ဇံက ဆိုဖာ၌ ဝင်ထိုင်ရင်း မေးလိုက်လေသည်။

ဦးနေရောင်ကလည်း လိုက်ထိုင်ရင်းမှ. . .

"တလောကဆိုပါတော့ဗျာ. . . (၄၅)ရက် ဝင်ဖြစ်လိုက်





တယ်"

"ကုမ္ပဏီကို အကြာကြီးကို ပစ်ထားလိုက်နိုင်တယ်ပေါ့ ကိုနေ"

"ဘယ်တတ်နိုင်မလဲဗျာ. . . သေရင် ကိုယ့်နောက် ပါမယ့် အရာတွေမှ မဟုတ်တာဗျာ၊ အားလုံးထားခဲ့ရမှာချည်းပဲမှတ်လား ကိုကျော်"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် လူဖြစ်လာပြန်တော့လည်း လူသားပီသစွာ အလုပ်ရဦးမယ်၊ စီးပွားရှာရဦးမယ်လေဗျာ၊ သားကျွေးမှု မယားကျွေးတွေကလည်း လုပ်ရဦးမယ် မှတ်လား"

ဦးနေရောင် အတိတ်ကို ပြန်လည်မတမ်းတချင်တော့။ အရာအားလုံးကို မေ့မေ့ပျောက်ပျောက် ထားချင်သူမို့ ကိုကျော်ဇံ စကားလမ်းကြောင်းကို လွှဲပြောင်းလိုက်သည်။

"ခင်ဗျား ကုမ္ပဏီထောင်လိုက်ပြီဆို"

"ဟုတ်တယ်ဗျာ. . . ကိုယ့်စိတ်တိုင်းကျကို လွတ်လွတ် လပ်လပ် လုပ်ကိုင်ခွင့် ရသွားတော့ ပိုပြီးအားရပါးရ ရှိတာပေါ့ဗျာ"

"မဝါကော ဝတ္ထုတွေ ရေးဖြစ်သေးသလား"

"ဝတ္ထုတော့ မရေးဖြစ်ပါဘူး၊ ဇာတ်ညွှန်းပဲ ရေးဖြစ်ပြီး သူ့ကို ဝိုင်းကူရင်း သားသမီးတွေ ကျောင်းကြိုကျောင်းပို့ ကျူရှင်ကြို ကျူရှင်ပို့နဲ့ လုံးဝကို မအားရပါဘူး၊ ကျွန်မတော့ ပန်းနုရွှေစင်ကိုပဲ အားကျနေမိတယ်"

ဦးနေရောင်၏ကိုယ်ခန္ဓာ အနည်းငယ် မတ်သွားသည်။ "ပန်းနုရွှေစင်" တဲ့။ ငယ်ရုပ်အသွင်နှင့် အကယ်ဒမီဆုများ ယူစဉ် ဘာလများ ကွာခြားချက်တို့ကို မြင်ယောင်လာရင်း. . .

"မဝါကပါ မင်းသမီး လုပ်ချင်နေတယ်ပေါ့. . . ဒီဇိုလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အတွင်းရေးမှူး ဖြစ်နေပြီဖြစ်သော သက်မာက ကော်ဖီနှင့်မုန့် ရေနွေးကြမ်းတို့ကို လာချပေးသဖြင့် စကားကို ခဏရပ်နားလိုက်ကြသည်။

"သုံးဆောင်ကြပါဦးရှင်"

သက်မာကို မြင်တော့ ထက်ကျွန္ဒြေစံ၏သင်ကြားပေးမှုနှင့် ဆက်ခ်တေရီ ဖြစ်လာပုံကိုပါ ပြန်ပြောင်းသတိရမိပြန်သည်။ နေရာတိုင်းမှာတော့ ထက်ကျွန္ဒြေစံ၏အရိပ်တွေ ကြီးစိုးနေဆဲ ဖြစ်သော်လည်း ပြန်မရနိုင်တော့သောအရာ ဟူသောအသိနှင့် ဖျောက်ဖျက်ပစ်လိုက်ပြီး ရေနွေးကြမ်းကို ယူ၍ တစ်ငုံသောက်လိုက်သည်။

မဝင့်ဝါက ဆက်၍. . .

"ကိုနေကလည်း. . . ကြုံကြုံဖန်ဖန်၊ ဘယ်က မင်းသမီးလုပ်ချင်ရမှာလဲ၊ အပျိုကြီး လုပ်ချင်တယ်လို့ ပြောတာ"

"ဩော်. . . ကျွန်တော်က မသိပါဘူးဗျာ"

"ရွှေစင်က တော်တယ်ဗျာ၊ ငယ်ရွယ်နုနယ်စဉ်ကလို မဟုတ်ဘူး၊ နာမည်ပျက် မရှိအောင်လည်း နေထိုင်တတ်တယ်၊ အိမ်ထောင်လည်း မပြုဘူး၊ ငွေကြေးကလည်း ပြည့်စုံသွားတဲ့အပြင် အရမ်းကိုလည်း ချမ်းသာနေပြီ၊ ဟော့ဟော့ရမ်းရမ်း ဘာကိုမှ မလုပ်ဘူး၊ ရင့်ကျက်နေပြီလို့ ဆိုရမှာပေါ့ဗျာ"

"ဒါတင်လား. . . ဘဝဟောင်းကိုလည်း မမေ့သလို ဆရာသမားတွေကိုလည်း သိတတ်တယ်၊ သရုပ်ဆောင်ခြင်းနဲ့ အပြင်ဘက် လက်တွေ့ကျကျ နေထိုင်ခြင်းဘဝကိုလည်း ခွဲခြားထားနိုင်တယ်. . . ကြိုးစားတယ်ဗျာ"

"အပြင်ဗဟုသုတအဖြစ် အင်္ဂလိပ်စာ ဂျပန်စာတွေကိုလည်း လေ့လာတယ်၊ သူ့အလုပ်အတွက် ဗဟုသုတအဖြစ်ဆိုပြီး





အမြဲတမ်းလိုလိုလည်း စာဖတ်တယ်"

"နာမည်မကျသေးဘူးနော်"

"ဘယ်ကျပ့ါမလဲ. . . အပုတ်နံ့ မထွက်သလို စည်းကမ်းရှိပြီး အလုပ်ကို အလုပ်နဲ့ တူအောင် ကြိုးစားတာကို၊ ဒါပေမယ့် ဇာတ်လမ်းကိုတော့ ရွေးတယ်၊ ဇာတ်ကားတိုင်း လက်မခံဘူး၊ ပြီးပြီးရော ဇာတ်လမ်းနဲ့ ဒါရိုက်တာကို သူ လက်မခံတော့ မာနကြီးတယ်ဆိုတော့ နာမည်ထွက်တာပေ့ါ၊ ဒါပေမယ့် သရုပ်ဆောင်တဲ့အပိုင်းက ပီပြင်လွန်းတော့ ဆယ်စုနှစ်တစ်ခုကိုတောင် အောင်မြင်မှု ထိန်းထားနိုင်တယ်လေဗျာ"

ဦးနေရောင် စိတ်ဝင်စားစွာ နားထောင်နေရာမှ သတိဝင်လာပြီး မေးခွန်းတစ်ခုကို မေးလိုက်မိသည်။

"ဒါထက် သူ ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ မသိဘူးနော်"

မဝင့်ဝါက ရယ်ကာ. . .

"မိန်းမသားတွေရဲ့အစွဲအလမ်းက ကြောက်ဖို့ကောင်းတယ် ကိုနေ"

ကိုကျော်ဇံက. . .

"သူ့သာ မေး. . . သူနဲ့ကတော့ ညီအစ်မလိုပဲ ဖြစ်နေတော့ ရွှေစင့်အကြောင်း သူအသိဆုံးပဲ"

ဟု ဝင်ပြောလေရာ မဝင့်ဝါက. . .

"အဲဒီလောက်တော့ မဟုတ်ပါဘူး၊ ရွှေစင်က နှုတ်လုံတယ်၊ အိမ်ထောင်ရေးကိစ္စ မေးဖူးတယ်၊ ချစ်သူနဲ့ လက်ထပ်သူ တစ်ယောက်တည်း ဖြစ်ချင်တဲ့အတွက် ချစ်သူမတွေ့သေးသရွေ့ လက်မထပ်သေးဘူးလို့ ပြောတာပဲ၊ အစ်အောက်မေးလည်း ဒီအဖြေပဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်တယ်လေ"

ဦးနေရောင်၏ရင်ခုန်သံနှုန်း ပြန်လည်မြင့်တက်လာသည်။ ထက်ကြွေခြစ်ကြောင့် အေးစက်နေသောနှလုံးသားသည် ပန်းနုရွှေစင်အကြောင်း ကြားလိုက်ရုံမျှနှင့် ပြန်လည်နွေးထွေးကာ လှုပ်ရှားသက်ဝင်လာသည်ကို သူ ခံစားမိလိုက်သည်။

"ချစ်သူကော ရှိခဲ့တယ်တဲ့လား"

ရုတ်တရက် မအောင့်အည်းနိုင်တော့ဘဲ မေးလိုက်မိလေသည်။ ကိုကျော်ဇံတို့ လင်မယားနှစ်ယောက်စလုံးက ပြုံးကာ. . .

"ဒါတော့ ခင်ဗျားကိုယ်တိုင် မေးကြည့်ပေါ့"

"ကိုနေကိုယ်တိုင် မေးကြည့်လေ"

ဟု သံပြိုင်ထွက်သွားကြလေသည်။

ဦးနေရောင်လည်း ဘာပြန်ပြောရမှန်းမသိ၊ အိုးတိုးအန်းတမ်းကြီး ဖြစ်သွားကာ ရှက်ရယ်,ရယ်လိုက်မိလေသည်။

ထက်ကြွေခြစ် ကွယ်လွန်သွားပြီးနောက်မှာ သူ ပထမဦးဆုံးအကြိမ်အဖြစ် ရယ်မောခြင်းဖြစ်ကြောင်း သူ့ကိုယ်သူလည်း သတိထားလိုက်မိလေတော့သည်။







# အခန်း(၃၄)

ဒေါ်ခင်ခင်ထား တရားခွေ နာနေစဉ် လူတိုင်း ရင်ဆိုင်ရမည့် သေခြင်းတရားကို အချိန်စောစွာ ရင်ဆိုင်သွားပြီဖြစ်သော ချွေးမ ထက်ကြွေခြစ်နှင့် လူ့လောကသို့ပင် ထွက်မလာနိုင်ခဲ့သော မြေးဦးအတွက် စိတ်စဉ်းစားမိလိုက်တိုင်း ရင်ထဲ ဆို့နင့်သွားခဲ့သည်၊

ထိုအခါမျိုး၌ သတိကပ်ကာ တရားနှလုံးသွင်းလိုက်ရင်း တရားခွေတွေ ဖွင့်ကာ တရားနာပစ်လိုက်သည်။

ဩော်. . . ဘာလိုလိုနဲ့ ချွေးမဆုံးသွားသည်မှာ(၆)လပင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်သွားပါပြီကော။

မနေ့တစ်နေ့ကလိုပါပဲလား။

“မမမကြီး. . . မမမကြီး”

အပေါ်ထပ်ဧည့်ခန်းတွင် တရားနာနေသော ဒေါ်ခင်ခင်ထားထံသို့ မိညိုက ပြေးတက်လာပြီး အမောတကော ခေါ်လိုက်သည်။

“ဩော်. . . ဒီကောင်မလေး ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာလဲ”

“ဧည့်သည်. . . ဧည့်သည်. . ပန်းနုရွှေစင် မမမကြီးရဲ့ ပန်းနုရွှေစင်မှ ပန်းနုရွှေစင် စစ်စစ်၊ ပန်းနုရွှေစင် အရှင်လတ်လတ်ကြီး. . . တကယ်”

“ဟင်. . ဘယ်နှယ့်. . ဒီကောင်မလေးကတော့လေ”

ဒေါ်ခင်ခင်ထား အံ့အားသင့်သွားရသည်။ တရားခွေကို ပိတ်လိုက်ပြီး. . .

“ဘယ်မှာလဲ. . . ဘာကိစ္စတဲ့လဲ”

“အောက်မှာ. . . မမမကြီးကို တွေ့ချင်လို့တဲ့”

“ထိုင်ခိုင်းထားလိုက်”

မိညို ပြန်ဆင်းသွားသည်။ နောက်မှ ဒေါ်ခင်ခင်ထား အေးဆေးစွာဖြင့် လှေကားမှ ဆင်းခဲ့သည်။

ဧည့်ခန်းဆိုဖာထက်ဝယ် ပန်းနုရွှေစင်က သူ့ကို လှမ်းတွေ့လိုက်သည်နှင့် ခပ်ရှိန်ရှိန်လေး ရပ်ကာ ဂါရဝပြု ကြိုဆိုလိုက်လေသည်။

“ကျွန်မ. . . ပန်းနုရွှေစင်ပါ ကြီးမေ”

အသားအရည်လေးတွေမှာ နုဖြူနုပြီး မွေးညင်းစိမ်းလေးများပင် ယှက်သန်းနေသည်။ မိတ်ကပ်များ ခြယ်သထားခြင်း မရှိဘဲ





သနပ်ခါးရေကျဲလေးနှင့် ပါးကွက်ကျားလေးပင် လူးထားသော်လည်း ပင်ကိုယ်အလှတရားတို့ကြောင့် ဖြူစင်ဝင်းမွတ်ကာ ကိုယ်ရောင်ထွက်နေဆဲပင်. . .

ချည်သားအကျီ ခပ်ပွပွရှည်ရှည်နှင့် ထမီကိုသာ ဝတ်ဆင်ထားသည်။ ဘာလက်ဝတ်ရတနာကိုမှ မဆင်မြန်းလာချေ။ သို့သော် တစ်ဖက်ကို ခြောက်ရတီခန့် ရှိသော တစ်လုံးတည်း စိန်နားကပ်တစ်ရံကိုတော့ ပန်ဆင်ထားသည်။

“ဩ. . . သိပါတယ်၊ ထိုင်ပါ သမီး”

ဒေါ်ခင်ခင်ထားဆီမှ သမီးဟု အသံကြားလိုက်ရသည်နှင့် တပြိုင်နက် ပန်းနုရွှေစင် ရင်ထဲ သိမ့်ကနဲ ဘုန်သွားသည်။ ရင်ထဲမှာ အေးချမ်းမှုကိုလည်း ခံစားလိုက်ရသည်။ ဦးနေက အမေတူသားကိုး။

ခုခေတ်အဘွားကြီးတွေနှင့်မတူ ကျက်သရေရှိစွာပင် ဆံထုံးနှင့် ဘလောက်စ် လက်စကနှင့် အင်ဒိုနီးရှား ပါတိတ်ကို ဝတ်ဆင်ထားသည်။ ဖက်ထုပ် စိန်တစ်လုံးနားကပ်သာ ပန်ဆင်ထားသည်မှအပ ကျန်လက်ဝတ်ရတနာတွေ ဝတ်ဆင်မထား။

“ဟုတ်ကဲ့ပါ ကြီးမေ၊ ကျွန်မ ဒီလိုဘဝ ရောက်ခဲ့တာ ဦးနေရဲ့ကျေးဇူးတွေကြောင့်ပါ၊ အစကတည်းက လာခဲ့ချင်ပေမယ့် အနုပညာသမားဆိုတာ စန်းထချိန် ရှိတုန်း ကြိုးရှန်းပြီး ကြိုးစားနေရတာဆိုတော့ မရောက်ဖြစ်ခဲ့ပါဘူး၊ ဦးနေကော ရှိပါသလား ကြီးမေ”

“စက်ရုံသွားနေတယ် သမီး၊ ညနေလောက်ဆိုရင်တော့ ပြန်ရောက်မှာပါ၊ ကိစ္စရှိလို့လား သမီး”

“ကြီးမေနဲ့ဦးနေကို လာကန်တော့ရင်းနဲ့ သမီးမွေးနေ့ပွဲကို လာဖိတ်တာပါ၊ မွေးနေ့ပွဲဆိုပေမယ့် ပါတီမဟုတ်ပါဘူး ကြီးမေ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာပဲ ဘုရားနေကဇာတင်ပြီး လှူထားတဲ့ သိမ်နဲ့ ရေတွင်းရေကန်တွေအတွက် ရေစက်ချပြီး ဘုန်းကြီးဆွမ်းကျွေးမှာပါ၊ ဒါကြောင့် ကြီးမေတို့ လူကြီးတွေ မျက်စိနောက်ရမယ့်ပွဲမျိုး မဟုတ်ပါဘူး ဒါကြောင့် ကြီးမေနဲ့ဦးနေ ဆက်ဆက်ကြွရောက်ဖို့ ကျွန်မ အနူးအညွတ် ဖိတ်ပါတယ်"

ဒေါ်ခင်ခင်ထားကို ဖိတ်စာကို ရိုသေစွာ ကမ်းပေးရင်း ပန်းနုရွှေစင်က ရှင်းပြလိုက်သည်။

ဖိတ်စာ၌ မွေးနေ့လက်ဆောင် ပေးခြင်း သည်းခံပါဟု ပါရှိနေလေသည်။ ဖိတ်စာ၌ သိမ်နှင့် ရေတွင်းရေကန်ပုံ ပါရှိလေသည်။

ဪ. . . အလှူအတန်း လုပ်ရမှန်းလည်း သိရှာပါလား။

"နောက်ပြီး ဒါ ကြီးမေအတွက်နဲ့ ဦးနေအတွက်ပါ၊ ကျွန်မ ကန်တော့တာကို လက်ခံပေးပါနော် ကြီးမေ"

ယခုမှ မြင်ဖူးတွေ့ဖူးကြပေမယ့် ဒေါ်ခင်ခင်ထားရင်၌ ရင်းရင်းနှီးနှီး ခံစားနေရလေသည်။ သူ့အနေနှင့် ဗွီဒီယိုရုပ်ရှင်တွေ မကြည့်သော်လည်း တီဗွီတော့ သတင်းဆောင်းပါးသီချင်းနှင့် ကြော်ငြာတော့ ကြည့်ဖြစ်သည်မို့ ပန်းနုရွှေစင်ကို ရင်းနှီးနေခြင်း ဖြစ်လေသလားလည်း မမှန်းဆနိုင်။

"အေးကွယ်. . . ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ဓလေ့ထုံးစံအတိုင်း လက်အုပ်ချီ ရှိခိုးကန်တော့ရင်ပဲ လုံလောက်ပါပြီကွယ် ပစ္စည်းတွေကတော့ မလိုပါဘူး သမီးရယ်"

ကျေးဇူးသိတတ်သော ပန်းနုရွှေစင်၏စိတ်နှလုံးဖြူစင်မှုကြောင့် ဒေါ်ခင်ခင်ထား တွေ့မြင်ရတော့ ရင်ထဲ ပီတိတိမ်လေး ဖြစ်ထွန်းလာသည်။





"လှိုင်ထိပ်ထား ကုမ္ပဏီကြော်ငြာနဲ့ ပန်းနုရွှေစင် ဖြစ်လာခဲ့တာပါ၊ ဦးနေက ကိုယ်တိုင် မိတ်ကပ်လှူးပေးခဲ့တာ ကျွန်မတစ်သက် မေ့လို့မရနိုင်တဲ့ကျေးဇူးပါ ကြီးမေ၊ ကာယကံ ဝစီကံ မနောကံ သုံးပါး ပြစ်မှားကျူးလွန်မိတာ ရှိခဲ့ရင် ခွင့်လွှတ်သည်းခံပေးပါ ကြီးမေ၊ ကျွန်မ ကန်တော့ပါတယ်"

ပန်းနုရွှေစင်က ဒေါ်ခင်ခင်ထားရှေ့ ကြမ်းပြင်ထက်ဝယ် ပုဆစ်ဒူးတုပ်ထိုင်ပြီး ထိခြင်းငါးပါးဖြင့် သေချာစွာ ကန်တော့သောအခါ ဒေါ်ခင်ခင်ထားရင်ထဲ ပီတိမိုးက ရွာလေပြီ။

ဒါကြောင့်လည်း ဒီမိန်းကလေး အောင်မြင်မှု သရဖူကို နှစ်ရှည်လများ ထိန်းထားနိုင်ခြင်းဖြစ်ပေသည်။

ဆုပေးပြီးနောက်. . .

"ပြန်ထိုင်ပါဦး သမီးရယ်၊ ဖျော်ရည်လေး သုံးဆောင်လိုက်ပါဦး"

"ဟုတ်ကဲ့ပါ ကြီးမေ"

ဆိုဖာထက် ကျို့ကျို့ကလေး ပြန်ထိုင်ကာ စားပွဲပေါ်၌ မိညို လာတင်ပေးထားသော ကီဝီသီးဖျော်ရည်လေးကို တစ်ငုံနှစ်ငုံ သောက်လိုက်ပြီး ပြန်တင်ထားလိုက်ရင်း. . .

"ကြီးမေ ဆက်ဆက်လာဖြစ်အောင် လာပါနော်"

"အေးကွယ်. . . သားပို့ပေးမယ်ဆို လာပါ့မယ်၊ ဒါထက် မိဘများနဲ့ကော အတူနေတာလား"

"ဟုတ်ပါတယ်. . . ကြီးမေ အတူနေပါတယ်၊ ဒါပေမယ့် ကျန်တဲ့သားသမီးတွေကလည်း အိမ်ထောင်က အသီးသီး ခွဲနေကြပြီဆိုတော့ တခါတရံလည်း အခြားသားသမီးတွေဆီ သွားနေရတဲ့ အခါမျိုးလည်း ရှိတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွယ်. . . ဒါကလည်း မိဘတွေရဲ့မဆုံးနိုင်တဲ့ သံသရာ ဒုက္ခကြီးပေါ့ကွယ်"

ဒေါ်ခင်ခင်ထားအတွက် ထင်မြင်ယူဆထားတာနှင့် ကွဲလွဲနေသော ပန်းနုရွှေစင်၏အနေအထိုင် အပြောအဆို သိမ်မွေ့မှုကို တွေ့မြင်သဘောကျနေသည်။

ကျေးဇူးရှင်ဆရာတော်များနှင့် ဘိုးဘွားများက ဆုံးမထားသည်။

"စားသောက်စရာကို တန်ဖိုးထားပြီး ကုန်အောင် စားသောက်ပါ၊ ကျန်နေရင် ကျေးဇူးရှင် ထမင်းရှင်တွေရဲ့လုပ်အားနဲ့ စုတ္တရာကို စော်ကားသလို ဖြစ်တတ်တယ်၊ အလဟဿ ဖြုန်းတီးရာ ဖြစ်တယ်ကြောက်တာဖို့ တန်သလောက်ထည့် ကုန်အောင်စားပါ"

"ဟားကို ကိုယ်တိုင်မောင်းပြီး ပြန်သွားသော ပန်းနုရွှေစင်ကို မျက်စိတဆုံး ငေးကျန်ခဲ့သူ ဒေါ်ခင်ခင်ထားမှာ ရင်ထဲ အတွေးပွားကာနေမိလေတော့သည်။

ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

ပန်းနုရွှေစင် မွေးနေ့ဆွမ်းကျွေးပွဲသို့ သွားဖြစ်အောင် သွားရန်ဖြစ်သည်။

ဖိတ်စာပြန်ကြည့်လိုက်သည်။ "အသက်(၃၀)ပြည့် ပုလဲရတု မွေးနေ့ပွဲဆိုတော့. . . အင်း. . . သားထက် ဆယ်နှစ်တောင်ငယ်ပါလား၊ ဘာလိုလိုနဲ့ သားတောင် (၄၀)ကျော်လာပြီ၊ အသက်မငယ်တော့ပါလား"

ဟု တွေးလိုက်မိတော့ အတိတ်အိပ်မက်ဆိုးကို ပြန်လည်မြင်ယောင်ပြီး ဝေဒနာ ရလာပြန်သဖြင့် တရားသဘော ဆင်ခြင်ပြီး ဝေဒနာကို ပြန်ဖျောက်ပစ်လိုက်ရလေသည်။





သေနှင့်သူကတော့ ဘာမှသိတော့မှာမှ မဟုတ်လေဘဲ။ ကျန်ရစ်သူတွေမှာသာ မေ့မရနိုင်ကြသေးဘဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

ပန်းနုရွှေစင်၏မွေးနေ့၌ အရုဏ်ဆွမ်းကပ်သည်ဖြစ်၍ ဆယ်နာရီခွဲလောက်မှ ဦးနေရောင်တို့သားအမိ ရောက်သွားကြသည်။

အိမ်မှာ ခေတ်မှီအသုံးအဆောင်များနှင့် ရှင်းရှင်းလင်းလင်းပင် အသုံးပြုထားသည်။ ရှုပ်ရှုပ်ထွေးထွေး မရှိ။

"ကြွပါ ကြီးမေ. . . ဦးနေ"

မင်းသမီးက ပေါ့ပေါ့ပါးပါးပင် ဘလောက်စ်နှင့် ထမီသာ





ဝတ်ဆင်ထားသည်။ လက်ဝတ်ရတနာလည်း ထိုက်သင့်ရုံသာ ဝတ်ထားသည်။ မိတ်ကပ်ပါးပါးနှင့် နှုတ်ခမ်းနီဖျော့ဖျော့လေးသာ ဆိုးထားသည်မို့ ပင်ကိုယ်အလှက မပျောက်ပျက် အရောင်ထွက်လျက်ရှိသည်။

"ဧည့်သည်တွေတောင် ရှင်းနေပြီပဲ"

"မဟုတ်ပါဘူး ဦးနေ၊ မနက်ပိုင်းကို တမင် အမျိုးနဲ့ ကျေးဇူးရှင် ဆရာသမားတွေရယ် အိမ်နီးချင်းရယ်ပဲ ဖိတ်တာပါ၊ အနုပညာမောင်နှမတွေအတွက်ကတော့ ညရောက်မှ ဟိုတယ်တစ်ခုမှာ လိုက်ကျွေးလိုက်မှာပါ၊ ဦးနေ လာမယ်ဆိုရင် ဖိတ်ပါတယ်"

"တော်ပါပြီ. . . အေးအေးဆေးဆေးပဲ နေပါရစေ"

ပန်းနုရွှေစင်က သူ့မိဘများနှင့် ဦးနေရောင်တို့သားအမိတို့ မိတ်ဆက်ပေးသည်။ ထိုအချိန်၌ ကိုကျော်ဇံနှင့်မဝင့်ဝါ ရောက်လာသည်။

"ဒါဖြင့် ထမင်းပွဲ ပြင်လိုက်တော့မယ်နော်"

"ထမင်းပွဲ ပြင်နေတုန်း ဘုရားဖူးလိုက်ဦးမယ် သမီး"

ဒေါ်ခင်ခင်ထားက ပြောလိုက်သည်။ ပန်းနုရွှေစင်က. . .

"ဟုတ်ကဲ့ ကြီးမေ၊ သမီး လိုက်ပို့ပေးပါ့မယ်"

ဦးနေရောင်တို့ပါ ယောင်တောင်တောင်နှင့် ဒေါ်ခင်ခင်ထားကို တွဲသွားသော ပန်းနုရွှေစင်နောက်သို့ လိုက်ပါလာသည်။ ကျန်ဧည့်သည်အချို့ ရှိနေသဖြင့် ပန်းနုရွှေစင်၏မိဘများမှာ ဧည့်ခံနေရသေးသည်။

ဆင်းတုတော်ဘုရားမှာလည်း ကြည်ညိုစဖွယ် သပ္ပါယ်လျက် ရှိသည်။ ဘုရားခန်းမှာ ပန်းပေါင်းစုံရနံ့ ရလျက်ရှိပြီး သန့်ရှင်းသပ်ရပ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ထားတို့ ဘုရားရှိခိုးပြီးနောက် ကပ်လျက် အခန်းရှိ စာကြည့်ခန်းသို့ မင်းသမီးက ခေါ်ခဲ့သည်။

စာအုပ်မှန်ဘီရိုများထဲတွင် မြန်မာစာအုပ်၊ အင်္ဂလိပ် စာအုပ်၊ ဂျပန်စာအုပ်များကို တွေ့ရတော့ ဦးနေရောင် အံ့အားသင့် သွားလေသည်။

ဗွီစီဒီအခွေများနှင့် အယ်လ်ဘမ်များကိုလည်း စနစ်တကျ ထား,ထားသည်။ အင်တာနက်စားပွဲနှင့် စာကြည့်စားပွဲ ရှိနေသည်။ ကျွန်းလှုပ်ကုလားထိုင်တစ်လုံးကို တွေ့ရသည်။

"ကျွန်မအတွက် အပန်းဖြေတဲ့အခန်းလို့လည်း ဆိုလို့ရသလို ဗဟုသုတတွေကို ခေါင်းထဲ မန်မိုရီ ထည့်တဲ့အခန်းဆိုလည်း မှန်ပါ တယ် ဦးနေ"

ဒေါ်ခင်ခင်ထားကတော့ ဘုရားရှိခိုးပြီးသည်နှင့် ဝင့်ဝါနှင့် အတူ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

ကိုကျော်ဇံကလည်း ဟိုဟိုဒီဒီ လုပ်ပြီး စာကြည့်ခန်းမှ ထွက်သွားလေသည်။

စကားပြောဆိုသည်ကအစ တည်တည်ငြိမ်ငြိမ် ရှိလာ သော ပန်းနုရွှေစင်ကို သူ ဂျပန်ဘာသာစကားဖြင့်. . .

"မင်း အများကြီး ပြောင်းလွဲသွားပြီနော်"

ဟု ပြောလိုက်ရာ ပန်းနုရွှေစင်ကလည်း ဂျပန်စကားဖြင့် ပင်. . .

"အချိန်ဆိုတာ တရားသူကြီးပဲလေ ဦးနေ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ပန်းနုရွှေစင်ဟာ ဆယ်တန်းအောင်ပြီး ခါစ အပျိုသင်တဲ့ ငှက်ငယ်လေးဘဝပဲ ရှိသေးတာကိုး၊ ဆယ်နှစ် ကျော်ဆိုတဲ့အချိန်ဟာ ကျွန်မဘဝကို ရင့်ကျက်စေဖို့ အတတ်ပညာ





အသိပညာတွေ၊ ဘဝသင်ခန်းစာတွေ အများကြီး ရရှိစေခဲ့ပါတယ်"

ဂျပန်စကားကို ဗဟုသုတ ကြွယ်စွာဖြင့် ကျွမ်းကျွမ်းကျင် ကျင် ပြောဆိုနိုင်သဖြင့် ဦးနေရောင် မချီးကျူးဘဲ မနေနိုင်တော့၊ ပန်းနုရွှေစင်၏ ဘွဲ့ရဓါတ်ပုံတစ်ပုံသာ စာကြည့်ခန်း၌ ရှိနေသည်၊ ကျန်နံရံတစ်ဖက်မှာတော့ ပန်းချီကားတစ်ချပ် ရှိနေသည်။ စိတ္တဇ ပန်းချီကားဖြစ်သည်။ ပြတင်းပေါက် ပါသည်။ မြေရာပါသည်။ စာအုပ်တွေ ပါသည်။ တယောပါသည်။ ဘာအဓိပ္ပါယ်တွေလဲ ဦးနေ ရောင် စဉ်းစားနေတော့။

"ပညာသင်ယူဖို့ အချိန်တွေတောင် ရခဲ့တယ်ပေါ့"

"ကျွန်မ (၂၄)နာရီမှာ (၄)နာရီပဲ အိပ်ချိန်ထားပြီး အလုပ် လည်း လုပ်တယ်၊ ပညာတွေလည်း ဆည်းပူးခဲ့ပါတယ်၊ အားလပ်ချိန် ဟာ အိပ်ချိန်အဖြစ်ပဲ ထားခဲ့တယ်၊ ခေါင်းထဲ ရင်ထဲ ဘာဝေဒနာမှ အဝင်မခံနိုင်ဘဲကို ကြိုးစားခဲ့တာ ဦးနေ"

ဦးနေရောင်အလှမှာ ရင့်ကျက်မှု ကျက်သရေတွေပါ ဆင့် လာသော ပန်းနုရွှေစင်ကို ငေးကြည့်နေမိရာမှ ဆိတ်သုဉ်းသွားပြီ ထင်သော အချစ်သံစဉ်များသည် နှလုံးအိမ်၌ ပြန်လည်၍ ဖြစ်တည် လာလေသည်။

"ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ ပန်းနု"

"ဒါဆို ပန်းနုကလည်း ဦးနေကို ပြန်မေးရမယ်၊ ဦးနေ လည်း ပန်းနုနဲ့ တွေ့စဉ်တုန်းက အသက်သုံးဆယ်ပဲ ရှိနေပြီ၊ ဘာလို့ အိမ်ထောင်မပြုခဲ့သေးတာလဲလို့လေ. . အဟင်း. . . ဟင်း"

ပန်းနုရွှေစင်က နှုတ်ခမ်းလေး အနည်းငယ် ညွှတ်ကွေး သွားရုံလေး ပြုံးပြီး ရယ်သံစွက်လိုက်သည်။

ဘယ်လိုနေနေ ကြည့်လို့ လှနေပါလားကွာ။ ဦးနေရောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ လှိုက်ဖိုလာချေပြီ။

"ဖြေလေ ဦးနေ. . . အဲဒီတုန်းက"

"အဲဒီတုန်းက ဦးနေမှာ အချစ်မှ မတွေ့သေးဘဲကို"

သွားလေသူဇနီးကို မြင်ယောင်ရင်း ရင်ထဲ ထိရှမှုဖြင့် ဖြေလိုက်လေသည်။

ပန်းနုရွှေစင်က ပြုံးကာ. . .

"ကျွန်မလည်း ဒီလိုပဲ ဖြေရမှာပေါ့ ဦးနေ"

ဟု လေးတွဲ့စွာ ဖြေလိုက်ရာမှ. . .

"အောက်ဆင်းရအောင် ဦးနေ၊ ထမင်းပွဲ ပြင်ပြီးလောက်ပါပြီ"

ပြောပြောဆိုဆိုနှင့် အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြသည်။ ထမင်းစားခန်း ဆယ့်နှစ်ယောက်စာ စားပွဲဝိုင်း၌ ဟိုတယ်ပုံစံ အစားအစာများကို အငွေ့တထောင်းထောင်းနှင့် ပြင်ဆင်ထားလေသည်။

ဪ. . . အစားအသောက်ကအစ ကျန်းမာရေးနှင့် ညီညွတ်စေရန် ပြင်ဆင်မှုမျိုး ပြောင်းလွှဲလိုက်ပြီ ထင်ပါသည်။

ပန်းနုရွှေစင်သည် လွန်ခဲ့သောဆယ်နှစ်ကျော်ကာလခန့်က Life Style ဘဝနေထိုင်မှုပုံစံ လုံးဝပြောင်းလွှဲသွားလေပြီ။

ထမင်းစားဝိုင်းတွင် ပန်းနုရွှေစင်မှာ ဟင်းများကို ကူညီခပ်ထည့်ပေးရင်း သူ့မိခင်ဒေါ်ခင်ခင်ထားအပေါ် ဂရုတစိုက်ရှိသဖြင့် ဦးနေရောင်ရင်ထဲ ကျေနပ်နေမိသည်။

မိခင်ကလည်း ပန်းနုရွှေစင်ကို သမီးသမီးနှင့် ပါးစပ်ဖျားက မချတော့။

သူနှင့် အနီးကပ်ဆုံး၌ ထိုင်နေသော ကိုကျော်ဇံက သူ့ခြေထောက်ကို ခြေချင်း လှမ်းတို့ပြီး ခပ်တိုးတိုး နှစ်ကိုယ်ကြား. . .





"ဘယ်လိုလဲ ကိုနေ၊ မင်းသမီးကို မေးပြီးပြီလား"

"ဘာကိုလဲ"

"ဘာလို့ အိမ်ထောင်မပြုသလဲဆိုတာ"

"အင်း"

"သွက်လှချည်လား. . . ဘာတဲ့လဲ"

"အချစ်နဲ့ မတွေ့သေးလို့တဲ့"

"အင်း. . . ဟုတ်မှာပေါ့လေ၊ အချစ်က ထားသွားခဲ့တာကို" ဟု ကိုကျော်ဇံက ကောက်ချက်ချလိုက်သည်။

ဦးနေရောင် ထိုစကားအဓိပ္ပါယ်ကို တိတိကျကျ နားမလည်။ သိလိုသော်လည်း မမေးတော့ပါ။

တစ်ခါတစ်လေ သိနေတာထက် မသိဘဲ နေလိုက်ရခြင်းက ဝေဒနာနှင့် ဝေးစေခြင်းတို့ ဖြစ်ပေါ်စေတတ်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

ဦးနေရောင်တစ်ယောက် ကုမ္ပဏီတွင် ပြန်လည်ပြီး တက်တက်ကြွကြွနှင့် လုပ်ဆောင်လာလေသည်။ လုပ်ငန်းနှင့် ဝန်ထမ်းများအပေါ်တွင်လည်း ပြန်လည်ဂရုစိုက်လာသည်။

နေ့လည်ထမင်းစားချိန်တွင် ဝန်ထမ်းသက်သာချောင်ချိရေး စားသောက်ဆိုင်၌ ထုံးစံအတိုင်း ဒေါ်ကေသီ၊ ဒေါ်ကြင်ဆွေ၊ သက်မာနှင့် လှလှဝေတို့(၄)ယောက် စုမိရာ. . .

"တို့အမ်ဒီကြီး ပြန်ပြီးလန်းလာပါလား၊ ဘယ်လိုလဲ သက်မာ၊ ဘာတွေထူးခြားသလဲ"





"သက်မာလည်း မသိဘူးလေ"

"ဝေတော့ ရပ်ကွက်ထဲက ကြားတာ ရှိတယ်"

"အကယ်ဒမီ နှစ်ထပ်ကွမ်း အပျိုကြီး မင်းသမီးချောနဲ့ ဟိုက်ဘော့စ်တစ်ယောက် တွဲသွားတွဲလာဆိုပါလားဆိုတာလေ"

"အင်း. . . ပန်းနုရွှေစင်က သူ့ဘဝကို အနုပညာနဲ့ ပြည်သူတွေကို အလုပ်အကျွေး ပြုခဲ့ပြီးပြီဖြစ်၍အခု ရိုက်လက်စကားတွေ ပြီးတာနဲ့ လူမှုရေးနယ်ပယ်မှ ပရဟိတ လုပ်ငန်းများကိုပဲ လုပ်ကိုင်သွားတော့မှာ ဖြစ်ကြောင်း အင်တာဗျူးတစ်ခုမှာ ဖြေထားတာ တွေ့လိုက်ရတယ်"

"မဟုတ်မှလွဲရော. . . ဟိုက်ဘော့စ်ဆိုတာ တို့အမ်ဒီကိုပဲ ပြောတာဖြစ်မယ်၊ မထက်နဲ့ မယူခင်ကတည်းက အမ်ဒီနဲ့ မင်းသမီးက ခပ်ချိတ်ချိတ်ရယ်"

ဒေါ်ကြင်ဆွေက ခပ်တိုးတိုး ပြောလိုက်သည်။ ဒေါ်ကေသီက. . .

"ဖြစ်နိုင်တယ်. . မင်းသမီးကို ကိုယ်တိုင်တောင် မိတ်ကပ်လိမ်းပေးတယ်ဆိုခဲ့သေးတာပဲမှတ်လား"

"အင်း. . . ဘာပဲဖြစ်ဖြစ် တစ်ပင်လဲလို့ တစ်ပင်ထူတာတော့ တို့ အမ်ဒီအပြစ် မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းသမီးယောကျ်ား လုပ်ဖို့ဆိုတာတော့ တော်ရုံတန်ရုံ သဘောထားနဲ့တော့ မရနိုင်ဘူးမှတ်လား"

ဒေါ်ကြင်ဆွေနှင့်ဒေါ်ကေသီတို့က အပြောသမားတွေ သက်သက်ဖြစ်သွားကြပြီး သက်မာနှင့်လှလှဝေတို့က နားထောင်သမားများသက်သက် ဖြစ်သွားကြသည်။

"အင်းလေ. . . ဟိုက်ဘော့စ် ရမှတော့ မီးထိုးခံ ဆေးထူးခံပြီး



www.burmeseclassic.com

www.burmeseclassic.com



အနုပညာပဲပြောပြော ဘာပဲပြောပြော ပင်ပန်းရတဲ့အလုပ်ကို လုပ်နေဖို့ လိုသေးလို့လား၊ ဗိမ်နဲ့ သူ့ငွေးကတော် လုပ်နေရုံပဲ ရှိတော့တာပေါ့"

"တို့ဥက္ကဋ္ဌကြီးက ဒီတစ်ခါတော့ ပါးစပ်ပိတ်နေပြီ ထင်တယ်၊ ဒီလောက် တွဲသွားတွဲလာ ရှိနေတာတောင် အသံမထွက်ဘူးဆိုတော့"

"ဒါပေါ့. . . လောကကြီးမှာ ထင်ထားသလို မျှော်လင့်ထားသလို ဖြစ်မလာဘဲ သူ့ကံကြမ္မာနဲ့သူ ပါပြီးသားဆိုတာ သိလာတော့လည်း လွှတ်ထားလိုက်ပြီ နေမှာပေါ့"

သူတို့ကဲ့သို့ အခြားစားပွဲမှ ဝန်ထမ်းတွေလည်း အမ်ဒီနှင့် မင်းသမီးသတင်းကိုသာ ပြောနေကြသည်။ ထင်ထင်ပေါ်ပေါ်ပင် တွဲသွားတွဲလာဆိုတော့လည်း ပြည်သူချစ်သော အနုပညာသည်တွေ၏သတင်းမှာ ဖုံးဖိမရနိုင်ပါချေ။

ထိုအချိန် လှိုင်ထိပ်ထားကုမ္ပဏီ၏ အမ်ဒီရုံးခန်းအတွင်း၌ ဦးနေရောင်သည် တစ်ဦးတည်းအတွက် သီးသန့်ထားပေးသော ဆဲလ်ဖုန်းက မြည်လာသဖြင့် ဖုန်းလက်ခံလိုက်သည်။

"နုလေး. . . ပြော"

"ကိုကြီး ထမင်းစားပြီးပြီလား"

"အိမ်မှာကတည်းက တစ်ခါတည်း စားလာပြီးသားလေ၊ နုလေးကို ပြောပြထားသားနဲ့"

"ဟုတ်သားပဲ. . . နုလေး ခုပဲ ရှုတင်ပြီးတယ် ကိုကြီး နှစ်နာရီလောက် အားတယ်၊ အဲဒါ ကိုကြီးနဲ့ နေ့လည်စာ စားချင်တယ်"

"အိုကေ. . . နေရာရွေးလိုက်၊ ကိုကြီး အခုပဲ ထွက်ခဲ့မယ်"





"ရှုတင်ကို လာမကြိုနဲ့တော့ အချိန်ကုန်တယ်၊ နုလေးလည်း ခုပဲ ထွက်ခဲ့မယ်(××××××)ကို"

"ကောင်းပြီ. . . ဒါပဲမှတ်လား နုလေး"

ဦးနေရောင် ဖုန်းကို ပိတ်ပြီး လက်ကိုင်အိတ် ယူကာ အခန်းထဲမှအထွက်တွင်. . .

"ဟင်း. . . မေမေ"

ဒေါ်ခင်ခင်ထားက သူ့အခန်းဆီ ရောက်အလာနှင့် ကြုံသဖြင့် အာမေဋိတ်သံ ထွက်သွားရသည်။

"ဘယ်လဲ သား"

"ပန်းနုနဲ့ နေ့လည်စာ တန်းစားဖို့ ချိန်းလိုက်မိလို့"

"ဩော်. . . ဒါဖြင့်လည်း သွားလေ သား၊ မေမေက ဒုဥက္ကဋ္ဌနဲ့ ချိန်းထားတာ၊ သွား. . သွား. . ရတယ်"

ဒေါ်ခင်ခင်ထားက ဥက္ကဋ္ဌဟူသော ရုံးခန်းဘက်သို့သာ ခြေဦးလှည့်လိုက်လေသည်။

ကံကြမ္မာဆိုတာ ဖန်တီးယူလို့မှ မရလေဘဲ။ သူအရမ်းမျှော်လင့်ခဲ့သော လက်ရွေးစင် ချွေးမလေးမှာလည်း မြေးတစ်ယောက်ပင် သူ့အတွက် ချန်ထားမပေးနိုင်ဘဲ သူတို့အား သောကဝေဒနာပေးကာ စောစီးစွာ ကျောခိုင်းသွားခဲ့သည်။

ဒီတစ်ခါတော့ ဖြစ်ချင်သလို ဖြစ်မလာသည့်ဘဝကို ဖြစ်လာသည့်အတိုင်း အကျိုးရှိရှိ နေထိုင်သွားတတ်ရန်သာ နေတော့မည်ဟု ပိုင်းဖြတ်ထားလိုက်သည်မို့ စိတ်ထဲကလည်း ပေါ့ပါးနေသည်။

ပန်းနုရွှေစင်လေးလည်း မဆိုးပါဘူးလေ။ ဆယ်နှစ်ကျော်အတွင်း သိသိသာသာကို ပြောင်းလဲသွားခဲ့သည်ဟု သားက ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ထားတာနှင့်. . .

ယခုမှ သူသိသော ပန်းနုရွှေစင်၏နေပုံထိုင်ပုံလေးကို သူ သဘောကျသည်။ မိသားစုအတွက် အချိန်ပေးမည်။ အိမ်ရှင်မ အနေနှင့် ရပ်တည်ပေးဆပ်မည်ဆိုပါက သူ မငြင်းတော့ပါ။

ဒေါ်ခင်ခင်ထား ပင့်သက်ရှိုက်လိုက်မိလေသည်။

"သားတစ်ယောက်တည်း ရှိပေလို့သာပဲ၊ များလိုက်တဲ့အပူ တွေ" ဟုလည်း တွေးကာ ခေါင်းယမ်းမိလိုက်လေတော့သည်။

☺ အောင်မြင်စာပေ ☺





# အခန်း(၃၈)

ပန်းနုရွှေစင် အပြောနှင့်အဟော ညီကြောင်း သက်သေပြ ိုက်သည်။

သူနှင့် စာချုပ်ချုပ်ဆိုထားသော ဗွီဒီယိုကြော်ငြာ၊ ရုပ်ရှင် ားများ ရိုက်အပြီးတွင် သတင်းမီဒီယာတို့နှင့် တွေ့ဆုံရှင်းလင်းပွဲ ယ်သည်။

"ရုပ်ရှင်ဗွီဒီယိုလောကကနေ လုံးဝစွန့်ခွာတော့မယ်ဆိုတာ တ်ပါသလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . စာချုပ်ကိစ္စ အားလုံးပြီးပြတ်သွားပါပြီ"

"လက်ထပ်တော့မယ်ဆိုတဲ့သတင်းကကော မှန်ပါသလား"

"မှန်ပါတယ်ရှင်"

"အိမ်ထောင်ဘက်က အနုပညာလုပ်ငန်း ဆက်လက်လုပ်ကိုင်မှာကို ခွင့်မပြုလို့လား"

"အဲဒီလိုမဟုတ်ပါဘူးရှင်. . . ကျွန်မကိုယ်တိုင်က သာမန်မိသားစုဘဝလေးကို ငြိမ်းချမ်းစွာ တည်ဆောက်ပြီး ပရဟိတအလုပ်တွေ လုပ်ရင်း ကျန်ရှိတဲ့ ဘဝသက်တမ်းကို အေးအေးချမ်းချမ်းလေး ဖြတ်သန်းသွားချင်လို့ပါ"

"အိမ်ထောင်ဘက်က ဘယ်သူလဲဆိုတာ ပြောပြနိုင်ပါ့သလား"

"မကြာခင် အားလုံးရဲ့လက်ထဲကို ဖိတ်စာဝေတော့မှာပါ။ အဲဒီသတို့သားဟာ ပန်းနုရွှေစင်ရဲ့ငယ်ချစ်ဦးနဲ့ ဘဝတစ်သက်လုံးအတွက်လည်း တစ်ဦးတည်းသောချစ်သူပါပဲ၊ သူနဲ့ပဲ ရိုးမြေကျလက်တွဲသွားမှာပါ"

သတင်းမီဒီယာတို့ မေးမြန်းသမျှကို ဖြေကြားရင်း ထိုရှင်းလင်းပွဲသို့ လာရောက်တက်ရောက်သော လှိုင်ထိပ်ထားအမ်ဒီ ဦးနေရောင်ထံသို့ ပန်းနုရွှေစင်၏အကြည့်ကလည်း ဆိုက်ရောက်သွားသည်။

အကင်းပါးသော မီဒီယာတို့ကလည်း ဦးနေရောင်နှင့် ဒါရိုက်တာ ကိုကျော်ဇံတို့ ယှဉ်တွဲထိုင်နေရာသို့ ဓါတ်ပုံများ တဖျပ်ဖျတ် ရိုက်ယူကြလေသည်။

သတင်းစာရှင်းလင်းပွဲအပြီး (၂)လခန့်အကြာ၊ ထင်ကျွန်ုရွှေစံ သေဆုံးပြီး တစ်နှစ်ခွဲခန့်အကြာ. . .

☺ အောင်မြင်စာပေ ☺



လှိုင်ထိပ်ထားကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေရောင်နှင့် ပန်းနုရွှေစင်တို့၏ ထိမ်းမြားမင်္ဂလာ လက်ထပ်သတင်းသည် ဂျာနယ်တိုင်း၌ ဓါတ်ပုံတွေ ဝေဝေဆာဆာဖြင့် ပါလာလေသည်။

သူတို့ လက်ထပ်အပြီးတွင် ဂျပန်နိုင်ငံသို့ ဟန်းနီးမွန်း (ပျားရည်ဆမ်း)ခရီး ထွက်ကြလေသည်။

ထိုနေ့. . .

လေယာဉ်ပေါ် ရောက်မှ နေသားတကျ ထိုင်အပြီးတွင် ပန်းနုရွှေစင် ဦးနေရောင်၏ပခုံးစွန်းသို့ ခေါင်းမှီတင်ကာ ခိုနားလိုက်သည်။

"မောသွားပြီလား နုလေး"

ဦးနေရောင်က ပန်းနုရွှေစင်၏လက်ဖျားလေးကို ဆုပ်ကိုင်ရင်း မေးလိုက်သည်။

"ဟင့်အင်း. . . အခုမှ အမောတွေ ပြေသွားတော့တာ"

"ဘာဖြစ်လို့"

"ပန်းနု ချစ်တတ်စအရွယ်မှာ ချစ်တတ်လာအောင် သင်ပေးပြီး ပျောက်ကွယ်သွားခဲ့တဲ့ ကိုကြီးကြောင့် နာကျင်နေတဲ့ နှလုံးသားကို ဒဏ်ပေးတဲ့အနေနဲ့ အလုပ်တွေ ကြိုးကြိုးစားစား လုပ်ခဲ့ရလို့ အရမ်းပင်ပန်းခဲ့တာ"

"ပင်ပန်းသလောက် အောင်မြင်မှုတွေ ရခဲ့တယ်မှတ်လား၊ ဒါ အဆိုးထဲက အကောင်းပေါ့ မဟုတ်ဘူးလား နုလေး"

"ဟုတ်ပါတယ်. . . ဒါပေမယ့် အချစ်ဆိုတဲ့အရာဟာ နားအလည်ရ အခက်ခဲဆုံး အလုပ်တစ်ခုပဲနော်၊ သူ့ကို ဖန်တီးလို့မရဘူး၊ အစားထိုးလို့လည်း မရနိုင်ဘူးနော်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်. . . နုလေး အချစ်ဇာတ်လမ်းတွေ သရုပ်ဆောင်တဲ့အခါ ပီပြင်တာပဲဟာ"

"ဩော်. . . ဒါကတော့ ကိုကြီးကို မင်းသားနေရာ အစားထိုးပြီး ရင်ထဲ နှစ်ပြီး ခံစားလိုက်တာပေ့ါ၊ အနုပညာသမားတွေရဲ့ အောင်မြင်မှုသော့ချက်က အဲဒါပဲ ကိုကြီး၊ ပရိသတ်အပေါ် စေတနာထားရမယ်၊ ပြီးတော့ သရုပ်ဆောင်တဲ့အခါ ရင်ထဲ နှစ်ပြီးတော့သာ ရင်ဘတ်နဲ့ မုဒ်အပြည့်နဲ့သာ သရုပ်ဆောင်လိုက်နိုင်ခြင်းပဲ"

"ဒီလောကရဲ့ အောင်မြင်နေတဲ့အချိန်မှာ ကျောခိုင်းလိုက်ရတဲ့အတွက် နုလေးရင်ထဲ နှမြောသတ ဖြစ်နေသလား"

"ဟင့်အင်း. . . နုလေး တတ်တဲ့ အနုပညာနဲ့ ဆယ့်စုနှစ်တစ်ခုကို ပြည်သူတွေအတွက် မြှုပ်နှံအလုပ်အကျွေး ပြုပြီးပြီပဲ. . . ကျေနပ်ပါတယ်၊ ခု. . . နုလေးက ကိုကြီးရဲ့လက်တွဲဖော်အဖြစ်နဲ့ အိမ်ရှင်မ ပီသစွာ ဖြတ်သန်းတော့မယ်၊ နုလေး မမထက်ကြောင့် သံဝေဂ ရခဲ့ရတယ်၊ သေမင်းကိုလည်း အရမ်းကြောက်သွားခဲ့တယ်"

ဦးနေရောင် မျက်နှာအနည်းငယ် ပျက်သွားသည်။

ဇနီးဟောင်းအမည် ကြားလိုက်ရုံနှင့် အတိတ်၏အရိပ်မည်းကြီးက သူ့အား ခြောက်လှန့်လိုက်လေသည်။

သို့သော် ဇနီးသစ်ကလေး မရိပ်မိစေရန်. . .

"ဘယ်လိုကြောက်တာလဲ"

"ဩော်. . . ဒီလောက်ချမ်းသာပြီး မျက်စိအောက်ကအပျောက်မခံကြဘဲ ဆရာဝန်ကြီးတွေ ဆရာမကြီးတွေနဲ့ ကြပ်ကြပ်မတ်မတ် ဂရုစိုက်နေတဲ့ကြားက မမထက်ကော ရင်သွေးပါ တိမ်းပါးသွားရတယ်၊ သေခြင်းတရားဟာ အချိန်မရွေး နေရာမရွေး လူတန်းစားမရွေး လက်တကမ်းမှာ အမြဲရှိနေတတ်တယ်၊ ဒါကြောင့် ပန်းနု





လည်း သေတတ်အောင် လေ့ကျင့်ရမယ်၊ ဒီအတွက် အချိန်ပေးရမယ်ဆိုတဲ့အသိလည်း ဝင်လာတယ်လေ"

"ဟုတ်တယ် နုလေး၊ ကိုကြီးလည်း ဒါကြောင့် ဝိပဿနာရိပ်သာကို နှစ်လဝင်ပြီး တရားအားထုတ်ခဲ့တာ၊ ဒါကလည်း လောကမှာ နေတတ်ပြီး သေတတ်ဖို့အတွက် လေ့ကျင့်ခဲ့တာ၊ ကံကြမ္မာက ပေးလာတော့လည်း အာသဝေါ မကုန်ခမ်းသေးတော့ ကိလေသာနှောင်ကြိုးတွေ ထပ်ရစ်ပတ်ရပြန်ဦးမယ်၊ ဒါပေမယ့် နုလေးမှာလည်း ဒီလိုအသိ ရှိတယ်ဆိုတာ သိရတော့ ကိုကြီး ဝမ်းသာတယ်၊ အဲဒါကြောင့် ကိုကြီးနဲ့နုလေး လောကီ လောကုတ္တရာ နှစ်ဖြာစလုံး မလစ်ဟင်းရအောင် အသိ သတိလေးနဲ့ နေထိုင်သွားကြရအောင်လားကွယ်၊ ကိုကြီးပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ကိုကြီး၊ ဒါပေမယ့် ခုလောလောဆယ်တော့ နုလေး တမ်းတခဲ့ရတဲ့ ဟောဒီရင်ခွင်ကြီးထဲမှာ အတိုးချနားခိုပါရစေဦးနော်"

ပြောပြောဆိုဆို ဦးနေရောင်၏ပခုံးထက်မှနေ၍ ရင်ခွင်သို့ပြောင်းကာ ခေါင်းလေး တိုးဝင်လိုက်တော့ ဦးနေရောင်ကလည်း အလိုက်သင့် ပိုက်ထွေးလိုက်လေတော့သည်။

ဦးနေရောင် ပြောလိုသောစကားတွေ ရှိပါသေးသော်လည်း မပြောတော့ပါ။

ထိုစကားကိုတော့ ရင်တွင်းမှာသာ မြှုပ်နှံထားလိုက်လေတော့သည်။

သူ့နှလုံးသားကို စတင်ပုတ်ခတ် လှုပ်နှိုးခဲ့သူမှာ "နုလေး" ဖြစ်ခဲ့သည်မှန်သော်လည်း. . .

တကယ်တမ်း နှလုံးသား ပေးအပ်နှင်းခံရသူမှာတော့

www.burmeseclassic.com



"မစံ" ဖြစ်ခဲ့သည်။

မစံကိုလည်း သူ ချစ်ခဲ့ပါသည်။


ထို့ကြောင့်. . .

ချစ်ခြင်းဟူသည် ရပ်တန့်မသွားတတ်၊ တသွင်သွင်စီးဆင်းနေသော မြစ်ရေအလျဉ်ကဲ့သို့ အမြဲစီးဆင်းနေတတ်သည်ဟုသာ။

# မြပုလဲခင်

17.8.2010

10:45 AM




www.burmeseclassic.com